၇ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၂၇)　　၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်　　၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက် ၊ ကြာသပတေး၊ (စက်တင်ဘာ ၂၂ ၊ ၂၀၁၁)


## ဒီမိုကရေစီလမ်းကို လျှောက်ချင်တယ်ဆိုရင် ပြည်သူ့ရဲ့အသံကို နားထောင်ရပါမယ်

ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခြင်း　ငြိမ်းငြိမ်းနိုင်

စာ(၂၈)သို့



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ပြန်လည်စဉ်းစားသုံးသပ်ဖွယ်ရှိ

**အေးမြကျော်**

**နေပြည်တော်၊ စက်တင်ဘာ- ၁၇**

နေပြည်တော်တွင် ကျင်းပပြုလုပ်သော ဧရာဝတီမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများကြောင့် ဧရာဝတီမြစ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သက်ရောက်မှုအလုပ်ရုံဆွေးနွေးပွဲတွင် မြစ်ဆုံစီမံကိန်းအပါအဝင် ရေအားလျှပ်စစ်စီမံကိန်းများကိုရည်ညွှန်းကာ မေခါ၊မလိခမြစ်အထက်ပိုင်းနေရာများတွင် ပြောင်းရွှေ့တည်ဆောက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားပမာဏတူညီစွာရရှိပြီးပြည်သူများလက်ခံ နိုင်မည့်နည်းလမ်းကို ပြန်လည် စဉ်းစားသုံးသပ်ရန် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အကြံပြုတိုက်တွန်းခဲ့ရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဦးဇော်မင်းက အကြံပြုချက်များကိုပြန်လည်လက်ခံစဉ်းစားသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

စာ(၁၂)သို့



ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ ကညနရုံးတွင် အခြေစိုက်သော ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်းရေးအဖွဲ့ထံတွင် ကားဟောင်းလာအပ်နှံသူတစ်ဦးကို စက်တင်ဘာ၁၉ရက် နံနက်ပိုင်းက တွေ့ရစဉ်

ကားနှင့်သက်ဆိုင်သောသတင်းများ အချပ်ပို(A,B,C)တွင်ရှု

## လူ့အခွင့်အရေး ချိုးဖောက်မှုများကို တိုင်ကြားနိုင်

**အားမာန်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၃**

မြန်မာနိုင်ငံသားများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများခံရပါက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့တိုင်ကြားနိုင်ကြောင်း ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြကပြောသည်။

ထို့အပြင် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့်ပတ်သက်၍ အလွယ်တကူတိုင်ကြားနိုင်အောင် စီစဉ်ပေးမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

စာ(၁၂)သို့

## ကားသွင်းခွင့်လိုင်စင်များကို တစ်နေရာတည်း နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဟု ဦးဝင်းမြင့်ပြောကြား

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ စက်တင်ဘာ - ၁၈**

ကားအဟောင်းအပ်နှံ၍ ကားသစ်ဝယ်ယူခွင့်ပါမစ်များအား နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးစိုက်ရာ အမှတ်-၃ တွင် တစ်နေရာတည်း နေ့ချင်းပြီး (One Stop Service)ဖြင့် ဆောင်ရွက်ပေးမည်ဟု

အချပ်ပို(C)သို့

## ကားအဟောင်းများဖျက်သိမ်းရေးအစီအစဉ် စတင်

ဇာဇာနီ

**ယာဉ်အိုယာဉ်ဟောင်းများဖျက်သိမ်းရေးအစီအစဉ်၏ ပထမဆုံးရက်တွင် ရန်ကုန်၌ ကားစီးရေနှစ်ရာခန့် လာရောက်အပ်နှံ၍ အစစ်ဆေးခံသည်။**

အချပ်ပို(B)သို့

## ဆက်သွယ်ရေး မိုဘိုင်းဖုန်း

## သုံးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများ ၂၀၁၂ နှစ်ဆန်းတွင် ချပေးမည်

**ယုဇနကိုကို**

**ရန်ကုန်၊စက်တင်ဘာ-၁၇**

အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများပူးပေါင်း၍ ကျပ်သုံးသိန်းဝန်းကျင်ဖြင့်ရောင်းချမည့်ဂျီအက်စ်အမ်ဖုန်းများကို ၂၀၁၂ဇန်နဝါရီလအတွင်းချထားပေးနိုင်တော့မည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စာ(၁၂)သို့

## ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေး အစီအစဉ် အသေးစိတ်အချက်အလက်များ ထပ်မံထုတ်ပြန်

**အားမာန်**

**ရန်ကုန်၊ စက်တင်ဘာ- ၁၉**

ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်းရေးအစီအစဉ်တွင် ဘတ်စ်ကားအပ်နှံသူမှာ ဘတ်စ်ကားကိုသာ ဝယ်ယူတင်သွင်းရမည်ဖြစ်ပြီး ထရပ်ကားနှင့်လိုက်ထရပ်ကားများမှာလည်း အပ်နှံသည့်ကားအမျိုးအစားကိုသာ ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါအစီအစဉ်အတွက် အသေးစိတ်အချက်အလက်များကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ထပ်မံထုတ်ပြန်ပေးနေသည်။

အချပ်ပို(B)သို့





CNC
JEANS
Men's wear
Environment Friendly


Nino


K.M

7 DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011



နိုင်ငံရေး ဦးတည်ချက်(၄)ရပ်
– နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
– အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
– စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
– ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

စီးပွားရေး ဦးတည်ချက်(၄)ရပ်
– စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
– ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
– ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
– နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေး ဦးတည်ချက်(၄)ရပ်
– တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
– အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
– စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
– တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒေါ်လာနှင့် ပို့ကုန်ရငွေတန်ဖိုးများ ပြန်တက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၁၇**

နိုင်ငံခြားငွေလဲလှယ်နှုန်းများသည် ကားအပေါင်းများကို ဖျက်သိမ်းပြီးကားတင်သွင်းခွင့်ချပေးမည်ဟူသောသတင်းများထွက်ပေါ်ပြီးချိန်မှစ၍ ဈေးနှုန်းများဆက်တိုက်မြင့်တက်ခဲ့ကာဆယ်ရက်အတွင်းတစ်ဒေါ်လာလျှင် ၁၀၀ ကျပ် တန်ဖိုးတက်ခဲ့ကြောင်း နိုင်ငံခြားငွေ လဲလှယ်ရေးဈေးကွက်မှ သတင်းရရှိသည်။

"ငွေဈေးကတက်တော့တက်လာတယ်။ ဒါပေမဲ့ ဈေးပြောရတာခက်တယ်။ အချိန်နှင့်အမျှပြောင်းလဲနေတာ။ အနည်းဆုံး ၁၀-၁၅ ကျပ်လောက်က အတက်အကျဖြစ်နေတယ်" ဟု ငွေဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောသည်။



ရန်ကုန်မြို့ ကညနရုံးတွင် ယာဉ်အပေါင်းများအပ်နှံရန် လာရောက်လုပ်ကိုင်ဆောင်ရွက်နေသူများကို စက်တင်ဘာ ၁၉ ရက်နံနက်ပိုင်းကတွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကားအပေါင်းဖျက်သိမ်းမည့်သတင်းမထွက်ပေါ်မီ စက်တင်ဘာ ၁၀ ရက်က တစ်ဒေါ်လာလျှင် ၇၅၀ ကျပ်ရှိသော်လည်း စက်တင်ဘာ ၁၉ တွင် အမေရိကန်တစ်ယူနစ်လျှင် ၈၅၀ ကျပ်ဈေးပေါက်သည်။ ထို့အပြင်စက်တင်ဘာ ၁၀ ရက်က အက်ဖ်အီးစီတစ်ယူနစ်လျှင် ၇၀၀ ကျပ်သာရှိသော်လည်း စက်တင်ဘာ ၁၉ တွင် ၇၉၀ ကျပ်ဝန်းကျင်ရှိလာသည်။

ပို့ကုန်ရငွေမှာလည်းစက်တင်ဘာ ၉ ရက်တွင် ၇၇၀ ကျပ်ရှိရာမှ ၁၉ ရက်တွင် ၈၃၃ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ဆယ်ရက်အတွင်းတစ်ဒေါ်လာလျှင်၁၀၀ကျပ်၊ ပို့ကုန်ရငွေမှာ၆၃ကျပ်တန်ဖိုးတက်လာသည်။ဩဂုတ် ၂၇ရက်တွင်အမေရိကန်ဒေါ်လာတစ်ယူနစ်မှာ ၇၁၅ ကျပ်၊ အက်ဖ်အီးစီတစ်ယူနစ် ၆၆၀ ကျပ်၊ စင်ကာပူတစ်ယူနစ်လျှင် ၅၉၀ ကျပ်သာရှိခဲ့သည်။ စက်တင်ဘာ ၁၇ ရက်တွင် စင်ကာပူဒေါ်လာမှာလည်း တစ်ယူနစ်လျှင် ၆၃၅ ကျပ်ထိ မြင့်တက်လာခဲ့သည်။

"ဈေးနှုန်းတွေက ပြောရခက်တယ်။ မိနစ်ပိုင်းမှာပဲ ဈေးတွေက အတက်အကျဖြစ်နေတယ်။ မငြိမ်ဘူး။ ဒီရက်ပိုင်းအဝယ်တော်တော်များတယ်။ ပစ္စည်း ရှားတာကြောင့် ဈေးတက်တဲ့ သဘောပဲ" ဟု ငွေဈေးကွက် အရောင်းအဝယ်လုပ်နေသူကသူ၏အမြင်ကိုပြောသည်။

ယခုဒေါ်လာ၊ ပို့ကုန်ရငွေနှင့် အက်ဖ်အီးစီ စသောငွေမာတန်ဖိုးများတက်လာပြီးနောက် များစွာပြန်လည် မကျဆင်းနိုင်ဘဲ၊ ဒေါ်လာနှင့်ပို့ကုန်ရငွေမှာ ကျပ် ၈၀၀ နှင့် အထက်၌သာ ဈေးနှုန်းများလည်ပတ်နေနိုင်ကြောင်း ငွေဈေးကွက် ကျွမ်းကျင်သူများကခန့်မှန်းသည်။

## ခေတ်သစ် အဇာတသတ် ပေါ်ပေါက်

**နေလင်းအောင်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၄**

သားအဖချင်း စကားများရန်ဖြစ်ရာမှ သားအရင်းဖြစ်သူက ဖခင်အားသံတုတ်နှင့်ရိုက်သဖြင့်ဖခင်ဖြစ်သူ သေဆုံးသွားသောဖြစ်စဉ်တစ်ခု ဝေါမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် ဖြစ်ပွားခဲ့ကြောင်းသတင်းရရှိသည်။

၂၀၁၁ ဖေဖော်ဝါရီလ ၂၇ ရက်က ဝေါမြို့နယ် ဘုရားပျံကျေးရွာနေ ဦးကျင်မောင်(၅၃ နှစ်)နှင့် ၎င်း၏ သားဖြစ်သူ တရုတ်ကြီး (ခ) ထွန်းထွန်းဝင်း(၂၈ နှစ်)တို့ စကားများရာမှ တရုတ်ကြီးက ဖခင်အား သံတုတ်နှင့်ရိုက်ခဲ့ရာ ဦးကျင်မောင်တွင် ဒဏ်ရာများရရှိခဲ့သည်။ ယင်းအခြေအနေအား ဦးကျင်မောင်၏ သားငယ်ကတစ်ရွာတည်းနေထိုင်သည့်ဦးရွှေထွန်းအား သွားရောက်ပြောပြခဲ့ပြီး ရိုက်နှက်ခံရသူဦးကျင်မောင်အား ဆေးရုံသို့ပို့ဆောင်ခဲ့ရာ နောက်တစ်နေ့ နံနက် ၈ နာရီအချိန်တွင် ဦးကျင်မောင်မှာ ကွယ်လွန်သွားသည်။ အဆိုပါအမှုအား ပဲခူးခရိုင် (၃) တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် ကျူးလွန်သူ တရုတ်ကြီး(ခ)ထွန်းထွန်းဝင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၂)အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။





7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011

## သာသနာတော်ကိုညှိုးနွမ်းအောင်ပြုသောသံဃာနှင့်သီလရှင်အချို့အားစတင်အရေးယူ

ညီညီဇော်

မန္တလေး၊ စက်တင်ဘာ - ၁၅

မန္တလေးတိုင်းဒေသကြီး ချမ်းအေး သာစံမြို့နယ် သံဃနာယကအဖွဲ့၏ဩဝါဒကိုခံယူလျက် ချမ်းအေးသာစံမြို့နယ် သာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(သ. ထ. ဖ)ဆရာတော်များက စက်တင်ဘာ၅ရက် ည၁၀နာရီခွဲအချိန်တွင် ၈၅လမ်း၊ ၂၉လမ်းနှင့်လမ်း၃၀ကြားတွင် တုတ်ကိုင်ရမ်းကား နေသော ရဟန်းနှစ်ပါးအား လူဝတ်လဲစေပြီး အရေးယူပေးရန် သက်ဆိုင်ရာရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

ယခုကဲ့သို့ အရေးယူဆောင်ရွက်ရသည့်အကြောင်းမှာ သာသနာတော်ကို ညှိုးနွမ်းအောင်ပြုလုပ်ခြင်းကြောင့်ဖြစ်ပြီး ဆက်လက်၍လည်း မိမိတို့ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း သ. ထ. ဖ အဖွဲ့မှ ဆရာတော်များကမိန့်ကြား သည်။

ထို့အပြင် စက်တင်ဘာ ၂ ရက်က မန္တလေးဈေးချိုအနီးတွင် အသက်ကြီးမှ ရဟန်းဝတ်ကာ ခြေကျိုးချင်ယောင်ဆောင်ပြီး အလှူခံနေသော ကိုယ်တော်တစ်ပါးကို လူဝတ်လဲစေခဲ့ကြောင်း၊ ယင်းနေ့က ဈေးချိုတော်တွင် အလှူခံနေသော ရဟန်းခုနစ်ပါး၊ သာမဏေ ၁၅ ပါး၊ သီလရှင်လေး ပါးအားလည်း ဝိနည်းတော်နှင့်အညီ အရေးယူခဲ့ကြောင်း အထက်ပါဆရာတော်များကမိန့်သည်။ ဆက်လက်၍လည်း မန္တလေးဘူတာကြီးအတွင်း ကျိန်းစက်နေခြင်းနှင့် ရထားပေါ်တွင် အလှူခံစာအိတ်ပေးကာ အလှူခံခြင်းများ ပြုလုပ်သောရဟန်းများ၊ သာမဏေများကိုလည်း လူဝတ်လဲစေခြင်း၊ ဝိနည်းတော်နှင့်အညီ အရေးယူခြင်းများ ပြုလုပ်ခဲ့ကြောင်း သ. ထ. ဖအဖွဲ့မှ ဆရာတော်များက မိန့်ကြားသည်။

အဆိုပါ ထိန်းသိမ်းအရေးယူခဲ့သော ရဟန်းများမှာ ငယ်ဖြူများမဟုတ်ကြဘဲ သာသနာတော်ကို ခုတုံးလုပ်ကာ အများပြည်သူနှင့် သာသနာတော်ကို ငြိုငြင်အောင် ပြုမူရမ်းကားသူများဖြစ်ကြောင်း ချမ်းအေးသာစံမြို့နယ် သံဃနာယကအဖွဲ့ထံမှ သတင်းရရှိသည်။

## မြို့တော်ခန်းမအတွင်းသို့ ခြံစည်းရိုးကျော်ကာ ဝင်ရောက်သူအား စစ်ဆေး

အိဖြူလွင်

ရန်ကုန်၊ စက်တင်ဘာ-၁၅

ရန်ကုန်မြို့တော်ခန်းမအတွင်းသို့ ခန်းမရှေ့ရှိ သံပန်းခြံစည်းရိုးအား လူတစ်ဦးကျော်တက်ဝင်ရောက်ခဲ့မှုကြောင့် ခေါ်ယူစစ်ဆးခဲ့ရကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ သိရသည်။

ယခုလ ၅ ရက် နေ့လယ် ၁၂ နာရီခန့်တွင် ထိုသူသည် ခြံစည်းရိုးကို ကျော်တက်၍ ဝင်ရောက်ရန် ကြိုးစားခဲ့ခြင်းဖြစ်ပြီး၊ ၎င်းမှာ ညောင်တုန်းမြို့နယ်တွင် နေထိုင်၍ ရန်ကုန် ၃၈လမ်းရှိ အစ်မဖြစ်သူနေအိမ်သို့ အလည်လာရောက်သူဖြစ်သည်ဟု သိရသည်။ ထိုသူသည် လွန်ခဲ့သော ၅နှစ်ခန့်ကစ၍ စိတ်ဝေဒနာခံစားနေရသူဖြစ်ပြီး ရွာသို့ပြန်ရန်လာရောက်ခေါ်ယူစဉ် လမ်းတွင် ပျောက်ဆုံးခဲ့ခြင်းဖြစ်သောကြောင့် အုပ်ထိန်းသူထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

## နိုင်ငံခြားသားနှစ်ဦး လျှပ်စစ်ပစ္စည်းဆိုင်မှ ကျပ်သိန်း ၂၀ ခိုးယူမှုဖြစ်ပွား

စိုင်းသာအောင်


မန္တလေး၊ စက်တင်ဘာ-၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ အမှတ်(၃)ရပ်ကွက်၊ လမ်းမတော်ဈေးတန်း၌ ဖွင့်လှစ်ထားသော 'ကြွယ်'လျှပ်စစ်ပစ္စည်းအရောင်းဆိုင်သို့စက်တင်ဘာလ ၅ ရက် ညနေ ၆ နာရီခွဲခန့်က နိုင်ငံခြားသားနှစ်ဦးဝင်ရောက်လာပြီး လျှပ်စစ်မီးပူအဝယ်ပြ၍ ငွေကျပ်သိန်း ၂၀ ခိုးယူခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနိုင်ငံခြားသားနှစ်ဦးသည် 'ကြွယ်'လျှပ်စစ်ပစ္စည်းဆိုင်သို့ဝင်ရောက်ပြီး လျှပ်စစ်မီးပူဝယ်ချင်ကြောင်း ပြောသဖြင့် ပစ္စည်းထုတ်ပြရာကျပ် ၁၈၀၀၀ ကျပ် ကျသင့်သဖြင့် ၅၀၀၀ ကျပ်တန်လေးရွက်ထုတ်ပေးသည်။ အရောင်းစာရေးမက ကျပ် ၁၀၀၀ ကျပ်တန်အသေးနှစ်ရွက်ပြန်အမ်းခဲ့ရာ အကြီးနှစ်ရွက်လိုချင်ကြောင်းပြောသဖြင့် ဆိုင်ပိုင်ရှင်ဒေါ်မြင့်မြင့်ကြွယ်က အခန်းထဲ ငွေသေတ္တာတွင် ဝင်ရောက်ရှာဖွေစဉ် နိုင်ငံခြားသားက ကိုယ်တိုင်ဝင်ရောက်ရှာဖွေကြောင်း ဆိုင်ပိုင်ရှင်က No; No; ဟုပြောသော်လည်း မရဘဲ ဆက်လက်ရှာဖွေပြီး ဗီရိုငွေသေတ္တာအတွင်းမှ ငွေထုပ်များ ဟိုရွှေ့၊ ဒီရွှေ့ရှုပ်ထွေးအောင်လုပ်ပြီး ပြန်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ ၎င်းတို့ထွက်ခွာသွားပြီး နောက်ဆိုင်ရှင်က ငွေများကို စစ်ဆေးရာကျပ် ၅၀၀၀ကျပ်တန် ၄ အုပ်၊ကျပ်သိန်း ၂၀ ပျောက်ဆုံးသွားကြောင်း သိရသည်။

မန္တလေးသို့ ထွက်ခွာသွားသည့် အဆိုပါနိုင်ငံခြားသားများကို စစ်ကိုင်းတိုးဂိတ်ရှိ CCTV မှခြေရာခံ၍ ယခုလ ၇ ရက် နံနက် ၄ နာရီခွဲခန့်တွင် နေပြည်တော် ဒက္ခိဏ သီရိမြို့နယ်ရဲတပ်ဖွဲ့က အဆိုပါ နိုင်ငံခြားသားနှစ်ဦးအား စီးသွားသော ကား ၀×××နှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ တူရကီနိုင်ငံသားနှစ်ဦးကို ရွှေဘိုမြို့သို့ပြန်လည်ခေါ်ဆောင်လာပြီး စစ်ဆေးခဲ့ရာ မာမက်အလီတော့ပ်ကူး(၄၄)နှစ် နှင့် ဒူအူအာဘလာ(၃၁)နှစ်တို့က ခိုးယူကြောင်း ဖြောင့်ချက်ပေး သဖြင့် ရွှေဘိုမြို့မရဲစခန်းက ပြစ်မှု ပုဒ်မ ၃၈၀ အရ မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ထားပြီးဖြစ်ကြောင်း သိရသည်။



## ယခင်တားမြစ်ထားသော ဝက်ဘ်ဆိုက် ၃၀၀၀၀ကျော် ပြန်ဖွင့်ပေး

ယုဇနကိုကို

ရန်ကုန်၊စက်တင်ဘာ-၁၇

အစိုးရသစ်က ယခင်ကခွင့်မပြုခဲ့သည့် အင်တာနက်ဝက်ဘ်ဆိုက်ပေါင်း ခုနစ်သောင်းကျော်မှ ဆိုက်ပေါင်း သုံးသောင်းကျော်ကို ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်းသတင်းရရှိသည်။

ယခုကဲ့သို့ပြန်လည်အသုံးပြုခွင့်ရလာသည့်အင်တာနက်ဝက်ဘ်ဆိုက်များတွင် Youtube၊ Yahoo Mail၊ ဧရာဝတီ၊ VOA၊ အစရှိသောဆိုက်များအပြင် ဘလော့စပေ့(blogspot) ကဲ့သို့ဆိုက်များပါပါဝင်လာကြောင်းသိရသည်။

ပြန်လည်အသုံးပြုလာနိုင်ပြီဖြစ်သည့်ဝက်ဘ်ဆိုက်ပေါင်းသုံးသောင်းကျော်တွင် မပါဝင်သည့် ကျန်ဆိုက်များမှာမူ ဆင်ဆာမဲ့ညစ်ညမ်းဝက်ဘ်ဆိုက်များဖြစ်သဖြင့် ဖွင့်ပေးမည်မဟုတ်ကြောင်း အထက်ပါ လုပ်ငန်း၏ သတင်းအ ချက်အလက်နှင့် နည်းပညာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ယင်းကဲ့သို့ ယခင်ကခွင့်မပြုခဲ့သည့် ဆိုက်များပြန်လည်အသုံး ပြုခွင့်ရလာသည့်အချိန်မှာ ပြီးခဲ့သည့် ဩဂုတ်လလယ်ခန့်မှစတင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ အစိုးရကပိတ်ပင်ခဲ့သည့် ဝက်ဘ်ဆိုက်များပြန်လည်အသုံးပြုလာနိုင်သော်လည်း အင်တာ နက်မြန်နှုန်းနှေးကွေးသည့် ပြဿနာမှာမူ မပြီးဆုံးသေးသဖြင့် ယင်းအခြေအနေကိုပါဖြေရှင်းပေးရန် ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

## ရန်ကုန်တိုင်းဒေသကြီးမှ အခြေခံလူတန်းစားများအတွက် ချေးငွေ ကျပ်သန်း ၈,၂၀၀ ကျော် ထုတ်ပေးပြီးဟုဆို

ကျော်သီဟ

ရန်ကုန်၊ စက်တင်ဘာ - ၁၅

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းအတွက်ဗဟိုသမဝါယမအသင်းလီမိတက်က ရန်ကုန်မြို့ရှိ အခြေခံလူတန်းစားများကို ကျပ်သန်းပေါင်း ၈,၂၀၀ ကျော်ချေးပြီးဖြစ်ကြောင်း ဗဟိုသမဝါယမအသင်းလီမိတက်မှ အထွေထွေမန်နေဂျာဦးမင်းလွင်ကပြောသည်။

"ဦးတို့အသင်းအနေနဲ့ အာရုံစိုက်နေတာ ဘာကြောင့် ဆင်းရဲတာလဲ။ အရင်းအနှီးမရှိလို့ဆင်းရဲတာလား။ အရင်းအနှီးပေးလိုက်ရင် သူတို့ဘာသာ သူတို့လူနေမှုဘဝအတွက် ဘာအလုပ်ပြန်လုပ်နိုင်မလဲဆိုတာပဲ။ ဒါကြောင့် မြို့ပြရန်ကုန်မှာ ဆင်းရဲတဲ့ အရင်းအနှီးမဲ့ လူတန်းစားနဲ့ မြို့စွန်မြို့ဖျားက လူတွေကို ချေးပေးနေပါတယ်"ဟု ဦးမင်းလွင်က 7Day News ပြောသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် ဆင်းရဲသူအမျိုးအစား အမျိုးမျိုးရှိသည်ဟုဆိုသည်။ ထိုအထဲမှ ကုစားနိုင်သော ဆင်းရဲသားလူတန်းစားအား ကုစားနေခြင်းဖြစ်ကြောင်းနှင့် ဆင်းရဲမှုတွင် အလွန့်အလွန်ဆင်းရဲသူ၊ အလယ် အလတ်ဆင်းရဲသူ၊ ရိုးရိုးဆင်းရဲသူ ဟူ၍ ရန်ကုန်မြို့တွင် တွေ့ရှိရကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကျပ်သန်းပေါင်း ၈,၂၇၂ ထုတ်ချေးထားပြီး တစ်ဦးလျှင် ကျပ် ၃၀,၀၀၀ ချေးငွေထုတ်ချေး၍ နေ့စဉ် ၆၀၀ ကျပ်ပြန်လည်ပေးသွင်းရသည်။ ရက်ပေါင်း ၆၀ အတွင်း အကြေပေးဆပ်ရခြင်းဖြစ်ပြီး ယင်းသို့ပေးဆပ်ငွေ၌ ဆင်းရဲသူသည် ရက် ၆၀ တွင် ထပ်မံစုဆောင်းငွေ ၄,၂၀၀ ကျပ်ရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဗဟိုသမဝါယမအသင်းလီမိတက်အောက်တွင် ချေးငွေအဖွဲ့ ၁၈ ဖွဲ့၊ အသင်းအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးထားသော အဖွဲ့ ၁၈ဖွဲ့ရှိ သည်။



7DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# ပင်စင်စားလေးသိန်းကျော်ကိုတိုးမြှင့်ပင်စင်လစာ ငွေပေးမိန့် ထုတ်ပေးပြီးဟုဆို

ကျော်သီဟ

**ရန်ကုန်၊ စက်တင်ဘာ-၁၇**

မြန်မာနိုင်ငံတွင် ပင်စင်စားဦးရေ ရှစ်သိန်းခန့်ရှိသည့်အနက်မှ လစာထုတ်ရန် ငွေပေးမိန့်နှင့် တိုးမြှင့်ပင်စင်လစာထုတ်ပြီးသူ လေးသိန်းကျော်ရှိကြောင်း နေပြည်တော် ပင်စင်ဦးစီးဌာနမှထုတ်ပြန်သော စာရင်းဇယားများအရသိရသည်။

လုပ်ငန်းအဖွဲ့အစည်းပင်စင်စားများ၏ တိုးမြှင့်ပင်စင်တောင်းခံလွှာ လက်ခံရရှိမှုများထဲမှ နှစ်သိန်းလေးသောင်းကျော်အား တိုးမြှင့်ပင်စင်ထုတ်ပေးရန်ဆောင်ရွက်ပြီးဖြစ်သည်ဟုဆိုသည်။ ထို့အပြင်စက်တင်ဘာ ၁၅ ရက်အထိ ဦးစီးဌာနပင်စင်စား၊ နိုင်ငံရေးပင်စင်စားနှင့် တပ်မတော်ပင်စင်စား လစာထုတ်ရန် ငွေပေးမိန့်အား ၎င်းတို့နေထိုင်ရာ မြန်မာ့စီးပွားရေးဘဏ်များတွင် စုစုပေါင်း ၂၀၀,၁၂၈ ဦးကို ထုတ်ပြန်ပြီးဖြစ်ကြောင်း နေပြည်တော် ပင်စင်ဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

နေပြည်တော် ပင်စင်ဦးစီးဌာနသို့ လုပ်ငန်းအဖွဲ့အစည်း ပင်စင်စားများက တိုးမြှင့်ပင်စင်တောင်းခံလွှာသုံးခုပေါင်း စက်တင်ဘာလလယ်အထိ ၃၃၂,၉၉၀ ဦးရှိရာတွင် ၂၄၇,၅၁၉ ဦးအတွက် ငွေပေးမိန့်ထုတ်ပေးပြီးဟုဆိုသည်။ "ကျန်ရှိနေသေးတဲ့ တိုးမြှင့်ပင်စင်တောင်းခံလွှာတွေမှာတော့ အချက်အလက် မပြည့်စုံတာရယ်၊နာမည်၊ ရာထူးနဲ့ ဌာနပဲပြောနိုင်တဲ့သူတွေပဲကျန်ရှိတော့တာပါ။ သူတို့ကလည်း အများဆုံး အချိန်တစ်လအတွင်း အပြီးဆောင်ရွက်ပေးသွားမှာပါ" ဟု ပင်စင်ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်ကပြောကြားသည်။

တိုးမြှင့်ပင်စင် တောင်းခံလွှာများတွင် အချက်အလက်မပြည့်စုံသော တောင်းခံလွှာပေါင်း အကြမ်းဖျင်းအားဖြင့် သုံးသောင်းကျော်ရှိကြောင်း နေပြည်တော် ပင်စင်ဦးစီးဌာနမှသိရှိရသည်။ ကာကွယ်ရေးပင်စင်စားများအား တိုင်းစစ်ဌာနချုပ် မှတ်တမ်းနှင့် ငွေစာရင်းဌာနခွဲများမှ သီးခြားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ "ကျွန်တော့်အဖေပင်စင်က ပညာရေးဌာနဆိုတော့ ဘဏ်နဲ့ ချိတ်ဆက်ပြီးလုပ်ရတော့ အခုထိ ပင်စင်လစာမကျသေးဘူး။ အစိုးရဝန်ကြီးဌာနပင်စင်မှာ လုပ်ငန်းအဖွဲ့အစည်းဌာန၊ ဦးစီးဌာန၊ နိုင်ငံရေးပင်စင်၊ ကာကွယ်ရေးပင်စင်ဆိုပြီးရှိတယ်"ဟု သာကေတမြို့နေ အစိုးရဝန်ထမ်းဟောင်းတစ်ဦးကဆိုသည်။ အကြမ်းဖျင်းအားဖြင့် တစ်နိုင်ငံလုံးအနေအထားအရ ပင်စင်စားပေါင်းရှစ်သိန်းခန့်ရှိပြီး၊ ကာကွယ်ရေးပင်စင်စားသုံးသိန်း၊ ဦးစီးဌာနပင်စင်စား သုံးသိန်းခန့်နှင့် လုပ်ငန်းအဖွဲ့အစည်းပင်စင်စား နှစ်သိန်းခန့်ရှိကြောင်း သိရသည်။

# ဒေါ်လာတန်ဖိုးကျသော်လည်း ဆန်ပြည်ပတင်ပို့မှု ယခင်နှစ်ကထက်များနေ

**အောင်သူရ၊ ပြည့်သိမ်း**

**ရန်ကုန်၊ စက်တင်ဘာ - ၁၈**

အမေရိကန်ဒေါ်လာနှင့် ပို့ကုန်ရငွေတန်ဖိုးများ ကျဆင်းခဲ့သော်လည်း ယခု ဘဏ္ဍာရေးနှစ်တွင် စက်တင်ဘာလအထိ ဆန်တင်ပို့မှုမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အလားတူကာလထက် တန်ချိန်နှစ်သိန်းကျော်တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောကြားသည်။

ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် စက်တင်ဘာ၉ရက်အထိပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၄ သိန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလက ဆန်တန်ချိန် ၁ ဒသမ ၃၈ သိန်းသာ တင်ပို့နိုင်ခဲ့သည်။ ထို့ကြောင့် ယခင်နှစ် အလားတူကာလကထက် တန်ချိန် ၂ ဒသမ ဝ၉ သိန်းကျော် ပိုများသည်ဟုဆိုသည်။ "ဒီနှစ် ကမ္ဘာ့ဆန်ဈေးတက်တော့ အရင်တုန်းက ၇ လပိုင်း၊ ၈ လပိုင်းတွေမှာ အဝယ်သိပ်မရှိဘူး။ ဒါပေမဲ့ ဒီနှစ်မှာ အဝယ်များတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးကပြောသည်။

ဆန်အများဆုံးတင်ပို့သော ထိုင်းနိုင်ငံ အစိုးရသစ်က ထိုင်းဆန်တစ်တန်လျှင် ဘတ် ၁၅,၀၀၀ (ကန် ဒေါ်လာ ၅၀၀)ဖြင့် အာမခံဝယ်ယူပေးမည်ဟု ကြေညာခဲ့ပြီးနောက် ကမ္ဘာ့ဆန်ဈေးတက်လာခဲ့ပြီး မြန်မာနိုင်ငံမှ ဆန်ဝယ်ယူမှုမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ဝယ်လိုအားများလာသဖြင့် မြန်မာနိုင်ငံမှ တင်ပို့သော ၂၅ မှတ်ဆန် တစ်တန်လျှင် ဒေါ်လာ ၄၁၀ ခန့်ရခဲ့သော်လည်း ယခုနှစ်တွင် အမေရိကန်ဒေါ်လာနှင့်မြန်မာကျပ်ငွေ လဲလှယ်သည့်နှုန်းထား ကျဆင်းနေသဖြင့် ယခုနှစ် ၇ လပိုင်း၊ ၈ လပိုင်းများတွင် ပြည်တွင်းစပါးဈေးမှာ တင်းတစ်ရာလျှင် သုံးသိန်းကျော်ကျော်သာဈေးရှိသည်။ သို့သော် ယခုရက်ပိုင်းတွင် အိန္ဒိယနိုင်ငံမှ ဆန်တန်ချိန်နှစ်သန်းရောင်းချခြင်းနှင့် ရုရှားနိုင်ငံမှ ဂျုံရောင်းချခြင်းတို့ကြောင့် ကမ္ဘာ့ဆန်ဈေးကွက်တွင် အရောင်းအဝယ်အနည်းငယ်ပြန်အေးခဲ့သည်။

ယခုနှစ်တွင် တစ်လလျှင် ဆန်တန်ချိန်လေးသောင်းတင်ပို့နိုင်ရန် လျာထားခဲ့ပြီး၊ ပြီးခဲ့သည့်နှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆန်တန်ချိန် ၅ ဒသမ ၃၇ သိန်းတင်ပို့နိုင်ခဲ့သည်။

# သခင်အုန်းမြင့် ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အလှူ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်

**ရန်ကုန်၊ စက်တင်ဘာ-၁၇**



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

သခင်အုန်းမြင့် ကွယ်လွန်သည့်တစ်နှစ်ပြည့် ဆွမ်းကျွေးအလှူကို ကျန်ရစ်သူမိသားစုများက စက်တင်ဘာ၁၇ရက် နံနက်ပိုင်းကကျင်းပရာ သခင်အုန်းမြင့်ဘဝဖြတ်သန်းခဲ့ရာ နိုင်ငံရေးနှင့် စာပေလောကမိတ်ဆွေများ၊ မိသားစုဆွေမျိုးများနှင့်အတူ မှတ်ပုံတင်ခြင်းမပြုရသေးသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ပါ တက်ရောက်ခဲ့သည်။

၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၁၇ ရက်က လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်ကာ ကွယ်လွန်ချိန်တွင် အသက် (၉၃)နှစ် ရှိပြီဖြစ်သည်။




ခံတွင်းသန့်စင်ဆေးရည်
closeup
အနားနီးလေ ပိုဆွဲဆောင်နိုင်လေ
Crystal Frost အစေ့လေးများ
ခံတွင်းသန့်စင်ဆေးရည်နှင့် Crystal Frost အစေ့လေးတွေပါဝင်သည့်
closeup အသစ်ရဲ့ စွမ်းအားကို ခံစားကြည့်လိုက်ပါ
ခံတွင်းရနံ့သင်းသင်းလေးနဲ့ သွားဖြူဖြူလေးတွေ ဖြစ်သွားပြီ

# ဒေါ်အောင်ဆန်းစုကြည် မြန်မာယူ – ၁၉ အသင်းပွဲစဉ်ကို ကြည့်ရှုအားပေး

## သုဝဏ္ဏဘောလုံးကွင်းတွင် ပထမဆုံးအကြိမ် ဘောလုံးပွဲကြည့်ခြင်း ဖြစ်သည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၁၄**

ဒေါ်အောင်ဆန်းစုကြည်က စက်တင်ဘာ ၁၄ ရက် ညနေတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့်မြန်မာ-လာအိုပွဲစဉ်ကိုပထမဆုံးအကြိမ် လာရောက်အားပေးခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာ ၁၄ ရက် ညနေသုံးနာရီခွဲအချိန်တွင် စတင်မည့်ဂုင်းပွဲစဉ်မတိုင်မီ မိနစ်ပိုင်းအလို၌ သုဝဏ္ဏကွင်းအတွင်းသို့ ရောက်ရှိလာခဲ့သည်။

သူမသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်၊ အခြားဘောလုံးကလပ်ပိုင်ရှင်များ အပါအဝင် တာဝန်ရှိသူများနှင့်အတူ အရေးကြီးပုဂ္ဂိုလ်များ ထိုင်သောအထူးသီးသန့်ခန်းမှ ပွဲပြီးဆုံးသည်အထိ ကြည့်ရှုအားပေးခဲ့သည်။ သုဝဏ္ဏဘောလုံးကွင်းကို ဂျပန်နိုင်ငံက နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ၁၉၈၇ ခုနှစ်တွင် တည်ဆောက်ပေးခဲ့သည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်မှာ ပထမဆုံးအကြိမ် သုဝဏ္ဏဘောလုံးကွင်းသို့ လာရောက်ဘောလုံးပွဲကြည့်ရှုခဲ့ခြင်းဖြစ်သည်။



ဓာတ်ပုံ-အားမာန်

**ဘောလုံးပွဲကိုစိတ်ဝင်တစားကြည့်ရှုနေသော ဒေါ်အောင်ဆန်းစုကြည်ကို ဦးဇော်ဇော်၊ ဗိုလ်မှူးကြီးတင်ဝင်းတို့နှင့်အတူတွေ့ရစဉ်**

ဒေါ်အောင်ဆန်းစုကြည်သည် အဆိုပါဘောလုံးပွဲစဉ်အား အစအဆုံးအထိ စိတ်ဝင်စားစွာအားပေးခဲ့ပြီး၊ ဘောလုံးအားကစားနှင့် ပတ်သက်သည့် သိလိုသည်များကိုလည်း ဦးဇော်ဇော်အား မေးမြန်းခဲ့ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြီးခဲ့သည့် ဩဂုတ် ၂၀ ရက်က နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားအဆင့်စီးပွားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်ကို ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က အာဆီယံယူ-၁၉ ပွဲစဉ်များအား ကြည့်ရှုအားပေးရန် စတင်ဖိတ်ကြားခဲ့ပြီးနောက် မြန်မာ-လာအိုပွဲစဉ်သည် ဒေါ်အောင်ဆန်းစုကြည် လာရောက်အားပေးခဲ့သည့် ပထမဆုံးပွဲစဉ်လည်းဖြစ်သည်။

အဆိုပါ ဘောလုံးပွဲစဉ်အား ဒေါ်အောင်ဆန်းစုကြည် လာရောက်အားပေးခဲ့သည်ကို ပရိသတ်များ အများစုမသိရှိခဲ့ပေ။ သို့သော် ပြိုင်ပွဲဝင် မြန်မာလူငယ်ဘောလုံးအသင်းအနေဖြင့်မူ ကြိုတင်သိရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ထိုပွဲစဉ်သို့ လာရောက်ကြည့်ရှုသော ပရိသတ်မှာ ၂,၀၀၀၊ ၃,၀၀၀ ဝန်းကျင်သာရှိသည်။

"ဒေါ်အောင်ဆန်းစုကြည် ဘောလုံးအားကစားကို ဝါသနာပါပြီး လာအားပေးတော့ ကောင်းတာပေါ့"ဟု ဦးဇော်ဇော်က ပြောကြားသည်။

အဆိုပါနေ့ယှဉ်ပြိုင်ကစားခဲ့သည့် ဘောလုံးပွဲစဉ်တွင် အိမ်ရှင်မြန်မာအသင်းသည် ခြေစွမ်းမပြနိုင်ဘဲ ကစားသမားနှစ်ဦးအထုတ်ခံခဲ့ရသော်လည်း လာအိုအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က ဇူလိုင်လအတွင်း ပဲခူးနှင့်သနပ်ပင်မြို့များသို့ သွားရောက်ခဲ့သောခရီးစဉ်တွင် သနပ်ပင်မြို့ခံလူထုအား အမှာစကားပြောရာ ပွဲပြီးဆုံးသည်အထိ အနိုင်မခံ အရှုံးမပေးကြိုးစားကစားသော ဘောလုံးအသင်းမျိုးကို ကြိုက်နှစ်သက်ပြီး ဘောလုံးအားကစားကို ကြိုက်နှစ်သက်ကြောင်း ပြောကြားခဲ့သည်။

## မြန်မာသင်္ဘောသား ၂၃ဦး ဆိုမာလီဓားပြများထံမှ ပြန်လည်လွတ်မြောက်လာ

မေဝင်းမွန်

**ရန်ကုန်၊ စက်တင်ဘာ-၁၂**

တန်ဇန်းနီးယားနှင့်မိုဇမ်ဘစ် နယ်စပ်အရှေ့ဘက်မိုင် ၈၀ ခန့်အကွာပင်လယ်ပြင်တွင် ၂၀၁၀ ဒီဇင်ဘာလက ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲခြင်းခံခဲ့ရသည့် မြန်မာသင်္ဘောသားများပါသောသင်္ဘောကို အမေရိကန်ဒေါ်လာ ၇ သန်းဖြင့်ပြန်ရွေးနိုင်ခဲ့ကြောင်းသိရသည်။

MV Panama အမည်ရှိ လိုက်ဘေးရီးယားအလံလွှင့်တင်ထားသောကွန်တိန်နာတင်သင်္ဘောပေါ်တွင်မြန်မာသင်္ဘောသား ၂၃ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး သင်္ဘောသားများမှာ ယခုလလယ်က မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာပြီဟု သိရသည်။ အဆိုပါသင်္ဘောကို St.Johns သင်္ဘော ကုမ္ပဏီ(ယခင်က East Wind) ကပိုင်ဆိုင်သည်။ ဆိုမာလီပင်လယ်ဓားပြများ တောင်းဆိုသည့် အမေရိကန်ဒေါ်လာ၇သန်းပေးပြီးနောက် သင်္ဘောနှင့်သင်္ဘောသားများကို အန္တရာယ်ကင်းစွာ လွှတ်ပေးခဲ့သည်ဟုရိုက်တာသတင်းတွင်ပါရှိသည်။

ဆိုမာလီပင်လယ်ဓားပြများကြောင့် နှစ်စဉ်သန်းနှင့်ချီသော ကမ္ဘာ့ဝင်ငွေများ ဆုံးရှုံးလျက်ရှိပြီး နိုင်ငံတကာ ရေတပ်များမှာလည်း ဆိုမာလီဓားပြများ၏ ခြိမ်းခြောက်မှု အန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းနေရကာ ပင်လယ်ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းမှာလည်း ကုန်စည်ပို့ဆောင်ရာ လမ်းကြောင်းများတွင် ပင်လယ်ဓားပြများ၏ခြိမ်းခြောက်လုယက်မှုကို ခံရမှုပိုမိုများပြားလာသည်။

"ဆိုမာလီရေပိုင်နက်ကိုဖြတ်မယ့်သင်္ဘောတွေက ပင်လယ်ရေကြောင်း သင်္ဘောလုံခြုံရေးအဖွဲ့တွေမှာ စာရင်းသွင်း၊ အကြောင်းကြားထားရတယ်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

## ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၁ရက်မှ ၂၇ရက်အထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်လာနိုင်သော်လည်း မုန်တိုင်းတစ်ခုအဖြစ် ရောက်ရှိလာနိုင်ဖွယ်ရာ မရှိသေးဟု ခန့်မှန်းရပါတယ်။ လ ကုန်ရက်ပိုင်းမှာတော့ ဖြစ်ပေါ်လာနိုင်ဖွယ်ရာရှိပါတယ်။

**မုတ်သုံလေအခြေအနေ**

ဖော်ပြပါ ရက်သတ္တပတ်အတွင်း အနောက်တောင်မုတ်သုံလေဟာမြန်မာနိုင်ငံမြောက်ပိုင်းဒေသများနဲ့အလယ်ပိုင်းဒေသများမှ ဆုတ်ခွာသွားတော့မှာ ဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းမှာ မုတ်သုံလေအားအသင့်အတင့်နဲ့ ကျန်ဘင်္ဂလားပင်လယ်အော်မှာ အားအနည်းငယ်သာရှိနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုကြောင့် မိုးသက်လေပြင်းများ ရံဖန်ရံခါ ကျရောက်ပြီး ခေတ္တမျှ လှိုင်းကြီးနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၂၅ မိုင်မှ ၃၅မိုင်ခန့်အထိ တိုက်ခတ် နိုင်ပါတယ်။ ကိုးကိုးကျွန်းအနီး တစ်ဝိုက်ရေပြင်မှာ လှိုင်းအမြင့် ၅ပေခန့်အထိ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပြီးခဲ့တဲ့စက်တင်ဘာလ ၁၁-၁၇ရက် ရက်သတ္တတစ်ပတ်အတွင်း ရွာသွန်းခဲ့သော မိုးရေချိန်များမှာ ကမ်းရိုးတန်းဒေသများမှာသာ မုတ်သုံမိုးတွေရွာနေပြီး၊ မိုး ရေချိန် ၀ ဒသမ ၈ လက်မအောက် လျော့နည်းတဲ့ဒေသများကတော့ကချင်ပြည်နယ်မြောက်ပိုင်းစွန်းဒေသများ၊ မိုးရေချိန်၀ဒသမ၈လက်မမှ ၂လက်မအထိရွာသွန်းခဲ့တဲ့ဒေသများမှာ စစ်ကိုင်း တိုင်းအထက်ပိုင်း၊ ကချင်ပြည် နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန္တလေးတိုင်းအထက်ပိုင်းဒေသများ၊ မိုးရေချိန် ၂ က်မမှ ၄ လက်မအထိ ရွာသွန်းခဲ့တဲ့ဒေသများမှာ ချင်းပြည်နယ်၊ ကချင်ပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေး တိုင်းအောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်မြောက်ပိုင်း မိုးရေချိန် ၄လက်မမှ ၆လက်မအထိ ရွာသွန်းခဲ့တဲ့ဒေသများမှာ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းတောင်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း၊ မိုးရေချိန် ၆ လက်မမှ ၈ လက်မအထိ ရွာသွန်းခဲ့တဲ့ဒေသများမှာ ရခိုင်ပြည်နယ် အလယ်ပိုင်းကမ်းရိုးတန်း၊ ဧရာဝတီတိုင်းမြောက်ပိုင်း၊ ဧရာဝတီ တိုင်းနဲ့ ရန်ကုန်တိုင်းကမ်းရိုးတန်းဒေသ၊ မွန်ပြည်နယ်၊ ကရင်ပြည် နယ်တောင်ပိုင်းဒေသတွေ ဖြစ်ကြပါတယ်။

လာမယ့် ခန့်မှန်းကာလရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံအရှေ့မြောက်ဖက်ဒေသများကနေပြီးအရှေ့မြောက်လေအေးတွေစတင်တိုးဝင်လာနိုင်တဲ့အတွက် အထက်ပိုင်းနဲ့ မြောက်ပိုင်းဒေသ တွေမှာ မိုးအားလျော့သွားနိုင်ပါတယ်။ ဒါကြောင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ်တို့မှာ ၂ ရက်မှ ၃ရက်ခန့်၊ ရှမ်းပြည်နယ်၊မန္တလေးတိုင်း၊မကွေးတိုင်း၊စစ်ကိုင်းတိုင်းအောက် ပိုင်း၊ဧရာဝတီတိုင်းမြောက်ပိုင်း၊ပဲခူးတိုင်းမြောက်ပိုင်း၊ကယားပြည်နယ်နဲ့ကရင်ပြည်နယ်တွေမှာ ၄ ရက်ခန့်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းတောင်ပိုင်းတို့မှာ ၅ ရက်ခန့်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းအနောက်တောင်ပိုင်း၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ ၆ ရက်ခန့်၊ မိုးရွာသွန်းနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များ အနေနဲ့ကတော့ နေ့အပူချိန်များ ဖြစ်မြဲရဲ့ အောက်လျော့နည်းနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိမြစ်တို့တွင်လက်ရှိရေအမှတ်များအောက်ကို ကျဆင်းသွားနိုင်ပါတယ်။ ဒါကြောင့် စိုးရိမ်ရေအမှတ်များ အထက်ကျော်လွန်ရောက်ရှိနေသော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်၊ ဒုဋ္ဌဝတီမြစ်၊ ငဝန်မြစ်၊ သံလွင်မြစ်ရေနဲ့ စစ်ဆောင်းမြစ်ရေများဟာ စိုးရိမ်ရေအမှတ်နဲ့ အောက်ကိုကျဆင်းသွားနိုင်ပြီး မြစ်ငယ်များကတော့ စိုးရိမ်ရေအမှတ်များ ဝန်းကျင်မှာပဲ ဆက်လက်ရှိနေနိုင်ပါတယ်။ အခြားသော မြစ်များတို့တွင် ရေများ ဆက်လက်တက်လာနိုင်သော်လည်း စိုးရိမ်ရေအမှတ်များကို ရောက်ရှိ နိုင်ဖွယ်မရှိပါ။

**တောင်တရုတ်ပင်လယ်ပြင် အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် ခန့်မှန်းကာလအတွင်း မုန်တိုင်းနှစ်လုံး ဆက်လက်ဖြစ်ပေါ်နေနိုင်သော်လည်း အရှေ့မြောက်ဖက်ကိုသာ ဦးတည်ရွေ့လျားသွားမှာဖြစ်တယ်လို့ ခန့်မှန်းရတဲ့အတွက် ခန့်မှန်းကာလအ တွင်း မြန်မာနိုင်ငံအပေါ်ကို အရှေ့ဖက်မှ မုန်တိုင်းများကြောင့် မိုးရွာသွန်းမှု မရှိနိုင်ပါ။

**ဒေါက်တာထွန်းလွင်**

# တန်ပိုတင်ပါက သတ်မှတ်နှုန်းထက် ဆယ်ဆပိုကောက်မည်ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၁၄**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ကုန်တင်ယာဉ်တစ်စီးကို တွေ့ရစဉ်**

လမ်းအသုံးပြုခကောက်ခံရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ယာယီထပ်ဆောင်းခွင့်ပြုထားသော တန်ချိန်ထက် ပိုတင်ဆောင်လာပါက သတ်မှတ်လမ်း၊ တံတားကြေးထက် ၁၀ ဆ ကောက်ခံသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်မြင့်က ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၏ လမ်းတံတားနှင့်ပတ်သက်၍ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနက အပိုထပ်ဆောင်းယာယီခွင့်ပြုထားသော တန်ချိန်တင်ဆောင်လာပါက သတ်မှတ်ဝင်ရိုးအရေအတွက်နှင့် ယာဉ်အမျိုးအစားအလိုက် တစ်မိုင်သတ်မှတ်ထားသော နှုန်း၏ သုံးဆ ကောက်ခံသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။


ထို့အတူ ၇ နှစ်တာကာလအတွင်း ပြောင်းလဲကောက်ခံခြင်းမရှိသော လမ်းတံတား အသုံးပြုခကောက်ခံသော နှုန်းထားများအား ကိုယ်ပိုင်ယာဉ်ငယ်များအတွက် လမ်းအသုံးပြုခကိုတစ်မိုင်အခြေခံဈေးနှုန်း ၂ ကျပ်၊ သာမန်တံတားအသုံးပြုမှာ တစ်စီးအခြေခံဈေးနှုန်း ၅၀ ကျပ်နှင့် စီမံကိန်းဝင်တံတားများတွင် တစ်စီးလျှင် အခြေခံဈေး ၁၀၀ ကျပ်ဖြင့်လည်းကောင်း ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ပေးလိုက်သည်။ နှုန်းထားအသစ်တွင် ကား၏ဝင်ရိုးအရေအတွက်၊ သတ်မှတ်အလေးချိန်ပေါ်မူတည်ကာ တွက်ချက်ထားကြောင်း သိရသည်။


လေလံလုပ်ငန်းရှင်များကိုလည်း လမ်းတံတားအသုံးပြုခများ ပိုမိုကောက်ခံပါက ပထမအကြိမ် သတိပေးခြင်း၊ ဒုတိယအကြိမ်ပိုကောင်းသည်ကို စစ်ဆေးမှန်ကန်ပါက ကောက်ခံခွင့် တစ်လသိမ်းယူမည်ဖြစ်ကြောင်းနှင့် တတိယအကြိမ် သတ်မှတ်နှုန်းထားထက် ကျော်လွန်ကောက်ခံပါက ၎င်းဘဏ္ဍာနှစ်အတွက် အပြီးရုပ်သိမ်းမည်ဖြစ်သည်ကို လေလံလုပ်ငန်းရှင်များအား သတိပေးပြီးဖြစ်ကြောင်း သိရသည်။

လမ်းတံတားဂိတ်များက သတ်မှတ်နှုန်းထားထက်ပိုမိုကျော်လွန်ကောက်ခံခဲ့၍ လမ်းတံတားဂိတ် ၂၁ ဂိတ်အား တစ်လပိတ်သိမ်းအရေးယူခဲ့ကြောင်းလည်း ဖော်ပြထားသည်။

သို့သော်လက်ရှိကာလအထိ လမ်းကြေးကောက်ခံသော နှုန်းများသည် သတ်မှတ်နှုန်းများထက် ပိုကောက်ခံသော ဂိတ်များစွာရှိနေသောကြောင်း ကုန်တင်ယာဉ်မောင်းများကပြောသည်။

"အခုနှုန်းထားသစ်တွေနဲ့ ကောက်တော့မယ်ဆိုရင် အသိပေးအကြောင်းကြားမှုတွေ လုပ်ပြီးမှ ကောက်ခံသွားမှာပါ" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းတံတားနှင့် ပတ်သက်၍ သတင်းပြန်ကြားရေးတာဝန်ခံအကြီးတန်းအရာရှိတစ်ဦးက ပြောသည်။





## ဒေါ်လာတန်ဖိုးတက် ပဲဈေးတက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၁၆**

ကားအဟောင်းများကို ဖျက်ဆီးကာကားတင်သွင်းခွင့် လိုင်စင်ချပေးမည်ဟူသော သတင်းကြောင့် ဒေါ်လာဈေးမြင့်တက်လာခြင်းနှင့် အတူယခုရက်ပိုင်းအတွင်း ပဲဈေးကွက်၌လည်း ဈေးနှုန်းများ မြင့်တက်နေကြောင်း ပဲကုန်သည်များကပြောသည်။

"အဓိကကတော့ ကားကိစ္စကြောင့် ငွေဈေးတက်လို့ ပဲဈေးတွေတက်နေတာ။ အရောင်းအဝယ်ပိုင်းမှာတော့ သိပ်ထူးထူးခြားခြား မပြောင်းလဲဘူး" ဟု ဘုရင့်နောင်ဈေးကွက်တွင် နေ့စဉ်အရောင်းအဝယ်ပြုလုပ်နေသော ပဲကုန်သည်တစ်ဦးက ပြောသည်။

ဩဂုတ်လကုန်ပိုင်းတွင် မတ်ပဲ RC မှာ တစ်တန်လျှင် ၅၃၀,၀၀၀ ကျပ်ဝန်းကျင်၊ မတ်ပဲ SQRC မှတစ်တန်လျှင် ၅၇၀,၀၀၀ ကျပ်ဝန်းကျင်၊ ပဲစင်းငုံမှာ တစ်တန် ၄၁၉,၀၀၀ ကျပ်ဝန်းကျင်နှင့် ခရမ်းရွှေဝါပဲတီစိမ်းမှာ အချိန် ၆၀ ဝင်တစ်အိတ်လျှင် ၆၇,၈၀၀ ကျပ်ဝန်းကျင်ရှိနေခဲ့သည်။

စာ(၁၂)သို့

Life
7DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011



ဂဠုန်ဦးစော၏မြေး ဒေါ်မွန်မွန်ရင်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဖေဖေနဲ့ပတ်သက်ပြီးတွေးရင် ဦးစောကြောင့်ဖေဖေ ဆုံးသွားတယ်လို့ ဘယ်တုန်းကမှ မမြင်ဘူး။ ပြီးတော့လည်း နိုင်ငံရေးမှာ ဒီလိုပဲဖြစ်တတ်ပါတယ်။ ကျန်ခဲ့တဲ့မိသားစုတွေမှာ ဘာအပြစ်မှမရှိဘူး. . . ။**

**-ဒေါ်အောင်ဆန်းစုကြည်**

# လီလီပန်းလေးများရဲ့ နောက်ကွယ်မှာ...

## ဂဠုန်ဦးစောမိသားစု၏ ဘဝဖြတ်သန်းမှု

**ငြိမ်းငြိမ်းနိုင်**

လီလီပန်းအဖြူရောင်လေးများက ကနုတ်ပန်းကြွ မင်္ဂလာဘိသိက်ငွေဖလားကြီးထဲ၌ လှလှပပ လန်းလန်းဆန်းဆန်း။ လွန်ခဲ့ပြီးသော ဆယ်စုနှစ်သုံးခုကျော်မှကြီးကျယ် ခမ်းနားလှသည့် မင်္ဂလာအခမ်းအနားပွဲတစ်ခု၏ မြင်ကွင်းဖြစ်သည်။

ဘိသိက်ခံမင်္ဂလာမောင်နှံမှ သတို့သမီးမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံမှုတွင်မြန်မာ့သမိုင်း တရားခံတစ်ဦးအဖြစ်ပြည်သူများ အကြား ယနေ့တိုင် နာမည်ဆိုးနှင့် ရှိနေခဲ့သော ဂဠုန်ဦးစော၏ မြေးဖြစ်၏။ ဦးစော၊ ဒေါ်သန်းခင်တို့၏ သမီးဒေါ်ဘေဘီစောမှမွေးဖွားသော ဒုတိယသမီး ဒေါ်မွန်မွန်ရင်ဖြစ်သည်။

ဒေါ်မွန်မွန်ရင်၏ မင်္ဂလာပွဲ ဘိသိက်ပန်းငွေဖလားတွင် လီလီပန်းကိုသာ ထိုးရမည်ဆိုသည့် အဘွားဒေါ်သန်းခင်၏ တစ်ချက်လွှတ်ဆန္ဒဖြင့် ထိုလီလီပန်းဖြူဖြူဖွေးဖွေးများကို ရန်ကုန်တစ်မြို့လုံးတွင် မရမက ရှာဖွေခဲ့ရသည်ဆို၏။

ထိုပန်းများကို တစ်မြို့လုံးတွင် မရမက လိုက်လံရှာဖွေခဲ့ရာ နောက်ဆုံးတွင်မှ တိုက်တိုက်ဆိုင်ဆိုင်ပင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်ခြံထဲ၌ စိုက်ပျိုးထားသော လီလီပန်းများရှိကြောင်း သတင်းရသဖြင့် ထိုလီလီပန်းအဖြူရောင်များကို မင်္ဂလာဘိသိက်ပန်းအဖြစ် ထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်မှာ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်ကဖြစ်ပြီး သမိုင်းဝင်မှတ်တမ်းတွင် မိသားစုနှစ်ခုကြား တစ်ကြိမ်တည်းသော အမှတ်မထင်ဆုံစည်းခဲ့သည့် ဆက်စပ်မှုတစ်ခုဖြစ်ခဲ့လေသည်။

"ပန်းတွေသွားခူးတဲ့နေ့က လာခူးတဲ့လူတွေကို အန်တီဒေါ်ခင်ကြည်က အိမ်ပေါ်ကနေသော့ပစ်ချပေးရင်း ဘယ်သူ့မင်္ဂလာဆောင်လဲလို့ မေးတယ်တဲ့။ ဦးစော၊ ဒေါ်သန်းခင်မြေးမင်္ဂလာဆောင်ပါလို့ပြောတော့ ဩော် ဒေါ်သန်းခင်က မြေးတွေဘာတွေနဲ့ဆိုတော့ ကျွန်မထက် သူကတောင် ပိုကံကောင်းတာပေါ့လို့ ပြောတယ်တဲ့။

စာ(၁၁)သို့

---

**အိဖြူလွင်**

## ဈေးဝယ်ထွက်မယ်

# ဂျင်းအပေါ်ထပ် အနွေးထည်လှလှလေးတွေ ရှိတဲ့နေရာ

နေသာတယ်ထင်လို့ အင်္ကျီပါးလေးဝတ်ခဲ့ကာမှ မိုးတွေသဲကြီးမဲကြီးရွာလို့ ချမ်းလာတဲ့ အဖြစ်တွေ၊ အေးမယ်ထင်လို့ အင်္ကျီအထူကြီးဝတ်လာမှ နေထွက်လာလို့ တစ်နေ့လုံးပူအိုက် နေရတဲ့အဖြစ်တွေကို နေ့စဉ်အပြင်ထွက် အလုပ်လုပ်နေရတဲ့သူတွေအားလုံး ကြုံဖူးလိမ့်မယ်လို့ ထင်ပါတယ်။

ဒီလိုဒုက္ခတွေကင်းဝေးစေဖို့အတွက်အဝတ်အစားကို ဖက်ရှင်ကျကျဝတ်ချင်သူ မိန်းကလေးတွေ အကြိုက်တွေ့မယ့်ဆိုင်ကို ဈေးဝယ်ထွက်မယ်ကဏ္ဍကနေ လမ်းညွှန်ပေးလိုက်ပါတယ်။

ရာသီဥတုအေးနေတဲ့အချိန်မှာအပေါ်လေးက ထပ်ဝတ်လိုက်ရုံနဲ့ အဆင်ပြေပြီး မလိုတဲ့အချိန်မှာချွတ်ထားလို့ရတဲ့ ဘယ်အချိန်ပဲဖြစ်ဖြစ် မရိုးသွားနိုင်တဲ့ ဂျင်းအပေါ်ထပ် အနွေးထည်လေးတွေ ရနိုင်တဲ့ဆိုင်ကို လမ်းညွှန်ပေးမှာပါ။

ခပ်ရိုးရိုး ဂျင်းအင်္ကျီတွေမဟုတ်ဘဲနဲ့ စတိုင်ကျကျ အပေါ်ထပ်အနွေးထည်လေးတွေဖြစ်လို့ ဖက်ရှင်ကျမှ ကြိုက်တယ်ဆိုတဲ့လူတွေလည်းသဘောကျမှာ သေချာပတယ်။

ဂျင်းအနွေးထည်လေးတွေကကော်လာနှစ်ထပ်နဲ့ ကုတ်ပုံစံခါးတိုလေးတွေ၊ ကျောက်တွေ အဆင်တန်ဆာတွေနဲ့ အလှဆင်ထားတဲ့ ဒီဇိုင်းဆန်းဆန်းအင်္ကျီလေးတွေဖြစ်လို့ ပေါ့ပေါ့ပါးပါးလည်း ဝတ်လို့ရတယ်။ အနွေးထည်လိုလည်း ဝတ်လို့ရနဲ့ ရာသီမရွေးအဆင်ပြေမယ့်အင်္ကျီတွေဖြစ်လို့ပေါ့ပေါ့ပါးပါးလည်း ဝတ်လိုရ၊ အနွေးထည်လိုလည်း ဝတ်လို့ရနဲ့ ရာသီမရွေးအဆင်ပြေနိုင်မယ့် အင်္ကျီတွေဖြစ်မှာပါ။

ဒီအင်္ကျီတွေကို အာရှမှာအဝတ်အထည်စက်ရုံတွေ အများဆုံးရှိတဲ့ ကွမ်ကျိုးစက်ရုံတွေကနေ တင်သွင်းတာဖြစ်ပြီး ဈေးနှုန်းအနေနဲ့ကတော့ ၈၅၀၀ ကျပ်ဝန်းကျင်လောက်ပဲရှိပါတယ်။


အရောင်အနေနဲ့လည်း အနုအရင်မျိုးစုံနဲ့ ဒီဇိုင်းမျိုးစုံရှိတဲ့အတွက်ဒီဇိုင်းဆန်းဆန်းကြိုက်သူတွေရော၊ မရိုးမဆန်းနဲ့ပုံမှန်ဒီဇိုင်းကြိုက်သူရော နှစ်သက်ရာ ပုံစံကို ရွေးဝယ်နိုင်မယ်လို့ ထင်ပါတယ်။

ဒီလိုဂျင်းအနွေးထည်တွေကိုရနိုင်တဲ့ဆိုင်ရဲ့လိပ်စာကတော့ ယုဇနပလာဇာ ပထမထပ်က Mr.John ဖက်ရှင်ဆိုင်မှာပါလို့ ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ်ကဏ္ဍကနေ လမ်းညွှန်လိုက်ရပါတယ်။

ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)



---



# ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ

## ပိတ်ဆွယ်ဟင်း



ဒီတစ်ပတ်ဟင်းကိုတော့ ဝိုက်ဇီပရိသတ်နဲ့သိပ်မရင်းနှီးတဲ့ ဟင်းမယ်တစ်မျိုး ချက်ပြုတ်ထားပါတယ်။ အညာသူ၊ အညာသားတွေတော့ ကောင်းကောင်းသိကြမှာပါ။ ချောင်းကမ်းစပ်တွေမှာပေါက်တဲ့ ပိတ်ဆွယ်ပင်လို့ခေါ်တဲ့ အပင်ရဲ့အမြစ်ကို ချက်ပြုတ်ထားတဲ့ ပိတ်ဆွယ်ဟင်းဖြစ်ပါတယ်။

ပိတ်ဆွယ်ချက်ဖို့ ပိတ်ဆွယ်တစ်မျိုးပဲလိုပါတယ်။ ချက်ရတာလည်းသာမန်ဟင်းတွေချက်သလို လွယ်လွယ်ကူကူပါပဲ။ ပိတ်ဆွယ်ကို ဈေးတိုင်းမှာ မရနိုင်ပေမယ့် ရွှေ့ပြောင်းအညာဈေးသည်လေးတွေဆီမှာ မေးမြန်းကြည့်လို့ရမှာပါ။ ပိတ်ဆွယ်တွေက ဒီအတိုင်းကြည့်လိုက်ရင် မျှစ်ချဉ်ဖတ်ဖြူဖြူလေးတွေလိုပါပဲ။

ဈေးထဲက ဝယ်လာတဲ့ပိတ်ဆွယ်လေးတွေကို ပထမဆုံး ရေနဲ့ပြုတ်ပေးရပါမယ်။ ပြီးရင် အနေတော်ချက်လို့ရအောင် အမျှင်လေးတွေဖြစ်အောင်လှီးပေးပြီး ချက်ဖို့အတွက်ပြင်ရပါမယ်။ ပိတ်ဆွယ်ချက်ဖို့ ထုံး စံအတိုင်း ကြက်သွန်ဖြူနီဆီသတ်ပြီး ဆား၊နနွင်းနယ်ထားတဲ့ ပိတ်ဆွယ်ပြုတ်ကို ထည့်မယ်။ပြီးရင် အရသာအပေါ့အငန်ထည့်ပြီးချလိုက်ရုံပါပဲ။

အနံ့လေး မွှေးမွှေးလေးဖြစ်သွားအောင်တော့ ပုံထဲကလို့ ဆူးပုတ်ရွက်လေးနည်းနည်းအုပ်လိုက်လို့ရပါတယ်။ အစပ်ကြိုက်သူတွေက ငရုတ်သီးစိမ်းလေးတွေလှီးပြီးအုပ်လို့ရပါတယ်။ ပိတ်ဆွယ်ဟင်းကိုစားရတဲ့အချိန်မှာ နူးညံ့တဲ့မှိုဟင်းတစ်မျိုးကိုစားရသလိုပဲ ခပ်စိမ့်စိမ့်နဲ့ လျှာပေါ်မှာ နူးနူးညံ့ညံ့နဲ့ အရသာအလွန်ပဲရှိလှပါတယ်။

ဝိုက်ဇီပရိသတ်လည်း ရှားရှားပါးပါး (ရန်ကုန်နဲ့ အခြားသော မြန်မာနိုင်ငံအောက်ပိုင်းမှာနေသူတွေဆိုရင်) ဒီပိတ်ဆွယ်ကို ရှာပြီး အသစ်အဆန်းဟင်းလျာတစ်မျိုးအနေနဲ့ မြည်းစမ်းကြည့်စေလိုပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011




# လေဟာပြင်ဈေးတွင်အဟောင်းဈေးဆိုင်တန်းဖွင့်လှစ်မည်



ဓာတ်ပုံ-ရဲမြေအောင်(အရှေ့ဂျ)

အဟောင်းဈေးဆိုင်တန်းဖွင့်မည့်မြေနေရာကို စက်တင်ဘာ၁၇ရက်ညနေပိုင်းက တွေ့ရစဉ်

မြတ်စုမွန်

**ရန်ကုန်၊ စက်တင်ဘာ - ၁၄**

ရန်ကုန်မြို့၊လေဟာပြင်ဈေးမြေကွက်လပ်၌ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် မိမိတို့ နေအိမ်များ၊ ရုံးများ၌အသုံးမလိုတော့သည့်ပစ္စည်းများကို ပြန်လည်ရောင်းချနိုင်မည့် အဟောင်းဈေးဆိုင်တန်းတစ်ခု ဖွင့်လှစ်သွားမည်ဖြစ်ရာ မည်သူမဆို လွတ်လပ်စွာလာရောက်ရောင်းချနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

စာ(၁၁)သို့






7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

## စာ – ၁၀။လေဟာပြင်ဈေးတွင် အဟောင်းဈေးဆိုင်တန်းဖွင့်လှစ်မည်မှ

“ဒီလ ၁၇ရက် စဖွင့်မယ်။ ဘာစာရွက်စာတမ်း၊ လျှောက်လွှာမှမလိုပါဘူး။ အခွန်လည်း လောလောဆယ် မကောက်သေးပါဘူး” ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ ဒုတိယဌာနမှူးကပြောသည်။

လာရောက်ရောင်းချသူများထံမှမည်သည့်အခွန်အခကိုမျှကောက်ခံဦးမည်မဟုတ်ဘဲ လာရောက်ရောင်းချသည့် အခြေအနေများကို ကြည့်ပြီးမှသာလျှင်မည်သို့ဆောင်ရွက်မည်ကို စီမံချက် ထပ်ဆွဲသွားမည်ဟုဆိုသည်။

အဆိုပါဈေးဆိုင်တန်းကို နံနက် ၇နာရီမှ ညနေ၆နာရီ အထိ ဖွင့်လှစ်ခွင့်ပေးသွားမည်ဖြစ်သည်။ အသုံးမလိုတော့သည့် အိမ်ထောင်ပရိဘောဂများ၊ အဝတ်အထည်၊မီးဖိုချောင်ပစ္စည်းများ၊ အမှတ်တရပစ္စည်းများကိုလာရောက်ရောင်းချနိုင်ပြီး အမိုးအကာများ၊ နေရာထိုင်ခင်းများကိုလည်း မိမိတို့အစီအစဉ်ဖြင့် ယူဆောင်လာရမည်ဖြစ်ကြောင်းသိရသည်။

“ဆိုင်နေရာကို ခြောက်ပေပတ်လည်သတ်မှတ်ပေးထားမယ်။ရောင်းချပြီးသွားရင် သန့်ရှင်းရေးကို ကိုယ့်ဘာသာလုပ်သွားရမယ်”ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။ ဈေးဆိုင်တန်းဖွင့်လှစ်လိုသူ များ စုံစမ်းမေးမြန်းနိုင်ရန်အတွက် လေဟာပြင်ဈေးတွင် ရုံးခန်းငယ်တစ်ခုဖွင့်လှစ်ထားပြီး တာဝန်ခံများက ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်းသိရသည်။



အသိတစ်လုံး
အမြတ်ဆုံး
တစ်လုံးသိ
အကျိုးရှိ၏

## တစ်နေ့ကုန်သွားရင်. . .

အချိန်ကာလတွေကို တွက်ကြည့်ရင် တစ်နေ့ပြီးတစ်နေ့ ကုန်လွန်ပြီးသွားတော့ တစ်နေ့ကုန်သွားချိန်မှာ ကိုယ့်အတွက် ဘာများကျန်သလဲ၊ ကိုယ့်မှာ ဘာထူးခြားမှုတွေဖြစ်လာသလဲဆိုတာ သတိထားကြည့်ရအောင်ပါ။ ဘဝတစ်ခုအတွင်း ပိုင်ဆိုင်ရရှိထားကြတဲ့ ရက်၊ လ၊ နှစ်ဆိုတဲ့ အချိန်ကာလတွေဟာ တစ်နေရာထဲမှာ ဘယ်တော့မှ ရပ်တန့်ပြီးမနေပါဘူး။ စက္ကန့်နဲ့ မိနစ်နဲ့အမျှ အမြဲတမ်းပြောင်းလဲနေပါတယ်။ တစ်နေ့ပြီးတစ်နေ့၊ တစ်ရက်ပြီး တစ်ရက်၊ ရက်တွေ၊ လတွေ၊ နှစ်တွေဟာ မသိမသာကျော်လွန်ကုန်ဆုံးသွားပါတယ်။ မိုးလင်းကနေ မိုးချုပ်လို့ တစ်နေ့ကုန်ပြီဆိုရင် ဒီနေ့တော့ဖြင့် ငါအလုပ်တွေဘယ်လောက်ပြီးသွားတယ်၊ ဘယ်လောက်လုပ်ဖို့ ကျန်သေးတယ်ဆိုပြီး အလုပ်ကိစ္စကိုပဲ တွေးတောဆင်ခြင်တွေ့မြင်တတ်ကြပါတယ်။

မြတ်ဗုဒ္ဓရဲ့အမြင်ကတော့ သာမန်လူတို့ရဲ့ အသိအမြင်မျိုးမဟုတ်တော့ တစ်နေ့ကုန်သွားချိန်မှာ ရုပ်နာမ်ဓမ္မတို့ရဲ့ ဖြစ်ပျက်သွားပုံကို တွေ့မြင်အောင်ကြည့်တတ်ဖို့ တရားအမြင်ကိုညွှန်ပြတော်မူပါတယ်။ လူကြီး ဖြစ်စေ၊ လူငယ်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ဘယ်သူမဆို တစ်နေ့တစ်နေ့ ကုန်သွားတာနဲ့အမျှ ကိုယ့်သက်တမ်းတစ်ရက်တစ်ရက်လျော့သွားတာဟာ အမှန်ပါပဲ။ နေတဲ့ဘက်က တစ်ရက်လျော့ပြီး သေတဲ့ဘက်ကို တစ်ရက် နီးကပ်သွားတာဟာ အမှန်တရားပဲဖြစ်ပါတယ်။

ရည်ညွှန်း-‘ဓမ္မလမ်းပေါ်မှာ’ ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ

## စာ-၉။ လီလီပန်းလေးများရဲ့ နောက်ကွယ်မှာ ဆောင်းပါးမှအဆက်

အဲဒီစကားလေးနဲ့ ပန်းလေးတွေ ကမှတ်မှတ်ရရပါပဲ”ဟု ဒေါ်မွန်မွန်ရင်ကသူ့မင်္ဂလာဆောင်အမှတ်တရဘိသိက်ပန်းအဖြစ်ဒေါ်ခင်ကြည်စိုက်ပျိုးထားသော အဖြူရောင်လီလီပန်းလေးများကိုမင်္ဂလာငွေဖလားထဲတွင်ထိုးစိုက်နိုင်ခဲ့ပုံကို ဂုဏ်ယူဝင့်ကြွားပီတိဖြစ်စွာ ပြန်ပြောင်းပြောပြသည်။

ယခုအခါ ဦးစော၏ ဇနီး ဒေါ်သန်းခင်လည်းမရှိတော့၊ ဦးစော၏သမီးဒေါ်ဘေဘီစောလည်း ကွယ်လွန်သွားပြီဖြစ်သည်။ အချိန်ကာလဆယ်စုနှစ်တွေလည်း တစ်စုပြီးတစ်စုဖြတ်ကျော်ခဲ့ပြီဖြစ်သကဲ့သို့ ဦးစောမိသားစုဝင်တွေလည်း သမိုင်းမှအရိပ်မည်းတစ်ခု၏ ခြောက်လှန့်မှုအောက်မှ တဖြည်းဖြည်းရုန်းထွက်လာနိုင်ပြီဖြစ်သည်။ သမိုင်းတရားခံမိသားစုအဖြစ် အပြစ်ရှိသူများကဲ့သို့ဖြတ်သန်းလာခဲ့ရသည့် ကာလများမှာအချိန်တွေ ကြာလာသည်နှင့်အမျှ ဒေါ်မွန်မွန်ရင်၏ သား၊သမီးမြေးများလက်ထက် ယခုအခါတွင်မူ တဖြည်းဖြည်းလွတ်မြောက်လာခဲ့ပြီဟု ဒေါ်မွန်မွန်ရင်ကယူဆလေသည်။

“အန်တီ့မေမေနဲ့ အဘွားတုန်းကတော့ တော်တော်လေး ရပ်တည်ရုန်းကန်ခဲ့ကြရတယ်။ အန်တီတို့ကျတော့ကံကောင်းပါတယ်။တော်တော်ကို အခြေအနေကောင်းလာပါတယ်။ ဒါပေမဲ့အန်တီ့သမီးကြီးတုန်းကတော့ နည်းနည်းလေးဂယက်ရှိခဲ့သေးတယ်။ ဆိုးဆိုးဝါးဝါးကြီးတော့မဟုတ်ပါဘူး”

“ဦးစောမြစ်တဲ့”၊ “ဦးစောမြစ်တဲ့”ဆိုသည့် တစ်ကျောင်းတည်းနေကျောင်းသူ၊ ကျောင်းသားများထံမှကြားရသည့်မလိုလားသောအသံဟန်နှင့် ပြောဆိုမှုကိုကြုံတွေ့ခဲ့ရသည့် သမီးကြီးအတွက် ဒေါ်မွန်မွန်ရင်စိတ်ပူကာ နောက်ကျောင်းတစ်ကျောင်းသို့ ပြောင်းထားခဲ့ရသည်။

“ကလေးတွေမှာ ခံစားချက်ရှိတယ်။ ကလေးချင်းဘာမှ ဆိုးဆိုးဝါးဝါးမရှိပေမယ့်ကျောင်းမှာသူတို့အဘိုးနာမည်ကိုတပ်ပြောလာတော့ကြောက်တာပေါ့လေ။ ကလေးစိတ်အနှောင့်အယှက်ဖြစ်မှာစိုးတာနဲ့ ကျောင်းပြောင်းလိုက်ရတာပေါ့”ဟု အဘိုးဖြစ်သူ၏ ဂယက်ရိုက်ခတ်မှုက မြစ်ဖြစ်သူအထိပင်ရှိခဲ့ကြောင်းကို ဒေါ်မွန်မွန်ရင်က ဥပမာပေး၍ ပြောပြသည်။

ဒေါ်မွန်မွန်ရင်မှာ ငယ်စဉ်ကပင် မိခင်နှင့်အဘွားဖြစ်သူသင်ကြားပေးသည့်အတိုင်း နေထိုင်ခဲ့ရသလို ယခုသူ့သားသမီးမြေးများကိုလည်း ထိုကဲ့သို့ပင် ဆက်လက်သင်ကြားပေးသည့်အတွက် လူမှုပတ်ဝန်းကျင်တွင် ကောင်းမွန်စွာ နေထိုင်နိုင်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။

“အန်တီ့ကိုငယ်ငယ်ကတည်းက မေမေကပြောတယ်။ ကိုယ့်မှာအပြစ်ရှိခဲ့တယ်။ အဲဒါကြောင့်သူများတွေက အဘိုးနဲ့ပတ်သက်လို့ပြောလာရင် ပြန်ရန်ဖြစ်တာတို့ ပြန်ပြောတာတို့မလုပ်ရဘူးတဲ့ ဦးနှောက်ထဲကိုအဲဒီအတိုင်းသွင်းပေးထားတာ။ အဲဒီတော့ ဘာမှပြန်မပြောရဲဘူး”ဟု ဒေါ်မွန်မွန်ရင်ကဆိုသည်။

ဒေါ်မွန်မွန်ရင်သည် မိသားစုနှင့်အတူ ဦးစောနေထိုင်ခဲ့ရာ အေဒီလမ်းရှိအိမ်ခြံဝင်းနှင့်တစ်ခြံကျော်၌ လက်ရှိနေထိုင်လျက်ရှိသည်။ သူတို့အိမ်ညှေ့ခန်းဆောင်တွင် ဝင်ဝင်ချင်းတွေ့မြင်ရသည်က ဦးစောနှင့် ဇနီးဒေါ်သန်းရင်တို့ ဇနီးမောင်နှံပုံတူကျောက်စီပန်းချီကားကြီးဖြစ်၏။ ထိုပန်းချီကားခြေရင်းတွင် စားပွဲတစ်လုံးချကာ ရေပူရေအေး ဆက်ကပ်ထားသည်ကိုလည်း တွေ့ရသည်။

သမိုင်းတရားခံတစ်ဦးဖြစ်သော်ငြား မိသားစုဝင်များကမူ ဦးစောကြိုးစင်မတက်ခင် ထောင်အတွင်းမှ ရေးသားထားသောစာများကိုဖတ်ရှုသိမ်းဆည်းထားကာ ထိုစာများအရအဘိုးဖြစ်သူဦးစောသည်မသေဆုံးမီ အမှန်တရားကို သိမြင်လက်ခံသွားခဲ့သည်ဟု ယုံကြည်လျက်ရှိကြသည်။ ဦးစောက သူတို့အတွက် သူရဲကောင်း တစ်ယောက်မဖြစ်ခဲ့သော်လည်း သမိုင်းသင်ခန်းစာများပေးသွားခဲ့သူတစ်ယောက်ဖြစ်သည့်အပြင် တိုင်းပြည်ကိုချစ်မြတ်နိုးခဲ့သူတစ်ယောက်အဖြစ်လည်း လက်ခံထားကြသည်။

“သူမသေခင်ရေးခဲ့တဲ့ စာကိုကြည့်ရင်သူအမှန်တရားကို သိသွားခဲ့လို့ပေ့ါ။ တကယ်တော့အထင်လွဲမှုတွေကနေ ဖြစ်လာတဲ့ သူ့ပင်ကို စိတ်ပေါ်လာတာပေ့ါ။ ဒေါသစိတ်ကြောင့်ဖြစ်ခဲ့ရတာလေ။ အဲဒီလိုသာမဟုတ်ခဲ့ရင် တိုင်းပြည်လည်းဒီလိုဘယ်ဖြစ်မလဲ။ သူလည်း တိုင်းပြည်ကိုချစ်တဲ့သူတစ်ယောက်ပဲဆိုတာအန်တီတို့အိမ်မှာ ကျန်ခဲ့တဲ့ စာရွက်စာတမ်း၊ စာအုပ်တွေကိုကြည့်ရင်သိနိုင်ပါတယ်”ဟု အဘိုးဖြစ်သူအပေါ် မိသားစုဝင်တစ်ဦးအဖြစ် နားလည်မှုပြည့်ဝစွာဖြင့် ပြောပြသည်။

မည်သို့ပင် အဘိုးဖြစ်သူကို နားလည်မှုရှိသည်ဆိုဦးတော့ အဘိုး၏ တိုင်းပြည်အပေါ် ကျူးလွန်ခဲ့မှုအတွက် ယနေ့အချိန်ထိ ပေးဆပ်ရလျက်ရှိဆဲဖြစ်သည်ဟုဆိုသည်။

“လူတွေအမြင်မှာ ဩော်. . ဒီမိသားစု သူတို့အပြစ်တော့သူတို့သိသားပဲဆိုတာမျိုးဖြစ်အောင် နေရပါတယ်။ အန်တီ့မေမေနဲ့အဘွားတုန်းကဆိုရင် သူတို့တွေက ရှိတဲ့ပစ္စည်းထုတ်ရောင်းတာ။ အပြင်လူနဲ့ ကူးလူးရတဲ့စီးပွားရေးတွေဘာတွေလုပ်လို့ အဆင်မပြေဖူးလေ။ အဘိုးထားခဲ့တဲ့ခြံပတ်ပတ်လည်က မြေတွေရောင်းစားပြီး နေလာခဲ့ကြတာ။ အန်တီ့အမေလက်ထပ်ပြီး နောက်ပိုင်း အဖေက ဝန်ထမ်းဆိုတော့အန်တီတို့လည်း ဝန်ထမ်းမိသားစုဝင်တွေဖြစ်လာတာပေ့ါ။ တဖြည်းဖြည်းနဲ့”ဟု ဦးစောမိသားစုဝင်များအဖြစ် ဖြတ်သန်းခဲ့ရသည့် အတိတ်ပုံရိပ်တို့ကိုပြန်ပြောင်းပြောပြသည်။

ယခုတော့ တဖြည်းဖြည်းနဲ့ လူမှုဝန်းကျင်ကျယ်ပြန့်လာခဲ့သည်မှာ သားကြီးကပြည်သူတွေနဲ့ ထိတွေ့ဆက်ဆံရသည့်အနုပညာရှင်တစ်ဦးအဖြစ် ဆယ်နှစ်ကျော်ဖြတ်သန်းခဲ့ပြီဖြစ်သည်။ သားကြီးက သရုပ်ဆောင်မင်းခဖြစ်သည်။

သားကြီးသရုပ်ဆောင်လုပ်လိုသည်ဟုပြောသည့်နေ့က ဒေါ်မွန်မွန်ရင်အော်လိုက်သည့်အသံမှာ တစ်အိမ်လုံးပင် လန့်သွားရသည်ဟုဆိုသည်။

“သရုပ်ဆောင်ပဲ ဝါသနာပါတယ်။ သရုပ်ဆောင်ပဲလုပ်မယ်ဆိုတော့ အဲဒီနေ့က အန်တီအော်လိုက်တာ အိမ်ကလူတွေတောင်လန့်သွားတယ်။ အမလေး၊အမလေး ဘယ့်နှယ့်တစ်မိသားစုလုံးလူမသိသူမသိနေလာရပါတယ်ဆိုမှမင်းကျမှ သရုပ်ဆောင်လုပ်မယ်ဆိုပြီးတော့လေ။ ဘယ်လိုစဉ်းစားလို့မှမရတာ။ ဒါပေမဲ့သူတို့အဖေက ဝါသနာပါတာလုပ်ပါစေ ဆိုပြီးကြည့်နေလိုက်တာ အခု ၁၀ နှစ်တောင်ရှိခဲ့ပြီ”ဟုဆိုလေသည်။

မင်းခသရုပ်ဆောင်လုပ်နေစဉ်မှာလည်း အချို့က ဦးစောမြစ်အဖြစ်သိကြသူများရှိသလို အများစုကတော့မသိကြ။ သို့သော်လည်း သူ့အနုပညာလုပ်ငန်းတွင်တော့ အဘိုးကြောင့် တစ်စုံတစ်ရာအရိပ် မထင်ခဲ့ဟု ဒေါ်မွန်မွန်ရင်ကဆိုသည်။

ထိုကဲ့သို့ ဦးစောမိသားစုကို သိရှိဆက်ဆံရင်းနှီးကြသူများဖြင့် တဖြည်းဖြည်း ပြောင်းလဲမှုများရှိလာခြင်းတို့က ဒေါ်မွန်မွန်ရင် လက်ထက်ကပင်စခဲ့သည်ဆိုကလည်း မမှားပေ။ အာဇာနည်နေ့ နီးတိုင်း ပြုလုပ်လေ့ရှိသည့် ဟောပြောပွဲများ၊ ကျောင်းတွင်းလှုပ်ရှားမှုများလုပ်သည့် ရက်များဆိုလျှင် ဒေါ်မွန်မွန်ရင်မိဘများက သူမကို ကျောင်းသို့မလွှတ်တော့။ ဖခင်တာဝန်ကျရာမော်လမြိုင်မြို့ရှိမော်ဒလိန်းကျောင်းတွင် ၄ တန်းမှ ၇ တန်းအထိတက်ခဲ့စဉ်က အမှတ်တရတစ်ခုရှိခဲ့ဖူးသည်။

ဦးစော၏မြေးမှန်း မြို့ကလူများရော ကျောင်းကပါသိကြသည့်မို့ မိဘများက အာဇာနည်နေ့အကြိုနေ့မျိုးတွင်ကျောင်းလွှတ်ရန် စိတ်ပူပန်ခဲ့သည့်အတွက် ကျောင်းမတက်ခဲ့ရ။ ထိုအကြောင်းကို ကျောင်းမှအကြီးတန်း ကျောင်းသားများကသိကြသည့်အခါ သူ့ထံလာရောက်၍အားပေးနှစ်သိမ့်စကား ပြောခဲ့ဖူးသည်ကိုဒေါ်မွန်မွန်ရင်မမေ့ခဲ့။ ကျောင်းသားကြီးများ၏ ထိုသို့အားပေးနှစ်သိမ့်မှုများက ဒေါ်မွန်မွန်ရင်ကို အတော်ပင်အားတက်စေခဲ့သည်။

“ကျောင်းဟောပြောပွဲတွေမှာဆို အတန်းကြီးတွေက ပြောတာကိုး။ အဲဒီရက်မှာ ကျောင်းမတက်တာသိတော့ သူတို့ကနောက်နေ့ အတန်းထဲကိုလာပြောတယ်။ ဒါကသမိုင်းကိုပြောတာပေ့ါနော်။ နင်တို့နဲ့မဆိုင်ဘူးပေ့ါ။ ကျောင်းမတက်ဘဲမနေနဲ့။ နောက်ဆိုရင်လာတက်။နားထောင်ပေ့ါဆိုတာနဲ့ နောက်နှစ်တွေကစပြီး အဲလိုပွဲတွေသွားတက်ဖြစ်တယ်”ဟု မိဘများကစိတ်ပူသော်လည်းကလေးအချင်းချင်းပြဿနာ မရှိခဲ့ဘဲ နားလည်မှုရခဲ့ပုံကို ဒေါ်မွန်မွန်ရင်ကရှင်းပြသည်။

နောက်ပိုင်းမော်လမြိုင်မှ ရန်ကုန်သို့ ပြန်ပြောင်းလာကာ အထက ၂ စမ်းချောင်း(စိန့်ဖလိုး)သို့ ကျောင်းပြောင်းခဲ့သည်။ ၈ တန်းမှ ၁၀ တန်းအထိ တက်ခဲ့ခြင်းဖြစ်ကာ ကျောင်းပြောင်းစတွင် သူ့ကိုအတန်းကြီးများက ဦးစောမြေးအဖြစ် လာရောက်ကြည့်ရှုကြသည်မှအပ အခြားပြဿနာ တစ်စုံတစ်ရာမရှိခဲ့။

“မိန်းကလေးကျောင်းဆိုတော့ အစ်မကြီးတွေပေ့ါ။ လာကြည့်ကြတယ်။ အုပ်စုလိုက်လာကြည့်ပြီးမှ အားနာသွားပြီး ဩော် အသစ်ဆိုလို့ လာကြည့်တာပါ။ ဘာညာနဲ့လျှော့ချသွားတယ်။ သူငယ်ချင်းတွေက ကိုယ်နဲ့ပေါင်းကြည့်တယ်။ အဆင်ပြေတော့လည်း ခင်မင်ရင်းနှီးသွားတာပါပဲ”ဟု ဒေါ်မွန်မွန်ရင်ကပြောသည်။

သေနတ်ဒဏ်ရာတစ်ဆယ့်သုံးချက်ထိမှန်ကျဆုံးခဲ့ရသည့်အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုနှင့် ထို လုပ်ကြံသတ်ဖြတ်မှု၏ဦးဆောင်တရားခံဦးစောမိသားစုကြားတွင်လည်းသည်ဆယ်စုနှစ်များစွာအတွင်းတွေ့ဆုံဆက်ဆံမှု တစ်စုံတစ်ရာမရှိခဲ့သော်လည်း ထိုသမိုင်းဝင်ဖြစ်ရပ်အတွက် နာကြည်းမုန်းတီးမှုတို့ကိုမတွေ့ရသည်က ဒေါ်ခင်ကြည်စိုက်ပျိုးထားသည့် လီလီပန်းများကို ဦးစောမြေးမင်္ဂလာဆောင်တွင် အသုံးပြုရန် ငြင်းပယ်ခြင်းမရှိခဲ့သည့်အဖြစ်အပျက်တစ်ခုကသာပြသနေသည်မဟုတ်။ ဦးစောမိသားစုအတွက် အမြဲကျေးဇူးတင်နွေးထွေးနေခဲ့ရသည်ဆိုသော ဒေါ်ခင်ကြည်၏ အမှတ်တရစကားတစ်ခွန်းလည်း ရှိပါသေးသည်။

လွတ်လပ်ရေးရပြီး နိုင်ငံတော်လုပ်ကြံမှုနှင့်ပတ်သက်၍ ဒေါ်ခင်ကြည်အား နစ်နာကြေးတောင်းခံနိုင်ရန်တရားစွဲဆိုနိုင်သေးကြောင်းအကြံပြုသူရှိခဲ့သော်လည်း ထိုအချိန်က ဒေါ် ခင်ကြည်ပြောခဲ့သည့်စကားကို ဒေါ်မွန်မွန်ရင်အဘွားမှ သည်မိသားစုအားလုံးက မမေ့နိုင်ခဲ့ကြ. . .။

“အန်တီဒေါ်ခင်ကြည်က ဘာပြောခဲ့လဲဆိုတော့ ဒေါ်သန်းခင်က မျက်နှာမရှိဘဲဖြစ်ရတဲ့မုဆိုးမ။ ကျွန်မက ဂုဏ်ရှိပြီးကျန်ခဲ့ရတဲ့မုဆိုးမပါ။ ဒါကြောင့် ဒေါ်သန်းခင်ဆီက ကျွန်မ ဘာမှမယူလိုတော့ပါဘူးတဲ့။ အဘွားကအဲဒီစကားကိုအခုထက်ထိမမေ့ပါဘူး”ဟုဆိုလေသည်။

ထိုအမှတ်တရများနှင့်အမှတ်တရမင်္ဂလာဘိသိက်အဖြူရောင် လီလီပန်းလေးများကပင် မိသားစုနှစ်စုကြားအဃာတတရားမရှိခဲ့ခြင်းကို သက်သေပြနေသည်။

ဒေါ်မွန်မွန်ရင်က ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည်ကိုအပြင်တွင် မတွေ့မမြင်ဖူးဘဲ အခြေအနေပေး၍ တွေ့ခွင့်ရခဲ့ရပါကတွေ့လိုစိတ် ပြင်းပြင်းပြပြဖြစ်မိသော်လည်း တကယ်တမ်းတွေ့ရမည်ဆိုခဲ့လျှင်လည်း တွေ့ဖို့မဝံ့ရဲကြောင်းဖွင့်ဟသည်။

“ကိုယ်က ဒီမှာတောင်ငုံ့နေရတဲ့သူလေ။ ဒေါ်စုကတော့ Image အရမ်းကြီးတယ်။ ကမ္ဘာကတောင်အသိအမှတ်ပြုခံရတဲ့ သူဆိုတော့လေ။ ဘာနဲ့မှ နှိုင်းယှဉ်လို့မရပါဘူး။ မိသားစုသမိုင်းကြောင်းတွေကြောင့် တွေ့ဖူးချင်ပေမယ့်လည်း မတွေ့ရဲပါဘူး။ မေမေတို့တုန်းကဆိုရင်တော့ တစ်မျိုးပေ့ါလေ”ဟုဒေါ်အောင်ဆန်းစုကြည်ကို လေးစားကြောင်းနှင့် ပြောစရာမရှိအောင်ပင် ကွာခြားမှုများပါကြောင်း ဒေါ်မွန်မွန်ရင်ကဆိုသည်။

ဒေါ်မွန်မွန်ရင်တို့ ဦးစောမျိုးဆက်မိသားစုဝင်များနှင့်ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကမူ အပြစ်မရှိသူမိသားစုဝင်များ အပြစ်ရှိသလို ခံစားနေရခြင်းကို စိတ်မကောင်းဖြစ်မိကြောင်း ကရုဏာစကားဆိုပါသည်။

“ကိုယ်မလုပ်ခဲ့တဲ့ကိစ္စအတွက် ဒီလိုခံစားရတာကိုစိတ်မကောင်းဘူး။ ကလေးတွေက ဘာမှလုပ်ခဲ့တာမှမဟုတ်တာ။ သူတို့အဘိုးကလည်း သူ့အပြစ်အတွက် ဥပဒေအရခံသွားပြီပဲ။ ကျန်တဲ့လူမှာ ဘာအပြစ်မှမရှိဘူး။ ဒီကလေးတွေကို အေးအေးချမ်းချမ်းနဲ့ နေစေချင်တယ်။ သူတို့ကိုယ်သူတို့လည်း အပြစ်ရှိတဲ့လူတွေရယ်လို့ မသတ်မှတ်သင့်ဘူး”ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောပါသည်။

မိသားစုဝင်များနှင့်သာမဟုတ် ဦးစောအပေါ်ကိုပင်မည်သို့မျှသဘောမထားကြောင်းကို ဒေါ်အောင်ဆန်းစုကြည်ကဆက်လက်၍“ဖေဖေနဲ့ပတ်သက်ပြီးတွေးရင် ဦးစောကြောင့်ဖေဖေဆုံးသွားတယ်လို့ဘယ်တုန်းကမှ မမြင်ဘူး။ ပြီးတော့လည်း နိုင်ငံရေးမှာ ဒီလိုပဲဖြစ်တတ်ပါတယ်”ဟုဆိုလေသည်။

ဒေါ်မွန်မွန်ရင်ကတော့ သမိုင်းမှတ်တမ်းများမှာ မိသားစုနှစ်ခုကြား၌ဖြစ်တည်ကွာခြားချက်များစွာရှိသော်လည်း ထိုကွာခြားမှုကြားတူညီမှုတစ်ခုရှိမည်ဆိုသည်ကို ယခုလိုယုံကြည်မှုပြည့်ဝစွာဖြင့်ပြောပြသည်။

“တကယ်တော့တိုင်းပြည်ကိုချစ်ကြတာချင်းတော့ အတူတူပဲနေမှာပါ”ဟူ၍ဖြစ်လေသည်။

7 DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011

## မျက်နှာဖုံး-ရောဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ပြန်လည်စဉ်းစားသုံးသပ်သွားဖွယ်ရှိ မှ

ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက "အခုအခါမှာပြည်သူက ရွေးချယ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်အသီးသီး ပေါ်ပေါက်နေပြီဖြစ်ပါတယ်။ အဲဒီအတွက် လွှတ်တော်ရဲ့သဘောထား အဆုံးအဖြတ်၊ အစိုးရအဖွဲ့ရဲ့ မူဝါဒ အဆုံးအဖြတ်အတိုင်းဥပဒေနဲ့အညီ ဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်စီမံကိန်းများကိုဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟုဝန်ကြီးဦးဇော်မင်းက ဆွေးနွေးပွဲနိဂုံးချုပ်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက "တစ်ဖက်က လျှပ်စစ်တွေရမယ်၊ ဝင်ငွေတွေရမယ်၊ ကောင်းတဲ့ကိစ္စပါပဲ။ တစ်ဖက်က တန်ဖိုးထားတဲ့ သဘာဝပတ်ဝန်းကျင်ကိစ္စ၊ အမိ ရောဝတီမြစ်ကြီး တစ်လျှောက်မြစ်ဖျားခံရာမှ ပင်လယ်ဝအထိဒေသများကိုပျက်စီးသွားမယ့် အရေးစိုးရိမ်ပူပန်ကြတဲ့ကိစ္စ၊ ဒါလည်း ကောင်းတဲ့ကိစ္စ၊ ပူပင်ရမယ့်ကိစ္စပါပဲ" ဟုပြောကြားခဲ့သည်။

ဆက်လက်၍လျှပ်စစ် ပမာဏ အတူတူရနိုင်မယ့်ပြည်သူတွေလည်း လက်ခံနိုင်မယ့် မေခ၊ မလိခမြစ်တွေရဲ့ အထက်ပိုင်းနေရာတွေမှာ ပြောင်းရွှေ့တည်ဆောက်ခြင်းဟာ သားရွှေအိုးထမ်းလာတာ ဖြစ်နိုင်မလားလို့ ပြောချင်ပါတယ်. . . ဒီကိစ္စ၊ ဒီissue တွေကြောင့် စည်းလုံးညီညွတ်မှုအား ချည့်နဲ့မသွားစေချင်ပါဘူး။ အရင်က ဆန်းစစ်ထားတဲ့ကိစ္စ(မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေးသက်ရောက်နိုင်မှုများကို ကြိုတင်ဆန်းစစ်ချက်) လိုအပ်ရင် ထပ်စစ်ဆေးဖို့လိုပါတယ်။ ဒါကနိုင်ငံတော်အတွက်တကယ့်ကိုပြင်လို့မရတဲ့ကိစ္စလို့ ခံယူပါတယ်။ အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်စုတ်ထိုးဆိုတာထက်ပိုပါတယ်" ဟုဦးစိုးသိန်းက မြစ်ဆုံစီမံကိန်းကိုပြန်လည်စဉ်းစားသုံးသပ်ရန် အကြံပြုသည်။

ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းကလည်း မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ အကြံပြုချက် ဆွေးနွေးချက်များစွာရောက်ရှိလာပြီး ထိုအထဲတွင် လျော်ကန်သင့်မြတ်သော အချက်များပါနေသည့်အတွက် လက်ခံစဉ်းစားသွားမည်ဖြစ်ကြောင်း အခမ်းအနားအပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

"အခု မြစ်ဆုံစီမံကိန်းနဲ့ ပတ်သက်ပြီးသဘာဝ ပတ်ဝန်းကျင်သက်ရောက်မှုနဲ့ဘေးအန္တရာယ်ရှိမှုသည် အပြောများလာသော ကိစ္စဖြစ်နေရာ မြစ်ဆုံစီမံကိန်းကို ပတ်ဝန်းကျင်ထိခိုက်မှုရှိလျှင်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်အောင်၊ အန္တရာယ်ရှိမှုနှင့်ပတ်သက်၍ လုံးဝအန္တရာယ်မရှိပါဟု အာမခံနိုင်သောအဆင့်ဖြစ်သွားအောင်။ ဥပမာတာတမံတည်ဆောက်မှုပုံစံကိုပြောင်းလဲ တည်ဆောက်ခြင်း၊ တမံအမြင့်ကို နှိမ့်ချကာ ရေသိုလှောင်မှုလျှော့ချလျက်တည်ဆောက်ခြင်း။ ပတ်ဝန်းကျင်ကိစ္စလေ့လာဆန်းစစ်ခြင်းပြုလုပ်နေချိန်တွင် စီမံကိန်းများကို ရပ်ဆိုင်းထားခြင်းမပြုဘဲ မြစ်အထက်ပိုင်းမှုလလျာထားသောစီမံကိန်းဖြစ်သည့် ချီဖွေစီမံကိန်းကိုဦးစွာလုပ်ဆောင်လျှင်ရမရဟုဆိုသော အကြံပြုချက်မှာလျော်ကန်သင့်မြတ်ကြောင်း" ဦးဇော်မင်းက ပြောကြားခဲ့သည်။

မြစ်ဆုံစီမံကိန်းကြောင့် သက်ရောက်မှုများကိုရောဝတီမြစ်ဝှမ်းတစ်လျှောက်နှင့်ရောဝတီမြစ်ဝကျွန်းပေါ်ဒေသအထိဆက်လက်လေ့လာသွားရန်စီစဉ်ထားကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင်ယခင်ပြုလုပ်ထားသော EIA ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာနသို့ ပေးအပ်ပြီး လူထုမှဖတ်ရှုလေ့လာနိုင်ရန် ဝက်ဘ်ဆိုက်တွင်တင်မည်ဟုလည်း ဦးဇော်မင်းက ပြောကြားခဲ့သည်။

လက်ရှိတွင် ရောဝတီမြစ်ဆုံရေအား လျှပ်စစ်ထုတ်လုပ်မည့်စီမံကိန်းနှင့်ပတ်သက်ကာပြည်တွင်းပညာရှင်များက ကန့်ကွက်ပြောဆိုမှုများရှိနေပြီး မြစ်ဆုံစီမံကိန်းသည် မဂ္ဂါဝပ် ၁၈၄၉၉ထုတ်လုပ်မည့် ရောဝတီမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်း၇ခုထဲမှတစ်ခုဖြစ်ကာ မဂ္ဂါဝပ် ၆၀၀၀ ထုတ်လုပ်သွားမည့် စီမံကိန်း ဖြစ်သည်။ ရောဝတီမြစ်ဆုံ စီမံကိန်းကို ၈နှစ်နှင့်အပြီးတည်ဆောက်သွားမည်ဟုပြီးခဲ့သောအပတ်ကနေပြည်တော်တွင်သတင်းထောက်များနှင့်တွေ့ဆုံစဉ်အမှတ်၁လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းကပြောကြားခဲ့သည်။

ထိုမြစ်ဆုံစီမံကိန်းကြောင့် ရေဝပ်မည့်ဧရိယာမှာအမေရိကန်နိုင်ငံမှ နယူးယောက်မြို့တစ်မြို့စာမျှကျယ်ပြန့်သည်ဟုပညာရှင်များ ပြောကြားချက်ကို ကိုးကားကာ နိုင်ငံတကာသတင်းများတွင်ဖော်ပြထားသည်။ မြစ်ဆုံစီမံကိန်းကြောင့်ကျေးရွာပေါင်း ၃၂ရွာမှာ ရွှေ့ပြောင်းခဲ့ရပြီး ထိုကျေးရွာနေသူများအတွက် မြစ်ကြီးနား-ဆွမ်ဘရာဘွမ် ကားလမ်းဘေးတွင် အောင်မြေသာစံပြရွာသစ်နှင့်မလိယန်ကျေးရွာသစ်များထူထောင်ပေးခဲ့သည်။ ယခုအခါပြောင်းရွှေ့သည့် လုပ်ငန်းစဉ်များအားလုံးပြီးစီးပြီဖြစ်ကာရွှေ့ပြောင်းနေရာချထားရေးလုပ်ငန်းစဉ်များအတွက်အမေရိကန်ဒေါ်လာ ၂၅သန်း သုံးစွဲခဲ့ရသည်ဟု CPI (China Power Investment) မှ ဥက္ကဋ္ဌကဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည်မြန်မာနိုင်ငံမှအမှတ်၁လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်တရုတ်နိုင်ငံမှ China Power Investment တို့သဘောတူညီချက်လက်မှတ်ရေးထိုးကာ နှစ် ၅၀ စီမံကိန်းဖြင့် အကောင်အထည်ဖော်နေသည့် လျှပ်စစ်ဓာတ်အား စီမံကိန်းဖြစ်သည်။

## မျက်နှာဖုံး-သုံးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများ ၂၀၁၂ နှစ်ဆန်းတွင်ချပေးမည် မှ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် အဆိုပါတန်ဖိုးနည်း ဂျီအက်စ်အမ်မိုလ်ဘိုင်းဖုန်းများကို စျေးနှုန်းကျပ်သုံးသိန်းဝန်းကျင်ဖြင့် ချထားပေးသွားမည်ဟု အထက်ပါလုပ်ငန်း၏ တာဝန်ရှိသူများထံမှသိရသည်။ အဆိုပါ ကျပ်သုံးသိန်းဝန်းကျင်ဂျီအက်စ်အမ်မိုလ်ဘိုင်းဖုန်းများကိုချထားပေးမည့် ရက်အတိအကျကိုမူ သတ်မှတ်ထားခြင်းမျိုးမရှိသေးသော်လည်း လာမည့်နှစ်ဇန်နဝါရီလအတွင်းတွင် နောက်ဆုံးထားပြီးချထားပေးသွားတော့မည်ဟု အထက်ပါတာဝန်ရှိသူက ဆက်လက်ဆိုသည်။

"ပထမကတော့ ၂၀၁၁နှစ်ကုန် ဒီဇင်ဘာလလောက်ချထားပေးဖို့ အစီအစဉ်ရှိခဲ့တာပါ။ ဒါပေမယ့် ဆက်သွယ်ရေးတစ်ခုတည်း လုပ်တာမဟုတ်ဘဲ ပုဂ္ဂလိကနဲ့ ပူးပေါင်းလုပ်တာဖြစ်လို့ ပထမခန့်မှန်းထားတဲ့ ကာလထက် နည်းနည်းနောက်ကျသွားတာပါ" ဟု ၎င်းကပြောသည်။

အဆိုပါဂျီအက်စ်အမ်မိုလ်ဘိုင်းဖုန်းများကို ချထားပေးရာတွင် အင်တာနက်အသုံးပြုနိုင်သည့် သရီးဂျီနက်ဝ့ါခ်စနစ်ဖြင့် ချထားပေးမည်ဖြစ်သည်။ ထို့အပြင် ပြင်ပရှိနည်းပညာနှင့် ဆက်စပ်ကုမ္ပဏီများ၊ မိုလ်ဘိုင်းဖုန်းနှင့် ဆက်စပ်ဆိုင်များအားလုံးတွင် နေ့ချင်းပြီးဝယ်ယူရရှိနိုင်မည့် ဝန်ဆောင်မှုများကိုပါ ပေးသွားမည်ဖြစ်သည်ဟုသိရသည်။ အစိုးရနှင့်အတူပြင်ပရှိပုဂ္ဂလိကကုမ္ပဏီပေါင်းနှစ်ဆယ်ခန့်မှ ပူးပေါင်းဆောင်ရွက်ထားသည့် အဆိုပါတန်ဖိုးနည်းဂျီအက်စ်အမ်မိုလ်ဘိုင်းဖုန်းများကို ချထားပေးမည်ဆိုပါက ယင်းဖုန်းများတွင် အဝင်ခေါ်ဆိုခများပေးဆောင်ရမည်မဟုတ်ဟု တာဝန်ရှိသူများက ဆိုထားသည်။

အဆိုပါဖုန်းများကို ငါးနှစ်တာကာလအတွင်း အလုံးရေ သန်းသုံးဆယ်ချထားပေးမည်ဖြစ်ပြီး ပထမနှစ်စီမံကိန်းအတွင်းတွင် လေးသန်းချထားပေးမည်ဖြစ်သည်။

## မျက်နှာဖုံး-လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုင်ကြားနိုင် မှ

သို့သော် တိုင်ကြားမှုများမှာ ခိုင်လုံမှုရှိရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက စက်တင်ဘာ ၅ ရက်တွင် အဖွဲ့ဝင် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းပေးခဲ့သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှာ ယခုအခါ လုပ်ထုံးလုပ်နည်းများကို မူကြမ်းရေးဆွဲနေပြီဟု ဥက္ကဋ္ဌကပြောသည်။ လုပ်ထုံးလုပ်နည်းများကို ကုလသမဂ္ဂ၏ စံဟုသတ်မှတ်ထားသော ပါရီလုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးရေးဆွဲမည်ဟုဆိုသည်။

"အဓိက လူ့အခွင့်အရေး ချိုးဖောက်တယ်ဆိုတဲ့ တိုင်ကြားချက်တွေရှိလာမယ်။ ဒီတိုင်ကြားချက်တွေက အခြေအမြစ်ရှိတယ် ဆိုရင် ကော်မရှင်က ဆက်လက်ဆောင်ရွက်ပြီး သက်ဆိုင်ရာဌာနတွေကို အရေးယူဖို့ ဆက်လက်တင်ပြသွားပါမယ်"ဟု အငြိမ်းစားသံအမတ်တစ်ဦးဖြစ်သော ဦးဝင်းမြကပြောသည်။

အဆိုပါကော်မရှင်ကို ရန်ကုန်မြို့၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်ရှိ အမှတ်-၂၇တွင် ဖွင့်လှစ် ရန်လျာထားပြီး၊ ရုံးခန်းဖွင့်လှစ်ပြီးပါက တရားဝင်တိုင်ကြားနိုင်မည့် လိပ်စာနှင့်ဖုန်းနံပါတ်များကိုထုတ်ပြန်ပေးသွားမည်ဟုဆိုသည်။

ထိုကော်မရှင်ကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးထားသော်လည်း အစိုးရဌာနများနှင့်ပတ်သက်၍ တိုင်ကြားမှုများရှိလာပြီး ခိုင်လုံပါက ကုလသမဂ္ဂမှ ချမှတ်ထားသောမူများနှင့်အညီ ဆောင်ရွက်မည်ဟု ကော်မရှင် ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးကျော်တင့်ဆွေကလည်းပြောသည်။

"ခိုင်ခိုင်လုံလုံရှိတဲ့ဟာ မှန်သမျှကို သက်ဆိုင်ရာဌာနကိုလည်း ဒါနဲ့ပတ်သက်ပြီး ဖြေရှင်းပေးဖို့ပြောမယ်။ ပြီးတော့ သက်ဆိုင်ရာဌာနကလည်း ဘယ်လိုအခြေအနေရှိတယ်ဆိုတာ ပြောဖို့လိုပါမယ်။ ကျွန်တော်တို့ ဒီလိုပြောပြတဲ့အထဲက ထိရောက်မှုမရှိဘူးဆိုရင် နိုင်ငံတော်သမ္မတကြီးကို တိုက်ရိုက်တင်ပြဖို့ရှိပါတယ်"ဟု ဒုတိယဥက္ကဋ္ဌကပြောသည်။

လူ့အခွင့်အရေးနှင့်ပတ်သက်၍ ယခင်က တရားဝင်ပြောဆိုမှုနည်းပါးခဲ့ပြီး လူ့အခွင့်အရေးနှင့် ပတ်သက်၍ ရင်းနှီးမှုမရှိသော ပြည်သူများကိုပညာပေးရန် အစီအစဉ်ရှိမရှိနှင့်ပတ်သက်၍ အမေးကို အောက်ပါအတိုင်းဥက္ကဋ္ဌကဖြေသည်။

"လုပ်ဖို့ရည်ရွယ်ထားပါတယ်။ လုပ်ထုံးလုပ်နည်းတွေရေးဆွဲနေပါတယ်။ ဒီထဲမှာ အရေးကြီးတဲ့ လုပ်ထုံးလုပ်နည်းအနေနဲ့ပါမှာပါ။ ဘာကြောင့်လဲဆိုတော့ လူ့အခွင့်အရေးဆိုတာ ဘာလဲဆိုတာ နားလည်ဖို့လိုပါတယ်။ ဒါမှ ဘယ်ဟာချိုးဖောက်နေတယ်ဆိုတာ သိမှာပေ့ါ။ လူ့အခွင့်အရေးချိုးဖောက်နေတယ်၊ ချိုးဖောက်နေတယ်လို့ ဗလိုင်းကြီး စွပ်စွဲနေလို့လည်းမဖြစ်ဘူး။ ဒါကြောင့်မို့ လူ့အခွင့်အရေးနဲ့ပတ်သက်လို့ ပညာပေးမှု၊ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ သတင်းကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးနိုင်တဲ့အပိုင်းတွေက ထိရောက်လိမ့်မယ်လို့ ရည်ရွယ်ထားပါတယ်"


အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တစ်ဦး

အဆိုပါကော်မရှင်အတွက် ဘဏ္ဍာရေးအထောက်အပံ့ကို အစိုးရက တာဝန်ယူရမည်ဖြစ်သော်လည်း ကော်မရှင်မှာ မည်သည့်ဝန်ကြီးဌာန၏ အောက်တွင်မျှမရှိဟုဆိုသည်။

"ဒီဟာက တိုင်းသူပြည်သားအတွက် အရေးကြီးတဲ့ကော်မရှင်လို့ကျွန်တော်တို့နားလည်သဘောပေါက်တယ်။ ဒါကြောင့် အမြန်ဆုံးအလုပ်စတင်နိုင်အောင် ကျွန်တော်တို့လုပ်ပါမယ်"ဟု ဦးကျော်တင့်ဆွေက ကော်မရှင်၏လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်မည့်အကြောင်းကိုပြောသည်။ မြန်မာနိုင်ငံတွင် အဆိုပါကော်မရှင်ဖွဲ့စည်းခဲ့ခြင်းမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်ခြောက်နိုင်ငံမြောက်ဖြစ်သည်။ အဆိုပါကော်မရှင်၏ ပထမဦးဆုံးအစည်းအဝေးကိုစက်တင်ဘာလ ၂၂ ရက်တွင်ပြုလုပ်မည်ဟုသတင်းရရှိသည်။

အဆိုပါကော်မရှင်အဖွဲ့ဝင်များမှာ နိုင်ငံတကာတွင် လှည့်လည်တာဝန်ထမ်းဆောင်ခဲ့သော သံအမတ်ဟောင်းများစွာ ပါဝင်သည်။ ဘာသာမျိုးစုံနှင့် တိုင်းရင်းသားအစုံပါဝင်သည်။

အဆိုပါကော်မရှင်မှ တာဝန် ရှိသူများမှာ စက်တင်ဘာလ ၈ ရက်မှ ၁၄ ရက်အထိ မြန်မာနိုင်ငံသို့ရောက်ရှိနေသော အမေရိကန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ဒဲရက်ခ်ဂျေမစ်ချယ်လ်နှင့်စက်တင်ဘာ ၁၃ရက်ညနေက တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ်ကော်မရှင်အတွက်လိုအပ်သော နည်းပညာနှင့် အကြံဉာဏ်များရှိပါက အမေရိကန်နိုင်ငံမှ အကူအညီပေးမည့်အကြောင်း ဒဲရက်ခ်ဂျေမစ်ချယ်လ်ကပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

## စာ-၈၊ ဒေါ်လာတန်ဖိုးတက် ပဲဈေးတက် မှ

သို့သော် ယခုရက်ပိုင်းအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းများမြင့်တက်လာ၍ မတ်ပဲ RC မှာ တစ်တန် ၆၁၂,၀၀၀ ကျပ်၊ SQRC မှာ ၆၆၅,၀၀၀ ကျပ်၊ ပဲစင်းငုံမှာ တစ်တန် ၄၉၀,၀၀၀ ကျပ်နှင့် ပဲ တီ-စိမ်း (မရမ်းရွှေဝါ) မှာ အချိန် ၆၀ ဝင်တစ်အိတ်လျှင် ၇၂,၀၀၀ ကျပ်ထိဈေးနှုန်းများ အသီးသီးမြင့်တက်ခဲ့ကြသည်။

ထို့ကြောင့် ပဲဈေးနှုန်းများသည်အမျိုးအစားပေါ် မူတည်၍ ပြီးခဲ့သည့် သြဂုတ်လဈေးနှုန်းများနှင့်ယှဉ်လျှင် တစ်တန်ပေါ် တွင် ၇၀,၀၀၀ ကျပ် ဝန်းကျင်အထိ ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း သိရသည်။

"ဒီရက်ပိုင်းဈေးတက်ပေမယ့် နိုင်ငံခြားတင်ပို့တဲ့ ဝယ်လက်တော့ နည်းတယ်။ အိန္ဒိယဘက်ကလည်း ဒီရက်ပိုင်းမှာ ဝယ်လိုအားနည်းသွားတာကြောင့်လည်းပါတယ်" ဟု ပဲကုန်သည်တစ်ဦးက ဈေးကွက်ဝယ်လိုအားကိုရှင်းပြသည်။

## စာ-၇၊ မြန်မာသင်္ဘောသား ၂၃ ဦး ဆိုမာလီဓားပြများထံမှ ပြန်လည်လွတ်မြောက်လာ မှ

ဆိုမာလီဓားပြတွေက ဘယ်သင်္ဘောကိုမဆို ပြန်ပေးဆွဲပေမယ့် ရေနံတင်သင်္ဘောတို့၊ ကွန်တိန်နာတို့ သူတို့ပိုက်ဆံများများတောင်းလို့ရမယ့်အနေထားကိုကြည့်ပြီး လုပ်ကြတယ်" ဟု ဝါရင့်နိုင်ငံခြားသင်္ဘောအရာရှိတစ်ဦးကပြောသည်။

အပြည်ပြည်ဆိုင်ရာပင်လယ်ရေကြောင်းသွားလာမှုဆိုင်ရာဗျူရို၏ယခုလ ၈ ရက်အထိစာရင်းအရ ပင်လယ်ဓားပြများကြောင့် ပင်လယ်ကူးသင်္ဘောများ အန္တရာယ်ပြုခံရမှု ၃၂၆ ကြိမ်၊ ပြန်ပေးဆွဲမှု ၃၃ ကြိမ်ပြုလုပ်ခံခဲ့ရသည်။ ဆိုမာလီပင်လယ်ဓားပြများကြောင့် ၁၈၆ ကြိမ်တိုက်ခိုက်ခံခဲ့ရပြီး သင်္ဘော ၂၃စီးနှင့်ဓားစာခံ ၃၉၉ ယောက်ဖမ်းဆီးခံခဲ့ရကာ၊ သင်္ဘောကုမ္ပဏီများကို ဈေးညှိနှိုင်းကာ ပြန်လွှတ်ပေးသဖြင့် လက်ရှိတွင် သင်္ဘော၁၆စီးနှင့်ဓားစာခံ ၃၀၁ ဦးပြန်ပေးဆွဲထားဆဲဖြစ်သည်ဟုသိရသည်။

မြန်မာသင်္ဘောသားများ ပါဝင်သော သင်္ဘောများကို ဆိုမာလီပင်လယ်ဓားပြများပြန်ပေးဆွဲမှုမှာ သုံးကြိမ်မြောက်ရှိပြီဖြစ်ပြီး၊ ပထမအကြိမ်မှာကိုရီးယားပိုင်သင်္ဘော၊ ဒုတိယအကြိမ်မှာ UBT Ocean သင်္ဘောဖြစ်ပြီး ယခုသင်္ဘောမှာ တတိယမြောက်ဖြစ်သည်။

*Ref:Reuters*

Health
7DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011

## လူနာနှင့် ဆရာဝန်ကြား အငြင်းပွားမှုများ ဖြေရှင်းရေး

## ပညာရှင်အဖွဲ့ဖွဲ့ရန် လွှတ်တော်က အတည်ပြု

ဝတ်ရည်

ရန်ကုန်၊ စက်တင်ဘာ-၁၇

လူနာနှင့် ဆရာဝန်တို့အကြား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအငြင်းပွားမှုများပေါ် ပေါက်လာသည့်အခါ တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်နိုင်ရေး ပညာရှင် အဖွဲ့ဖွဲ့စည်းရန် အမျိုးသားလွှတ်တော်မှ စက်တင်ဘာ ၁၃ရက်တွင် အတည်ပြုလိုက်သည်။

ယခုအချိန်တွင် လူနာနှင့် ဆရာဝန်များကြား၌ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုနှင့် ပတ်သက်၍ နားလည်မှုများကွဲပြားလာသည့်အတွက် လူနာရှင်များက အထက်သို့တိုင်တန်းခြင်း၊ လျော်ကြေးငွေများ တောင်းခံခြင်းနှင့် တရားစွဲဆိုခြင်းကိစ္စရပ်များ များပြားလာခြင်းတို့ကြောင့် မျှတစွာ ဆုံးဖြတ်ပေးနိုင်မည့် အဆိုပါအဖွဲ့ဖွဲ့စည်းသင့်ကြောင်း မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှဒေါက်တာစိုးလွင်က အမျိုးသားလွှတ်တော်တွင် တင်သွင်းခြင်းဖြစ်သည်။

ထိုသို့ဖြစ်ပွားလာခြင်းသည် နှစ်ဖက်စလုံးတွင် အားနည်းချက်များရှိနေခြင်းကြောင့်ဖြစ်ပြီး ဆရာဝန်များဘက်မှလည်း လူမှုရေး၊ ဆက်ဆံရေး၊ ကုသရေး၊ စေတနာထားမှုများ၊ စာနာထောက်ထားမှုနှင့် ကျင့်ဝတ်သိက္ခာရှိမှုတို့ အားနည်းနေပြီး အချို့သော ဆရာဝန်များမှာ အလုပ်များခြင်းနှင့် အချိန်တိုအတွင်း လူနာများစွာကို ကြည့်ရှုရခြင်းတို့ကြောင့် လူနာကရောဂါအခြေအနေရှင်းပြခြင်းများအပေါ် နားထောင်မပေးနိုင်ဘဲ ကုသခြင်း၊ ကုသမှုနှင့်ပတ်သက်၍ ရှင်းပြမှု၊ ညွှန်ကြားခြင်းတို့အားနည်းနေလေ့ရှိကြောင်း သိရသည်။

လူနာများဘက်မှလည်း အချို့လူနာများမှာ ယင်းတို့နှင့် သက်ဆိုင်သော လူပုဂ္ဂိုလ်များ၏ မှားယွင်းသော အတွေးအခေါ် အယူအဆများကြောင့်လည်းကောင်း၊ အခြေအနေမှန်ကို မသိသည့်ပတ်ဝန်းကျင်အမြတ်အစွန်း၊ အခွင့်အရေးလိုချင်သောကြားလူပုဂ္ဂိုလ်တို့၏ တိုက်တွန်းမှုကြောင့်လည်းကောင်း လျော်ကြေးငွေ တောင်းခံခြင်းနှင့် တရားစွဲခြင်း များဖြစ်ပွားလာကြောင်း

စာ(၁၄)သို့



■ မြန်မာ့ကျေးလက်ဒေသများတွင် ယင်လုံအိမ်သာကိုပင် အိမ်တိုင်းစေ့အသုံးမပြုနိုင်သေးချေ

## ကျန်းမာသော ဘဝအတွက် ရေအိမ်သန့်ရှင်းမှုအရေးပါ

မေဝင်းမွန်

**အဆင့်အတန်းမြင့်သည့် နေထိုင်မှုဘဝဟန်ကိုရရှိလိုလျှင် မိမိအသုံးပြုနေသည့်ရေအိမ်များ သန့်ရှင်းတောက်ပြောင်နေရမည်ဆိုသည့် စိတ်ဓာတ်နှင့်အတွေးအခေါ် များ လူတွေဆီမှာရှိရပါမည်ဟု ကျန်းမာရေးပညာရှင်တစ်ဦးကဆိုထားသည်။**

လူကို လှလှပပဝတ်စားရုံ၊ နေအိမ်၊ ရုံးခန်း၊ အဆောက်အအုံများခေတ်မီလှပနေရန် ဆောင်ရွက်ထားရုံသာမက သန့်ရှင်းကောင်းမွန်သောရေအိမ်များထားရှိအသုံးပြုရန်မှာလည်း ကျန်းမာရေးအတွက်အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။

လူအများစု၏အတွေးတွင် ရေအိမ်ဟူသည် ရွံ့ရှာစက်ဆုတ်ဖွယ်နေရာဟုမှတ်ယူကာ သန့်ရှင်းမှုပြုလုပ်ရန်ပင်ဝန်လေးကြသည်။ ရေများ ပျက်စီးသွားရခြင်းမှာ ကျန်းမာရေးနှင့် မညီသော၊ သန့်ရှင်းမှုမရှိသော၊ စနစ်တကျမသုံးသော အမူအကျင့်များကြောင့်ဖြစ်သည်ဟုဆိုသည်။

"လူတွေကအိမ်သာရဲ့အနံ့ကိုကြောက်ကြပါတယ်။ သန့်ရှင်းမှုမရှိတဲ့အိမ်သာတစ်ခုအနီးအနားမှာရှိတာဟာ တော်တော်ဆိုးပါတယ်။ ကျောင်းတွေမှာဆိုရင် ဆရာ၊ ဆရာမတွေ၊ ကျောင်းသူကျောင်းသားတွေနဲ့ သန့်ရှင်းရေးအလုပ်သမားတို့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ သန့်ရှင်းရေးလုပ်သားတွေကလည်း အိမ်သာသန့်ရှင်းရမှာကိုကြောက်ကြပါတယ်။ ကမ္ဘာပေါ်မှာ အတိုးတက်ဆုံးနိုင်ငံတွေ၊ အချမ်းသာဆုံးနိုင်ငံတွေနဲ့ ရာထူးအမြင့်ဆုံးပညာတတ်တွေလည်းပဲ မိမိနေတဲ့အိမ်သာမှာ မိမိအိမ်သာခွက်ကို သန့်ရှင်းတဲ့အလုပ်ကို ကိုယ်တိုင်လုပ်ကြရပါတယ်"ဟု"သန့်အောင်သင်ပါမိဘဆရာ" စာအုပ်တွင် စာရေးသူ ဒေါက်တာခင်မောင်လွင်က ပြောကြားထားသည်။

စာ(၁၄)သို့

## နှလုံးရောဂါအခံရှိသူ ကိုယ်ဝန်ဆောင်များ သာမန်မိခင်များထက် အသက်ဆုံးရှုံးနိုင်ခြေပိုများ

ပါရီ၊ စက်တင်ဘာ - ၁၄

နှလုံးရောဂါ အခံရှိသည့် ကိုယ်ဝန်ဆောင်မိခင်များသည် သာမန် ကျန်းမာရေးကောင်းသည့် မိခင်များထက် အသက်ဆုံးရှုံးနိုင်ခြေ အဆတစ်ရာပိုများကြောင်းနှင့် ကလေးငယ်သေဆုံးနိုင်ခြေမှာ ဆယ်ဆပိုများကြောင်း ပါရီမြို့တွင်ပြုလုပ်သည့် ဆေးပညာညီလာခံတစ်ခုက ထုတ်ပြန်ပြောကြားသည်။

ဥရောပနိုင်ငံ ၂၈ နိုင်ငံမှ နှ လုံးရောဂါရှိသူ အမျိုးသမီး ၁၃၀၀ ဦး၏ အချက်အလက်များကို သုတေသနပြုခဲ့ရာမှ ယခုအချက် ကိုသိရှိလာခြင်းဖြစ်သည်။ အမျိုးသမီး ၁၃၀၀တွင် ၁၃ဦး သေဆုံးခဲ့ရာ ယင်းမှာတစ်ရာခိုင်နှုန်းရှိသည်။ ပုံမှန်အားဖြင့်ဥရောပကိုယ်ဝန်ဆောင်ဦးရေ၁၀,၀၀၀ လျှင်တစ်ဦးသာအသက်ဆုံးရှုံးလေ့ရှိကြောင်း သိရသည်။

သုတေသနပြုလုပ်ခဲ့ရာတွင် မွေးရာပါနှလုံးရောဂါသည် ၈၆၉ ဦး၊ နှလုံးသွေးကြောနှင့်ပတ်သက်သည့်ရောဂါသည် ၃၃၃ ဦး၊ နှလုံးကြွက်သားရောဂါသည် ၇၉ ဦး၊ သွေးပေးပို့မှုအားနည်းသည့်ရောဂါသည် ၂၄ ဦးပါဝင်ခဲ့သည်။ နှလုံးရောဂါအခံရှိသူများသည် နှလုံးကြွက်သားမာလာခြင်း၊ တင်းကျပ်ခြင်း၊ နှလုံးသို့သွေးပေးပို့မှုနည်းခြင်းစသည့်ရောဂါလက္ခဏာများ ဖြစ်ပေါ်နိုင်သည်။

စာ(၁၄)သို့





7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# ဝက်နားရွက်ပြာရောဂါဖြစ်ပွားခဲ့သော ဒေသမှ ဝက်များ ကျန်းမာရေးစောင့်ကြည့်သတင်းပို့ရန် နှိုးဆော်

သန်းဌေး

ရန်ကုန်၊ စက်တင်ဘာ-၁၃



ဝက်နားရွက်ပြာရောဂါဖြစ်ပွားခဲ့သည့် ဒေသအတွင်းရှိ တိရစ္ဆာန်ဆေးကုဆရာဝန်များသည် ဝက်များ၏ ကျန်းမာရေးအခြေအနေကို အပတ်စဉ်သတင်းပို့ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

“ဝက်နားရွက်ပြာရောဂါဖြစ်နေတုန်းက ပြည်တွင်းက တိရစ္ဆာန်ဆေးကုဆရာဝန်ထုတ်တဲ့ ကာကွယ်ဆေးသုံးလို့ သေတယ်ဆိုပြီး အငြင်းပွားခဲ့တော့ ပြန်ဖြစ်မှာစိုးလို့ စောင့်ကြည့်ကြီးကြပ်စေတာပါ” ဟုမြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ(၂)ဦးလှိုင်မြင့်ဦးကပြောသည်။

ဝက်နားရွက်ပြာရောဂါ ပြန်လည်မဖြစ်ပေါ်စေရန် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့များကို ဒေသအလိုက် ဖွဲ့စည်းပေးထားသည်ဟုဆိုသည်။ ထိုအဖွဲ့များက စီးပွားဖြစ်မွေးမြူရေးခြံများ ဝက်ဝယ်ယူစုဆောင်းသည့်နေရာများနှင့် သားသတ်ရုံများတွင်လည်း လစဉ်သွေး နမူနာပစ္စည်းများ ငါးခုစီကို တစ်စုအဖြစ် စုစည်းပြီး ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသို့ ပေးပို့ရန် ညွှန်ကြားထားသည်။

အဆိုပါ ဓာတ်ခွဲခန်းများသည် လက်ခံရရှိသော နမူနာပစ္စည်းများအား စုစည်း၍ အပြင်းစားဝက်နားရွက်ပြာရောဂါ ဗိုင်းရပ်စ်ပိုးပါဝင်မှု ရှိ၊ မရှိကို စစ်ဆေးမည်ဖြစ်သည်။ ၎င်းနောက်သုတေသနနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ထံတင်ပြရမည်ဟူ၍ ညွှန်ကြားထားသည်။

ဝက်နားရွက်ပြာရောဂါသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းမှ နှစ်လယ်အထိဖြစ်ပွားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အတော်များများသို့ ကူးစက်ပျံ့နှံ့ကာ ဝက်များသေဆုံးမှုမြင့်မားခဲ့သည်။

ထို့ကြောင့် စီးပွားဖြစ် ဝက်မွေးမြူသူများနှင့် တစ်နိုင်တစ်ပိုင်ဝက်မွေးမြူသူများပါ စီးပွားရေးအရများစွာဆုံးရှုံးနစ်နာခဲ့ကြသည်။

“ဒီရောဂါဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးကြောင့် ခန္ဓာကိုယ်အစွန်အဖျားမှာရှိတဲ့ သွေးကြောလေးတွေ ပေါက်ကုန်တယ်။ အစွန်အဖျားတွေကို သွေးမရောက်တော့ဘူး။ အောက်ဆီဂျင်ဓာတ်မရတော့ဘူး။ အဲဒါကြောင့် ပထမတော့ သွေးရောင် အနီရောင်အကွက်ဖြစ်တာပဲ။ နောက်တော့မှ တဖြည်းဖြည်း အပြာကွက်တွေဖြစ်လာတာ”ဟု မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အဆင့်အမြင့်ဆုံး အရာရှိကြီးတစ်ဦးကပြောသည်။

ထို့ကြောင့် ဝက်နားရွက်ပြာရောဂါကို ကာကွယ်ဆေးမသုံးစွဲစေဘဲ ခြံတွင်း၊ ခြံပြင် ဇီဝလုံခြုံရေးကိုသာ မြှင့်တင်ကြရန် တိုက်တွန်းထားသည်။ ရောဂါဖြစ်ခဲ့သော ဝက်များသည် ပြန်လည်ကျန်းမာလာပါက ရောဂါပိုးအားတုံ့ပြန်နိုင်သည့် စွမ်းအားများရရှိနေသည်။ သို့ရာတွင် အဆိုပါဝက်များမှ ရောဂါပိုးစွန့်ထုတ်မှုများ ရှိနိုင်သည့်အတွက် သတိပေးချက်ထုတ်ပြန်ရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ရောဂါဖြစ်ပြီး ဒေသများတွင် ဝက်သားပေါက်အသစ် ပြန်လည်မွေးမြူလိုပါက ဝယ်ယူမည့် ခြံ၏ ကျန်းမာရေးအခြေအနေကို သိရှိထားရန်နှင့် ခြံတစ်ခြံတည်းမှသာ ဝယ်ယူရန် သတိပေးထားသည်။ အသစ်ဝင်လာသည့် ဝက်များကိုလည်း သီးသန့်သုံးလခန့်ခွဲထားပြီး မွေးမြူရမည်ဖြစ်ကြောင်း အကြံပြုထားသည်။

## စာ-၁၃၊ လူနာနှင့်ဆရာဝန်ကြားအငြင်းပွားမှုများဖြေရှင်းရေး ပညာရှင်အဖွဲ့ဖွဲ့ရန် လွှတ်တော်က အတည်ပြု မှ

လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဗိုလ်မှူးနိုင်နိုင်ဝင်း၊ ဦးဝင်းနိုင်ရှိန်၊ ဒေါက်တာတင်ရွှေ၊ ဒေါက်တာ ခင်မောင်လေး၊ ဒေါက်တာလှသိန်းနှင့် ဒေါက်တာဝင်းမြင့်အောင်တို့က ဆွေးနွေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ထိုအဖွဲ့အစည်းဖွဲ့စည်းခြင်းနှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့အား အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် တွဲဖက်၍ဖြစ်စေ မြန်မာနိုင်ငံဆရာဝန်အသင်းက ဦးဆောင်၍ဖြစ်စေ ဖွဲ့စည်းသင့်ကြောင်း အတည်ပြုပြောကြားသည်။

ယခုကျင်းပနေသည့် ဒုတိယ အကြိမ် လွှတ်တော်အစည်းအဝေး ပထမရက်ပိုင်းတွင်လည်း ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ဖွဲ့စည်းရန် လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းရန် လွှတ်တော်မှ အတည်ပြုခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

Medical Protective Society အား အင်္ဂလန်နိုင်ငံတွင် ၁၈၉၂ ခုနှစ်ကတည်းမှ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဆေးပညာဆိုင်ရာ စွပ်စွဲချက်များနှင့် ကုသမှုဆိုင်ရာ အငြင်းပွားမှုများအား ဖြေရှင်းပေးနေကြောင်း သိရသည်။

## စာ-၁၃၊ နှလုံးရောဂါအခံရှိသူ ကိုယ်ဝန်ဆောင်များ သာမန်မိခင်များထက် အသက်ဆုံးရှုံးနိုင်ခြေပိုများ မှ

၎င်းတို့အထဲတွင် သန္ဓေသား ဆုံးရှုံးမှု ၅၉ ကြိမ်ဖြစ်ပေါ်ခဲ့ရာ ယင်းမှာ ရာခိုင်နှုန်းအားဖြင့် ၄ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ယင်းမှာ သာမန်ထက် ဆယ်ဆပိုများသောနှုန်းထားဖြစ်သည်။

ယခုအချက်အလက်များကို သိရှိလာ၍ နှလုံးရောဂါသည် မိခင်လောင်းများအား မည်သို့ပြုစုစောင့်ရှောက်ရမည်ဆိုသော နည်းလမ်းများ ဖော်ထုတ်နိုင်ကြောင်း သုတေသီများကပြောကြားသည်။

—Ref: UPI

## စာ – ၁၃၊ ကျန်းမာသော ဘဝအတွက် ရေအိမ်သန့်ရှင်းမှုအရေးပါ မှ

ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းသော သန့်စင်ခန်းများရှိရေးမှာလည်း အသုံးပြုသူများနှင့်အဓိကသက်ဆိုင်ပြီး၊ အများသုံးအိမ်သာအသုံးပြုသူ အများစုမှာ အသုံးပြုပြီးသည်နှင့် သန့်ရှင်းမှုကို အလေးမထားဘဲ စည်းကမ်းမဲ့စွာ အသုံးပြုလေ့ရှိသည်။

“တက္ကသိုလ်မှာဆိုရင်အိမ်သာကိုမသုံးသလောက်ဘဲ။ ဘိုထိုင်တွေနဲ့ထားပေးပေမယ့် ရေကအမြဲမရတာရယ်၊ ရေဆွဲချလို့မရတော့တာရယ်ကြောင့် အိမ်သာတွေကသုံးလို့အဆင်မပြေတော့ဘူး။ ဘိုထိုင်အိမ်သာသုံးတဲ့အလေ့မရှိတဲ့သူတွေက ကြွေကမုတ်တွေပေါ် ဖိနပ်တွေနဲ့နင်းပြီးသုံးတာမျိုးတွေ၊ အသုံးပြုပြီး ပစ္စည်းတွေ ကမုတ်ထဲပစ်ချတာတွေလုပ်တော့ အိမ်သာတွေကညစ်ပတ်ပြီး အနံ့အသက်မကောင်းတာတွေဖြစ်တယ်” ဟု အသက် ၂၀ကျော် တက္ကသိုလ်ကျောင်းသူတစ်ဦးက တက္ကသိုလ်သန့်စင်ခန်းအခြေအနေကို ပြောကြားသည်။

ဈေးသည်ဈေးဝယ်လူစုံသုံးသည့် ဈေးအိမ်သာများ၏အနေအထားမှာ အနံ့ဆိုးနှင့် ရေဆိုးထွက်နေသည့်အခြေအနေများကမပြောင်းလဲသော်လည်း အချို့ကျောင်းအိမ် သာများတွင်မူ ကျန်းမာရေးအသိအပြင် ကျောင်းကျန်းမာရေးစစ်ဆေးမှုရှိခြင်းကြောင့် ယခင်ကာလများထက် စာလျှင် သန့်ရှင်းစွာသုံးစွဲသည့်အလေ့အထဘက်သို့ကူးပြောင်းလာနေပြီဟုသိရသည်။

“အိမ်သာကိုစနစ်တကျ သုံးစွဲရုံမကဘဲ အမြဲတမ်းသန့်ရှင်းဖို့ကိစ္စက ဂုဏ်နိမ့်စရာမဟုတ်ပါဘူး။ ဂုဏ်မြင့်သူများလည်းပြုမူရတဲ့ကိစ္စဖြစ်ပြီးတော့ တစ်နည်းအားဖြင့် တာဝန်သိစိတ်ဖြစ်ပါတယ်။ မိမိရဲ့အညစ်အကြေးက သူတစ်ပါးကို အနှောင့်အယှက်မဖြစ်ဖို့၊ သူတစ်ပါးရဲ့ကျန်းမာရေးကိုမထိခိုက်ဖို့အတွက် လေ့ကျင့်သင်ကြားတဲ့အလုပ်၊ ပြုမူတဲ့အလုပ်ဖြစ်တဲ့အတွက် မိဘ၊ ဆရာတွေကကလေးတွေငယ်စဉ်ကတည်းက အိမ်သာသန့်ရှင်းရေးနဲ့ပတ်သက်ပြီး သင်ကြားပေးဖို့လိုပါတယ်”ဟုသန့်လေးသန့်ကို အလေးထား ဆောင်ရွက်နေသူ ဒေါက်တာခင်မောင်လွင်က ပြောကြားထားသည်။

သန့်ရှင်းရေးပြုလုပ်မှုအားနည်းခြင်းကြောင့် အိမ်သာကမုတ်တွင် တစ်စတုရန်းလက်မ၌ ဘက်တီးရီးယား ၃ ဒသမ ၂ သန်းရှိနေနိုင်သည်ဟု အင်္ဂလန်နိုင်ငံရှိရေအိမ်ဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ လေ့လာချက်အရသိရသည်။

သန့်စင်ခန်းမသန့်ရှင်းသည့်အတွက်ကြောင့် အထူးသဖြင့် အမျိုးသမီးများသည် ဆီးလမ်းကြောင်း ပိုးဝင်ခြင်းမှ ကျောက်ကပ်ကိုဒုက္ခပေးကာ အသက်အန္တရာယ်နှင့်ပင် ကြုံတွေ့ရတတ်ပြီး မိုးရာသီကာလ ဝမ်းနှင့်ပတ်သက်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါနှင့် သန်ကောင်စွဲရောဂါများပါ ကူးစက်နိုင်ကြောင်း အထွေထွေရောဂါကု ဆရာဝန်တစ်ဦးကပြောသည်။

‘အချို့ရုံးတွေဆိုဝင်လိုက်တာနဲ့ သန့်စင်ခန်းကအနံ့ဆိုးကကြိုနေတယ်။ သန့်စင်ခန်းထဲက ရေတွေ စီးထွက်နေတာတွေလည်းရှိတယ်။ အဲဒီရေတွေကိုနင်းမိပြီး နေရာအနှံ့ လျှောက်သွားတဲ့အခါ ရောဂါပိုးမွှားတွေကို ဖြန့်သလိုဖြစ်နေတယ်’ ဟု အစိုးရရုံးဝန်ထမ်းအမျိုးသမီးတစ်ဦးကပြောသည်။

နိုင်ငံခြားတိုင်းပြည်များတွင် အိမ်သာသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ခြင်းမှာ အတုယူစရာကောင်းသည့်အချက်ဖြစ်ပြီး သုံးစွဲသူများကလည်း စည်းကမ်းတကျဆောင်ရွက်ခြင်းကြောင့် အဖက်ဖက်က အဆင်ပြေလှသည်။

“အချို့အိမ်တွေမှာတောင် သိသိကြီးနဲ့အိမ်သာသန့်ရှင်းရေးကိုအလေးထားမလုပ်ကြတာတွေ့ဖူးတယ်။ အပေါ့်၊ အလေးသွားတယ်ဆိုတာ ခန္ဓာကိုယ်ကမလိုအပ်လို့ အညစ်အကြေးစွန့်ထုတ်တာဖြစ်တဲ့အတွက် ခန္ဓာကိုယ်ထဲက မကောင်းတာမှန်သမျှ ထွက်တာဆိုတော့ သန့်ရှင်းအောင်ဆေးကြောဖို့က အရေးကြီးတယ်။ ဆီးနဲ့ကျောက်ကပ်ရောဂါသမားတွေအတွက်က သန့်စင်ခန်းသန့်ရှင်းမှုက အင်မတန်အရေးကြီးပါတယ်။ သန့်ရှင်းမှုကို အလေးထားရတဲ့ရောဂါရှင်တွေအတွက်ဆို အကြောင်းကြောင်းကြောင့် မဖြစ်မနေ သန့်စင်ခန်းဝင်ရမယ်ဆိုရင် စိုးရိမ်စရာအနေအထားဖြစ်နေပါတယ်’ ဟုအစိုးရဌာနတစ်ခုမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ဈေးဝယ်စင်တာကြီးများတွင်လည်း သန့်စင်ခန်းများ ထည့်သွင်း တည်ဆောက်မှုရှိလာပြီး အချို့သောစင်တာများတွင် သန့်ရှင်းမှု အားနည်းခြင်းကြောင့် အနံ့အသက်မကောင်းကာ ညစ်ပတ်သည့် အနေအထားမျိုးရှိနေဆဲ သုံးစွဲသူများကပြောကြားသည်။

ရေအိမ်ထဲတွင် မျက်စိဖြင့်မမြင်နိုင်သည့် ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါဖြစ်စေတတ်သည့် Shigella၊ ပဋိဇီဝဆေးယဉ်ပါးသည့် အန္တရာယ်ရှိသည့် Staphylococcus၊ အစာအဆိပ်သင့်ဖြစ်စေတတ်သည့် Salmonella၊ ဝမ်းဗိုက်မအီမသာဖြစ်ကာကျောက်ကပ်ပျက်စီးစေနိုင်ခြင်းနှင့် အခြားရောဂါများဖြစ်ပွားစေသည့်E.coli၊ လည်ချောင်းအတွင်းပိုးဝင်ခြင်း၊ အနာစက်နှင့်ဦးနှောက်အမြှေးရောင်ရောဂါဖြစ်စေသည့် Streptococcus၊ နေထိုင်မကောင်းခြင်း၊ ဝမ်းလျှောခြင်းနှင့် အသားဝါရောဂါဖြစ်စေသည့် အသည်းရောင်အသားဝါအေ Hypatitis A ဘက်တီးရီးယားများရှိနေတတ်သည်ဟု နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားရာ သန့်ရှင်းမှုအားနည်းသည့် ရေအိမ်များ သုံးစွဲသူများအဖို့ ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်သည်။

သို့ဖြစ်၍ ကျန်းမာသောဘဝကိုရယူလိုသူတိုင်း၏အတွေးတွင် ကျန်းမာရေးနှင့်ညီညွတ်အောင်နေထိုင်၊ စားသောက်ခြင်းအပြင် အလေးထားသင့်ဆုံးအချက်တစ်ခုဖြစ်သည့်စနစ်ကျသော အညစ်အကြေးစွန့်ပစ်ခြင်း အလေ့အထကိုလည်းမွေးမြူသင့်ပေသည်။

Regional

7 DAY NEWS JOURNAL

Vol.10, No.27 · SEPTEMBER 22, 2011

# မုံရွာဆိုင်ကယ်ပွဲစားများ ကားပွဲစားအဖြစ် လုပ်ကိုင်လာ

မျိုးမင်းဦး

**မုံရွာ၊ စက်တင်ဘာ-၁၃**

မုံရွာ ဆိုင်ကယ်ဝိုင်းအတွင်း ဆိုင်ကယ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ အများစုသည် စက်တင်ဘာလလယ်မှစ၍ မော်ဒယ်နိမ့်ကားရောင်းဝယ်ရေးလုပ်ငန်းများပြောင်းလဲလုပ်ကိုင်သူပိုမိုများပြားလာကြောင်း မုံရွာဒေသခံ ဆိုင်ကယ်ရောင်းဝယ်သူများက ပြောကြားခဲ့သည်။

“မုံရွာ ဆိုင်ကယ်ဝိုင်းမှာ ကြိုက်ရောင်းကြိုက်ဝယ် စနစ်နဲ့ ဆိုင်ကယ် ရောင်းဝယ်တဲ့အခါအရောင်းအဝယ်ပါးနေတာကြာပြီ။ အခု စက်တင်ဘာလလယ် ရက်ပိုင်းမှာ မော်ဒယ်နိမ့်ကားတွေ အဝယ်လိုက်တော့ ဆိုင်ကယ်ရောင်းဝယ်သူတွေမော်ဒယ်နိမ့်ကား ဝယ်ရောင်းတွေဖြစ်ကုန်ပြီ”ဟု မုံရွာဒေသခံ ဆိုင်ကယ်ရောင်းဝယ်သူတစ်ဦးကပြောသည်။



*မုံရွာမြို့တစ်နေရာတွင် ရပ်နားထားသော ဆိုင်ကယ်များကိုတွေ့ရစဉ်*

ဓာတ်ပုံ-မျိုးမင်းဦး

စက်တင်ဘာလ(၁၀)ရက်တွင် လေး၊ ငါးသိန်းတန် မာဇဒါဘီ(၃၆၀) လေးဘီးကားများမှာ ၈ သိန်းမှ ၁၀ သိန်းအထိအဝယ်လိုက်ကာနောက်နေ့တွင်မာဇဒါဘီ(၃၆၀) လေးဘီးကားများ ကျပ်သိန်း ၂၀ ကျော်အထိဈေးပေးဝယ်ယူလာကြောင်း သိရသည်။ စက်တင်ဘာလ ၁၃ ရက်တွင် မာဇဒါဘီ(၆၀၀) လေးဘီးကားတစ်စီးလျှင် ကျပ် ၄၁ သိန်းအထိ ဈေးပေးပေးဝယ်ခဲ့ကြသည်။ ထို့အပြင် ဖန်မလီယာ၊ ပရက်စတို၊ ဆန်နီပစ်ကပ်စသည့် မော်ဒယ်နိမ့်ကားများကို လိုက်လံဝယ်ယူနေကာ မုံရွာမှလုပ်ငန်းရှင်အချို့သည် မော်ဒယ်နိမ့်ကားများ ဝယ်စုပြီး မန္တလေးသို့ ကိုယ်တိုင်တင်ပို့ကြသည်ဟု သိရသည်။

မုံရွာဆိုင်ကယ်ဝိုင်းအတွင်း ဆိုင်ကယ်တစ်စီး အရောင်းအဝယ်ဖြစ်ပါကအကျိုးဆောင်ခအဖြစ် ကျပ်ငါးထောင်မှတစ်သောင်းအထိ ရရှိပြီး မော်ဒယ်နိမ့်ကားရှာဖွေဝယ်ယူရာတွင် မော်တော်ကာ အမျိုးအစားနှင့် ဈေးနှုန်းအပေါ် မူတည်၍ အကျိုးဆောင်ခကျပ်သုံးသောင်းမှ ကျပ်သုံးသိန်းအထိရရှိကြောင်း မော်တော်ကားရောင်းဝယ်သူများ၏ပြောကြားချက်အရ သိရသည်။

# တရားမဝင်သစ်ခိုးထုတ်ပြီး ခွဲစိတ်သူများကို ထောင်ဒဏ်ကိုးနှစ်စီ ပြစ်ဒဏ်ချမှတ်

ကိုကိုညိမ်း

**ဝန်းသို၊ စက်တင်ဘာ-၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ် သစ်တောဦးစီးဌာနနှင့် ကသာခရိုင်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် သစ်တောကာကွယ်ရေးစီမံချက်အရပြီးခဲ့သည့်ဧပြီလ ၈ ရက်တွင်ဝန်းသိုမြို့အရှေ့ဘက် မိုင် ၂၀ ခန့်အကွာရှိဖီလေးကျေးရွာ အနီး သစ်တောကြိုးဝိုင်းအကွက်အမှတ်(၆)သို့ ကွင်းဆင်း စစ်ဆေးကြည့်ရှုရာလူနှစ်ဦးက တရားမဝင် သစ်စက်ကိုတည်ထောင်၍ သစ်လုံးများ ခုတ်လှဲခွဲစိတ်နေသည်ကို တွေ့ရှိရ၍ အသိသက်သေများနှင့်အတူ ဖမ်းဆီးခဲ့ကြသည်။

ရခိုင်ပြည်နယ် မြေပုံမြို့နေ ××× (၃၅) နှစ်နှင့်ဘူးသီးတောင်မြို့နယ်နေ ×××× (၃၂) နှစ်တို့သည် လုပ်ငန်းခွင်တွင် အင်ဂျင်စက်တစ်လုံး လွှဝိုင်းကြီးတစ်ခုနှင့် သစ်စက်ဆက်စပ်ပစ္စည်းများ၊ ကျွန်းသစ် ၂၃ လုံး၊ (၆ ဒသမ ၃၉ တန်) ကာလတန်ဖိုးကျပ် ၅၇၅,၁၀၀ ကို သိမ်းဆည်းရမိခဲ့သည်ဟုဆိုသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက် ၍ ဝန်းသိုမြို့နယ် ရဲစခန်းက (ပ)၃၉/၂၀၁၁ သစ်တောအက်ဥပဒေ ပုဒ်မ ၄၃(က)/၄၂(ဂ) အရ အမှုဖွင့်ပြီး တရားခံနှစ်ဦးအား ဖမ်းဆီးခဲ့သည်။ ဝန်းသိုရဲစခန်းက ရဲစွဲချက်အမှတ် ၄၉/၂၀၁၁ ဖြင့် မေ ၆ ရက်က ဝန်းသိုမြို့နယ်တရားရုံးသို့တရားစွဲဆိုတင်ပို့ရာ တရားရုံးကပြစ်မှုကြီးအမှတ် ၆၁/၂၀၁၁ ဖြင့် လက်ခံကြားနာ စစ်ဆေးခဲ့သည်။ တရားခံ ××× နှင့် ×××× တို့အား သစ်တောဥပဒေပုဒ်မ ၄၃(က)အရအလုပ်နှင့်ထောင်ဒဏ် ၇ နှစ်၊ သစ်တောဥပဒေပုဒ်မ ၄၂(ဂ) အရ အလုပ်နှင့်ထောင်ဒဏ် (၂)နှစ်၊ ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် ဝန်းသိုမြို့နယ်တရားရုံးက ဩဂုတ် ၁၈ ရက်တွင် အမိန့်ချမှတ်ခဲ့သည်။

# စိုက်ပျိုးမြေ အိမ်ရာတည်ဆောက်နေထိုင်သူများအား ဖယ်ရှား

ထူးသန့်

**နေပြည်တော်၊ စက်တင်ဘာ-၁၂**

နေပြည်တော်ပျဉ်းမနားမြို့ဝန်းကျင်ရှိစိုက်ပျိုးမြေကွက်အချို့တွင် အခြေချနေထိုင်သူများအား ပြီးခဲ့သည့်အပတ်မှစ၍ ဖယ်ရှားလျက်ရှိကြောင်း ကိုယ်တိုင်ဖယ်ရှားပေးခဲ့ရသူအချို့ကပြောဆိုကြသည်။

အခြေခံလူတန်းစားများ အခြေချနေထိုင်ကြသည့် အဆိုပါနေရာများသည် စိုက်ပျိုးမြေ (လယ်မြေ၊ ယာမြေ)များဖြစ်၍ အိမ်ရာတည်ဆောက်နေထိုင်ခွင့်မရှိကြောင်းနှင့် ဥပဒေအရ အရေးယူခံရနိုင်ကြောင်း၊ သို့ဖြစ်၍ နေအိမ်များ ဖြိုဖျက်ကာ ပြောင်းရွှေ့ဖို့ အသိပေးခြင်း၊ ဆင့်ခေါ်ခြင်းများပြုလုပ်လာကြောင်းလည်း ၎င်းတို့ကဆိုသည်။

“ပြီးခဲ့တဲ့အပတ်ကဆင့်ခေါ်လို့ မြို့နယ်တရားရုံးကို သွားခဲ့တယ်။ တရားသူကြီးကပြောတယ်။ ဒီလ ၁၉ ရက်အမီ အိမ်တွေဖျက်ပြီး ဖယ်ပေးရမယ်။ အဲဒီလိုမှ မဟုတ်ရင် တရားစွဲခံရမယ်တဲ့။ အဲဒါကြောင့် အခုဖျက်နေတယ်”ဟု ရွာသာအုပ်စုမျောက်လွှတ်ကုန်းတိုးချဲ့ရပ်နေ ဒေသခံတစ်ဦးက ပြောသည်။

နေအိမ်ပေါင်း ၅၀ ခန့်တည်ဆောက်နေထိုင်သော အဆိုပါနေရာတွင် ပထမအသုတ်အနေဖြင့် အိမ်ရှင် ၉ ဦးကို ဆင့်ခေါ် အသိပေးခဲ့ခြင်းဖြစ်သော်လည်း ကျန်သည့် အိမ်ရှင်များကပါ ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့လျက်ရှိခြင်းနှင့် ပတ်သက်ပြီး “ကျွန်မတို့က ကြောက်တယ်လေ။ ရုံးတွေ၊ ဘာတွေမသွားချင်ဘူး”ဟု အိမ်ရှင်အမျိုးသမီးတစ်ဦးကပြောသည်။

၎င်းအပြင် ရန်အောင် (၂) အုပ်စုတောင်သာရပ်ကွက်မှ တိုးချဲ့ နေထိုင်သူများကိုလည်း ဖယ်ရှားရန် အသိပေးထားကြောင်း ၎င်းနေရာတွင်လည်း အိမ်ခြေ ၂၀ ခန့်ရှိကြောင်း၊ အလားတူပင် ကံဦးအုပ်စု သပြေလှရပ်ကွက်မှ ကျူးကျော် နေထိုင်သူများကိုလည်း တရားစွဲဆိုကာ ဖယ်ရှားလျက်ရှိကြောင်း သိရသည်။


ယင်းအကြောင်းအရာနှင့် ပတ်သက်၍ဥပဒေတွဲ့ရတစ်ဦးက “အဲဒါတွေက မြေပိုင်ရှင်မှာလည်း တာဝန်ရှိတယ်လို့ ထင်တယ်။ သူကမြေကို ကေလိုက်ရောင်းရင် အရနည်းတော့ အကွက်ရိုက်ရောင်းတယ်။ အဲဒါက နှစ်ဆသုံးဆပိုရတယ်။ ဝယ်တဲ့သူက ဒါတွေ နားမလည်လို့ ဝယ်မိကြတယ်” ဟု ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။

# ရေလွှမ်းမိုး ရွှေကျင်ရှိ ကျေးရွာအချို့တွင် ကြွက်များသောင်းကျန်း

မြတ်စုမွန်

**ရွှေကျင်၊ စက်တင်ဘာ-၇**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နှင့် အနီးတစ်ဝိုက် ကျေးရွာများတွင် မြစ်ရေမြင့်တက်တက်မှုနှင့်မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ပြီးခဲ့သည့် ဩဂုတ်လ ပထမပတ်မှ စတင်ကာယခုချိန်ထိ ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေဆဲဖြစ်ပြီး၊ ကြွက်သောင်းကျန်းမှုများဖြစ်ပွားနေကြောင်း ဒေသခံလယ်သမားများကပြောသည်။



*ရေလွှမ်းမိုးခံနေရသော ရွှေကျင်မြို့နယ်ရှိ ကျေးရွာတစ်ရွာ*

ဓာတ်ပုံ-မြတ်စုမွန်

“ရေကြီးတာ တစ်လကျော်ပြီ။ အဲဒီနောက်ပိုင်းမှာ ကြွက်ဖလောင်းလေးတွေ သောင်းကျန်းနေတာ။ အိမ်မှာဆိုရင် မွေ့ရာနဲ့ ခေါင်းအုံးတွေထဲက မှို့စေ့တွေ ဖောက်စားလို့ အားလုံးကုန်နေပြီ။ လူစားတာမှန်သမျှ အကုန်စားသောက်ပစ်နေကြတယ်။ အနံ့လည်းတော်တော်နံတယ်”ဟု ရွှေကျင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ဆုံကုန်းကျေးရွာမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောသည်။ အိမ်ခြေ ၄၂၀ ရှိပြီး လယ်မြေဧက ၆၆၀ ရှိသော ဆုံကုန်းကျေးရွာရှိ နေအိမ်များတွင် ကြွက်ဖလောင်း (သို့)ကြွက်ဝမ်းပူများသောင်းကျန်းနေခြင်းနှင့်ပတ်သက်၍ နှိမ်နင်းနိုင်မည့် နည်းလမ်းကို သက်ဆိုင်ရာမှအကူအညီပေးစေလိုကြောင်းလည်း အဆိုပါကျေးရွာမှ ဒေသခံလယ်သမားများကပြောသည်။

*စာ(၁၈) သို့*



7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# ပုသိမ်သို့ဝင်ရောက်သောကုန်တင်ယာဉ်အားလုံး ကွဲကားစနစ်ကျင့်သုံးရမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၁၇**

ဒေသအသီးသီးမှ ပုသိမ်မြို့သို့ဝင်ရောက်လာသော ကုန်တင်ယာဉ်အားလုံး စက်တင်ဘာ ၂၀ ရက်မှစ၍ ကွဲကားစနစ်ဖြင့်သာ ပုသိမ်မြို့တွင်းသို့ဝင်ရောက်နိုင်တော့မည်ဖြစ်ကြောင်း ကုန်တင်ယာဉ်ရပ်နားစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကုန်တင်ယာဉ်များမှာမိမိတင်ဆောင်လာသော ကုန်ပစ္စည်းများကို ယာဉ်ကြီးများဖြင့် မြို့တွင်းမဝင်ရောက်နိုင်ဘဲ ကုန်ပစ္စည်းများကို ယာဉ်ငယ်များဖြင့် တစ်ဆင့်သယ်ရသော ကွဲကားစနစ်ဖြင့်သာ ဝင်ရောက်နိုင်တော့ဖြစ်မည်ဖြစ်သည်။

ထို့အပြင် ပုသိမ်မြို့သို့လာရောက်သော ယာဉ်အားလုံး ကုန်တင်ယာဉ် ရပ်နားစခန်းသို့ ဝင်ရောက်ရမည်ဖြစ်သည်ဟုဆိုသည်။

"ဒါက အရင်ရှိပြီးသားစည်းကမ်းတွေပဲ။ ဒါကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်သွားမယ့်သဘောပဲ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ထိုကြောင့် ၁၀ တန်နှင့်အထက် ပိုသော ကားအားလုံး ကွဲကားစနစ်ကို ကျင့်သုံးရမည်ဖြစ်သည်။ ယခင်က ဝင်ခွင့်ပေးထားသော သစ်လုံးတင်ယာဉ်၊ သစ်သယ်ယာဉ်၊ ထုံးတင်ယာဉ်နှင့် ဆီပီပါယာဉ်များကိုလည်းစိစစ်မှုလုပ်ပြီးမှသာ ကွဲကားစနစ် သုံးရ၊ မသုံးရကို ဆုံးဖြတ်ပေးတော့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကာလတွင် မြို့တွင်းသို့သယ်ဆောင်ပေးသော ကွဲကားအရေအတွက်မှာ ၁၀ စီးဝန်းကျင်သာရှိပြီး ရန်ကုန်မှ ပုသိမ်သို့ဝင်ရောက်သောယာဉ်အရေအတွက် နေ့စဉ် ၃၀ မှ ၅၀ စီးရှိကြောင်း သိရသည်။

"အဲဒီလို လုပ်မယ်ဆိုရင် ကွဲကားမလောက်လို့ နှစ်ရက်၊ သုံးရက်လောက်ထိ စောင့်ရနိုင်တဲ့အခြေအနေရှိတယ်။ နောက်အလုပ်သမားမလောက်တဲ့ပြဿနာတွေလည်း ဖြစ်လာနိုင်တယ်" ဟု ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

၎င်းကိစ္စနှင့် ပတ်သက်၍ ယာဉ်ရပ်နားစခန်းတာဝန်ရှိသူအား မေးမြန်းရာတွင် ကွဲကားအရေအတွက်မလောက်သည့်ပြဿနာဖြစ်လာပါက၎င်းတို့အနေဖြင့်အခြားနည်းလမ်းများကိုစဉ်းစားပေးသွားမည်ဖြစ်ကြောင်းနှင့်အလုပ်သမားမလုပ်ပါကလည်း အလုပ်သမားတာဝန်ခံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါယာဉ်ရပ်နားကွင်းကို စက်တင်ဘာ၁၅ရက်ဘီအိုတီစနစ်ဖြင့် ငှားရမ်းလုပ်ကိုင်သည့်သက်တမ်းပြည့်သွား၍ သက်ဆိုင်ရာသို့ပြန်အပ်သည့်တိုင် ယခင်ငှားရမ်းလုပ်ကိုင်သည့်လုပ်ငန်းရှင်များကပင် ၂၀၁၂ ခုနှစ် မတ်လထိ ဆက်လက်တာဝန်ယူလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

# နေပြည်တော်ဆိုင်ကယ် ကယ်ရီစည်းကမ်းထိန်းသိမ်းရေး အစီအစဉ် စတင်တော့မည်

**ထူးသန့်**

**နေပြည်တော်၊ စက်တင်ဘာ - ၁၅**

နေပြည်တော်ရှိ ဆိုင်ကယ်ကယ်ရီများအားအရေအတွက်လျှော့ချရေးနှင့်စည်းကမ်းထိန်းသိမ်းရေး အစီအစဉ် စတင်တော့မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပခဲ့သည့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးမှ သတင်းရရှိသည်။

ထိုအစီအစဉ်အရ ရှစ်မြို့နယ်လုံးရှိ ဆိုင်ကယ် ကယ်ရီဂိတ်များနှင့် အရေအတွက်ကို အောက်ခြေရပ်ကွက်၊ ကျေးရွာများမှ ရယူ၍ မြို့နယ် ယာဉ်စည်းကမ်း ဥက္ကဋ္ဌများ၊ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းနှင့်စည်ပင်တို့မှ အတည်ပြုသွားမည်ဖြစ်ပြီး ကယ်ရီဂိတ်များကို မြေပုံဖြင့် မှတ်သားသွားမည်ဖြစ်ကြောင်း မြို့နယ်အလိုက် ကယ်ရီဂိတ်နေရာများသတ်မှတ်ပြီး ခွင့်ပြုဆိုင်ကယ်စီးရေးကိုလည်း သတ်မှတ်သွားမည်ဖြစ်သည်။

"ဂိတ်အရေအတွက်နဲ့ ကယ်ရီအစီးရေမမျှမတဖြစ်နေရင်တော့ နေပြည်တော် မှတ်ပုံတင် ဆိုင်ကယ်ကိုဦးစားပေးမယ်။ ရမည်းသင်းမှတ်ပုံတင် ဆိုင်ကယ်ကို ဒုတိယဦးစားပေး၊ တောင်ငူ မှတ်ပုံတင်ဆိုင်ကယ်ကို တတိယဦးစားပေးအဖြစ် ဆောင်ရွက်ပေးမယ်" ဟူ၍လည်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ကယ်ရီပြေးဆွဲသူများအတွက် စည်းကမ်းချက်အနေဖြင့် ယာဉ်ပိုင်ရှင်အမည်နှင့်ယာဉ်မောင်းအမည်ကူညီရမည်ဖြစ်ပြီး မိဘ၊ မိသားစုဝင်ဖြစ်ပါက အိမ်ထောင်စုစာရင်းပါရှိရမည်ဖြစ်ကြောင်း ၎င်းတို့အား သတ်မှတ်အကျႌများ ထုတ်ပေးမည်ဖြစ်ပြီး ကျောဘက်တွင်နံပါတ်အကြီးနှင့် ရှေ့တွင် နံပါတ်အသေးပါရှိမည်ဖြစ်သည်။

"မြို့နယ်ရှစ်မြို့နယ်ဆိုတော့ အကျႌအရောင်လည်းရှစ်ရောင်ဖြစ်မယ်။ ကိုယ့်မြို့နယ်မှာ ဂိတ်ထိုးပြီးအခြားမြို့နယ်မှာ ဂိတ်ထိုးခွင့်မရှိဘူး။ ခရီးသည်ပို့လို့တော့ရတယ်။ ဂိတ်ထိုးလို့မရတာ။ သတ်မှတ်စည်းကမ်းတွေကို မလိုက်နာရင်တော့ သိမ်းဆည်းမယ်။ ဒီအစီအစဉ်အတွက် စမ်းသပ်ကာလကိုအမြန်ဆုံးသတ်မှတ်မယ်" ဟူ၍လည်း ယင်းတာဝန်ရှိသူက ရှင်းလင်းပြောကြားခဲ့သည်။



7DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011

# နေပြည်တော်တက္ကစီများအား မီတာတပ်ဆင်ရန် ညှိနှိုင်း

**ထူးသန့်**

**နေပြည်တော်၊ စက်တင်ဘာ-၁၅**

နေပြည်တော် ကောင်စီနယ်မြေအတွင်း တရားဝင်ပြေးဆွဲလုပ်ကိုင်လျက်ရှိသော တက္ကစီအငှားယာဉ်များကိုလည်း မီတာတပ်ဆင်ပြေးဆွဲရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပသော နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအစည်းအဝေးမှ သိရှိရသည်။

အစည်းအဝေးတွင် နေပြည်တော်တက္ကစီများ မီတာတပ်ဆင်နိုင်ရေးအတွက် ၎င်းယာဉ်အသင်းနှင့် ညှိနှိုင်းသွားရန်၊ ၎င်းအပြင်ဝင်ရောက်ပြေးဆွဲလိုသည့် မော်တော်ယာဉ်ပိုင်ရှင်များရှိလာပါကလည်း မြို့နယ်ယာဉ်စည်းကမ်းဥက္ကဋ္ဌများမှစီစဉ်ဆောင်ရွက်ပေးရန်ဆုံးဖြတ်ခဲ့သည်။ တက္ကစီများမီတာတပ်ဆင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်မည့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစန်းလွင်ကလည်း "နေပြည်တော်မှာ အဆင့်မြင့်မြင့် တက္ကစီတွေ အရေအတွက်များများ ပါဝင်လာဖို့ ကျွန်တော်တို့အနေနဲ့ ဖိတ်ခေါ်လိုပါတယ်" ဟူ၍ ရှင်းလင်းပြောကြားခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်က မီဒီယာများနှင့်တွေ့ဆုံစဉ် အမှတ်(၁)နှင့် အမှတ်(၂) ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကလည်း မြန်မာမီနီ ဆလွန်းကားများအား နေပြည်တော်တွင် တက္ကစီအငှားယာဉ်အဖြစ်ဝင်ရောက်ပြေးဆွဲသွားရန် အစီအစဉ်ရှိကြောင်း ပြောကြားခဲ့သည်။



ရန်ကုန်မြို့မှ မီတာတပ်ဆင်ထားသော အငှားယာဉ်တစ်စီး

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နေပြည်တော်တွင် တရားဝင်မှတ်ပုံတင် ပြေးဆွဲလျက်ရှိသော မက်စ်မြန်မာကုမ္ပဏီပိုင် နေပြည်တော် တက္ကစီ ၁၆ စီးအပါအဝင် ဆလွန်းဗင်နှင့် အခြားယာဉ်များ အပါအဝင် အစီးရေစုစုပေါင်း ၄၄ စီးရှိကြောင်းလည်း ခရိုင်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ သိရသည်။

# မြစ်ကြီးနားမြို့တွင် တိုးချဲ့ချထားပေးသော မြေကွက်များအတွက် သတ်မှတ်ရက်အတွင်း ငွေမသွင်းပါက ပြန်သိမ်းမည်

**မောင်ပြုံးမြင့်**

**မြစ်ကြီးနား၊ စက်တင်ဘာ-၈**

မြစ်ကြီးနားမြို့ ရွှေအိုက်နှင့်ရွှေပြည်သာတိုးချဲ့ရပ်ကွက်များ၌ မြေကွက်များချထားပေးခဲ့သော်လည်း သတ်မှတ်ရက်အတွင်းသတ်မှတ်ငွေများပေးသွင်းမှုမရှိခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အိမ်ဆောက်လုပ်မှုများမရှိသဖြင့် ပြန်လည်သိမ်းယူခြင်းနှင့် ပြန်လည်နေရာချထားခြင်းများပြုလုပ်သွားမည်ဟု သတင်းရရှိသည်။

မြေကွက်ရထားသူများအနေဖြင့် ယခုလ ၃၀ ရက် နောက်ဆုံးထား၍ လမ်း၊ တံတား၊ လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ သတ်မှတ်ထားသောတန်ဖိုးငွေ ပေးသွင်းခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ နေအိမ်ဆောက်လုပ်ခြင်းများကို အမြန်ဆုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

သတ်မှတ်ရက်နောက်ဆုံးထားပြီး ငွေပေးသွင်းခြင်းမရှိသော မြေကွက်ရရှိသူများထံမှ မြေကွက်များကိုပြန်လည်သိမ်းယူပြီး ထပ်မံလျှောက်ထားသူများကို ပြန်လည်ချထားပေးသွားမည်ဖြစ်ကြောင်း မြို့မြေနေရာချထားရေးကော်မတီမှ ထုတ်ပြန်ကြေညာထားသည်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် လူဦးရေသိပ်သည်းထူထပ်လာမှုကြောင့် လည်းကောင်း၊ အငြိမ်းစားဝန်ထမ်းများ၊ လုပ်သက်ရင့်ဝန်ထမ်းများ အိုးပိုင်အိမ်ပိုင်ရရှိစေရန်လည်းကောင်း ၂၀၀၆ ခုနှစ်က စတင်ပြီး ယင်းသို့မြေနေရာချထားပေးခဲ့ခြင်းဖြစ်သည်။

# ကျိုက်ထီးရိုးစံတော်ရှင် ပုံစံတူစေတီ တည်ထားမည်

**ထူးသန့်** **နေပြည်တော်၊စက်တင်ဘာ-၁၃**

နေ့စဉ်လူဦးရေ ရာဂဏန်းခန့် သွားရောက်ဖူးမြော်လျက်ရှိသော နေပြည်တော်ကူးတို့ဆိပ်ကျေးရွာအုပ်စုပိုင်နက်အတွင်း ရှမ်းရိုးမတောင်ကြောရှိ ကျိုက်ထီးရိုးစံတော်ရှင်ပုံစံတူစေတီကို လာမည့်ပွင့်လင်းရာသီတွင် အကြီးစားပြုပြင်မွမ်းမံ၍ ပူဇော်သွားမည်ဖြစ်ကြောင်း ယခုလ ၁၃ ရက်က ပြုလုပ်ခဲ့သော ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သူ ကော်မတီဝင်တစ်ဦးက ပြောသည်။

စေတီတော် မွမ်းမံတည်ဆောက်ရေး၊ အခြားသာသနိက အဆောက်အဦများတည်ဆောက်ရေးများအပြင် လမ်းဖောက်လုပ်ရေးစသည်တို့ကို လာမည့်ပွင့်လင်းရာသီတွင်စတင်၍ အကြီးစားအကောင်အထည်ဖော်သွားမည်ဖြစ်သည်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ယခင်အပတ်က သွားရောက်လေ့လာခဲ့ပြီး ဝတ္တကနယ်မြေအဖြစ် စေတီတော်၏ ပတ်လည်မိုင်တစ်ဝက်ခန့်ကို သတ်မှတ်ခဲ့ကြောင်းလည်းသိရသည်။

အဆိုပါစေတီတော်နှင့်ပတ်သက်၍ ဒေသခံတစ်ဦးက "အရင်က ကျွန်တော်တို့ဘက်ကို တစ်နှစ်နေလို့ ဧည့်သည်ဆယ်ယောက်မလာဘူး။ အခုနေ့စဉ်လူတစ်ရာကျော်နှစ်ရာလောက်လာကြတယ်။ စားကုန်၊ သောက်ကုန်လေးတွေရောင်းချပြီး အဆင်ပြေလိမ့်မယ်လို့တော့ မျှော်မှန်းထားပါတယ်"ဟု ပြောကြားသည်။

# မင်းပြားမြို့ ကမ်းပြိုမှုကာကွယ်ရေး ငွေကျပ်သန်းပေါင်း ကိုးဆယ်ကျော် အကုန်ကျခံ ဆောင်ရွက်မည်ဟုဆို

**မာန်ယုကျော်**

**စစ်တွေ၊**

**စက်တင်ဘာ- ၁၂**

ရခိုင်ပြည်နယ်၊ လေးမြို့မြစ်ကမ်းပေါ်ရှိ မင်းပြားမြို့၏ ကမ်းပြိုမှုအန္တရာယ်ကာကွယ်တားဆီးနိုင်ရေးအတွက် ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ငွေကျပ်သန်းပေါင်း ၉၄ ဒသမ ၈၇ သန်းအကုန်ကျခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်ကပြောသည်။

လေးမြို့မြစ်၏ ရေစီးမှာ ပြင်းထန်သဖြင့် မင်းပြားမြို့အပါအဝင် မင်းပြားမြို့အထက်ပိုင်း ကျေးရွာကြီးများဖြစ်သည့် ပန်းမြောင်းကျေးရွာနှင့် အချို့ကျေးရွာများတွင် နှစ်စဉ်ကမ်းပါးပြိုကျမှုများနှင့် ကြုံနေကြရပြီး မင်းပြားမြို့အတွင်းမြစ်ကမ်းပါးပြိုမှုများကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှစ၍ မင်းပြားမြို့ ရေတိုက်စားမှုကာကွယ်ရေး၊ ရေလမ်းကြောင်းပြောင်းလဲရေးတို့ကိုကာကွယ်တားဆီးဆောင်ရွက်ခဲ့ကြသော်လည်း လျော့ကျမှုမရှိခဲ့ကြောင်း သိရှိရသည်။

ယခုအခါ မင်းပြားမြို့တွင် ရေစီးကမ်းပြိုမှုအန္တရာယ်ကိုကာကွယ်တားဆီးနိုင်ရန် ငွေကျပ်သန်းပေါင်း ၉၀ ကျော်အကုန်ကျခံကာ ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် မင်းပြားမြို့တစ်ဖက်ကမ်းရှိ ကျောက်ဆောင်အားဖယ်ရှားနိုင်ရေး နည်းလမ်းများကိုလည်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လေ့လာဆောင်ရွက်မှုများ စတင်ပြုလုပ်နေကြောင်း သိရသည်။

မင်းပြားမြို့အတွင်း စီးဆင်းနေသည့် လေးမြို့မြစ်မှာ ချင်းပြည်နယ် မင်းတပ်ခရိုင်၊ မတူပီမြို့နယ်တွင် မြစ်ဖျားခံ၍ မြောက်ဦး၊ မင်းပြားနှင့်ပေါက်တောမြို့နယ်များကို ဖြတ်သန်းစီးဆင်းကာပေါက်တောမြို့ အောက်ဘက်ရှိ ကုလားတန်မြစ်အတွင်းသို့စီးဝင်သွားကြောင်းနှင့်မြစ်မှာ အရှည်မိုင် ၁၆၂ မိုင် ရှိကြောင်း သိရသည်။

# ဆင်ဆာကတ်ပါပုံတူကူး ဗီဒီယိုကားများနယ်မြို့အချို့တွင် တွေ့ရှိ

**အေးသူစံ**

**ရန်ကုန်၊**

**စက်တင်ဘာ- ၁၁**

နယ်မြို့အချို့တွင် ဆင်ဆာကတ်တံဆိပ်ကပ်ထားသည့်မူရင်းမြန်မာဗီဒီယိုခွေကာဗာများကိုပုံတူကူး၍ မူရင်းခွေကဲ့သို့ ပြင်ဆင်ရောင်းချမှုများကိုတွေ့ရှိနေရပြီး ယင်းကဲ့သို့ခွေများကို ဆင်ဆာမဲ့ဥပဒေအပြင် ပုံနှိပ်ဥပဒေနှင့်ပါ အရေးယူနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗီဒီယို(အခြေခံ)အဖွဲ့(ဗဟို)မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုဆို မြန်မာဗီဒီယို ဇာတ်ကားတွေဟာ မသမာသူတွေရဲ့ ခိုးယူမှုကြောင့်တစ်ပြည်လုံး အနေအထားအရ ဆင်ဆာမဲ့ခိုးခွေ၊ ပွားခွေတွေဟာ ပျံ့နှံ့လျက်ရှိတယ်။ ဆင်ဆာပါတဲ့ခွေအဖုံးတွေကို ပရင့်ပြန်ထုတ်ထားတာတွေ တွေ့လာရတယ်။ တကယ့်ဆင်ဆာအစစ်က ခွေပေါ်မှာကပ်ထားတာ။ ခွာလို့လည်းရတယ်။ ဆင်ဆာကပ်ထားတဲ့ ခွေကာဗာတွေကို ပရင်တာနဲ့ ပြန်ဆွဲတာက ဆင်ဆာတော့ တွေ့နေရတယ်။ ဒါပေမဲ့ ကပ်ထားတဲ့ ပုံစံမဟုတ်ဘဲ စက္ကူနဲ့ ဆင်ဆာကတ်နဲ့က တစ်သားတည်းဖြစ်နေတာ။ ဒါတွေက ဆင်ဆာမဲ့ အနေနဲ့လည်းငြိသလိုပုံနှိပ်ဥပဒေနဲ့လည်း ငြိတဲ့အတွက် ဥပဒေအရ အရေးယူဆောင်ရွက်နေပါတယ်" ဟု အထက်ပါ တာဝန်ရှိသူတစ်ဦးက ပြောသည်။




*ဆင်ကာကတ်တံဆိပ် အစစ်မှာခွာ၍ရပြီး၊ လက်ရှိဈေးကွက်ရှိ အတုများမှာ ခွာ၍မရဘဲ တစ်သားတည်းဖြစ်နေသည်*

အဆိုပါတုပပြုပြင်ထားသည့်ခွေများကို နယ်မြို့များတွင်သာ အတွေ့ရများပြီး ရန်ကုန်မြို့ပေါ်တွင် မူတွေ့ရနည်းသေးကြောင်းလည်း သိရသည်။

ဆင်ဆာမဲ့အဖြစ် ဖမ်းဆီးခံရမည့်ပြစ်ဒဏ်မှ လွတ်မြောက်လိုပြီး မူရင်းခွေကာဗာကို ယခုကဲ့သို့ဆင်ဆာကတ်ပါသယောင်ပရင့်ထုတ်ရောင်းချခြင်း ဖြစ်ကြောင်း သိရသည်။

ရုတ်တရက်ကြည့်ပါက ဆင်ဆာကတ်ပါ မူရင်းခွေအဖြစ်သာ တွေ့ရှိရမည် ဖြစ်သောကြောင့် ယင်းသို့ တုပပြုလုပ်ထားသည့်ခွေများကို ပြုလုပ်လာခြင်းဖြစ်သည်ဟု သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# မြောက်ဦးတွင် ဆိပ်ခံတံတားသစ်တစ်စင်း တည်ဆောက်မည်

မောင်ကံ

**မြောက်ဦး၊ စက်တင်ဘာ-၁၄**

ရခိုင်ပြည်နယ်၏ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်သော မြောက်ဦးမြို့တွင်ပြည်တွင်းရေကြောင်းဆိပ်ခံတံတားသစ်တစ်စင်းကိုယခု ၂၀၁၁-၁၂ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်တစ်ရာနှစ်ဆယ့်ကိုးသိန်းအကုန်ကျခံတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၃)မှဦးခင်မောင်(ခ)ဦးအောင်ကျော်ဦးက “စစ်တွေမြို့နှင့်မြောက်ဦးမြို့သင်္ဘောဆိပ်ကမ်း များကို သန့်ရှင်းသပ်ရပ်ပြီး အန္တရာယ်ကင်းအောင်စနစ်တကျ ပြုပြင်ပေးရန် အစီအစဉ်ရှိ မရှိသိရှိလိုကြောင်း”မေးခွန်းနှင့်စပ်လျဉ်းပြီး ပို့ဆောင်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။ လက်ရှိပြည်တွင်းရေကြောင်းပို့ဆောင်ရေးရေယာဉ်များဆိုက်ကပ်နေသည့် မြောက်ဦးမြို့ဆိပ်ကမ်းမှာ သစ်သားတံတားဖြစ်ပြီး မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ကမ်း နယ်နိမိတ်ပြင်ပတွင်လည်းရှိသဖြင့် မြို့နယ်ထွေ/ အုပ်နှင့်စည်ပင်သာယာရေးအဖွဲ့၏ကြီးကြပ်မှုဖြင့်ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။ “မြောက်ဦးမြို့ကိုလာတဲ့နိုင်ငံခြားခရီးသည်အားလုံးက ရေလမ်းခရီးကလာတာဖြစ်တဲ့အတွက် ဆိပ်ခံတံတားအကောင်းတစ်စင်းလိုပါတယ်”ဟု မြောက်ဦးမြို့ခံတစ်ဦးက ပြောသည်။

# ကုလားတန်မြစ် တိုက်စားမှုကြောင့် ချောင်းဝ ဘုန်းတော်ကြီးကျောင်း ရေထဲမျောပါမည့် အန္တရာယ်ကြုံတွေ့

မာန်ယုကျော်

**ကျောက်တော်၊စက်တင်ဘာ-၁၂**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာတွင် မြစ်ကမ်းပါးများ ဆက်တိုက်ပြိုကျနေမှုကြောင့်မြစ်ကမ်းနံဘေးတွင်တည်ရှိသည့် ချောင်းဝဘုန်းတော်ကြီးကျောင်းမှာ စိုးရိမ်ဖွယ်ရာ အခြေအနေရှိနေကြောင်း သတင်းရရှိသည်။

အပေါက်ဝကျေးရွာသည် ကျောက်တော်မြို့၏ တောင်ဘက် ၉ မိုင်ခန့်အကွာ ကုလားတန်မြစ်ကမ်းနံဘေးပေါ်တွင် တည်ရှိနေသည်ဖြစ်ရာ ကျောက်တော်ဘက်မှ စီးဆင်းလာသော ကုလားတန်မြစ်ရေစီးနှင့် လှိုင်းဂယက်များကြောင့် ရွာကမ်းပါးအောက်ခြေအား ရေတိုက်စားခံရသဖြင့် ကလိုင်များဖြစ်ပေါ်ပြီး မြစ်ကမ်းပါးများ အဆက်မပြတ်ပြိုကျနေသည်။ ယခုအခါ မြစ်ရေတဖြည်းဖြည်း တိုက်စားမှုကြောင့်မြစ်ကမ်းနံဘေးတွင်တည်ရှိသည့် ချောင်းဝဘုန်းတော်ကြီးကျောင်း၏ မြေဧရိယာမှာတစ်စထက်တစ်စ ပြိုကျမှုများရှိလာပြီး ကျောင်းပရိဝုဏ်အတွင်းတွင်လည်းမြေသားများအက်ကွဲလျက်ရှိနေသည်။ ကျောင်း၏ သိမ်တစ်ခုလုံးသည်လည်းကမ်းပြိုမှုကြားတွင်ပါသွားမည်လားဟုဆရာတော်အပါအဝင်ရွာသူ၊ရွာသားများ စိုးရိမ်နေကြသည်။

“အရင်ကတော့ ဒီဘုန်းကြီးကျောင်းဟာ မြစ်ကမ်းနဲ့ အဝေးမှာ ရှိနေခဲ့ပါတယ်။ ခုမှမြစ်ရေတိုက်စားတဲ့အတွက် ရွာကမ်းပါးတစ်ခုလုံး ဆက်တိုက်ဆိုသလိုပြိုကျမှုတွေ ဖြစ်နေတာကြောင့် ကျောင်းဟာ မြစ်ကမ်းနဲ့ နီးနီးသွားတာပါ။မြစ်ကမ်းနဲ့အနီးဆုံးမှာရှိတဲ့ကျောင်းရဲ့သိမ်ဆောင်ဟာလည်း ရေစီးကမ်းပြိုတာကြောင့်ရေထဲပြိုကျဖို့ ၅၀ ရာခိုင်နှုန်းလောက် သေချာနေပါပြီ။ မြစ်ကမ်းပါးပြိုကျတဲ့အထဲ ဒီဘုန်းကြီးကျောင်းသာပါသွားရင်ဖြင့်ဆရာတော်အပါအဝင် ဒီကျောင်းကိုကိုးကွယ်ကြတဲ့ရွာသူ၊ရွာသားတွေအားလုံး ဒုက္ခအကြီးအကျယ်ရောက်ကြမှာပါ။အားလုံးလည်း စိုးရိမ်သောကဖြစ်နေကြရပါတယ်” ဟု ချောင်းဝ ဘုန်းတော်ကြီးကျောင်းကို ကိုးကွယ်သူကျောင်းဒကာကြီးတစ်ဦးကပြောသည်။ အဆိုပါကျောင်းတော်ကြီးမြေဧရိယာ၏ ၇၀ ရာခိုင်နှုန်းမှာ မြစ်ရေတိုက်စားမှုကြောင့် ပြိုကျသွားခဲ့ပြီး မကြာမီအချိန်အတွင်း ကျောင်းတော်ကြီး တစ်ခုလုံး ရေထဲပြိုကျနိုင်ဖွယ်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။ အပေါက်ဝကျေးရွာတွင် အိမ်ခြေတစ်ထောင်ကျော်နှင့် လူဦးရေလေးထောင်ကျော်ရှိပြီး ကျောက်တော်မြို့နယ်၏ စံပြကျေးရွာကြီးတစ်ရွာလည်းဖြစ်သည့် အပြင် ကျေးရွာ၌ ရပ်ကွက်ငါးခုနှင့် ဘုန်းကြီးကျောင်းငါးကျောင်းရှိသည့် အနက် ချောင်းဝဘုန်းတော်ကြီးကျောင်းမှာ အဓိကဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် ရေစီးကမ်းပြိုမှု အန္တရာယ်နှင့် အများဆုံးရင်ဆိုင်နေရသည့်နေရာဒေသမှာ ကျောက်တော်မြို့နယ်အပေါက်ဝကျေးရွာ၊ မင်းပြားမြို့နယ် ပန်းမြောင်းကျေးရွာ၊မြောက်ဦးမြို့နယ်မြရိပ်ကျွန်းနှင့်မောင်တောမြို့နယ်ပြုံးမချောင်းဒေသတို့ဖြစ်ကြပြီး မင်းပြား၊ မြောက်ဦး၊ မောင်တောဒေသများတွင် ရေစီးကမ်းပြိုမှုကြောင့် လယ်ဧကများအမြောက်အမြားပျက်စီးဆုံးရှုံးသွားခဲ့ရသည့် အပြင် ၂၀၀၈ မှ ၂၀၁၀ ပြည့်နှစ် အတွင်း လူနေအိမ် ၂၀၀ ကျော် ရွှေ့ပြောင်းတည်ဆောက်သွားခဲ့ကြရပြီဖြစ်ကြောင်း သိရသည်။

# သလ္လာဝတီ (၆) ရေယာဉ် ခရီးစဉ်တွင် ရေကြောင်းအန္တရာယ်ကင်းဝေးစေရေး ဆောင်ရွက်

မျိုးမင်းဦး

**မုံရွာ၊ စက်တင်ဘာ- ၁၃**



ဓာတ်ပုံ - မျိုးမင်းဦး

ချင်းတွင်းမြစ်ရိုးတစ်လျှောက်မြို့ရွာများသို့ ခရီးသည်နှင့်ကုန်စည်သယ်ယူပို့ဆောင်လျက်ရှိသည့် သလ္လာဝတီ (၆) ရေယာဉ်အား ယခုနှစ် ဇူလိုင်လ ၁၆ ရက်မှစ၍ မုံရွာ- ခန္တီးခရီးစဉ်အား တစ်ပတ်ခြားခရီးစဉ်အဖြစ် တစ်လလျှင် (၂) ကြိမ် အစုန်အဆန်ပြေးဆွဲလျက်ရှိရာ ချင်းတွင်းမြစ်ရေမြင့်တက်ချိန်များတွင်ရေကြောင်းအန္တရာယ်ကင်းဝေးစေရေးအတွက် အလေးထား ဆောင်ရွက်ခဲ့ကြောင်း သလ္လာဝတီ(၆)ရေယာဉ်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

“ရေယာဉ်ရဲ့ သတ်မှတ်ဝန်တင်မျဉ်းအမှတ်အသား(Load Line)ထက်ကျော်လွန်ပြီး ကုန်စည်တင်ဆောင်ခွင့်မရှိတဲ့အတွက် မုံရွာ-ခန္တီး ခရီးစဉ်တစ်လျှောက်ကြား ဆိပ်ကမ်းမြို့တွေမှာ ကြိုတင်အကြောင်းကြားထားခြင်း မရှိတဲ့ကုန်စည်တွေကိုတင်ဆောင်ခြင်း မပြုပါဘူး” ဟုအဆိုပါ တာဝန်ရှိသူက ပြောကြားခဲ့သည်။

သလ္လာဝတီ(၆)ရေယာဉ်အား ယခုနှစ်အတွင်း သီဟထွန်းကုမ္ပဏီ၊ အောင်သိန်းသန်း ရေယာဉ် အသင်း၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးတို့အကျိုးတူပူးပေါင်း၍မုံရွာ-ခန္တီးခရီးစဉ်အားပြေးဆွဲလျက် ရှိသည်။ အဆိုပါ သလ္လာဝတီ(၆) ရေယာဉ်တွင် ခရီးသည် ၂၅၀ ဦးနှင့် ကုန်စည်တန်ချိန် ၆၀ တင်ဆောင်ပြေးဆွဲခွင့်ရှိကြောင်း သိရသည်။

မုံရွာဆိပ်ကမ်းမှတစ်ပတ်ခြား ဗုဒ္ဓဟူးနေ့တိုင်းထွက်ခွာပြီး ခန္တီးဆိပ်ကမ်းမှ တစ်ပတ်ခြား တနင်္လာနေ့တိုင်းပြန်လည်ထွက်ခွာပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။

သလ္လာဝတီ(၆) ရေယာဉ်တာဝန်ရှိသူများကိုယ်တိုင် ကြီးကြပ်၍ လက်မှတ်မှောင်ခိုစနစ် ပပျောက်ရေး၊ ကုန်စည်တန်ပို တင်ဆောင်ခြင်းမရှိရေး၊ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များကျရောက်ချိန်တွင် ရေယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက်စစ်ဆေးဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

# စစ်တွေတွင် သုံးဘီးဆိုင်ကယ်အစီး ၃၀၀ ထက် ပိုမိုပြေးဆွဲခွင့်မရှိဟုဆို

မာန်ယုကျော်

**စစ်တွေ၊ စက်တင်ဘာ-၁၂**

စစ်တွေမြို့၏ အနေအထားကိုသုံးသပ်ပြီး သုံးဘီးဆိုင်ကယ်အစီးရေ ၃၀၀ ထက်ပိုမိုပြေးဆွဲခွင့် မရှိကြောင်းတာဝန်ရှိသူများက ကန့်သတ်ထားသည်ဟု သုံးဘီးဆိုင်ကယ်သမားတစ်ဦးကပြောသည်။

သတ်မှတ်ထားသည့်အတိုင်း စစ်တွေမြို့အတွင်း သုံးဘီးဆိုင်ကယ်အစီးရေ ၁၅၀ နှင့် စစ်တွေတက္ကသိုလ်သို့ အစီးရေ ၁၅၀ ပြေးဆွဲပေးနေသော်လည်း နယ်မဝင်ရသေးသည့်ပြင်ပသုံးဘီးဆိုင်ကယ်များမှာ လက်ရှိပြေးဆွဲပေးနေသည့်မြို့တွင်း လိုင်းလမ်းကြောင်းပေါ်တွင် ဝင်ရောက်ပြေးဆွဲမှုများရှိလာကြသည်။ ထိုကဲ့သို့ပြင်ပသုံးဘီးဆိုင်ကယ်များ ဝင်ရောက်ပြေးဆွဲလာမှုကြောင့် မြို့တွင်းပြေးဆွဲပေးနေကြသည့် သုံးဘီးဆိုင်ကယ်သမားများ ဝင်ငွေထိခိုက်မှု ကြုံတွေ့လာကြောင်း သိရသည်။

လက်ရှိတွင် စစ်တွေတက္ကသိုလ်သို့ အစီးရေ ၁၅၀ ပြေးဆွဲပေးနေသော်လည်း မကြာမီတွင် တက္ကသိုလ်ယာဉ်လိုင်းအတွက် နောက်ထပ်သုံးဘီးဆိုင်ကယ်စီးရေ ၁၀၀ ခန့် တိုးချဲ့ပေးသွားမည်ဖြစ်ကာ နောက်ထပ်ချထားပေးမည့် သုံးဘီးဆိုင်ကယ်အစီးရေ ၁၀၀ထဲတွင်နယ်မဝင်ရသေးသည့် သုံးဘီးဆိုင်ကယ်များကို နယ်ဝင်သွင်းပြီး တစ်စီးလျှင် ငွေကျပ် ၅၀,၀၀၀ နှုန်းစီကောက်ခံ၍ ပြေးဆွဲခွင့်ပေးသွားမည်ဟု သိရသည်။

“ကျွန်တော်တို့စစ်တွေမြို့လို မြို့ကျဉ်းကျဉ်းလေးမှာ သုံးဘီးဆိုင်ကယ်အစီးရေ၃၀၀ နဲ့တောင် တစ်နေ့တာဝမ်းရေးဖူလုံနိုင်ရေးအတွက် အင်တိုက်အားတိုက် ရှာဖွေစားသောက်နေရတဲ့ကြားထဲမှာ နောက်ထပ်စီးရေ ၁၀၀ ထပ်တိုးပြီး ပြေးဆွဲခွင့်ပေးမယ်ဆိုရင် စစ်တွေမြို့အတွင်း သုံးဘီးဆိုင်ကယ်စီးရေ ၄၀၀ ဟာ ပြေးဆွဲစရာ နေရာမရှိတော့တဲ့ အပြင် ယာဉ်မောင်းရော၊ ယာဉ်ပိုင်ရှင်ပါ ဒီထက်ပိုပြီး အခက်အခဲ အကျပ်အတည်းတွေဖြစ်လာနိုင်ပါတယ်” ဟု သုံးဘီးဆိုင်ကယ်သမားတစ်ဦးက ပြောသည်။

# စာ(၁၅) ရေလွှမ်းမိုး ရွှေကျင်ရှိ ကျေးရွာအချို့တွင် ကြွက်များသောင်းကျန်း မှ


“လွန်ခဲ့တဲ့ လေးနှစ်လောက်ကလည်း ဒီလိုဖြစ်ဖူးတယ်။ဒီထက်များတယ်။ ကျွန်တော့်လယ်ထဲမှာ ကြွက်တစ်ကောင် ငါးကျပ်ပေးပြီး ကလေးတွေကိုအငှားကောက်ခိုင်းရတယ်။ အဲဒီတုန်းကလည်းဘယ်ကမှအကူအညီမရပါဘူး။ နောက်မှရေနစ်သေကုန်ကြတာ”ဟုအဆိုပါ ဒေသခံလယ်သမားက ပြောကြားသည်။

ရွှေကျင်မြို့နှင့်အနီးတစ်ဝိုက်ကျေးရွာများတွင်ဖြစ်ပွားလျက်ရှိသည့် တစ်လကျော်ကြာရေလွှမ်းမိုးမှုများမှာ စစ်တောင်းမြစ်ဝှမ်းဒေသဖြစ်ခြင်း၊ ရွှေကျင်ချောင်း၊ ကျောက်ကြီးချောင်းနှင့် မဓမချောင်းများမှ ထူးကဲဒီရေ မြင့်တက်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့်ဖြစ်ပြီး ခုရက်ပိုင်းအတွင်း ရေအနည်းငယ် ထပ်မံမြင့်တက်လာကြောင်း ဒေသခံများထံမှ သိရသည်။ “အရင်နှစ်တွေက ဒီအချိန်ဆိုရေပြန်ကျနေပြီ။ အခုရွှေတောင်ဦး ဘုရားကုန်းမှာ ရေဘေးဒုက္ခသည်တွေရှိသေးတယ်”ဟုရွှေကျင်မြို့နယ်၊တရုတ်တန်းရပ်ကွက်တွင် နေထိုင်သူတစ်ဦးကပြောသည်။

# ညောင်ကုန်းအခြေခံမူလတန်းကျောင်း ဆရာကန်တော့ပွဲ ကျင်းပမည်

**သဲကုန်း၊ စက်တင်ဘာ-၁၇**

ပဲခူးတိုင်း၊ သဲကုန်းမြို့၊ ညောင်ကုန်းရပ် အခြေခံပညာမူလတန်းကျောင်းတွင် ၈ ကြိမ်မြောက် ဆရာကန်တော့ပွဲကို ၁၃၇၃ ခု သီတင်းကျွတ်လပြည့်နေ့(၂၀၁၁ အောက်တိုဘာ ၁၂ရက်)နေ့လည် ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ရပ်နီးရပ်ဝေးကျောင်းသား/သူဟောင်းများ လာရောက်နိုင်ရန် ဖိတ်ခေါ်ထားပြီး ရပ်ဝေးကျောင်းသားဟောင်းများ အလှူငွေထည့်ဝင်လိုပါက ဦးဟာစံ(ခေါ်) ဦးစံရှား၊ လမ်းမတော်လမ်း၊ သဲကုန်းမြို့ (ဖုန်း-၀၅၃ ၆၂၀၈၃) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011



# မလေးရှားပြည်ထဲရေးဝန်ကြီးဌာနက ပြည်ပအလုပ်သမား ခေါ်ယူခွင့်လက်မှတ်ထုတ်ပေးခြင်းရပ်နားဖွယ်ရှိ

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၁၅**

မလေးရှားနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနက အလုပ်သမားခေါ်ယူခွင့်(KDM)လက်မှတ်ထုတ်ပေးခြင်း အားစက်တင်ဘာ ၁၅ ရက်မှ ယခုနှစ်ကုန်အထိ ရပ်နားရန်အစီအစဉ်ရှိကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများမှ သတင်းရရှိသည်။

"ကျွန်တော့်ကို မလေးရှားက အေးဂျင့်တွေပြောတာ ဒီလ ၁၅ ရက်ကနေ နှစ်ကုန်အထိ KDM အသစ်ထပ်မချပေးတော့ဘူး။ ဒါပေမဲ့ စာတော့ထွက်မလာသေးဘူး" ဟု စက်တင်ဘာ ၁၄ ရက်တွင် မလေးရှားနိုင်ငံမှပြန်လာသူ အေဂျင်စီလုပ်ငန်းရှင်တစ်ဦးကဆိုသည်။ ပြီးခဲ့သည့်လလယ်မှစ၍ မလေးရှားနိုင်ငံရှိ တရားမဝင် လုပ်သားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးလျက်ရှိပြီး ထိုအစီအစဉ်ပြီးပါမှ ပြန်လည်ခွင့်ပြုမည်ဖြစ်သည်။

သို့သော် ယခင်ချထားပေးပြီးသား KDM အဟောင်းများဖြင့် Calling လျှောက်ထားနိုင်ပြီး KDM အသစ် လျှောက်ထားမှုကိုသာ ရပ်ဆိုင်းထားခြင်းဖြစ်သည်။

## မလေးရှားရောက် တရားမဝင်မြန်မာလုပ်သားများ ပြန်လာလိုပါက ခွင့်ပြုချက်လို

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၁၄**

မလေးရှားနိုင်ငံတွင် တရားမဝင် နေထိုင်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ပြန်လာလိုပါက သက်ဆိုင်ရာမှ ခွင့်ပြုချက်ရယူရကြောင်း သတင်းရရှိသည်။

"အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူနဲ့ ရဲစခန်းထောက်ခံစာကို ဒီကနေ မလေးရှားကိုပို့ပေးရတယ်" ဟု ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

အဆိုပါစာရွက်စာတမ်းများအား မလေးရှားနိုင်ငံရှိ မြန်မာသံရုံးသို့ပို့ပေးရပြီး သံရုံးမှတစ်ဆင့် တစ်ပတ် နေထိုင်သွားလာခွင့်ပြုသည့် စာရွက်စာတမ်းထုတ်ပေးပြီး တစ်ပတ်အတွင်း မြန်မာနိုင်ငံသို့ ပြန်လာ၍ရကြောင်းသိရှိရသည်။

မလေးရှားနိုင်ငံ အစိုးရက ၎င်းနိုင်ငံရှိ တရားမဝင် အလုပ်လုပ်နေသော လုပ်သားများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုနေစဉ်အတွင်း သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်ခွင့်ပြုထားသည်။

ထိုလွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်တွင် မြန်မာနိုင်ငံသား တရားမဝင်လုပ်သား သုံးပုံနှစ်ပုံခန့် သွားရောက်မှတ်ပုံတင်ကြပြီး အချို့သာ ပြန်လာကြကြောင်း သတင်းရရှိသည်။

## အခွန်တိုးမြှင့်၍ အလုပ်အကိုင်ဖန်တီးမည့် အစီအစဉ် အိုဘားမားတင်ပြ

**ဝါရှင်တန်၊**

**စက်တင်ဘာ - ၁၃**

လူချမ်းသာများနှင့် စွမ်းအင်ကော်ပိုရေးရှင်းများအပေါ် အခွန်တိုးကောက်၍ ကန်ဒေါ်လာ ၄၄၇ ဘီလီယံအလုပ်အကိုင်ဖန်တီးရေး အစီအစဉ်ကို အိုဘားမားက ဖော်ထုတ်လိုက်ပြီး ယင်းအစီအစဉ် ဥပဒေကြမ်းအား လွှတ်တော်က မဆိုင်းမတွ အတည်ပြုပေးရန် တောင်းဆိုလိုက်သည်။

၎င်း၏ သမ္မတလက်ထက် ဖိအားများ ရင်ဆိုင်နေရခြင်းကို လျှော့ပါးစေရန်နှင့် အလုပ်လက်မဲ့ ၉ ဒသမ ၁ ရာခိုင်နှုန်း လျှော့ချရန် ကြိုးပမ်းနေသည့် အိုဘားမားက ဥပဒေကြမ်းအား လွှတ်တော်သို့ တင်ပြလိုက်ပြီး တစ်မျိုးသားလုံးအတွက် အရေးကြီးနေချိန်တွင် ယင်းဥပဒေကြမ်း အတည်ပြုရေးကိုနှောင့်နှေးအောင် မပြုလုပ်ရန် ရီပက်ဘလေကန်များအား သတိပေးပြောကြားသည်။

သို့သော် ၎င်းတင်ပြသော နည်းလမ်းများကို အတိတ်ကာလတွင် ရီပက်ဘလေကန်များက ပယ်ခဲ့ဖူးသည်။

ယင်းဥပဒေကြမ်းအတွက် နိုင်ငံအနှံ့အပြားတွင် တိုက်ပွဲဝင်သွားမည်ဟု အိုဘားမားက ကတိပေးထားသည်။ "ဒါဟာနိုင်ငံတစ်ဝန်းလုံးကလူတွေကို အလုပ်ရရှိစေမယ့်ဥပဒေပါ။ ဒါဟာတစ်မျိုးသားလုံး အကျပ်အတည်းတွေ့နေချိန်မှာ ကျွန်တော်တို့ရဲ့စီးပွားရေးကိုကူညီမယ့် ဥပဒေပါ" ဟု အိမ်ဖြူတော်သို့ စုဝေးရောက်ရှိနေသော မီးသတ်သမားများနှင့် ကျောင်းဆရာများအား အိုဘားမားက ပြောကြားသည်။

"ဒါဟာ ကွန်ဂရက်အတည်ပြုပေးဖို့ လိုအပ်တဲ့ ဥပဒေပါ။ ဂိမ်းတွေမလို၊ နိုင်ငံရေးမလို၊ နှောင့်နှေးမှု အလိုမရှိပါဘူး" ဟု အမေရိကန် သမ္မတက ပြောကြားသည်။

အိုဘားမား၏ အစီအစဉ်အရ တစ်နှစ်လျှင်ကန်ဒေါ်လာနှစ်သိန်းဝင်ငွေရှိသူများနှင့် ကန်ဒေါ်လာနှစ်သိန်းခွဲဝင်ငွေရှိသူမိသားစုများအပေါ် ပေးအပ်ထားသည့် အခွန်ကင်းလွတ်ခွင့်ကို ဖယ်ရှားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ငွေကြေးအရောင်းအဝယ်လုပ်သူ မန်နေဂျာများရရှိသည့်စုပေါင်းအတိုးအပေါ် သာမန်ဝင်ငွေရရှိသူကဲ့သို့ အခွန်ကောက်ခံသွားမည်ဖြစ်သည်။ ရေနံကုမ္ပဏီကြီးများရရှိနေသည့် အထူးအကျိုးခံစားခွင့်များကိုလည်း ဖယ်ရှားသွားမည်ဖြစ်သလို ပုဂ္ဂလိကကော်ပိုရေးရှင်းများမှ ဂျက်လေယာဉ်ပိုင်ရှင်များအပေါ်လည်း အခွန်တိုးကောက်သွားမည်ဖြစ်သည်။

တစ်ဖက်တွင် လစာငွေအခွန်အား ၃ ဒသမ ၁ ရာခိုင်နှုန်းသို့ ထက်ဝက်လျှော့ချမည်ဖြစ်ပြီး ငွေကြေး ကျပ်တည်းနေသည့် ပြည်နယ်များကို ပိုမိုပံ့ပိုးကာ အလုပ်အကိုင်ဖန်တီးရန်နှင့် စီးပွားရေးနာလန်ထမှုတွန်းအားပေးရန် ကန်ဒေါ်လာ ၅၀ ဘီလီယံ အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမည့်အစီအစဉ်ကို ဖော်ထုတ်မည်ဖြစ်သည်။

—Ref: AFP

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**အလိုရှိသည်**
အလှပြင်ဆိုင်များတွင် ကြီးကြပ်ကွပ်ကဲရန် အမျိုးသမီးဝန်ထမ်း(၃) ဦးအလိုရှိသည်။
**ဖုန်း-၀၁-၄၀၁၅၁၈၊ ၃၇၈၀၉၁**

---

**အလိုရှိသည်**
၁။ Design နှင့် Estimate လုပ်ငန်းအတွက် A.G.T.I, B.Tech, B.E(Civil) - ကျား/မ (၁)ဦး၊ ၂။ လျှပ်စစ်မီးသွယ်တန်းခြင်း၊ စက်ထိုင်ခြင်းတို့အတွက် A.G.T.I, B.Tech, B.E (Electrical) - ကျား (၁)ဦး၊ ၃။ ကြီးကြပ်သူ - A.G.T.I, B.Tech, B.E(Civil) - ကျား(၁)ဦး၊ ငွေစာရင်းကိုင်(ဘွဲ့ရ) - မ (၃)ဦး
**ဖုန်း-၀၁-၄၀၁၅၁၈**

---

အသက်(၂၀)မှ (၂၅)နှစ်ကြား Receptionist (မ)တစ်ဦးအလိုရှိသည်။ **ဖုန်း-၀၉-၅၀၅၅၄၈၆**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ ယာဉ်မောင်း - ကျား ၁ ဦး၊ ၂။ Sale Promoter - ကျား ၂ဦး၊
Myanmar Kowa International Co., Ltd (Rinnai)
**ဖုန်း-၂၄၅၉၂၅၊ ၂၄၆၃၀၄**

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးသန့်ရှင်းရေး - မ ၂ဦး
**ဖုန်း-၀၁-၆၆၂၈၀၁**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Branch Executive - ကျား/မ (၂၀)ဦး
99 International
**ဖုန်း-၀၁-၆၆၂၈၀၁**

---

စက်ပြင်ဝန်ထမ်းအလိုရှိသည်။
အထည်ချုပ်စက်ပြင်(ကျွမ်းကျင်)- ကျား ၂ဦးအလိုရှိသည်။
**ဖုန်း-၀၁-၆၆၅၃၆၈**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Admin Executive -ကျား၊မ (၁)ဦး၊ ၂။ Office Staff -ကျား(၁) ဦး၊ ၃။ Receptionist-မ(၁)ဦး၊ ၄။ Data Collector - ကျား၊ မ(၁)ဦး၊ ၅။ Reporter - ကျား (၁) ဦး၊ ၆။ Customer Service Assistant - ကျား၊ မ (၁)ဦး
e TRADE Myanmar Co., Ltd
**ဖုန်း-၆၅၂၂၈၃၊ ၄၄၁၀၉၀၉**

---

Sales & Marketing Manager (Tourism Marketing) - M/F (1) Post
SST Tourism Co., Ltd
**ဖုန်း-၂၅၅၅၃၆**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
Assistance Engineer - ကျား (၁)ဦး။ **ဖုန်း-၅၃၉၃၀၁-၅**

---

၁။ စာရင်းကိုင် (Computer Knowledge ရှိရမည်) - မ ၂ဦး ၂။ အရောင်းစာရေး - မ ၂ ဦး၊ ၃။ အင်တာနက် - မ ၂ဦး
**ဖုန်း-၂၄၃၀၄၉**

---

ဂျပန်ဆရာ/ဆရာမ N2 (or) Level-2, B.A (Japanese), Diploma In Japanese - (၁) ဦး အမြန်အလိုရှိသည်။
Sinpo Japanese Language School
**ဖုန်း-၀၁-၅၂၆၀၃၀**

---

**ဝန်ထမ်းအလိုရှိသည်**
General Manager - 1 (M/F)
Marketing & Local Guide - 5(M/F)
Myanmar First Runner Travels & Tours Co., Ltd
အမှတ်-၃၅၁၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း (အပေါ်)၊ ကျောက်တံတားမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Helper - ကျား ၂ ဦး (၂၅နှစ်အောက်)၊ ၁။ Technician - ကျား ၂ ဦး(၃၀ နှစ်အောက်) (အဲကွန်းနှင့်ရေခဲသေတ္တာ)
အမှတ်-၅၁၆၊ ဗမ္မာသီရိအရှေ့(၁)လမ်း၊ ၆ ရပ်ကွက်၊ သာကေတမြို့နယ်၊ (၇ ဈေးမှတ်တိုင်)

---

**ဝန်ထမ်းအလိုရှိသည်**
Operation - ကျား ၁ ဦး (Microsoft Word, Excel ကျွမ်းကျင်)။
Travels and Tour Company
**ဖုန်း-၂၅၂၀၄၀၊ ၀၉-၂၀၂၉၀၈၆**

---

**ဝန်ထမ်းအလိုရှိသည်**
အလုပ်သင်ဝန်ထမ်း - မ ၁ ဦး
Slim Xpress (Body Fitness)
**ဖုန်း-၀၉-၅၀၉၆၄၂၈**

---

**ဝန်ထမ်းအလိုရှိသည်**
စာရင်းကိုင်-မ ၁ ဦး
B.com (or) LCCI Level-3
**ဖုန်း-၃၉၃၀၅၁၊ ၃၉၄၈၂၄**

---

**ယာဉ်မောင်းအလိုရှိသည်**
အမှတ်-၁၀၄၊ ပထမထပ်၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်။ (နေထိုင်ရေးစီစဉ်ပေးမည်)
**ဖုန်း-၂၅၂၃၂၆၊ ၂၅၁၈၃၂**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Marketing - မ ၅ ဦး၊ ၂။ စာရင်းကိုင် - ကျား ၃ ဦး၊ ၃။ Furniture ဖြုတ်တပ်(ကျွမ်းကျင်) - ကျား ၂ ဦး၊ ၄။ စတိုထိန်းသိမ်း(ကျွမ်းကျင်) - မ ၂ဦး
အမှတ်-၁၅၊ ပြည်လမ်း၊ ၉ မိုင်၊ မရမ်းကုန်းမြို့နယ်။
**ဖုန်း-၀၁-၆၆၄၆၇၅**

---

ယာဉ်မောင်းဝန်ထမ်းအလိုရှိသည်
ယာဉ်မောင်းလိုင်စင်(၃)နှစ်ရှိရမည်။ **ဖုန်း-၅၈၅၁၃၄**

---

**ဝန်ထမ်းအလိုရှိသည်**
DTP - ၅ ဦး
**ဖုန်း-၀၁-၂၉၅၁၂၇**

---

**ဝန်ထမ်းအလိုရှိသည်**
ကွန်ပျူတာစာစီ - မ ၂ ဦး
Min Thurein Publishing Services
**ဖုန်း-၀၉-၅၁-၄၈၅၂၄**

---

အချိန်ပိုင်း စာရင်းဆွဲ/စာရင်းစစ်သည်။ စာရင်းများအား မှန်ကန်တိကျအောင် လုပ်သက်(၆) နှစ်ရှိ ကျွမ်းကျင်သူမှ ဆောင်ရွက်ပေးသည်။
မြတ်သီတာ B.Com, LCCI Level-3, MYOB
**ဖုန်း-၀၉-၇၃၀-၉၀၄၈၃**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ အရောင်းစာရေး - မ ၃ ဦး၊ ၂။ Service စာရင်းကိုင်နိုင်သူ - မ ၂ ဦး၊ ၃။ Service Technician - ကျား ၃ ဦး၊ ၄။ Graphic Designer - ကျား ၁ ဦး။
INNWA Computer Sales & Service Centre
**ဖုန်း-၀၁-၃၉၁၅၁၁၊ ၃၉၈၂၉၇**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



PediaSure
Complete®
သားသားမီးမီးတို့ရဲ့ ...
ကျောင်းသွားချိန်တွေမှာ
လေ့လာရေးခရီးသွားတဲ့အခါ
မိသားစုနဲ့အပျော်ခရီးမှာ
ဖျားနာပြီး နလံထချိန်မှာ
အချိန်တိုင်း နေ့စဉ်တိုင်းအတွက် " ပြည့်စုံမှုက အာဟာရ "
PediaSure Complete Ready to Drink
ready to drink
mums can always be sure with PediaSure
Premium Chocolate
Classic Vanilla
Abbott Nutrition
The Leader In Peadiatric Nutrition

# Education

7DAY NEWS JOURNAL

Vol.10, No.27 • SEPTEMBER 22, 2011



ဈေးနှုန်းချိုသာမှုကြောင့် ကျောင်းသားရာချီပညာသင်ယူလျက်ရှိသော အင်္ဂလိပ်စာသင်တန်းကျောင်းတစ်ခုမြင်ကွင်း

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ဆရာ တော်ပြီး ဈေးချိုသော အင်္ဂလိပ်စာသင်တန်းများကို မျှော်လင့်

နေလင်းထွန်း

ပြည်ပနိုင်ငံများတွင် ပညာသင်ယူရန်နှင့် ပြည်တွင်းရှိ လုပ်ငန်းနယ်ပယ်များတွင် အလုပ်အကိုင်အခွင့်အလမ်း ကောင်းများရရှိရန် ရည်ရွယ်၍ ကျောင်းသားလူငယ်များ နိုင်ငံခြားဘာသာစကားများကိုလေ့လာသင်ယူလျက်ရှိကြသည်။ စင်ကာပူ၊ မလေးရှား၊ ဗြိတိန်နိုင်ငံကဲ့သို့သောနိုင်ငံများတွင် ပညာသင်ယူရန်၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် အလုပ်လုပ်ကိုင်ရန်၊ ပညာရပ်နှင့် သတင်းအချက်အလက်ဆိုင်ရာများအား ဖတ်ရှုလေ့လာနိုင်ရန် မြန်မာလူငယ်များ အဓိကလေ့လာ သင်ယူနေကြသည့်ဘာသာစကားမှာ အင်္ဂလိပ်ဘာသာစကားဖြစ်သည်။

အင်္ဂလိပ်ဘာသာစကားလေ့လာလိုက်စားသော ကျောင်းသားလူငယ်များပြားလာမှုနှင့် အတူအင်္ဂလိပ်ဘာသာစကားသင်တန်းကျောင်း လိုအပ်ချက် မြင့်တက်လာလျက်ရှိသည်။ လက်ရှိတွင် ကျောင်းသားများအနေဖြင့်အင်္ဂလိပ်ဘာသာ စကား တတ်ကျွမ်းစေရန် ပုဂ္ဂလိကသင်တန်းကျောင်းများနှင့် ပညာ ဒါနသင်တန်းများကိုအားထားနေရသည်။

ဈေးကွက်လိုအပ်ချက်အရ အင်္ဂလိပ်ဘာသာ စကားသင်တန်းများတိုးပွားလာလျက်ရှိသော်လည်း ကျောင်းသားအများစု၏ငွေကြေးတတ်နိုင်မှုနှင့်နှိုင်းယှဉ်ပါက ကွာဟချက်ကြီးမားနေသေးကြောင်း အင်္ဂလိပ်စာ ပါမောက္ခအဖြစ် လုပ်ကိုင်ခဲ့ပြီး လက်ရှိအင်္ဂလိပ်ဘာသာစကားသင်တန်းကျောင်းတစ်ခုအား ဦးဆောင်နေသူတစ်ဦးကဆိုသည်။

"ဈေးကွက်က အရမ်းကြီးကောင်းတယ်တော့မဟုတ်ဘူး။တက်ချင်တဲ့ကျောင်းသားနဲ့ဖွင့်ထားတဲ့ကျောင်းက အရမ်းကွာဟ ချက်ဖြစ်မနေပါဘူး။ ပြောချင်တာက ပိုက်ဆံရှိတဲ့ကျောင်းသားကလည်း ဒီထက်ပိုမများဘူး။ အခုဖြစ်နေတာက တက်ချင်တဲ့ကျောင်းသားအရမ်းများတယ်။ သူတို့တတ်နိုင်တဲ့ ကျောင်းလခနှုန်းကိုပေးဖို့ခက်တယ်" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်တည်မှုကြောင့် အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းမှုလိုအပ်ချက်မြင့်တက်လာသလို လေ့လာသင်ယူလိုသူများ ပြားလာသော်လည်း ပုဂ္ဂလိကသင်တန်းကျောင်း အများစုသည် ငွေကြေးအားနည်းသော ကျောင်းသားများအတွက် အလှမ်းဝေးနေဆဲဖြစ်သည်။

အင်္ဂလိပ်ဘာသာစကားသင်ကြားမှုနှင့် ပတ်သက်၍ နာမည်ကြီး ထင်ရှားသော သင်တန်းကျောင်းများမှာ နိုင်ငံခြားသံရုံးများမှဖွင့်လှစ်ထားသည့် ဗြိတိသျှကောင်စီ(ဘီစီ)နှင့်အမေရိကန်စင်တာ(အေစီ)တို့ဖြစ်သည်။ သင်တန်းကြေးများမှာ နှစ်လခွဲကြာ သင်တန်းတစ်ခုအတွက် ဘီစီတွင်ကျပ်နှစ်သိန်းကိုးသောင်းနှင့်အေစီတွင်ကျပ်တစ်သိန်းလေးသောင်းကျသင့်မည်ဖြစ်သည်။ အခြားသင်တန်းကျောင်းများမှာ သက်ဆိုင်ရာသင်တန်းပေါ်မူတည်၍ ကျပ်တစ်သိန်းဝန်းကျင်ပေးသွင်းတက်ရောက်ကြရသည်။

ပညာဒါနဘာသာ စကားသင်တန်းကျောင်းများမှာ အခြေခံလူတန်းစားကျောင်းသားလူငယ်များအတွက် ကျပ်ထောင်ဂဏန်းဖြင့်အင်္ဂလိပ်ဘာသာစကား လေ့လာသင်ယူနိုင်ပြီးကျောင်းသားအများစုပညာရှာမှီးရာနေရာများ ဖြစ်လာသည်။

"ဘာဘာသာစကား လိုအပ်ချက်က တစ်နေ့ထက်တစ်နေ့များလာတယ်။ ဒါပေမဲ့ ပြောတတ်အောင်၊ သုံးတတ်အောင်သင်ဖို့ကရင်းနှီးမြှုပ်နှံမှုလုပ်ဖို့လိုပါတယ်။ အချိန်နဲ့ ငွေကြေးရင်းနှီးမြှုပ်နှံမှုပါ။ အချိန်လည်းရှိမယ်၊ ပိုက်ဆံလည်းတတ်နိုင်တယ်ဆိုရင်ကျောင်းကောင်း ရှာဖို့က သိပ်မခက်တော့ပါဘူး။ ပိုက်ဆံမရှိရင် မဖြစ်နိုင်ဘူးလားဆိုရင် ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ နည်းနည်းတော့ နှေးတာပေါ့။ ဘာလို့လဲဆိုတော့ ကိုယ်တိုင်လေ့လာသင်ယူမှုရှိဖို့ လိုပါတယ်" ဟု ပညာရေးကျွမ်းကျင်သူတစ်ဦးကဆိုသည်။

ဈေးနှုန်းသက်သာသော ပညာဒါနသင်တန်းများ သည် ကျောင်းသားနှင့် ဆရာ အချိုး (ကျောင်းသား အင်အားများပြားမှု) ကွာခြားမှု ကြီးမားနေသောကြောင့် ကျောင်းသားများ၏ ကိုယ်တိုင်လေ့လာသင်မှု ပိုမိုလိုအပ်ခြင်းဖြစ်သည်။

"အပြင်မှာသင်တန်းကျောင်းဖွင့်ထားတဲ့ ဆရာတွေက ဒီမှာလာပြီး ပညာဒါနသင်ပေးတယ်။ နိုင်ငံခြားဆရာတော့မရှိဘူး။ ဆရာတွေစာရင်းကို တင်ပြရတယ်။ နိုင်ငံခြားဆရာပါရင် သင်လို့မရဘူး။ ကျောင်းသားက သုံးထောင်ကျော်လောက်ရှိတယ်" ဟု စမ်းချောင်းမြို့နယ်ရှိ ပညာဒါနသင်တန်းကျောင်းတစ်ခုမှ တာဝန်ရှိသူကပြောသည်။

စာ(၂၂)သို့

# ဩစတြေးလျမှ UOWတက္ကသိုလ်၏ ဒုတိယနှစ်သင်တန်း တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်မည်

သီဟ

ရန်ကုန်၊ စက်တင်ဘာ - ၁၆

ဩစတြေးလျနိုင်ငံရှိ University of Wollongong (UOW) ၏ ဒုတိယနှစ်သင်တန်းသို့ တက်ရောက်လိုသော ကျောင်းသားများအတွက် ယခင်က နှစ်စဉ်ဩဂုတ်လတွင်တစ်ကြိမ်သာဖွင့်လှစ်ခဲ့ရာ ၂၀၁၂ ခုနှစ်မှစ၍ တစ်နှစ်လျှင် နှစ်ကြိမ်စတင်ဖွင့်လှစ်မည်ဟု သိရသည်။

အဆိုပါတက္ကသိုလ်၏ ဒုတိယနှစ်သို့ တက်ရောက်လိုသည့် ကျောင်းသားများသည် ဗိုလ်တထောင်မြို့နယ်ရှိ National Management College နှင့် စီးပွားရေးတက္ကသိုလ်မှ GPA ကောင်းကောင်းဖြင့် အောင်မြင်ထားသူများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာဒီပလိုမာ တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ကြောင်း ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် MSI မှတာဝန်ရှိသူ ပြောသည်။



အလားတူ အင်္ဂလိပ်စာ အရည်အချင်း သတ်မှတ်ချက်အနေဖြင့် IELTS ရမှတ် ၆. ၀ ရရှိထားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ UOW တွင် စာရင်းအင်းဆိုင်ရာ ဘွဲ့သင်တန်းများ၊ စီမံခန့်ခွဲမှုဆိုင်ရာ ဘွဲ့သင်တန်းများ၊ ဈေးကွက်ရှာဖွေရေး ဘာသာရပ်သင်တန်းများ၊ လူမှုဆက်ဆံရေး ဘာသာရပ်များ သင်ကြားနိုင်ကြောင်းသိရသည်။

လာမည့် ၂၀၁၂ ဇန်နဝါရီ ကျောင်းဝင်ခွင့်အတွက် လျှောက်လွှာပိတ်ရက်မှာ ၂၀၁၁ ခုနှစ် နိုဝင်ဘာ တတိယပတ်တွင်ဖြစ်သည်။ ကျောင်းလခမှာ စင်ကာပူဒေါ်လာ သုံးသောင်းကျော်ကျသင့်မည်ဖြစ်ပြီး ငါးကြိမ်ခွဲ၍ ပေးသွင်းနိုင်ကြောင်း သိရသည်။

# အာရဗီဘာသာစကား သင်တန်းဖွင့်လှစ်

ညီညီဇော်

မန္တလေး၊ စက်တင်ဘာ-၁၇

အာရပ်နိုင်ငံများတွင် သွားရောက် အလုပ်လုပ်ကိုင်လိုသူများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများတွင် တာဝန်ထမ်းဆောင်နေသူများနှင့် အာရဗီဘာသာစကားကို လေ့လာလိုက်စားလိုသူများအတွက် "အခြေခံ နှင့် အသုံးချအာရဗီဘာသာစကားသင်တန်း"ကို Myanmar Muslim Education & Cultural Society မှကြီးမှူး၍ အပတ်စဉ် စနေ၊ တနင်္ဂနွေတွင် မန္တလေး၌ ပထမဆုံး ဖွင့်လှစ်သွားမည်ဟု သတင်းရရှိသည်။

အဆိုပါသင်တန်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေ မွန်းလွဲ ၂ နာရီမှ ၄နာရီထိ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း Myanmar Muslim Education & Cultural Society မှ တာဝန်ရှိသူကိုဇော်မင်းထွန်းက ပြောသည်။ ၎င်းသင်တန်းအား အာရပ်နိုင်ငံများတွင် ပညာဆည်းပူးခဲ့သော ဆရာကိုယ်တိုင်ဦးစီးသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကြေးမှာ (စာရွက်စာတမ်းကြေးမပါ)အခမဲ့ဖြစ်ပြီး အမှန်တကယ်သင်တန်းပြီးဆုံးအောင်တက်ရောက်မည့်သူများကို ဦးစားပေးလက်ခံသွားမည်ဖြစ်သည်။ ထို့ကြောင့် စာရွက်စာတမ်းကြေးကိုမူ သီးသန့်ပေးရမည်ဖြစ်သည်။

တက်ရောက်လိုသူများ MMECS 09-5162062, 09-91018753, 09-91010655 email;myanmrmuslim.ecs@ gmail.com, myanmarmuslim.esc@groups. fe-cebook.com သို့ ဆက်သွယ် စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

## ဗြိတိန်ကျောင်းဝင်ခွင့်ခက်ခဲလာ

နေလင်းထွန်း ရန်ကုန်၊ စက်တင်ဘာ - ၁၆

ဗြိတိန်နိုင်ငံတွင် ပညာသင်ယူမည့်ကျောင်းသားများအတွက် ကျောင်းဝင်ခွင့်များ ခက်ခဲလာကြောင်း ယူကေပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှသိရသည်။ နိုင်ငံတကာ ကျောင်းသားများအတွက် ကျောင်းသားပြည်ဝင်ခွင့် များကို စိစစ်တင်းကျပ်နေရာမှ ယခုအခါ ကျောင်းဝင်ခွင့်များ လက်ခံမှုများလည်း ခက်ခဲလာခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များသည် နိုင်ငံတကာ ကျောင်းသားအား လွယ်လင့်တကူကျောင်းလက်ခံမှုပြုနေရာမှ ယူကေလူဝင်မှုကြီးကြပ်ရေး(ယူကေဘီအေ)၏ မူဝါဒအပြောင်းအလဲများကြောင့် ကျောင်းသား လက်ခံမှုအား တင်းကျပ်လိုက်ခြင်းဖြစ်ကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ကိုင်နေသူတစ်ဦးကဆိုသည်။

"အရင်က အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု IELTS အမှတ် ၅လောက်ရှိရင် ကျောင်းလက်ခံတယ်။ သူတို့ဆီမှာ အင်္ဂလိပ်စာထပ်တက်ပေါ့။ အခုတော့ မရတော့ဘူး။ အဓိကကတော့ အဲ့ဒီ အင်္ဂလိပ်ဘာသာစကားလိုအပ်ချက်ပါပဲ" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယူကေပြည်ဝင်ခွင့်ကြီးကြပ်ရေးမှ ကျောင်းသားပြည်ဝင်ခွင့်အတွက် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု လိုအပ်ချက်ကို စိစစ်လျက်ရှိရာ ကျောင်းသားများအနေဖြင့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုအရည်အချင်းကောင်းမွန်နေရန် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ပညာရေးကျွမ်းကျင်သူများက အကြံပြုသည်။

မြန်မာကျောင်းသားများသည် ပြည်ဝင်ခွင့်ခက်ခဲလာမှုကြောင့် ဗြိတိန်နိုင်ငံသို့သွားရောက်ရန် ကြိုးပမ်းမှုလျော့ကျလျက်ရှိပြီး အခြားနိုင်ငံများသို့ရောက်ရန် ဦးတည်ချက်ပြောင်းလဲသူများရှိလာကြောင်းသိရသည်။

## စာ-၂၁၊ ဆရာတော်ပြီး ဈေးချိုသော အင်္ဂလိပ်စာသင်တန်းများကို မျှော်လင့်မှ

လက်ရှိ ဘာသာစကားသင်တန်းကျောင်းများတွင်ကြုံတွေ့နေရသော အခက်အခဲမှာ ကျွမ်းကျင်ဆရာရှားပါးမှု ဖြစ်ပြီး ကျောင်းသားဈေးကွက်ကြီးမားနေသော်လည်း ဆရာဈေးကွက်အားနည်းနေလျက်ရှိကြောင်း သိရသည်။

"သိပ်တတ်တယ်ဆိုတဲ့ဆရာကရှားသွားပြီ။တွေ့ရင်လည်း နည်းနည်းအိုသွားပြီ။ ဆရာရဲ့ဈေးကွက်က လိုအပ်ချက် အရမ်းများပြီး အရည်အချင်းရှိတဲ့ဆရာနည်းသွားတဲ့အတွက်နိုင်ငံခြားကဆရာငှားရတယ်။ ငှားရတယ်ဆိုကတည်းက ဈေးကကြီးတယ်" ဟု Nexusသင်တန်းကျောင်းမှ ဒေါ်ရှယ်လီနန်းဟွမ်လိတ် ကဆိုသည်။

အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းမှုလိုအပ်ချက်မြင့်တက်လာချိန်တွင် လုပ်ငန်းခွင်မှဝန်ထမ်းများ သင်တန်းတက်ရောက်ရန် စိတ်ဝင်စားမှုများပြားလာပြီး အလုပ်ချိန်ပြင်ပသင်တန်းများကို တက်ရောက်လာကြကြောင်း ဘာသာစကား သင်တန်းဖွင့်လှစ်ထားသူများထံမှသိရသည်။

"သင်တန်းဖွင့်မယ်ဆိုလို့ စုံစမ်းကြတဲ့ထဲမှာ ၈၀ ရာခိုင်နှုန်းကလုပ်ငန်းခွင်က လူတွေဖြစ်ပါတယ်။ ဒီမှာလိုအပ်ချက် တအားများနေတဲ့အတွက် သင်တန်းဖွင့်ဖြစ်တာပါ" ဟု မကြာမီက Ignite ဘာသာစကားသင်တန်းကျောင်းဖွင့်လှစ်တည်ထောင်ထားသူကပြောသည်။

ပြည်တွင်း၌ ဘာသာစကားများသင်ကြားပို့ချလျက်ရှိသော သင်တန်းကျောင်းများသည် သင်တန်းကြေး၊ဆရာများ၏ အရည်အချင်း၊ သင်ထောက်ကူပစ္စည်းစသည့် အခြေခံလိုအပ်ချက်များအား သက်ဆိုင်ရာသင်တန်းကျောင်းပေါ်မူတည်၍ ကွဲပြားခြားနားသည်။ အင်္ဂလိပ်ဘာသာစကားသင်တန်းများတွင် မြန်မာလူမျိုးဆရာများ သာမက အင်္ဂလိပ်စကားပြောနိုင်ငံများမှ သင်တန်းဆရာများကို ငှားရမ်းအသုံးပြုမှုမြင့်တက်လာကြသည်။

"နှစ်လခွဲကို သင်တန်းကြေးက တစ်သိန်း(ကျပ်)ပေးရတယ်။ နိုင်ငံခြားသားက တစ်ပတ်ကိုတစ်ရက်သင်တယ်။ သူသင်တာက ကိုယ်တတ်ပြီးသားတွေဖြစ်နေတယ်။နိုင်ငံခြားသား သင်တယ်ဆိုပေမယ့် သူ့အချိန်ဆို မတက်တဲ့သင်တန်းသားကများတယ်" ဟု အင်္ဂလိပ်ဘာသာစကား လေ့လာနေသော ကုမ္ပဏီဝန်ထမ်း အမျိုးသားတစ်ဦးက ဆိုသည်။

သင်တန်းကျောင်းများတွင် နိုင်ငံခြားဆရာများ ခေါ်ယူအသုံးပြုသင်ကြားလျက်ရှိသော်လည်း အဆိုပါဆရာများ၏အရည်အချင်းနှင့်ပတ်သက်၍ ဝေဖန်မှုများရှိနေခြင်းဖြစ်သည်။စာသင်ကြားရေးနယ်ပယ်မှမဟုတ်သောသူများ၊ အလည်အပတ်လာရောက် နေထိုင်သောသူများအားသင်တန်းကျောင်းအချို့မှ ဆရာအဖြစ် အသုံးပြုနေမှုများ ရှိနေကြောင်းပညာရေးနယ်ပယ်မှကျွမ်းကျင်သူများကဆိုသည်။

'ဒီမှာက နိုင်ငံခြားဆရာ သင်တယ်ဆိုရင် အထင်ကြီးနေတာပါ။သင်ကြားရေးမှာတတ်ကျွမ်းတဲ့ဆရာကငှားရင် အရမ်းဈေးကြီးတဲ့အတွက် တချို့သင်တန်းကျောင်းတွေက အဆင်ပြေသလိုလုပ်တာရှိတယ်။အဲ့ဒါဆိုရင် အင်္ဂလိပ်လိုပြောတဲ့အတွက် အသံကြားရတာနားယဉ်တာကလွဲရင် သင်ကြားရေးမှာ မထိရောက်နိုင်ပါဘူး" ဟု အင်္ဂလိပ်ဘာသာစကား သင်ကြားနေသော ဆရာတစ်ဦးကပြောသည်။ လက်ရှိချိန်တွင် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်စွာအသုံးပြုနိုင်ရန်လေ့လာသင်ယူမည့်သူများအတွက်အဓိကကြုံတွေ့နေရသော အခက်အခဲမှာ အရည်အချင်းပြည့်မီသောဆရာရှားပါးလာမှုနှင့် သင်တန်းကြေးများ မြင့်တက်နေမှုဖြစ်သည်။

အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းရန်အတွက် ပုဂ္ဂလိကသင်တန်းကျောင်းများကိုအဓိကအားကိုးနေရလျက်ရှိရာ ပညာရေးဝန်ကြီးဌာနမှ အင်္ဂလိပ်ဘာသာစကားသင်ကြားမှုဌာနများကို တိုးချဲ့ဖွင့်လှစ်သင်ကြားပေးနိုင်ပါက ကျောင်းသားများနှင့် လုပ်ငန်းခွင်မှဝန်ထမ်းများအတွက် အထောက်အပံ့ ဖြစ်စေမည်ဖြစ်ကြောင်း ပညာရေးလေ့လာသူများက သုံးသပ်ကြသည်။

JOB VACANCY
Fascinating Myanmar Travel & Tour Agency
Sales Executive F (1) post
Reservation Executive F (1) post

# Technology

7DAY NEWS JOURNAL

Vol.10, No.27 • SEPTEMBER 22, 2011




## ဖေ့စ်ဘွတ်ခ်ပေါ်မှ ဗိုင်းရပ်စ်ပျံ့နှံ့နေဆဲ

**နေလင်းအောင်**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်မှသြဂုတ်လကတည်းက စတင်ပျံ့နှံ့လျက်ရှိသော Facebook ဟူသော ဗိုင်းရပ်စ်တစ်မျိုးကြောင့် ပြည်တွင်းရှိကွန်ပျူတာသုံးစွဲသူ အများအပြား တိုက်ခိုက်ခံနေရဆဲဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဗိုင်းရပ်စ်မှာ ဖေ့စ်ဘွတ်ခ်သုံးစွဲသူများ၏ စာမျက်နှာမှတစ်ဆင့် အခြားသော မိတ်ဆွေအပေါင်းအသင်းများထံသို့ Link များပေးပို့၍ ဗိုင်းရပ်စ်အား ဖြန့်ဖြူးခြင်းဖြစ်ရာ ရက်ပိုင်း အတွင်း၌ပင် ကူးစက်ခံရသူအများအပြားရှိခဲ့သည်။

ထိုဗိုင်းရပ်စ်နှင့်ပတ်သက်၍ ဆော့ဖ်ဝဲကျွမ်းကျင်သူတစ်ဦးက “ဒီဗိုင်းရပ်စ်က ဖေ့စ်ဘွတ်ခ်ကတောင်နှိမ်နင်းဖို့ကြိုးစားနေရတုန်းရှိသေးတယ်။ အရင်က Gtalk ကနေပြန့်တဲ့ ဗိုင်းရပ်စ်ပုံစံမျိုးပဲ။ သိပ်မပြင်းထန်ဘူးဆိုပေမယ့် သုံးတဲ့စက်တွေမှာ Antivirus Update တွေတော့ထားသင့်တယ်” ဟု ပြောသည်။

ဖေ့စ်ဘွတ်ခ်သုံးစွဲသူများ၏ Wall နှင့် Chatbox များမှတစ်ဆင့် ရယ်ရွှင်ဖွယ် ဗီဒီယိုများကြည့် ရှုနိုင်မည်ဆိုသည့် Link တစ်ခုပါဝင်ပြီး အဆိုပါ Link အားနှိပ်မိပါက Worm အမျိုးအစား ဗိုင်းရပ်စ်များသုံးစွဲသူ၏ ကွန်ပျူတာအတွင်း ဝင်ရောက်နေရာယူရန် ထောင်ချောက်ဆင်ပြုလုပ်ထားခြင်းဖြစ် သည်။

လက်ရှိတွင် ယင်းဗိုင်းရပ်စ်ကြောင့် အင်တာနက်ဆိုင်များ၊ ရုံးလုပ်ငန်းများနှင့် တစ်ကိုယ်ရေအသုံးပြုသူများ ထိခိုက်ခဲ့ရကြောင်း သိရသည်။

ယခုနောက်ပိုင်းတွင် ဗိုင်းရပ်စ်ရေးထားသူအများအပြားသည် လူသုံးများသည့် IM tool များ(Gtalk, VZO)အစရှိသည့် social site များအားအသုံးပြု၍ ဗိုင်းရပ်စ်ဖြန့်ဝေရေးပိုမိုပြုလုပ်လာကြောင်း သိရသည်။

## မိုဘိုင်းဖုန်းစက်ပစ္စည်းဝယ်ယူရေး စာချုပ်ချုပ်ဆို

**ရန်ကုန်၊စက်တင်ဘာ-၁၇**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများအကျိုးတူပူးပေါင်းဆောင်ရွက်မည့် တန်ဖိုးနည်းဂျီအက်စ်အမ်မိုဘိုင်းဖုန်းများ တိုးချဲ့တပ်ဆင်မည့် စီမံကိန်းအတွက် မိုဘိုင်းစက်ပစ္စည်းများဝယ်ယူရေးစာချုပ်လက်မှတ်ရေးထိုးခြင်းကို ရန်ကုန်မြို့၊ ဟံသာဝတီဆက်သွယ်ရေးရုံးတွင် ယနေ့ပြုလုပ်ခဲ့သည်။

အဆိုပါလက်မှတ်ရေးထိုးပွဲသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း တက်ရောက်ခဲ့သည်။

ထိုဆွေးနွေးပွဲတွင် တန်ဖိုးနည်း ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများ ချထားပေးမည့်စီမံကိန်းတွင် ပုဂ္ဂလိကကဏ္ဍဘက်မှ အဓိကပါဝင်ထားသည့် ZTE ကုမ္ပဏီလီမိတက်နှင့် Huawei ကုမ္ပဏီတို့က အခြားသော ပြည်တွင်းကုမ္ပဏီရှစ်ခုနှင့် မိုဘိုင်းစက်ပစ္စည်းများရောင်းဝယ်ခြင်းစာချုပ်များကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်ဟုသိရသည်။

## အင်တာနက်မြန်နှုန်းမြှင့်ရန် ထိုင်းနည်းပညာကုမ္ပဏီနှင့် မြန်မာ့ဆက်သွယ်ရေးပူးပေါင်းဆောင်ရွက်မည်

**ယုဇနကိုကို**

**ရန်ကုန်၊စက်တင်ဘာ-၁၇**

ပြည်တွင်း၏ အင်တာနက်မြန်နှုန်းများနှေးကွေးနေခြင်းကို ထိုင်းနိုင်ငံမှ နည်းပညာကုမ္ပဏီတစ်ခုနှင့်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ ပူးပေါင်းကာဖြေရှင်းပေးသွားမည်ဟု ယင်းလုပ်ငန်း၏တာဝန်ရှိသူတစ်ဦးထံမှသိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှ အိုင်စီတီကုမ္ပဏီအနေဖြင့် ပြည်တွင်း၏အင်တာ နက်မြန်နှုန်းများစီးဆင်းမှုအခြေအနေကို လာရောက်ပြီး စစ်ဆေးပေးသွားမည်ဟုလည်း အထက်ပါတာဝန်ရှိသူကပြောသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံ၏အင်တာနက်မြန်နှုန်းများ ပိုမိုမြန်ဆန်လာရေးအတွက် ထိုင်းနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သည်ဟုဆိုရာတွင် ယင်းနိုင်ငံမှ မြန်နှုန်းစစ်ဆေးမှုများကို အခမဲ့ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဟုသိရသည်။

“အခုပြည်တွင်းက အင်တာနက်မြန်နှုန်းတွေ မြင့်လာဖို့အတွက် ထိုင်းကအိုင်တီကုမ္ပဏီတစ်ခုနဲ့ ဆောင်ရွက်ဖို့လုပ်နေပါတယ်။ သူတို့ဘက်က ဒီကအင်တာနက်မြန်နှုန်းတွေကိုလာပြီးတော့အခမဲ့ စစ်ဆေးပေးမှာပါ။ ပြီးသွားရင်တော့ နှစ်နိုင်ငံပေါင်းပြီးတော့ အင်တာနက်မြန်နှုန်းတွေပိုတက်လာအောင် လုပ်ပေးသွားမှာပါ” ဟု ၎င်းကဆက်လက်ပြောသည်။

အဆိုပါပြည်ပနိုင်ငံမှ ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံသို့လာရောက်ပြီးပြည်တွင်းအင်တာနက်ဆက်သွယ်မှုအခြေအနေများကို စစ်ဆေးပေးရာတွင် အသုံးပြုသူ User များဘက်မှ သုံးစွဲရသည့်အခြေအနေများကိုပါ စစ်ဆေးပေးသွားမည်ဖြစ်ကြောင်းသိရသည်။


ယခုလက်ရှိပြည်တွင်း၏ အင်တာနက်မြန်နှုန်းအခြေအနေမှာ ပုံမှန်အတိုင်းနှေးကွေးနေဆဲဖြစ်သည်။ ယင်းအကျိုးဆက်ကြောင့် အင်တာနက်ဆက်သွယ်မှုကို အဓိကမှီခိုလုပ်ကိုင်နေကြရသည့် စီးပွားရေးလုပ်ငန်းအများစုတွင် ဝင်ငွေရရှိမှုများတဖြည်းဖြည်းလျော့နည်းလာကြောင်း သိရသည်။

## အင်တာနက်ဆိုင်များ အွန်လိုင်းမှ ဖုန်းခေါ်ပေးခြင်းနှင့် ဂိမ်းကစားခြင်းကိုသာ မှီခိုနေရ

**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ- ၁၄**

ရန်ကုန်မြို့တွင်း ဖွင့်လှစ်ထား ကြသည့် အများပြည်သူသုံးအင်တာနက်ဆိုင်များအနေဖြင့် ၎င်းတို့၏လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေးအတွက် နိုင်ငံခြားဖုန်းခေါ်ဆိုမှုများနှင့် ဂိမ်းကစားခြင်းအသုံးပြုနိုင်သည့် ဝန်ဆောင်မှုများကို အဓိကအားထားနေရကြောင်း စုံစမ်းသိရှိရသည်။



အင်တာနက်ဆိုင်များတွင် သုံးစွဲသူများခဲ့စဉ်က
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အဆိုပါအများပြည်သူသုံးအင်တာနက်ဆိုင်များ၏ အဓိကပြဿနာမှာ အင်တာနက်မြန်နှုန်းများ နှေးကွေးမှုဖြစ်သည်။ ထို့အတွက်အင်တာနက်လာရောက်အသုံးပြုသူများမှာ တဖြည်းဖြည်းနည်းပါးလာကြသည်။

ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ဝင်ငွေရရှိမှုများလျော့နည်းလာမှုကြောင့် ဂိမ်းကစားလိုသူများပါအဆင်ပြေစေနိုင်မည့် ဂိမ်းကစားနိုင်သည့် ဝန်ဆောင်မှုနှင့် အွန်လိုင်းပေါ်မှတစ်ဆင့် နိုင်ငံတကာသို့ တယ်လီဖုန်းခေါ်ဆိုသည့် ဝန်ဆောင်မှုများကို အင်တာနက်အသုံးပြုနိုင်ခြင်းနှင့်အတူ ပူးတွဲလုပ်ဆောင်လာကြခြင်းဖြစ်ကြောင်း အထက်ပါလုပ်ငန်းရှင်အချို့ထံမှသိရသည်။

“အင်တာနက်လာသုံးမယ့်သူတွေကိုချည်း အားကိုးနေလို့မရတော့ဘူး။ ကျွန်တော်တို့ အခုဝင်နေတဲ့ ဝင်ငွေတွေရဲ့ တစ်ဝက်က ဂိမ်းလာပြီးကစားတဲ့သူတွေဆီကပဲ။ အင်တာနက်တစ်ခုတည်းသာထားလို့ကတော့ ဆိုင်ပြုတ်တာကြာလှပြီ” ဟု ရန်ကုန်မြို့တွင်းဖွင့်လှစ်ထားသည့် Cyber Cafe တစ်ခုမှတာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုကဲ့သို့ ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားကြသည့် အများပြည်သူသုံးအင်တာနက်ဆိုင်များတွင် အထက်ပါအခြားဝန်ဆောင်မှုများကိုပါပူးတွဲမလုပ်ကိုင်ကြသည့်ဆိုင်အချို့မှာမူ လုပ်ငန်းများရပ်ဆိုင်းလိုက်ရသည်အထိဖြစ်ပေါ်ခဲ့ကြကြောင်းလည်း အထက်ပါဆိုင်အချို့ထံမှသိရသည်။

“ဆိုင်ရဲ့ ပုံမှန်ဝင်ငွေရရှိမှုနဲ့ လုပ်ငန်းအခြေမပျက်ဖို့ကို နိုင်ငံခြားဖုန်းခေါ်ဆိုမှုနဲ့ ဂိမ်းကစားနိုင်တဲ့ဝန်ဆောင်မှုတွေက ကျားကန်ပေးနေရတယ်။ အင်တာနက်သီးသန့်အသုံးပြုနိုင်တဲ့ဆိုင်တွေထဲက အချို့ကတော့ လုံးဝပြုတ်သွားတာမျိုးတွေရှိခဲ့တယ်” ဟု လသာမြို့နယ်အတွင်းဖွင့်လှစ်ထားသည့် အင်တာနက်ကဖေးဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

အင်တာနက်ဆက်သွယ်ရေး မြန်နှုန်းများနှေးကွေးနေခြင်းနှင့်ပတ်သတ်ပြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကတာဝန်ရှိသူတစ်ဦးကမူလတ်တလောတွင်ဆက်သွယ်မှုများနှေးကွေးနေ သော်လည်း မကြာမီအချိန်အတွင်းမြန်နှုန်းမြင့်ဖိုက်ဘာဆက်ကြောင်းစနစ်များကို အသုံးပြုလာနိုင်တော့မည်ဖြစ်သဖြင့် အင်တာနက်ဆိုင်လုပ်ငန်းများ ယခုထက်ပိုမိုအဆင်ပြေလာမည်ဟုပြောသည်။

“အင်တာနက်ကွန်နက်ရှင်တွေမကောင်းလို့နိုင်ငံခြားဖုန်းခေါ်တာလေးနဲ့ခံထားရပါတယ်။ဟိုတလောက နိုင်ငံခြားဖုန်းခေါ်ဆိုခွင့်ကိုဆိုင်တွေမလုပ်ရဘူးဆိုတော့ တော်တော်လေးကို ရှေ့အတွက်စိတ်ပူသွားတာ။ ဒီလိုမှမဟုတ်ရင်လည်း ရန်ကုန်မြို့မှာ အင်တာနက်ဆိုင်တွေ တဖြည်းဖြည်းလုံးပါးပါးကုန်မယ်ထင်တယ်” ဟု ရန်ကုန်မြို့ ကမာရွတ်မြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် Internet Cafe တစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုလက်ရှိ ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားကြသည့် အင်တာနက်ဆိုင်အများစုမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂံဆိုက်ဘာတက်ခ်တို့ရှိအင်တာနက်လိုင်းများဖြင့် အများဆုံးချိတ်ဆက်ထားကြခြင်းဖြစ်သည်။

ထို့အပြင် အင်တာနက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြည်တွင်းအင်တာနက်ဆက်သွယ်မှုစနစ်များကို လက်ရှိအခြေအနေထက် ကောင်းမွန်သည့် မြန်နှုန်းများဖြင့် ဝန်ဆောင်မှုပေးမည် ကိုမျှော်လင့်နေကြကြောင်းသိရှိရသည်။




# ပြည်ပကုမ္ပဏီများပါဝင်မည့် အိုင်စီတီပြပွဲကျင်းပမည်

ယုဇနကိုကို

**ရန်ကုန်၊စက်တင်ဘာ-၁၇**

နိုင်ငံတကာမှ နည်းပညာကုမ္ပဏီများပါဝင်ပြသမည့် Myanmar International ICT Exhibition ကို လာမည့်အောက်တိုဘာလအတွင်း ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



Myanmar International ICT Exhibition 2011 ကိုမြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ပြည်တွင်း၏ အိုင်တီနှင့် မိုဘိုင်းကဏ္ဍဖွံ့ဖြိုးရေးအတွက် အဓိကရည်ရွယ်ကာပြုလုပ်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

အဆိုပါပြပွဲတွင် ပြည်တွင်း၊ ပြည်ပရှိနည်းပညာကုမ္ပဏီများက သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာဆိုင်ရာ ဆက်စပ်ပစ္စည်းများအားလုံးကို ရောင်းချပေးသွားမည်ဖြစ်သည်ဟု သိရသည်။


ပြပွဲတွင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီပေါင်း လေးဆယ်ခန့်မှ ပြခန်းပေါင်း ၁၀၀ ကျော်ဖြင့်ပါဝင်ပြသမည်ဖြစ်သည်။

ထို့အပြင် ပြပွဲကျင်းပနေစဉ်ကာလအတွင်း နည်းပညာနှင့်ပတ်သတ်သည့် ဟောပြောပွဲများ၊ ထုတ်ကုန်ပြပွဲများကိုပါထည့်သွင်းကျင်းပသွားမည်ဖြစ်သည်ဟုသိရသည်။

ပြပွဲကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် အောက်တိုဘာလ ၂၀ မှ ၂၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကျင်းပမည်ဖြစ်သည်။







7DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# ၂၀၁၁ ခုနှစ် မိုးနှောင်းရက်ကျန် ရာသီဥတုအလားအလာ

မောင်ထွန်းလွင်(မိုးလေဝသ)

**နှုတ်ဆက်တော့မယ့် မုတ်သုံ**

အခုစက်တင်ဘာ ၁၅ ရက်မှာပဲအနောက်တောင်မုတ်သုံလေဟာ ပါကစ္စတန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းကနေပြီး စတင်ဆုတ်ခွာနေပြီဖြစ်ပါတယ်။ မကြာမတင်မှာပဲ မြန်မာနိုင်ငံမြောက်ပိုင်းကနေပြီး မုတ်သုံလေဟာ စတင်ဆုတ်ခွာတော့မှာဖြစ်ပါတယ်။ မုတ်သုံနှုတ်ဆက်ပွဲသိမ်းဟာ ခါတိုင်းနှစ်တွေလိုပဲ လျှပ်စီးလက်မိုးမောင်းတွေ တဝင်းဝင်း မိုးခြိမ်းသံတီးလုံးတွေ တဒိုင်းဒိုင်းနဲ့ စည်ကားဦးမှာပါပဲ။

**၂၀၁၁ ခုနှစ်၏ မိုးနှောင်းရက် ကျန်**

နှစ်တစ်နှစ်ရဲ့ ရာသီဥတုကို သုံးမျိုးခွဲခြားနိုင်ပါတယ်။ ပူပြင်းခြောက်သွေ့သော ရာသီဥတုကိုဖြစ်စေတတ်သော အယ်လ်နီညိုနှစ်၊ အေးပြီးစွတ်စိုသော ရာသီဥတုကိုဖြစ်စေသော လာနီညာနှစ်၊ မည်သည့်ဘက်ကိုမျှမလိုက်ဘဲ ရိုးရိုးပုံမှန်ရာသီဥတုကိုဖြစ်စေသော ကြားနေနှစ် ဆိုပြီးဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်ရဲ့ လက်ကျန်ရာသီဥတုကို ခန့်မှန်းရာမှာ ရာသီဥတုအမြင့်ဆုံးအင်အားကို ရောက်စေလေ့ရှိသော ဒီဇင်ဘာလတွင် အယ်လ်နီညိုဖြစ်ဖို့ ၂၅ ရာခိုင်နှုန်း၊ လာနီညာဖြစ်ဖို့ ၂၅ ရာခိုင်နှုန်း ဆတူရှိနေပြီး၊ ကြားနေနှစ်ဖြစ်ဖို့ ၅၀ ရာခိုင်နှုန်းရှိကြောင်း အဖြေရရှိထားပါတယ်။ ဆိုလိုသည်မှာ ၂၀၁၁ ခုနှစ်၌ လက်ကျန်လများသည် မပူလွန်းမအေးလွန်း၊ မိုးမများလွန်း မနည်းလွန်းသော အခြေအနေမျိုး ဖြစ်ပါလိမ့်မည်ဟု အဓိပ္ပာယ်သက်ရောက်ပါတယ်။

**၂၀၁၁ ခုနှစ်မိုးနှောင်းကာလ(စက်တင်ဘာလ) အခြေအနေ ခန့်မှန်းချက်**

၂၀၁၁ ခုနှစ်၏ မိုးနှောင်းကာလသည် ရက်ကာလအားဖြင့် ၂၅ ရက်မှရက် ၃၀ ခန့်ကြာမြင့်နိုင်ပါသည်။ အနောက်တောင် မုတ်သုံလေသည် မိုးနှောင်းကာလအတွင်း အားအနည်းငယ်မှ အသင့်အတင့်သာရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်လာနိုင်သော်လည်း မုန်တိုင်းတစ်ခုအဖြစ်သို့ရောက်နိုင်ဖွယ်ရာ မရှိနိုင်လို့ ခန့်မှန်းရပါတယ်။



*ပဲခူးမြစ်ရေကြီးမှုကြောင့် ပဲခူးမြို့ ရေလွှမ်းနေသည်ကို တွေ့ရစဉ်*

ဓာတ်ပုံ - အောင်သူရ

**အနောက်တောင် မုတ်သုံလေ ဆုတ်ခွာမှု ခန့်မှန်းချက်**

အနောက်တောင် မုတ်သုံလေသည် စက်တင်ဘာ ၂၀ ရက်ခန့်တွင် စတင်၍ မြန်မာနိုင်ငံမြောက်ပိုင်းမှ ဆုတ်ခွာမည်ဟု ခန့်မှန်းရပါသည်။ စက်တင်ဘာ ၂၅ ရက်ခန့်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ လည်းကောင်း၊ စက်တင်ဘာလကုန်ခန့်တွင် မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာလဆန်းခန့်တွင် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။

**နှုတ်ဆက်ပွဲမှာ ကြုံတွေ့ရတဲ့ သတိထားရမယ့်အရာတွေ**

မုတ်သုံနှုတ်ဆက်ပွဲမှာ ဝမ်းနည်းကြေကွဲတယ်ပဲ ပြောပြော၊ အပျော်ကြူးကြတယ်ပဲ ပြောပြော၊ ဘေးထွက်ဆိုးကျိုးလေးတွေတော့ရှိတတ်ပါတယ်။ ဒီနှုတ်ဆက်ပွဲမှာ အားပျော့သွားတဲ့ မုတ်သုံတိမ်တွေရဲ့ နေရာမှာ မိုးတိမ်တောင်တွေ အများကြီးက နေရာယူလာတတ်ပါတယ်။ ဒီတော့ နေရာကွက်မိုးကြီးတတ်တယ်။ ဒီတော့ လျှပ်တစ်ပြက်ရေကြီးတာတို့၊ မြေပြိုတာတို့ ဖြစ်တတ်ပါတယ်။ မိုးကြိုးလည်း ပစ်တတ်ပါတယ်။ ဒါမျိုးတွေက အထူးသဖြင့် မွန်းလွဲပိုင်းတွေမှာ အဖြစ်များတတ်ပါတယ်။ အဲ. . မုတ်သုံဆုတ်အပြီး ရက်သတ္တတစ်ပတ်လောက် အကြာမှာတော့ အားလျော့သွားတတ်ကြပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ် တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းတောင်ပိုင်း၊ ဧရာဝတီတိုင်း အနောက်တောင်ပိုင်း၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက် ပိုကာကျန်ဒေသများတွင် ရွာသွန်းမြဲခန့်ရှိနိုင်ပါတယ်။

**အရှေ့လေပွေလှိုင်းများ**

မြောက်ပစိဖိတ် သမုဒ္ဒရာ အနောက်ပိုင်းနဲ့တောင်တရုတ်ပင်လယ်ပြင်မှ အပူပိုင်းမုန်တိုင်းတွေဟာ စက်တင်ဘာမှာ ထိုင်းနိုင်ငံမြောက်ပိုင်းမှတစ်ဆင့်မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများရှိရာကိုရောက်ရှိ လာနိုင်ဖွယ်ရာမရှိဘူးလို့ ခန့်မှန်းရပါတယ်။

**၂၀၁၁ ခုနှစ်မိုးလွန်ကာလ(အောက်တိုဘာလနှင့် နိုဝင်ဘာလ) အခြေအနေ ခန့်မှန်းချက်။ ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း အောက်တိုဘာတွင် လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်မှ သုံးကြိမ်ခန့်တွင် မုန်တိုင်းငယ်အဖြစ် ရောက်ရှိလာနိုင်ပါသည်။ နိုဝင်ဘာလတွင် လေဖိအားနည်း ရပ်ဝန်းသုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်မှနှစ်ကြိမ်ခန့်တွင် မုန်တိုင်းငယ်များ အဖြစ်သို့ ရောက်ရှိလာနိုင်ပါတယ်။

**အရှေ့လေပွေလှိုင်းများ**

မြောက်ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းနှင့် တောင်တရုတ်ပင်လယ်ပြင်မှ အပူပိုင်းမုန်တိုင်းများသည် အရှေ့လေပွေလှိုင်းများအဖြစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများဖြစ်သော ကယားပြည်နယ်နှင့် ကရင်ပြည်နယ်များသို့ နှစ်ကြိမ်ခန့်နှင့် နိုဝင်ဘာလတွင် တစ်ကြိမ်ခန့်ဝင်ရောက်လာနိုင်ပါတယ်။

**အချိန်အခါမဟုတ် မိုးများရွာသွန်းနိုင်မှု**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်သောမုန်တိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဖက်မှဝင်ရောက်လာသော အရှေ့လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း မြန်မာနိုင်ငံအလယ်ပိုင်း၊ မြေလတ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် သုံးကြိမ်မှ လေးကြိမ်ခန့် အချိန်အခါမဟုတ် မိုးများရွာသွန်းနိုင်သည်ဟု ခန့်မှန်းရပါတယ်။ အထူးသဖြင့် ဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပေါ်တဲ့ မုန်တိုင်းများဟာ အရှေ့မြောက်ဖက်ကို ဦးတည်ရွေ့လျားပါက အချိန်အခါမဟုတ် မိုးရွာသွန်းမှုဟာ မြန်မာနိုင်ငံအထက်ပိုင်း၊ ရခိုင်ပြည်နယ်၊ အနောက်မြောက်ပိုင်းဒေသများအထိ ပျံ့နှံ့နိုင်တဲ့အပြင် ရခိုင်ပြည်နယ်မှာမုန်တိုင်းဝင်ရောက်နိုင်မှုအန္တရာယ်ကိုပါ သတိပြုရန်လိုအပ်မှာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၃၄ နှစ်အတွင်း မြန်မာနိုင်ငံကို ဝင်ရောက်ခဲ့တဲ့ မုန်တိုင်း ၈၄ လုံးရဲ့ ၄၉ ရာခိုင်နှုန်းဟာ မိုးလွန်ကာလမှာ ဝင်ရောက်ခဲ့ခြင်းဖြစ်တဲ့အတွက် မိုးလွန်ကာလဟာ မြန်မာနိုင်ငံရဲ့ ဒုတိယမုန်တိုင်းရာသီဖြစ်တယ်ဆိုတဲ့ အချက်ဟာ မိုးလွန်ကာလတွေမှာ မုန်တိုင်းအန္တရာယ်ကို သတိပြုဖို့ လိုအပ်ကြောင်း မီးမောင်းထိုးပြနေတာ ဖြစ်ပါတယ်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ငဝန်မြစ်စတဲ့ မြစ်အသီးသီးတို့ရဲ့ မြစ်ရေတွေဟာ စိုးရိမ်ရေအမှတ်များကို ရောက်အောင်တစ်ကြိမ်ခန့်စီ မြင့်တက်လာနိုင်တယ်လို့ခန့်မှန်းရပါတယ်။

**အားလုံးထဲက ထူးခြားနေတဲ့ အရာ**

၂၀၁၁ ခုနှစ်ရဲ့ ရာသီဥတုဖြစ်စဉ်တွေထဲက အထူးခြားဆုံးဟာ ဘာလဲလို့မေးရင် ဘင်္ဂလားပင်လယ်အော်ထဲမှာဖြစ်ပေါ်တဲ့ မုန်တိုင်းလို့ပြောရမှာဖြစ်ပါတယ်။ အခုစက်တင်ဘာလရောက်တဲ့အထိ ဘင်္ဂလားပင်လယ်အော်ရေပြင်ပေါ်မှာ မုန်တိုင်းတစ်ကြိမ်မှ မဖြစ်ပေါ်သေးပါဘူး။ အမှန်အတိုင်းပြောရရင် ၂၀၁၁ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းကကုန်းမြေပေါ်မှာ မုန်တိုင်းဖြစ်လုဖြစ်ခင် အခြေအနေအထိ ရောက်ခဲ့တဲ့ လေဖိအားနည်း ရပ်ဝန်းတွေတော့ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ မုန်တိုင်းအဆင့်ကိုတော့ မရောက်ခဲ့ပါဘူး။

ဒီနေရာမှာ စဉ်းစားစရာ အချက်ကတော့ ဘင်္ဂလားပင်လယ်ရဲ့ ၁၃၄ နှစ် မုန်တိုင်းမှတ်တမ်းသမိုင်းမှာ မုန်တိုင်းမဖြစ်တဲ့ နှစ်ဆိုတာ မရှိခဲ့ပါဘူး။ အနည်းဆုံး လေးကြိမ်တော့ ဖြစ်ပါတယ်။ ၁၉၇၈ ခုနှစ်နောက်ပိုင်း ရာသီဥတုပြောင်းလဲမှုကြောင့် မုန်တိုင်းဖြစ်တာတွေ လျော့သွားတယ်လို့ဆိုတာတောင် တစ်နှစ်ပျမ်းမျှ ၆ လုံးတော့ ဖြစ်ပါတယ်။ နောက်ပြီး မိုးလွန်ဆိုတာ မြန်မာနိုင်ငံကို ဝင်ရောက်ခဲ့တဲ့မုန်တိုင်းတွေအားလုံးရဲ့ ၄၉ ရာခိုင်နှုန်းဝင်ရောက်တတ်တဲ့မြန်မာနိုင်ငံရဲ့ ဒုတိယမုန်တိုင်းရာသီ။ နောက်ပြီး ၂၀၁၁ ခုနှစ်ဆိုတာ ရှေ့က ငါးနှစ်ဆက်တိုက် မုန်တိုင်းတွေ ဝင်ခဲ့တဲ့နောက် ၆ နှစ် မြောက်နှစ်၊ ၂၀၁၁ ခုနှစ်ရဲ့ မိုးလွန်ဆိုတာ အောက်တိုဘာ မှာ မုန်တိုင်း သုံးလုံးဖြစ်ခဲ့ပြီး တစ်လုံး မြန်မာပြည်ဝင်ခဲ့တဲ့ ၂၀၁၀ ခုနှစ်ရဲ့နောက်တစ်နှစ်၊ ကျွန်တော်စိတ်အဝင်စားဆုံးကတော့ ဒီမုန်တိုင်းတွေပါပဲ။

ကဲ . . . ဒီတော့ ။ မုန်တိုင်း . . ဘာလဲ။ ဘယ်လဲ. . . ။

# အပြော်နှင့်အလုပ် ညီပါစေ

မင်းမောင်မောင်

နိုင်ငံတော်မှပင်စင်လစာတိုးပေးသောကြောင့်လျှောက်လွှာတင်ရန်မြို့နယ်သို့သွားရသည်။ မြို့နယ်ပညာရေးမှူးရုံးသို့ရောက်သောအခါ လျှောက်လွှာနှင့်အတူပင်စင်စာအုပ်ကိုမိတ္တူသုံးစုံကူး၍ ပူးတွဲတင်ရကြောင်းစာရေးကြီးက ပြောပါသည်။ ထိုကြောင့် မိတ္တူကူးရန် မိတ္တူကူးသောဆိုင်သို့ သွားရလေသည်။ မိတ္တူကူးသောဆိုင်ကို တွေ့၍ အတွင်းသို့ဝင်သွားရာ မည်သူ့ကိုမှမတွေ့သဖြင့် အသေအချာကြည့်သောအခါ ဘုရားစင်ရှေ့တွင် အသက် ၃၀ နှစ်ခန့်အမျိုးသားတစ်ယောက် တင်ပျဉ်ခွေလျက် တရားရှုမှတ်နေသည်ကို မြင်ရလေသည်။ ဘုရား၊ တရားနှင့်နေသော ထိုလူကိုကြည့်လျက် ကြည်နူးမှုဖြစ်ရလေသည်။ ထိုစဉ်တွင် အမျိုးသမီးတစ်ယောက် အိမ်အတွင်းမှ ထွက်လာသောကြောင့် "မိတ္တူကူးချင်လို့ပါ" ဟု ပြောပြရပါသည်။

အမျိုးသမီးက "ဘယ်လိုမိတ္တူကူးမှာလဲ" ဟုမေးပါသည်။ ကျွန်တော်က "ပင်စင်စာအုပ်ကိုမိတ္တူလေးစောင်ကူးမှာပါ။ အရင်ကရောပင်စင်စာအုပ်ကိုမိတ္တူကူးဖူးသလား" ဟုမေးလျက်ပင်စင်စာအုပ်ကိုပေးလိုက်ပါသည်။ ကျွန်တော်၏အမေးကိုမည်သို့ အဓိပ္ပာယ်ပေါက်သွားသည်မသိ တရားရှုမှတ်နေသော အမျိုးသားသည်ရုတ်တရက်ထလာပြီး "ကဲ မိတ္တူမကူးတတ်ဘူး ထင်နေတယ်။ အဲဒီတော့ စာအုပ်ကို ပြန်သာပေးလိုက်" ဟု စိတ်မရှည်ဟန်နှင့်ပြောပါသည်။ ကျွန်တော်ကလည်း "ပြန်ပေးချင်လည်းပေးလိုက်လေ" ဟု ဆိုကာ ပင်စင်စာအုပ်ကိုပြန်ယူ၍ ဆိုင်မှထွက်ခဲ့သည်။ "အင်း၊ တရားရှာနေတဲ့လူကလည်း စိတ်တိုလွန်းလှပါကလား" ဟု စိတ်ထဲမှ တွေးမိလေသည်။ ထိုမှ အတော်အတန်သွားမိလျှင် မိတ္တူကူးသော ဆိုင်တစ်ဆိုင်ကိုထပ်တွေ့ပါသည်။ ဆိုင်တံခါးမှာ ပိတ်ထားသောကြောင့် ဆိုင်ရှေ့ရှိမုန့်ဟင်းခါးဆိုင်ကို မေးကြည့်ရာဆိုင်ရှင် မရောက်သေးကြောင်း သိရလေသည်။ အချိန်မှာ ၈ နာရီကျော်ပြီဖြစ်သောကြောင့် "တော်တော်ထူးခြားတဲ့ဆိုင်ရှင်ပဲ" ဟု မှတ်ချက်ပြုမိလေသည်။ မိတ္တူကူးဆိုင်တစ်ဆိုင်ကို ဆက်လက်ရှာဖွေရာ လမ်းဆုံတစ်ခုသို့ရောက်သောအခါ ဆိုင်တစ်ဆိုင်ကိုတွေ့သဖြင့် ဝင်သွားပါသည်။ ဆိုင်ရှင်က "မိတ္တူတစ်စုံလက်ခံထားလျှင် မိတ္တူလေးစုံကူးရမည်ဖြစ်ကြောင်းနှင့် ၁၁၀၀ ကျပ်ပေးရမည်ဖြစ်ကြောင်း ပြောပါသည်။

ကျွန်တော်က "မနေ့က ကျွန်တော်ညီ ဒီမြို့မှာပဲမိတ္တူလေးစုံကူးတာ ၅၀၀ ကျပ်ပဲပေးရတယ်" ဟု ပြောရာဆိုင်ရှင်က "မဖြစ်နိုင် တာဘဲဗျာ။ ပင်စင်စာအုပ်တွေကို ကျွန်တော်တို့နေ့စဉ်ကူးပေးနေ တာ ၁,၁၀၀ ကျပ်နဲ့ပဲ ကူးပေးနေရပါတယ်။ ဒီတော့ ၁,၀၀၀ ကျပ်နဲ့ ကူးပေးပါမယ်ဟုပြောလေသည်။ ကျွန်တော့်မှာ ဈေးကအလွန်ကွာခြားလွန်းနေသဖြင့် ချီတုံချတုံဖြစ်နေလေသည်။ ကျွန်တော့်ညီပင်စင်စာအုပ်ကို မနေ့ကမှ မိတ္တူလေးစုံကူးရာ ငါးရာကျပ်သာပေးရကြောင်း ကျွန်တော်တပ်အပ်သေချာသိထားပြီး ဖြစ်ပါသည်။

မိတ္တူဆိုင်ရှင်က "သူများဆိုင်တွေက အရွက်လိုက်ပြန်ပေးတာ ကျွန်တော်တို့က စာအုပ်ချုပ်ပြီး ပြန်ပေးမှာပါ" ဟု ပြောပြန်ပါသည်။ ကျွန်တော်သည် ကိစ္စမြန်မြန်ပြီးလိုသောကြောင့် ထိုဆိုင်မှာပင် မိတ္တူလေးစုံ ကူးခိုင်းလိုက်ပါသည်။ မိတ္တူကူးရန် ထိုင်စောင့်နေစဉ်ဆိုင်ရှင်သည် သူ့ဇနီးနှင့်စကားပြောနေကြပါသည်။

"မနေ့ကကွာ ကိုယ်စိတ်မကောင်းလိုက်တာ။ မိန်းမကြီးတစ်ယောက် ကုန်စိမ်းတောင်းတွေကို ကားပေါ်တင်ပေးတာ ကားတံခါးပြုတ်ကျပြီး ထိပ်ကွဲသွားတယ်။ သွေးတွေကလည်း တအားထွက်နေတာပဲ။ သူကုန်သယ်ခက လွန်ရလှသုံးရာကျပ်ပေါ့။ သူ့ဒဏ်ရာကိုဆေးခန်းပြရင် အနည်းဆုံးနှစ်ထောင်လောက်ကုန်မယ်။ တော်တော်နဲ့ အလုပ်ပြန်လုပ်နိုင်မှာ မဟုတ်ဘူး။ ကားသမားကလည်း သူတို့ပေါ့ဆလို့တံခါးပြုတ်ကျတာပဲ ဆေးဖိုးဝါးခပေးသင့်တယ်။ ဒီကားပိုင်ရှင်နဲ့ကိုယ်နဲ့ ရင်းနှီးတယ်။ တွေ့မှအကျိုးအကြောင်းပြောပြရင် သူကတော့နေမှာ မဟုတ်ဘူး။ ဒီလူကပေးမှု၊ ကမ်းမှုရက်ရောတယ်" ဟု စိတ်မကောင်းစွာပြောနေလေသည်။ မိတ္တူကူးရန် စောင့်နေကြသောလူများက မိတ္တူကူးသော ဆိုင်ရှင်ကို "ဒီလူဟာ သူတစ်ပါးကိုတော်တော်ကူညီချင်တဲ့လူ၊ အကြင်နာတရားရှိတဲ့လူ၊ ကိုယ်ချင်းစာတရားထားတဲ့လူ" ဟု တွေးထင်စရာဖြစ်လာပါသည်။

မိတ္တူကူးပြီးသောအခါ ကျွန်တော်သည် ပညာရေးမှူးရုံးသို့ သုတ်ခြေတင်ရပြန်သည်။ ရောက်သောအခါ လျှောက်လွှာတွင် လိုအပ်ချက်များကို ဖြည့်စွက်လျက်လက်မှတ်ရေးထိုးပြီး ပင်စင်စာအုပ်မိတ္တူသုံးအုပ်နှင့်အတူ စာရေးကြီးထံ အပ်နှံလိုက်ရာ ပင်စင်လျှောက်ထားမှုကိစ္စပြီးစီးသွားပါသည်။

နေအိမ်သို့ပြန်မည်ဟု ထလိုက်စဉ် ကျွန်တော်နှင့်တစ်ရွာတည်းနေ တစ်ရေတည်းသောက် ပင်စင်စားဆရာမကြီးတစ်ယောက်ရောက်ရှိလာပါသည်။ ဆရာမကြီးမှာ အသက်ရှစ်ဆယ်ကျော်၍ နေပေပြီ။ သူနှင့်အတူ အဖော်တစ်ယောက်မှ မပါပါ။ နားမကြားသောကြောင့် အော်၍ ပြောရသည်။ တစ်ရွာတည်းသားဆရာမကြီးကိုကူညီရန် ကျွန်တော့်မှာတာဝန်ရှိပါသည်။ ထို့ကြောင့် ဆရာမကြီးကို အကျိုးအကြောင်းမေးရာ နားမကြားသောကြောင့် မေးမရဖြစ်နေသည်။ "ဘယ်လိုလုပ်ရပါ့" ဟုစဉ်းစားရပါသည်။ ထိုနောက် အကြံရကာ စာရွက်တစ်ရွက်ပေါ်တွင် စာဖြင့်ရေး၍မေးရပါသည်။


စာ(၄၀) သို့

7DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

## ငယ်ငယ်တုန်းက ခရေဖူး (သို့မဟုတ်)

# ကျောင်းသားလူငယ်တိုင်း ဖတ်သင့်သော စာတစ်အုပ်

■ ချမ်းငြိမ်း




(၁)

၁၉၇၈-၇၉ ဝန်းကျင်နှစ်များကဖြစ်ပါသည်။ ရန်ကုန်မြို့လယ်ကျောက်တံတားမြို့နယ်ရှိလမ်းတိုတစ်လမ်းသို့မိဘများ၏ခေါ်ဆောင်မှုကြောင့်လိုက်ပါခဲ့ရသည်။ ထိုလမ်းတိုလေးရှိ တစ်ခုသော မြေညီတိုက်ခန်းသို့ရောက်သော် မိဘများသည် ၎င်းတို့၏ မိတ်ဆွေဇနီးမောင်နှံနှစ်ဦးနှင့် စကားလက်ဆုံကျကြလေသည်။ မိမိမှာ ကလေးပီပီဂနာမငြိမ်ဟိုဆော့သည်ဆော့နှင့် ဆော့ကစားလျက်ရှိရာ မိဘများက တဟဲ့ဟဲ့နှင့် စကားအေးဆေးပြောမရဖြစ်ကြရ၏။ ထိုအခါ အိမ်ရှင်ဖြစ်သူ လူလတ်ပိုင်းအသားလတ်လတ် အရပ်ခပ်ပြတ်ပြတ် မျက်မှန်ကိုင်းအမည်းနှင့်အဖေ့မိတ်ဆွေက စာအုပ်လေးတစ်အုပ်ထိုးပေးပါသည်။ စာအုပ်လေးအား လှန်လှောရင်း စိတ်ဝင်စားသွားကာ မိမိမှာ အဆော့လည်း ရပ်သွားပါ၏။ စာအုပ်မှာဗိုလ်ချုပ်အောင်ဆန်းပုံ သရုပ်ဖော်ချက်များနှင့်ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားထားသည့်စာအုပ်လေးဖြစ်ပါ၏။ လာရင်းကိစ္စပြီး၍ ပြန်သောအခါ အဖေ့မိတ်ဆွေက စာအုပ်အား အပိုင်ပေးလိုက်ကြောင်း စာအုပ်ထဲတွင်ပါသည့်ရုပ်ပုံများကိုလည်း ပြန်လည်ကူးဆွဲနိုင်ပါကြောင်းပြောပါသည်။

ထိုပုဂ္ဂိုလ်ပြောသည့်အတိုင်းလည်း အိမ်ပြန်ရောက်သော် စာအုပ်ကိုထပ်ခါတလဲလဲ ဖတ်ကြည့်သည်။ ရုပ်ပုံများကူးရေးဆွဲမိသည်။ စာအုပ်လေးအမည်က 'ကလေးတို့ချစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း' ဟူ၍ဖြစ်သည်။ ရေးသူမှာ လွန်းမြိုင် ဟုသိရသည်။ စာကို လွယ်ကူရှင်းလင်းစွာ ရေးထားသောကြောင့်စာအုပ်မှာဖတ်၍ကောင်းလှသည်။ စာသင်ကျောင်း၌ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း သင်ယူခဲ့ရသော်လည်း ယခုစာအုပ်လေးမှာ တစ်မူထူး၍နေပါသည်။ စာအုပ်ကိုဖတ်ရင်းဗိုလ်ချုပ်ဘယ်လိုလူဆိုတာ တစ်ခါတည်း နားလည်သဘောပေါက်သွားစေ၍ စာအုပ်ကိုလည်း တမြတ်တနိုးသိမ်းထားခဲ့သည်။

နောက်တော့ အသက်အရွယ်ရလာ တစ်အိမ်ပြီးတစ်အိမ်ပြောင်း ဟိုရွှေ့ သည်ရွှေ့လုပ်ရင်းဗိုလ်ချုပ်စာအုပ်လေး ပျောက်သွားသည်။ သို့ပါသော်လည်း အကြောင်းတိုက်ဆိုင်လာပါက ထိုစာအုပ်လေးကိုမကြာခဏသတိရမိလေသည်။

(၂)

တစ်နေ့က မြို့ထဲရှိ စာအုပ်အရောင်းဆိုင်ရောက်ခိုက် စာအုပ်အသစ်များ စင်၌ ထိုဗိုလ်ချုပ်စာအုပ်လေးကို ပြန်လည်မြင်တွေ့ရသည်။ ပထမအကြိမ် ထုတ်စဉ်ကအတိုင်း အရောင်အသွေးတူ ပုံသဏ္ဌာန်တူ တစ်ပုံစံတည်း၊ ဈေးနှုန်းကြည့်လိုက်တော့ ငါးရာကျပ်တဲ့။ သည်ခေတ် ငွေကြေးတန်ဖိုးအရ အလွန်သင့်လျော်သည့်နှုန်းထား၊ ပျောက်ဆုံးသွားသော တစ်စုံတစ်ရာပြန်လည်ရရှိသလို ခံစားမှုဖြင့် စာအုပ်လေးကိုဝယ်ယူခဲ့ပါသည်။

အိမ်ရောက်တော့ ထိုဗိုလ်ချုပ်စာအုပ်လေးအား အပြန်ပြန်အလှန်လှန် လှန်လှောနေမိသည်။ နှစ်သုံးဆယ်ကျော်ကြာမှပြန်လည်ဖတ်ရှုရသော စာအုပ်ကလေး. .

သရုပ်ဖော်ပန်းချီပေါ်ဦးသက်နှင့် စိုးမိုးအောင်တို့၏ ကလေးသူငယ်အကြိုက် ပန်းချီပုံလေးများက ဝေဝေဆာဆာ၊ ပုံတွေက အသက်ဝင်လှသည်။ ကျောင်းသားလူငယ်တိုင်းကြိုက်လောက်သည့်ပုံမျိုး။ စာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းငယ်စဉ် ဘဝကို ရေးသားရာ၌ အောက်ပါအတိုင်းဖတ်ရှုရသည်။

"တစ်နေ့မှာ တောက စပါးဝယ်သူတွေရောက်လာပြီး အမေစုနဲ့စကားပြောကြတယ်။ ဝယ်တုန်းက ၆၀ ဈေးဝယ်ရတယ်။ မင်းတို့လိုချင်ရင် ၅၀ ဈေးထားပေ့ါလို့ အမေစုကပြောတယ်။ အနားမှာကစားနေတဲ့အောင်ဆန်းကအစ်မ. . . မဟုတ်တာတွေပြောရော့မယ်။ ဒီစပါး ၅၀ ဈေးနဲ့ ဝယ်ထားတာ။ ကျုပ်သိတယ်။ ဟုတ်တာပြောမှ ဥစ္စာပေါတယ်။ လိမ်ပြောတာမကောင်းဘူးလို့ ဝင်ပြောလိုက်တယ်"

"တစ်ခါက အိမ်အောက်ထပ်မှာ ကစားရင်း သူ့အစ်မကြီးဒေါ်ခင်ညွန့်ရဲ့ ရက်ကန်းစင်ကရက်လုပ်ထားဆဲပိုးယောလုံချည်စကို ဓားနဲ့ထိုးကစားပစ်တယ်။ အားလုံးပျက်စီးကုန်တာပေ့ါ။ နောက်ပြီးမသိဟန်ဆောင်ကာ ဆက်ကစားနေတယ်။ အမေက သိလို့ အောင်ဆန်း မင်းလုပ်တာမဟုတ်လားလို့မေးတော့ ဟုတ်တယ်လို့ ဖြေတယ်။ သူ့အပြစ်ကို ရိုးသားစွာဝန်ခံလိုက်တယ်"

"တစ်နေ့မှာ ဆရာတော်ဘုန်းကြီးက ကျောင်းသားတွေကိုအလုပ်မရှိရင် အိပ်နေကြ။ မင်းတို့အားလုံး အိပ်ချင်ကြတယ်မဟုတ်လားလို့မေးတော့ ဘုန်းကြီးအလိုကျအတိုင်း အိပ်ချင်ကြပါတယ်လို့ဖြေကြတယ်။ အောင်ဆန်းရောလို့မေးတော့ မအိပ်ချင်ပါဘူးဘုရားလို့ဖြေတယ်။ အောင်ဆန်းဟာ သူ့စိတ်ထဲရှိတဲ့ အတိုင်း မှန်ရာကိုလျှောက်လိုက်တော့ ဘုန်းကြီးလည်း ပြုံးနေရတော့တယ်"

"ကိုအောင်ဆန်းဟာ အိမ်မှာရှိတဲ့ ချေးငွေစာချုပ်၊ မြေပေါင်စာချုပ်တွေကို တိတ်တိတ်ခိုးပြီးမီးရှို့ဖျက်ဆီးပစ်တယ်။ ဒီတော့အမေစုက ကိုအောင်ဆန်းဟာဆင်းရဲသားတွေကိုသနားလှချည်ရဲ့ ဆိုပြီးစာချုပ်တွေမီးရှို့ပစ်လိုက်ကြောင်းပြောဆိုညည်းညူရှာတယ်"

စာအုပ်မှာ စက္ကူသားကောင်းကောင်းဖြင့် ရိုက်နှိပ်ထားသော ခပ်ပါးပါးသာဖြစ်ပါသည်။ စာအုပ်က ပါးသလို အတွင်းစာနည်းနည်းကပေ့ါပေ့ါပါးပါး ဖတ်ရသော်လည်း အကြောင်းအရာကားအလေးတနက်ရှိလှသည်။ သရုပ်ဖော်ပုံတွေမှာ သမိုင်းဝင် ခွပ်ဒေါင်းပုံပါသည်။ ဆရာစံပုံပါသည်။ ဘကြီးမှိုင်း(ဆရာကြီး သခင်ကိုယ်တော်မှိုင်း)နှင့်အတူလက်တွဲလုပ်ကိုင်နေသောသခင်အောင်ဆန်းပုံပါသည်။ ငရဲခွေးကြီးလွှတ်နေပြီ ဆောင်းပါးဖော်ပြမှုဖြင့်ကျောင်းထုတ်ခံရသော အိုးဝေမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ကိုအောင်ဆန်းပုံက အသက်ဝင်လှသည်။ စာအုပ်က ပါးသလောက်ကလေးများအတွက် သမိုင်းတန်ဖိုးကြီးလှသော စာအုပ်ကလေးပဲဖြစ်ပါသည်။

(၃)

တစ်ချိန်က စာပေရေးသားသူများထဲတွင် လေးမြိုင်နှင့် လွန်းမြိုင်ဟူ၍ ကလောင်နှစ်ချောင်းရှိခဲ့ဖူးသည်။ လေးမြိုင်ဆိုသည်မှာ ရှုမဝ ရုပ်စုံမဂ္ဂဇင်းတွင်ဗုဒ္ဓစာပေများပင်တိုင်ရေးခဲ့သူဖြစ်ပြီး လွန်းမြိုင်ဆိုသည်ကား ၁၉၆၀ ဝန်းကျင်နှစ်များက ရန်ကုန်တက္ကသိုလ်မှ အလွန်ထင်ရှားခဲ့သော ကျောင်းသားခေါင်းဆောင်(ဦး) ဇော်ဝင်းဖြစ်ပါသည်။ ထိုကာလသည်မြန်မာ့နိုင်ငံရေး ဒီရေလှိုင်းမြင့်တက်ရိုက်ပုတ်ချိန်ဖြစ်၍ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအတွင်း လှုပ်လှုပ်သဲသဲ ကြုံခဲ့ရသည်။ ကျောင်းသားထုကို တပ်ဦးနှင့် ရဲခေါင်ဟူ၍ ဦးဆောင်ခဲ့ကြသည်။ ကျောင်းသားသမဂ္ဂအဆောက်အအုံ ဖြိုခွဲမခံရမီအချိန်က နောင်တွင်စာရေးဆရာအဖြစ်ထင်ရှားလာမည့်လွန်းမြိုင်၊ မိုးဟိန်းကိုတို့မှာ တက္ကသိုလ်ကျောင်းသားအသိုင်းအဝိုင်း၌ ဦးဆောင်ဦးရွက်ပြုခဲ့ကြသူများ ဖြစ်ပါသည်။ နောက်တော့ လွန်းမြိုင်သည် နိုင်ငံရေးမှ ဘေးထွက်ကာ ပညာရေးကို ဇောက်ချလုပ်လေသည်။ မြန်မာနိုင်ငံပညာ ရေးသုတေသနအဖွဲ့၌ သုတေသန အရာရှိအဖြစ် နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သူဖြစ်သည်။ အထူးသဖြင့် ယူနီဆက်၏ လှူဒါန်းမှုဖြင့်စာမတတ်သူပပျောက်ရေးစီမံကိန်း၌ အတွင်းကျကျ ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ဆိုရလျှင် ကျောင်းသားနိုင်ငံရေးလောကမှ အနားယူပြီး ပညာရေးလောက၌ တစ်သက်လုံး ဇောက်ချလုပ်ကိုင်သွားသူ ဖြစ်သည်။ ကွယ်လွန်သူ သမိုင်းပညာရှင်ဒေါက်တာသန်းထွန်းနှင့် အလွန်ရင်းနှီးသူတစ်ဦး ဖြစ်ပါသည်။ ၁၉၈၈ မတိုင်မီနှစ်များက ၎င်းတာဝန်ထမ်းဆောင်နေသော ရန်ကုန်ပြည်လမ်းရှိပညာရေးသုတေသနအဖွဲ့ရုံးသို့ ကျွန်တော်ရောက်သွားသည်။ ဖခင်မိတ်ဆွေလည်းဖြစ် ဆရာတစ်ဦးလည်းဖြစ်သော ဆရာလွန်းမြိုင်ထံ သိလိုသည်များမေးမြန်းရင်း ဆရာ့စားပွဲဘေးရှိကြီးမားသောထင်းရှူးသေတ္တာကြီးတစ်လုံးကို အာရုံရောက်သွားသည်။ ဆရာက "နတ်မောက်မြို့ဗိုလ်ချုပ်အောင်ဆန်းအိမ်က ပို့လိုက်တဲ့ ပစ္စည်းတွေလေ။ သူ့အသုံးအဆောင်တွေပေ့ါ" ဟု ပြောပါသည်။ ကြီးမားသော သော့ခလောက်ကြီးတစ်လုံးဖြင့် သေတ္တာကိုခတ်ထား၏။ သေတ္တာထဲမှာ သမိုင်းဝင်အသုံးအဆောင်တွေလှဲလျောင်းနေပါလားဆိုသောအသိဖြင့် သေတ္တာကို ငေးကြည့်နေမိသည်။ တစ်ချိန်တုန်းက ဘီအီးဒီကျောင်းအနီး လက်ဖက်ရည်ဆိုင်၌ ဆရာလွန်းမြိုင်၊ ကဗျာဆရာကြီးတင်မိုး၊ ဆရာစွမ်း၊ ပျဉ်းမနားမောင်နီသင်းနှင့်ဆရာဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ)တို့ ဝိုင်းဖွဲ့နေတာမြင်ရတတ်သည်။ ဆရာသည် နိုင်ငံရေးလောကမှ အနားယူလိုက်ပြီး ပညာရေး သုတေသနလုပ်ငန်းများ လုပ်ကိုင်ရင်း ၁၉၉၇ ဖေဖော်ဝါရီ ၁၀ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့ပါသည်။ ဆရာလွန်းမြိုင်ပြောခဲ့သောစကားထဲမှ "ရင်တွင်း ထကြွလှုပ်ရှားနေတဲ့ မှန်တိုင်းကိုငြိမ်အောင် မလုပ်နိုင်သမျှ သတ္တဝါအားလုံးအပေါ် ညီမျှတဲ့ချစ်ခြင်းမေတ္တာမထားနိုင်သမျှ မိမိမျှော်မှန်းတဲ့ပန်းတိုင်ကို တစ်လှမ်းတောင်လှမ်းနိုင်မှာ မဟုတ်"ဆိုသောစကားကိုယနေ့တိုင်ကြားယောင်နေဆဲဖြစ်ပါသည်။

(၄)

စစ်မှန်သော ကလေးသူငယ်စာပေများ ပေါ်ထွက်မှုရှားပါးနေချိန်တွင် နှစ်သုံးဆယ်ကျော်မှ ပြန်လည်ထွက်ရှိလာသော **ကလေးတို့ချစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း** စာအုပ်လေးမှာ ကလေးသူငယ်၊ ကျောင်းသားလူငယ်တိုင်း ဖတ်သင့်သော စာအုပ်လေးဖြစ်ပါသည်။ ထိုစာအုပ်ကို ဖတ်ရှုခြင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်းဆိုသည့် ပုဂ္ဂိုလ်ကို သိနားလည်ခြင်း၊ တစ်ကိုယ်ကောင်းဆန်မှုကင်းကင်းဖြင့် အများအကျိုး သယ်ပိုးလိုသောစိတ်ဓာတ် ကိန်းအောင်းနိုင်ခြင်း၊ ရိုးသားခြင်းနှင့် သတ္တိရှိခြင်းတို့မည်သည် မည်သို့သောအရာဖြစ်သည်ကိုနားလည်သဘောပေါက်နိုင်ခြင်းတို့ကို စာအုပ်လေးမှ ရရှိစေမည်ဖြစ်ပါသည်။

ပန်ချင်တယ် ခရေဖူးလို့. . မောင်ခူးကာပေး ဆိုသည့် စာဆိုမင်းသုဝဏ်၏ ကဗျာအတိုင်း ထိုစာအုပ်လေးသည် ငယ်စဉ်ကလေးဘဝက တစ်ရှိုက်မက်မက်ဖြစ်ခဲ့ရသောခရေဖူးဆိုလျှင်လည်း မှားမည်မဟုတ်ချေ။ ။

---

# နက္ခတ်သိပ္ပံ အကြံပြု လမ်းညွှန်လွှာ ဝန်ဆောင်မှုလုပ်ငန်း စတင်မည်

**ဥက္ကာကိုကို**

**ရန်ကုန်၊ စက်တင်ဘာ - ၁၄**

လူသားတို့၏ ကံကြမ္မာကို လစဉ်အကြံပြုပေးမည့် နက္ခတ်သိပ္ပံအကြံပြုလမ်းညွှန်လွှာဝန်ဆောင်မှုလုပ်ငန်းကို လာမည့်အောက်တိုဘာလတွင်စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါလုပ်ငန်းကို မြန်မာနိုင်ငံ နက္ခတ်သိပ္ပံအဖွဲ့က ဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအတွက် နေ့စဉ်ကံအနိမ့်အမြင့်အခြေအနေနှင့် ဆောင်ရန် ရှောင်ရန်များကို ကြိုတင်သိရှိစေရန် ရည်ရွယ်ထားကြောင်းသိရသည်။

"အရင်က အများဗဟုသုတရှိစေမယ့် နက္ခတ်သတင်းတွေ၊ ကုန်စည်နဲ့ ငွေကြေးဈေးကွက်အခြေအနေတွေကိုနက္ခတ်အမြင်နဲ့သတင်းတွေထုတ်ပြန်ခဲ့ပါတယ်။ အခုက လုပ်ငန်းတိုးချဲ့တဲ့အနေနဲ့ လူတွေရဲ့ ကံကြမ္မာကို လမ်းညွှန်အကြံပြုမယ့် ဝန်ဆောင်မှုကိုလုပ်သွားမှာပါ" ဟု ယင်းအဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဦးဇေယျာကိုကပြောသည်။ ဝန်ဆောင်မှုအတွက် မေးမြန်းလိုသူ၏ မွေးရက်၊ခုနှစ်၊မွေးလ၊မွေးချိန်၊မွေးဖွားရာဒေသတို့ကိုပေးပို့ရမည်ဖြစ်သည်။ လစဉ်ဖြစ်ပေါ်လာနိုင်သည့် ကံကြမ္မာဟောကိန်းများကို ရန်ကုန်ဇရိယာအတွင်းအိမ်အရောက်ပို့စနစ်ဖြင့် ပေးပို့သွားမည်ဖြစ်ကာ နယ်မြို့များအတွက် အမြန်ချောပို့နှင့် အွန်လိုင်းစနစ်ကို အသုံးပြုပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။

နက္ခတ်လမ်းညွှန်လွှာ၏ ထူးခြားချက်မှာ လက်ရှိ ထွက်ရှိနေသော ဟောစာတမ်းများနှင့်မတူဘဲ ပိုမိုတိကျမှန်ကန်သည့် အကြံပြုဟောကြားချက်များကို ရရှိမည်ဖြစ်ပြီး တစ်ရက်တည်း မွေးဖွားသူများပင်လျှင် မွေးဖွားချိန်မတူညီသည့်အတွက် ကွဲပြားသော ဟောကိန်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း ဦးဇေယျာကိုကဆိုသည်။

ဝန်ဆောင်မှုစရိတ်မှာ တစ်လလျှင် သုံးထောင်ကျပ်နှုန်းဖြင့် တစ်နှစ်စာအတွက် သုံးသောင်းကျပ်ဖြစ်ကာ မေးမြန်းသူတို့နှင့် ဟောကြားချက်များ ကိုက်ညီမှုရှိမရှိကို လေ့လာစောင့်ကြည့်ပြီး လိုအပ်သည်များကို ပြင်ဆင်ပေးပို့ပေးမည်ဟုလည်းသိရသည်။

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.27 • SEPTEMBER 22, 2011

## မြစ်ဆုံစီမံကိန်း သဘာဝပတ်ဝန်းကျင် အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမည်

**အေးမြကျော်**

**နေပြည်တော်၊ စက်တင်ဘာ၁၇**

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းများတည်ဆောက်ပါကသဘာဝပတ်ဝန်းကျင်ကိုသက်ရောက်နိုင်မည့် အကျိုးဆက်များကိုလေ့လာထားသော သဘာဝပတ်ဝန်းကျင်သက်ရောက်မှုလေ့လာချက်(Environmental Impact Assessment)ကိုပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ပေးအပ်ကာပညာရှင်များ၏သုံးသပ်တွေ့ရှိချက်များအရလိုအပ်သော အချက်များကိုထပ်မံလေ့လာတင်ပြသွားမည်ဖြစ်ကြောင်း အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးဇော်မင်းကစက်တင်ဘာ၁၇ရက်ကနေပြည်တော်တွင်ကျင်းပပြုလုပ်သောရောဝတီမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားခဲ့သည်။

"အရင်တုန်းကဒီသဘာဝပတ်ဝန်းကျင်အစီရင်ခံစာကိုဘယ်ပေးရမှန်းမသိဘူး။အခုကျတော့အသစ်ပြောင်းလဲဖွဲ့စည်းလိုက်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့သစ်တောရေးရာဝန်ကြီးဌာနရှိလာတော့ အဲဒီကိုတင်ပြမှာပါ။ ဝက်ဘ်ဆိုက်မှာလည်း အစီရင်ခံစာကိုတင်လိုက်ပါမယ်"ဟုဝန်ကြီးကပြောကြားခဲ့သော်လည်း အဆိုပါ သဘာဝပတ်ဝန်းကျင်အစီရင်ခံစာကို မည်သည့်ဝက်ဆိုက်တွင်လွှင့်တင်မည်ကိုပြောကြားသွားခဲ့ခြင်းမရှိပေ။

ဝန်ကြီးကဆက်လက်ကာ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့သစ်တောရေးရာဝန်ကြီးဌာနကပညာရှင်တွေကသုံးသပ်ပြီးတော့လိုအပ်တယ်လို့ထောက်ပြတဲ့အချက်တွေကို ထပ်မံလေ့လာတင်ပြပါမယ်။ သဘာဝပတ်ဝန်းကျင်ဆိုတာ အမြဲတမ်းပြောင်းလဲနေတာဖြစ်တဲ့အတွက် စီမံကိန်းလုပ်ဆောင်နေစဉ်မှာရော၊ စီမံကိန်းပြီးတဲ့အခါ စက်တွေလည်ပတ်နေတဲ့အခါရော သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုတွေကိုဆက်လက် လေ့လာသွားမှာပါ" ဟု ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါမြစ်ဆုံစီမံကိန်းနှင့်ပတ်သက်သောသဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအစီရင်ခံစာကို ၂၀၀၉ ဇန်နဝါရီလမှစတင်ကာ မြန်မာနိုင်ငံမှ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေး (BA-NCA) အဖွဲ့ဦးဆောင်သော မြန်မာပညာရှင်အဖွဲ့နှင့်တရုတ်ပညာရှင်အဖွဲ့တို့ပူးပေါင်းကာ မြစ်ဆုံဒေသရှိ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် စီမံကိန်းပြီးစီးသွားပါက သက်ရောက်နိုင်သောဆိုးကျိုး၊ ကောင်းကျိုးများကိုလေ့လာဆန်းစစ်ခဲ့သည်။

မူလက လေ့လာချိန် ၇ လဟုသတ်မှတ်ခဲ့သော်လည်းအကြောင်းကြောင်းကြောင့် ၅ လသာအချိန်ယူလေ့လာကာအစီရင်ခံစာရေးသားခဲ့ပြီးမြန်မာနိုင်ငံတွင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းထားနိုင်ခြင်းမရှိသေးသည့်အတွက်အစီရင်ခံစာရေးသားရာတွင်လိုအပ်ချက်များစွာရှိခဲ့ပြီး ယခု မြစ်ဆုံစီမံကိန်းအတွက် ပြုလုပ်သော သဘာဝပတ်ဝန်းကျင်အစီရင်ခံစာသည်ပြီးပြည့်စုံသည်ဟု မပြောလိုကြောင်း BANCA အစီရင်ခံစာကိုဦးဆောင်ရေးသားသူဒေါက်တာထင်လှကပြောကြားသွားခဲ့သည်။

"နိုင်ငံတကာမှာ EIA ဆိုတာပြည်သူလူထုကိုချပြပြီး ပြည်သူ့သဘောထားကိုနားထောင်လေ့ရှိတယ်။ ကျွန်တော်အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ CPI (China Power Investment Corporation) မြန်မာနိုင်ငံနှင့်မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကိုပူးတွဲလုပ်ဆောင်သော တရုတ်ကုမ္ပဏီ)ကိုပြောချင်တာက EIA ကိုပြည်သူတွေကိုချပြလိုက်ပါ" ဟုဒေါက်တာထင်လှကဆွေးနွေးပွဲတွင်ပြောကြားခဲ့သည်။

အဆိုပါ EIA ကို မြန်မာ-တရုတ်ပညာရှင် ၂၅၀ ပါဝင်သောအဖွဲ့ကလေ့လာအစီရင်ခံခဲ့ပြီး ၂၀၁၀ မတ်လတွင် CPI သို့ပေးအပ်ခဲ့ရကာ အဆိုပါ EIA ကိုလေ့လာခဲ့သောပညာရှင်များက မည်သူ့ကိုမျှမပြောရန် စာချုပ်တွင်လက်မှတ်ရေးထိုးခဲ့ရကြောင်းလည်း သိရသည်။

## ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေမူကြမ်း ပြည်သူ့လွှတ်တော်တွင် အကြိတ်အနယ် ဆွေးနွေးနေ

**အိဖြူလွင်**

**ရန်ကုန်၊ စက်တင်ဘာ-၁၇**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တင်သွင်းသည့် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ပါတီစုံမှ ကိုယ်စားလှယ်များက အကြိတ်အနယ်ဆွေးနွေးမဲခွဲဆုံးဖြတ်မှုများပြုလုပ်နေကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြချက်အရ သိရသည်။

ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်ချုပ်ရေး ဥပဒေကြမ်းကို အတည်ပြုရန် ဆွေးနွေးရာတွင် တပ်မတော်သားကိုယ်စားလှယ်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များ အများစုပါဝင်ဆွေးနွေးပြီး ပါတီစုံမှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

လွှတ်တော်နှစ်ရပ်လုံးတွင် ဥပဒေကြမ်းများကို ဆွေးနွေးခဲ့သော်လည်း ယခုဥပဒေကြမ်းကို ဆွေးနွေးမှုအများဆုံးဖြစ်ခြင်းမှာ ပြည်သူအားလုံး၊ ဒေသအားလုံးနှင့်ဆိုင်သော ဥပဒေဖြစ်ခြင်းနှင့် ဆွေးနွေးရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံးလက်လှမ်းမီသော ကိုယ်တိုင်သိရှိကြသော အကြောင်းအရာဖြစ်သည့်အတွက်ဖြစ်မည်ဟုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းက ပြောကြားခဲ့သည်။


ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တင်သွင်းသော ရပ်/ကျေး အုပ်ချုပ်ရေးဥပဒေကြမ်းကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ထည့်သွင်းခြင်းကို အခန်းတစ်ခုစီ အပိုဒ်တစ်ပိုဒ်ချင်းစီမှ စကားလုံးအားလုံးအတွက် အသေးစိတ်ဆွေးနွေးပြီး အတည်ပြုခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါဥပဒေကြမ်းကိုပြည်သူ့လွှတ်တော်က နှစ်ရက်ကြာဆွေးနွေး၍ စက်တင်ဘာ ၁၆ ရက်တွင် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ပေးပို့၍ ထပ်မံဆွေးနွေးပြီး အတည်ပြုမှ နိုင်ငံတော်သမ္မတသို့ တင်ပြမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတမှ ပြင်ဆင်လိုပါက လွှတ်တော်သို့ ပြန်လည်တင်ပို့၍ လွှတ်တော်မှ ထပ်မံပြင်ဆင်ခြင်း(သို့မဟုတ်) ပြင်ဆင်ခြင်းမပြုလုပ်တော့ဘဲ နိုင်ငံတော်သမ္မတထံသို့ပြန်လည်တင်ပြ၍ လုပ်ထုံးလုပ်နည်းများအရနိုင်ငံတော်သမ္မတကအတည်ပြုလျှင် ဥပဒေကြမ်းသည် ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းမည်ဖြစ်သည်။

ယခုကဲ့သို့ဥပဒေကြမ်းတစ်ခုကိုလွှတ်တော်ကိုယ်စားလှယ်အားလုံးက ဝိုင်း၍ အကြိတ်အနယ်ဆွေးနွေးခြင်းတွင် ဥပဒေကြမ်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ဒီမိုကရေစီကျသော လွှတ်တော်တစ်ခု၏ ပြယုဂ်အနေဖြင့်ပါ ဖြစ်လာကြောင်း နိုင်ငံရေးသမားတစ်ဦးက ပြောကြားသည်။

## အများစု၏ဆုံးဖြတ်ချက် မူဝါဒ၊ ဥပဒေနှင့်အညီ အုပ်ချုပ်စီမံခြင်းမှာ ဒီမိုကရေစီစနစ်၏ အနှစ်သာရဟု သူရဦးရွှေမန်းပြောကြား




**သီဟ**

**နေပြည်တော်၊ စက်တင်ဘာ-၁၅**

ကောင်းမွန်သည် အုပ်ချုပ်မှုစနစ်သည် အမိန့်ပေးစနစ်မဟုတ်ဘဲ အများစု၏ ဆုံးဖြတ်ချက် မူဝါဒနှင့် ဥပဒေနှင့်အညီ အုပ်ချုပ်သော စီမံခန့်ခွဲမှုစနစ်ဖြစ်ပြီး ၎င်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရဟု ဆိုရမည်ဖြစ်သည်ဟုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက ပြောသည်။

"မိမိတို့ လွှတ်တော်နှင့်ပတ်သက်ပြီး ဒီမိုကရေစီနည်းကျကျ မှန်မှန်ကန်ကန် မျှမျှတတ ဖြစ်ရေးအလေးထားဆောင်ရွက်နေတယ်လို့လည်း ပြောရပါတယ်။ ဒီကြားထဲ ဒီမိုကရေစီနည်းလမ်း မကျဘူး၊ မမျှတဘူးဆိုရင် အချိန်မရွေး တင်ပြကြ၊ ညှိနှိုင်းကြဖို့ လွှတ်တော်ကိုယ်စားလှယ်များအား ပြောကြားထားသလို သတင်းမီဒီယာနှင့်ပြည်သူလူထု၏ ဝေဖန်အကြံပြုမှုခံယူပါမည်ဖြစ်ကြောင်းလည်း မိမိကဖွင့်ဟပြောဆို ကတိပြုထားခဲ့တာလည်း ရှိပါတယ်။ ထပ်မံလည်း ကတိပြုပြောကြားလိုပါတယ်" ဟု သူရဦးရွှေမန်းက ပြောသည်။

သူရဦးရွှေမန်းက နေပြည်တော်လွှတ်တော်အဆောက်အအုံရှိ သဘင်ဆောင်တွင် ယနေ့ကျင်းပပြုလုပ်သည့်အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားတွင် နိဂုံးချုပ်မိန့်ခွန်းပြောကြားရာတွင် ပြောကြားသွားသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားအား မြန်မာနိုင်ငံတွင် အစိုးရသစ်တက်ပြီးနောက်တွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး သူရဦးရွှေမန်းက နိဂုံးချုပ်မိန့်ခွန်းပြောကြားရာတွင် တက်ရောက်လာကြသူများအား ဒီမိုကရေစီဘက်တော်သားများဟူသော အသုံးအနှုန်းဖြင့် သုံးစွဲ၍ ပြောကြားသွားခဲ့သည်။

## လွှတ်တော်တွင် မဲစနစ်ဖြင့် မဲခွဲဆုံးဖြတ်ရာတွင်အကြိမ်အများစု ႐ှုံးနေဆဲဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပြောကြား

**သီဟ**

**နေပြည်တော်၊ စက်တင်ဘာ-၁၅**

လွှတ်တော်ကျင်းပစဉ် အချိန်ကတည်းကပင် မဲနှင့်ခွဲမည်ဆိုပါက ကိစ္စရပ် အတော်များများတွင် ရှုံးမည်ဟု ခံယူပြီးသားဖြစ်ကြောင်းနှင့် ယနေ့အထိတွင်လည်း ကိစ္စရပ်အတော်များများတွင် ရှုံးနေဆဲဖြစ်သည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်ဆင်ခေါ် ဦးစိုင်းဆောင်စီက ပြောသည်။

ဦးနယ်ဆင်ခေါ် ဦးစိုင်းဆောင်စီက ယနေ့ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားအပြီးပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဗွီအိုအေမှ ဒေါ်ခင်စိုးဝင်း၏ လွှတ်တော်တွင်းမေးခွန်းတစ်ရပ်အား ဖြေကြားရာတွင် ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။

ဒေါ်ခင်စိုးဝင်းက လွှတ်တော်တွင်း၌ အများစုမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြစ်ရေကြီးခြင်းနှင့်ပတ်သက်၍ မဲခွဲဆုံးဖြတ်မှုအခြေအနေအား မေးမြန်းခဲ့ခြင်းဖြစ်သည်။

"အနာဂတ်မှာ မဲခွဲတဲ့အချိန်မှာ မဲခွဲတဲ့အဖြေတွေက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေက သူတို့ရဲ လူထုအတွက် ခံစားတဲ့ ခံစားမှုနဲ့ပဲ အခြေခံပြီးတော့ ပါတီကို အခြေမခံဘဲ ဆန္ဒပြုမယ်လို့ မျှော်လင့်ပါတယ်။ ပြောင်းလည်း ပြောင်းမယ်လို့ ယူဆပါတယ်" ဟု ဦးနယ်ဆင်ခေါ် ဦးစိုင်းဆောင်စီက ပြောသည်။

"အကုန်အပြည့်အဝ ချက်ချင်းပြောင်းဖို့ မမျှော်လင့်ပါဘူး။ ဒီမိုကရေစီကို အပြည့်အဝရဖို့ဆိုကာ စောင့်ပြီးတော့ လျှောက်လှမ်းရမှာပါ။ ဒါပေမဲ့ လို့ အဲဒီလိုပြောင်းဖို့ဆိုတာ ကျွန်တော်တို့ရဲ့ လှုပ်ရှားနိုင်မှု၊ ကြိုးစားနိုင်မှုအပေါ်မှာမူတည်ပါတယ်။ နိုင်ငံရဲ့ အနာဂတ်အတွက် ဒီမိုကရေစီအပြည့်အဝ ဖော်ဆောင်နိုင်ဖို့ဆိုတာ အားလုံးမှာပဲ တာဝန်ရှိတယ်။ ဒါတွေကို မဖြစ်လို့စိတ်ပျက်သွားမှာမဟုတ်ပါဘူး" အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းကလည်း ဒေါ်တင်စိုးဝင်း၏ မေးခွန်းအားယင်းသို့ဖြည့်စွက်ဖြေကြားသွားသည်။


7 DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011

ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်အစိုးရအဖွဲ့သစ်ခေါင်းဆောင် နိုင်ငံတော်သမ္မတဦးသိန်းစိန်တို့ ဩဂုတ်လအတွင်းတွေ့ဆုံခဲ့ခြင်းက မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် အရေးပါသည့်ပုံရိပ်တစ်ခုအဖြစ်ရှိခဲ့သလို ပြည်သူများအကြား အမျိုးသားရင်ကြားစေ့ရေးအတွက် မျှော်လင့်ချက်ရောင်ခြည်လည်း ပေါ်ထွက်ခဲ့ရသည်။ နိုင်ငံတော်သမ္မတနှင့် ပထမဆုံးအကြိမ်တွေ့ဆုံမှုနှင့်ပတ်သက်၍ နှစ်ဖက်စလုံးက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိသေးသော်လည်း ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံမှုများကို အားရကျေနပ်ကြောင်းနှင့် နှစ်ဖက်ဆွေးနွေးမှုများက အချိန်ကန့်သတ်မထားသော်လည်း မြန်ဆန်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားထားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှလွတ်မြောက်ခဲ့သည်မှာ ၂၀၁၀ နိုဝင်ဘာ ၁၃ ရက်မှ ရက်ပေါင်း ၃၀၀ကျော်ရှိပြီဖြစ်သည်။ ထိုကာလအတွင်း ၎င်း၏ပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပါတီတစ်ရပ်အဖြစ် လှုပ်ရှားမှုများပိုမိုအားကောင်းလာသည့်အပြင် သားဖြစ်သူနှင့်အတူ ရန်ကုန်ပြင်ပ မိသားစုအပန်းဖြေခရီးစဉ်အဖြစ် ပုဂံသို့ရွေးချယ်သွားရောက်ခဲ့သည်။ ပထမဆုံးစည်းရုံးရေးခရီးစဉ်ကိုလည်း ပဲခူးမြို့သို့ ရွေးချယ်သွားရောက်ခဲ့သည်။

ပြည်တွင်းမီဒီယာများတွင်လည်း ၎င်း၏သတင်းနှင့်ပုံရိပ်များကို ယခုလပိုင်းအတွင်း ထည့်သွင်းဖော်ပြခွင့်ရရှိလာကာ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ရေးသားသောဆောင်းပါးများကိုပင် ဖော်ပြခွင့်ရရှိလာခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် 7Day News အယ်ဒီတာအဖွဲ့က ၎င်းလွတ်မြောက်အပြီး ဒုတိယကြိမ်မြောက်တွေ့ဆုံမှုအဖြစ် စက်တင်ဘာ ၁၃ ရက်က ပါတီဌာနချုပ်ရုံးခန်းတွင် နာရီဝက်နီးပါးကြာတွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။ ထိုတွေ့ဆုံမေးမြန်းမှုများကို 7Day News ပရိသတ်အတွက် ဖော်ပြလိုက်ပါသည်။



# “ ဒီမိုကရေစီလမ်းလျှောက်ချင်တပ ပြည်သူ့ရဲ့အသံကို နားထောင်ရပါ

ငြိမ်းငြိမ်းနိုင်

**အခုဆိုရင် နေအိမ်အကျယ်ချုပ်က လွတ်တာ တစ်နှစ်နီးပါးရှိပြီဆိုတော့အပြင်မှာရှိနေတဲ့ကာလတစ်လျှောက်လုံးမှာ လုပ်ခဲ့တဲ့အလုပ်တွေထဲက အန်တီ့အနေနဲ့ အားရအကျေနပ်ဆုံးတစ်ခုပြောပါဆိုရင် ဘယ်ဟာလို့မှတ်မှတ်ရရပြောချင်ပါသလဲ။**

ပြောရရင်တော့ တစ်ခုမဟုတ်ဘူး။ နှစ်ခု။ တစ်ခုက ဒီမိုကရေစီကွန်ရက်လုပ်တာ တော်တော်အောင်မြင်တယ်။ အဲဒါတော့ အန်တီအားရတယ်။ နောက်တစ်ခု ကတော့ သမ္မတဦးသိန်းစိန် အစိုးရနဲ့ စပြီးညှိနှိုင်းဆွေးနွေးတာကလည်း အင်မတန်မှ အားရကျေနပ်စရာပါ။ နှစ်ခုလုံးကတော့ အန်တီတို့နိုင်ငံရဲ့ အနာဂတ်အတွက် အရေးပါတာတွေချည်းပဲ။ ဒီမိုကရေစီကွန်ရက်ဆိုတာကတော့ချိတ်ဆက်ထားတဲ့အဖွဲ့လေးတွေပေါ့။ အဲဒီအဖွဲ့ထဲမှာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လည်းပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကမဟုတ်တဲ့အဖွဲ့လေးတွေလည်းပါတယ်။ အားလုံးဟာ ဒီမိုကရေစီအဆောက်အအုံကြီးခိုင်မာအောင်လို့သူ့နည်းသူ့ဟန်နဲ့လုပ်ကြတာပေါ့။ ပြည်သူတွေရဲ့အင်အားကိုမြှင့်တက်အောင်၊ လိုအပ်ချက်တွေဖြည့်ဆည်းပေးတာ၊ အဲဒီထဲမှာဆိုရင် နိုင်ငံရေးအရလှုပ်ရှားနေတာတွေ၊ လူမှုရေးအရလှုပ်ရှားနေတဲ့သူတွေရှိတယ်။ အခုဆိုရင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွေပါလာပြီ။ ပညာရေး၊ ကျန်းမာရေးကတော့အစကတည်းကရှိတာပေါ့။ ဥပဒေစိုးမိုးရေးနဲ့ပတ်သက်ပြီး အန်တီတို့ ဥပဒေထောက်ကူအဖွဲ့လုပ်ထားတယ်။ ရှေ့နေကွန်ရက်ပေါ့။ ပြည်သူတွေကို ဥပဒေပိုင်းဆိုင်ရာ ပံ့ပိုးကူညီနိုင်ဖို့။ အဲဒါတွေလုပ်ထားတာ တော်တော်တော့ အောင်မြင်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့အခြေခံကတော့ ကျန်းမာရေး၊ ပညာရေးနဲ့ ဥပဒေစိုးမိုးရေးနဲ့ ဒီသုံးခုနဲ့ပတ်သက်လို့ ဒီကွန်ရက်က ကျေနပ်လောက်အောင်လို့တော့ မပြောချင်ဘူး။ အမြဲပိုပိုပြီးလုပ်စေချင်တယ်။ အတော်အတန်တော့ စိတ်ထဲမှာကြည်နူးနိုင်တယ်။

**အန်တီတို့ ပါတီမှတ်ပုံတင်ရေးနဲ့ပတ်သက်ပြီး အားလုံးကစိတ်ဝင်စားပါတယ်။ ပါတီပြန်လည်ဖွဲ့စည်းဖို့အတွက်ပြင်ဆင်နေပါသလား။**

အန်တီတို့ပါတီကအစတည်းက ပါတီကိုတည်နိုင်အောင်လို့ လုပ်ထားတာ။ ဒါကြောင့် အန်တီတို့ပါတီက အစကတည်းကရှိပြီးသားလေ။ မှတ်ပုံမတင်ရသေးဘူးဆိုပေမယ့် ပါတီကအခုသမီးတို့လာရင်လည်းတွေ့တာပဲ။ ပါတီကအရင်တိုင်းပဲ ဆက်လုပ်နေတာပဲလေ။ အရင်တုန်းက မှတ်ပုံတင်ကိုဖျက်ပါတယ်လို့မပြောခင်တုန်းက ပုံစံအတိုင်းပဲ။ တကယ်ပြောရမယ်ဆိုရင်အခုဆိုရင်ပိုပြီးတော့ တောင်မှ လှုပ်လှုပ်ရှားရှားရှိတယ်လို့ ပြောနိုင်တာပေါ့။ အဲဒီတော့ အန်တီတို့ပါတီက ပြန်ဖွဲ့စည်းဖို့ဆိုတာ လိုတဲ့ပါတီမဟုတ်ပါဘူး။ မှတ်ပုံတင်တာရှိသလား၊ မရှိသလား။ ဒီဟာသာ စကားပြောနေရတာပါ။

**အစိုးရသစ်နဲ့ ညှိနှိုင်းဆွေးနွေးမှုတွေနဲ့ ပတ်သက်ပြီးပြောနိုင်တဲ့ အခြေအနေကျရင် ပြောပါမယ်လို့ ပြောထားတာရှိပါတယ်။ ဒါပေမယ့် သမ္မတကြီးနဲ့တွေ့ပြီးနောက်ပိုင်း သတင်းတွေပြန်ငြိမ်သက်သွားတော့ လက်ရှိအခြေအနေတွေက ဘယ်လိုရှိလဲ၊ ဘယ်လောက်ထိ မျှော်လင့်လို့ရမလဲလို့ သာမန်ပြည်သူတစ်ယောက်ကမေးမယ်ဆိုရင် အန်တီဘယ်လိုပြန်ဖြေချင်ပါသလဲ။**

အန်တီကတော့ အမြဲပဲပြောပါတယ်။ မျှော်လင့်ချင်တယ်ဆိုရင် အလုပ်လုပ်ရမယ်။ ကိုယ်ကလည်းဖြစ်နိုင်အောင်လို့ ကိုယ်တတ်နိုင်တဲ့ဘက်ကဝိုင်းပြီးအားပေးရမယ်။ ဥပမာအားဖြင့် ဒီလိုတွေ့ဆုံမှုတွေကနေပြီး တော့ တိုင်းပြည်အတွက် အကျိုးဖြစ်တဲ့ရလဒ်တွေကို မြင်ချင်ပါတယ်ဆိုတာ ပြောလာဖို့ကလည်း ကိုယ်တတ်နိုင်သမျှလုပ်ရမယ်။ အဲဒါမှလည်းသက်ဆိုင်သူအားလုံးကသိရအောင်။ ပြည်သူတွေကဘယ် လောက်ထိလိုလားနေတယ်ဆိုတာ။ အဲလောက်အထိလုပ်ပေးလို့ရှိရင်တောင်မှ ကောင်းမယ်။ ဒ့ါထက်ပိုလုပ်ပေးလို့ရတယ်ဆိုရင်လည်း ဒ့ါထက်ပိုလုပ်ပေးပေါ့။ မျှော်လင့်နေမယ့် အစား မျှော်လင့်တာတော့ မျှော်လင့်ပ့ါ။ ကိုယ့်မျှော်လင့်ချက်ကိုဖြစ်မြောက်အောင်ကိုယ်တိုင်လည်းပါဝင်လှုပ်



ရှားရမယ်။ကာယကံ၊ဝစီကံ၊မနောကံပေါ့။ ဆိုလိုတာက ပထမ စိတ်ထဲကဖြစ်ချင်တာက မနောကံပေါ့။ ဝစီကံကတော့ ထုတ်ပြောတယ်တာပေါ့။ အဲဒီအကြောင်းနဲ့

ယ်ဆိုရင်
မယ်

ပတ်သက်ပြီး ဆောင်းပါးရေးမယ်ဆိုရင်တော့ ကာယကံမဖြစ်သွားဘူးလား။ (ရယ်လျက်) အဲဒီလိုမျိုး တစ်ဆင့်တစ်ဆင့်ပေါ့။

**အစိုးရသစ်နဲ့ တွေ့ဆုံဆွေးနွေးမှုတွေရော၊ နေပြည်တော်သွားတဲ့ကိစ္စမှာရော၊ပါတီအတွင်းမှာအန်တီအနေနဲ့ပြန်ပြီး ညှိနှိုင်းရတဲ့အပိုင်းရှိမှာပေါ့။**

သဘောတူညီမှုရဖို့အတွက် ညှိနှိုင်းရတာပေါ့။ အန်တီတို့က ဒီမိုကရေစီအဖွဲ့အစည်းပဲလေ။ ဘာပဲလုပ်လုပ် နောက်ဆုံးကျတော့ ဒီအဖွဲ့အစည်းရဲ့ပါဝင်ထောက်ခံမှုမရှိဘဲနဲ့ လုပ်ဖို့ဆိုတာ မသင့်တော်ဘူး။ အန်တီတို့ ပြန်ညှိနှိုင်းတယ်။ ဒီကိစ္စတွေက အများပြည်သူပြန်အသိပေးနိုင်မယ့် အခြေအနေမဟုတ်သေးဘူးဆိုပေမယ့် အန်တီတို့စီအီးစီနဲ့တော့ဆွေးနွေးရတယ်။

**နောက်ပြီးလက်နက်ကိုင်အဖွဲ့တွေကိစ္စနဲ့ပတ်သက်ပြီးမေးချင်ပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အစိုးရသစ်အကြား ညှိနှိုင်းမှုတချို့ ဟိုရက်က သတင်းစာထဲမှာပါလာတာလည်းတွေ့ရပါတယ်။နိုင်ငံတွင်းမှာ လက်နက်ကိုင်ပြဿနာတွေဖြေရှင်းဖို့အတွက် အဓိကစိန်ခေါ်မှုကဘာလို့ အန်တီအနေနဲ့ ထင်ပါသလဲ။**

အဓိကတော့ ယုံကြည်မှုနဲ့ နားလည်မှုရှိမရှိတာပေါ့။ ရှိတယ်ဆိုရင်လည်း အင်မတန်အားနည်းတယ်။ တစ်ဦးနဲ့တစ်ဦးယုံကြည်တယ်ဆိုတာကလည်း နားလည်မှုရမှလည်း ယုံကြည်လို့ရမှာပေါ့။ တစ်ဦးနဲ့တစ်ဦး နားလည်မှုရဖို့ဆိုတာ နှစ်ဖက်လုံးကြိုးစားရမယ်။ အန်တီပြောနေကျစကားပဲ ထပ်ပြောပါ့မယ်။ ပိုပြီးအားကြီးတဲ့သူက ပိုပြီးတော့ သဘောထားကြီးဖို့လိုပါတယ်။ အဲဒီလိုအန်တီခံယူပါတယ်။

**ယုံကြည်မှုနဲ့နားလည်မှုရှိဖို့တာနှစ်ဖက်စလုံးကို ပြောတာပါလား။**

နှစ်ဖက်စလုံးကပေါ့။နှစ်ဦးနှစ်ဖက်အဆင်ပြေဖို့ဆိုတာ တစ်ဖက်တည်းလုပ်လို့မရဘူး။နှစ်ဖက်စလုံးက တကယ်အဆင်ပြေချင်မှ။ တကယ်အဆင်ပြေချင်တယ်ဆိုလို့ရှိရင်လည်း အပေးအယူဆိုတာကို နားလည်ရမယ်။ အပေးအယူဆိုတာ ကိုယ်ကလည်းပေးရတယ်ဆိုတာရှိတယ်။ကိုယ်ကပဲယူတယ်ဆိုတာမရှိဘူး။ အပေးအယူဆိုတာ ဒါပါပဲ။ နှစ်ဖက်စလုံးက ကိုယ်လည်းပေးမယ်။ကိုယ်လည်းယူမယ်။ အဲဒီလိုအခြေအနေကိုလက်ခံမှ တိုးတက်မှုရှိမယ်။ ကိုယ်လိုချင်တာအားလုံးမရလို့ရှိရင်ဆက်ပြီးတော့မဆွေးနွေးဘူးဆိုရင် ဒါမျိုးဆိုတာ မဖြစ်သင့်ဘူး။

**ပြီးတော့ အခုလောလောဆယ်လှုပ်ခတ်နေတဲ့ ရောဝတီကိစ္စ မေးချင်ပါတယ်။ ဟိုတစ်နေ့က ပြည်ထောင်စုဝန်ကြီးပြောတာကိုအန်တီလည်းကြားပြီးပြီဖြစ်မှာပါ။ အန်တီအနေနဲ့ အဲဒီအပေါ်မှာ ထင်မြင်ချက်လေးပြောပါဦး။**

ဒီမိုကရေစီလမ်းကို လျှောက်ချင်တယ်ဆိုရင် ပြည်သူရဲ့အသံကိုနားထောင်ရပါမယ်။ ပြည်သူ့ရဲ့အသံကို နားထောင်ပြီးတော့ ပြောင်းသင့်တဲ့ဟာကိုပြောင်းရမှာပါ။ ဒါကတော့ ဒီမိုကရေစီလမ်းကိုတကယ်လျှောက်ချင်တယ်ဆိုရင် ဒီမိုကရေစီနာမည်နဲ့ အစိုးရတာဝန်ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တွေအားလုံးဟာပြည်သူ့အသံကိုနားထောင်ရမယ်။ ပြည်သူ့ရဲ့ဆန္ဒကိုလေးစားရမယ်။ တတ်နိုင်သမျှဖြည့်ဆည်းပေးရမယ်။

**အန်တီတို့ပါတီက လူမှုရေးလုပ်ငန်းဘက်မှာတော့ တော်တော်လေးအင်အားကောင်းနေတယ်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပိုင်းမှာရောလူငယ်တွေသတ်သတ်ဖွဲ့ပြီးလုပ်ဖို့ရှိပါသလား။**

အဲဒါတွေလုပ်နေပါတယ်။ စပြီးတော့။ လူမှုရေးလောက်တော့ အရှိန်မရသေးဘူး။ လူမှုရေးကတော့ လုပ်တာကြာပြီဆိုတော့ အရှိန်ကပိုပြီးတော့ရနေတယ်။ အခုပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်လို့ကတော့ အန်တီတို့နိုင်ငံမှာစပြီးတော့လုပ်တာကသိပ်မကြာသေးဘူး။မကြာသေးဘူးဆိုပေမယ့် အန်တီတို့ ဒီဟာတွေကအားပေးခဲ့တာကြာပါပြီ။ အခုမှမဟုတ်ပါဘူး။သစ်ပင်စိုက်တဲ့ကိစ္စတို့၊ နောက်ရိုးရိုးကိစ္စလေးတွေပါ။ တချို့လူတွေကဆိုရင် တွေ့ကရာနေရာမှာ ဟိုဟာပစ်၊ ဒီဟာပစ်၊ အထူးသဖြင့်ပလတ်စတစ်ပစ်တာပါ။ အဲဒါတွေ မလုပ်ဖို့၊ အဲဒါတွေကိုတော့ အန်တီတို့ ပညာပေးနေတာ၊ ဒီကိစ္စတွေမှာ အသိရှိဖို့ အားပေးနေတာကြာပါပြီ။ နည်းနည်းကျယ်ကျယ်ပြန့်ပြန့်တော့ မလုပ်ခဲ့နိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ လိုအပ်ချက်က အရမ်းများတာကိုး။ ဥပမာဆိုရင် အန်တီတို့က နိုင်ငံရေးအဖွဲ့အစည်းဆိုတော့ လူမှုရေးကိစ္စတွေမှာ လိုအပ်လွန်းလို့သာ ဝင်လုပ်နေရတာ။ ဒီလိုလုပ်ဖို့ဆိုတာ ငွေရေးကြေးရေး၊ လူအင်အားလည်းလိုတယ်လေ။ ပိုပြီးတော့ အရေးကြီးတဲ့ဟာ ဦးစားပေးတာပေါ့။ ကျန်းမာရေး၊ ပညာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကလည်း အင်မတန်အရေးကြီးတယ်။အများပြည်သူကလည်း နားလည်လာပြီဆိုတော့ အန်တီတို့ဘက်က၊ တတ်နိုင်တဲ့ဘက်ကချဲ့မယ်။ ပြီးတော့ အကန့်အသတ်ကလည်းရှိသေးတယ်။ ငွေအင်အား၊ လူအင်အားအကန့်အသတ်ပေါ့။

**ပဲခူးပြီးတော့ နောက်ခရီးစဉ်တွေကိစ္စကရော ဘယ်လိုရှိပါသလဲ။**

အန်တီစဉ်းစားထားတာတော့ အခုမိုးကုန်တော့မှ စီစဉ်ရင်ကောင်းမယ်လို့ထင်တယ်။ ပဲခူးသွားတုန်းကလည်း အန်တီတို့ကံကောင်းလို့ပေါ့။ သွားတဲ့နေ့က ရာသီဥတုကကောင်းပြီးရေကနည်းနည်းကျသွားတယ်။ အဲဒီအချိန်တုန်းက သွားမယ့်လမ်းတွေမှာ ရေဖုံးတာနဲ့ဘာနဲ့ အစီအစဉ်တွေကောင်းကောင်းမွန်မွန်လုပ်ဖို့ခက်ခဲပါတယ်။ မုတ်သုံကုန်သွားတဲ့အထိတော့ စောင့်ရမယ်။


**ဦးစားပေးရွေးမယ်ဆိုရင် ဘယ်နေရာတွေဖြစ်မလဲမသိဘူး။**

အဲဒါကတော့ ပြောရခက်တယ်။ ဘာလို့လဲဆိုတော့ အရေးကြီးတာကမန္တလေးလိုနေရာ အရေးကြီးတယ်။ မန္တလေးက နည်းနည်းဝေးတယ်လေ။ ပိုပြီးတော့နီးတဲ့နေရာကို ပထမသွားရင် ကောင်းမလားလို့။ လက်တွေ့ကျ၊ မကျလည်းကြည့်ရသေးတယ်။ နောက်ပြီးတော့ ဒီအန်တီတို့အဖွဲ့ချုပ်ရဲ့အင်အားလိုအပ်ချက်။ အဲဒါလည်းကြည့်ရမယ်။ အန်တီတို့ ပဲခူးခရီးစဉ်လိုပဲ အခုသွားဖြစ်ရင်လည်း ညှိနှိုင်းပြီးတော့သွားမှာပါ။ ပဲခူးသွားတုန်းကအများကြီးအဆင်ပြေပါတယ်။

**သွားတဲ့ခရီးစဉ်နဲ့ပတ်သက်ပြီးတော့ အန်တီ့အနေနဲ့ စာပြန်ရေးဖို့၊ ဒါမှမဟုတ် အင်္ဂလိပ်လိုရေးထားတဲ့စာအုပ်တွေ မြန်မာဘာသာနဲ့ စာအုပ်ထုတ်ဖို့ အစီအစဉ်ရှိပါသလား။**

စာကတော့ အန်တီကရေးတော့ရေးတာပေါ့။ တစ်ခါတလေ နိုင်ငံခြားက ဂျာနယ်တွေအတွက် ရေးရတာတွေရှိတယ်။ စာက ရေးတော့ရေးချင်တယ်။ ဒါပေမယ့် အချိန်ဒီလောက်မရှိဘူး။ နိစ္စဓူဝလုပ်ငန်းတွေ၊အလုပ်တာဝန်တွေနဲ့ဆိုတော့ စာရေးရင် အန်တီကတော့ စဉ်းစဉ်းစားစား ရေးချင်တာပေါ့။ အများကြီးလည်း မရေးနိုင်ဘူး။ နည်းနည်းနဲ့ ကောင်းကောင်း ရေးချင်တယ်။ အများကြီးရေးဖို့ အချိန်လည်းမရှိဘူး။ အချိန်ရှိလည်း အများကြီးရေးနိုင်ပါ့မလား မသိဘူး(ရယ်လျက်)။

**အချိန်ပေးပြီး ဖြေကြားပေးတာ ကျေးဇူးပါတယ်။**






7DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဖွဲ့စည်းရန် အဆိုပြု

**အေးမြကျော်**


**နေပြည်တော်၊စက်တင်ဘာ-၁၇**

မကြာမီကအမည်ပြောင်းလဲဖွဲ့စည်းလိုက်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနလက်အောက်တွင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုအလေးထားဆောင်ရွက်သွားနိုင်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကိုဖွဲ့စည်းသွားရန် သမ္မတထံတင်ပြအဆိုပြုထားကြောင်း ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းက 7Day News ၏မေးမြန်းချက်ကို အတည်ပြုဖြေကြားသည်။

"အခုပတ်ဝန်းကျင်ဦးစီးဌာနဆိုပြီးဖွဲ့စည်းဖို့ဆိုတာဟုတ်ပါတယ်။ အခုအဆိုပြုထားတဲ့အနေအထားပေါ့။ သမ္မတကြီးရဲ့ခွင့်ပြုချက်ရတာနဲ့ဖွဲ့စည်းသွားမယ်"ဟုပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းက နေပြည်တော်တွင် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

သစ်တောရေးရာဝန်ကြီးဌာနကိုပြည်ထောင်စုလွှတ်တော်ဒုတိယ ပုံမှန်အစည်းအဝေး၏ သဘောတူညီချက်ဖြင့် စက်တင်ဘာ ၆ ရက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနဟုအမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။

လက်ရှိတွင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လက်အောက်တွင် သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဟူ၍ ဦးစီးဌာန ၃ ခုရှိပြီး သစ်ထုတ်လုပ်ရေးလုပ်ငန်းများ



အတွက်မြန်မာ့သစ်လုပ်ငန်းကိုလည်း ဖွဲ့စည်းထားပြီးဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကိုလည်း နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြေညာစာဖြင့် ဧပြီလ ၂၀ ရက်ကပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များအလေးထားပြောဆိုနေကြသောသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကိုလည်းပြန်လည် သုံးသပ်နေပြီးလွှတ်တော် ပုံမှန်အစည်းအဝေးများမပြီးဆုံးခင်အတည်ပြုပြဋ္ဌာန်းသွားနိုင်မည်ဟုယူဆကြောင်းစက်တင်ဘာ ၁၇ ရက်က နေပြည်တော်တွင် ပြုလုပ်သော ဧရာဝတီမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများ အလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားသွားခဲ့သည်။

## မြစ်တစ်စင်း၏ပုံရိပ် အနုပညာပြပွဲပြုလုပ်မည်

**အေးမြကျော်**

**ရန်ကုန်၊ စက်တင်ဘာ-၁၆**

ဧရာဝတီမြစ်နှင့်ပတ်သက်သော ပုံရိပ်၊အနုပညာခံစားမှု၊ ဖော်ကျူးမှုများကိုတင်ဆက်ပြသသွားမည့် မြစ်တစ်စင်း၏ပုံရိပ်အနုပညာပြပွဲတစ်ရပ်ကိုစက်တင်ဘာလ ၂၂ မှ ၂၄ အထိ၃ရက်ကြာ ယောမင်းကြီးလမ်းရှိပြခန်း (၆၅) တွင်ပြုလုပ်သွားမည်ဖြစ်သည်။

အနုပညာပြပွဲနှင့်အတူ ဧရာဝတီ၏အလှအပ၊လက်ရှိပုံရိပ်များ၊ မှတ်တမ်းများနှင့်ဧရာဝတီမြစ်တစ်လျှောက်မှ လူမှုဘဝများကို ရိုက်ကူးထားသောဓာတ်ပုံ ၂၅၀ ကျော်ပါဝင်သည့်မြစ်တစ်စင်း၏ ပုံရိပ်ဓာတ်ပုံမှတ်တမ်းစာအုပ်ကိုလည်း ဖြန့်ချိသွားမည်ဖြစ်ကြောင်း ပြပွဲဖြစ်မြောက်အောင် စီစဉ်သူဦးစိုးဝင်းငြိမ်းက ပြောကြားသည်။

အနုပညာပြပွဲတွင်အနုပညာရှင်၅၀တို့၏ဧရာဝတီမြစ်နှင့်သက်ဆိုင်သော အနုပညာဖန်တီးမှုများ၊ ဓာတ်ပုံများ၊ ကာတွန်းများနှင့် ကဗျာများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင်ဖြန့်ချိသွားမည့်မြစ်တစ်စင်း၏ ပုံရိပ်ဓာတ်ပုံစာအုပ်တွင် ၂၀၀၉ ခုနှစ်ဒီဇင်ဘာလက မန္တလေးမြို့မှဧရာဝတီမြစ်ကိုဆန်တက်ကာမြစ်ကြောင်းတစ်လျှောက်ရိုက်ကူးခဲ့သော ဓာတ်ပုံများအများစုပါဝင်ပြီးမြန်မာနိုင်ငံ မြောက်ဖျားပိုင်းမှရေခဲတောင်များ၏ပုံများပါပါဝင်ကြောင်းဦးစိုးဝင်းငြိမ်းကပြောကြားသည်။

"ဧရာဝတီရဲ့ဖြစ်နေတဲ့ပုံရိပ်တွေကို သမိုင်းသက်သေအနေနဲ့ထားခဲ့ချင်တဲ့ဆန္ဒနဲ့ပါ"ဟု ခရီးစဉ်တွင်လိုက်ပါခဲ့သောမြန်မာ့ငှက်နှင့်သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်း ဥက္ကဋ္ဌဦးစိုးညွန့်က ပြောကြားသည်။

ပြပွဲတွင်ပြပွဲမှရရှိလာသော အကျိုးအမြတ်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများတွင်သုံးစွဲသွားမည်ဖြစ်ကြောင်းဦးစိုးဝင်းငြိမ်းကပြောကြားသည်။ မြစ်တစ်စင်း၏ ပုံရိပ်စာအုပ်ကိုပြပွဲရက်များတွင်တစ်အုပ်လျှင် ၂၅,၀၀၀ ကျပ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ထိုစာအုပ်များကိုကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကိုလည်းလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

## လူမှုရေးအဖွဲ့အစည်းအချို့ ကချင်ပြည်နယ်တွင်လုပ်ငန်းပြန်စ

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၇**

ကချင်ပြည်နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအားနယ်မြေအေးချမ်းသောမြို့အချို့တွင်ပြန်လည်လုပ်ဆောင်နေပြီဖြစ်ကြောင်းမြစ်ကြီးနားရှိပြည်တွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများထံမှ သတင်းရရှိသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများအနက်အချက်အလက်ကောက်ယူခြင်းနှင့် လူထုအခြေပြု သစ်တောတည်ထောင်ခြင်းများကို မိုးညှင်း၊ မိုးကောင်း၊ တနိုင်း၊ ပူတာအိုမြို့တို့တွင် စက်တင်ဘာလဆန်းပိုင်း၌ပြန်လည်လုပ်ကိုင်နေပြီဖြစ်ကြောင်း မြစ်ကြီးနားရှိလူထုအခြေပြုဆောင်ရွက်သောပြည်တွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းတစ်ခုကပြောသည်။

## ဖူးငုံ ဆယ်ကျော်သက်မဂ္ဂဇင်း ကိုးနှစ်ပြည့် စာပေ၊ အနုပညာတင်ဆက်မှုသို့ လူငယ်များ ပူးပေါင်းပါဝင်နိုင်

**ရန်ကုန်၊ စက်တင်ဘာ- ၁၉**

ဖူးငုံဆယ်ကျော်သက် မဂ္ဂဇင်းထုတ်ဝေခြင်း ကိုးနှစ်ပြည့် အစီအစဉ်ဖြင့် Living Magazine စာပေအနုပညာတင်ဆက်မှု အစီအစဉ် ယခုလ ၂၅ ရက်တွင်ဝင်ကြေးအခမဲ့ဖြင့်တင်ဆက်မည်ဖြစ်ပြီး ဆယ်ကျော်သက်လူငယ်များ သာမက အသက်နှစ်ဆယ်ကျော်သုံးဆယ်ဝန်းကျင် လူငယ်များအတွက်ပါ ရည်ရွယ်ထားကြောင်း မဂ္ဂဇင်းအယ်ဒီတာ ဦးမျိုးမြင့်ညိမ်းကပြောကြားသည်။

ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းဆုံအနီးရှိတော်ဝင်နှင်းဆီခြံတွင် စက်တင်ဘာ ၂၅ ရက်နေ့လည် ၁ နာရီမှ ၄ နာရီအထိ ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်း၌ဖော်ပြပါရှိလျက်ရှိသော ကဏ္ဍများကို အသက်ဝင်စွာကြည့်ရှုခံစားနိုင်ရန် စာပေ၊ဂီတ၊ အနုပညာရှင်များဖြင့် တင်ဆက်သွားမည်ဟုသိရသည်။ ထို့အပြင် ကဏ္ဍတစ်ခုတင်ဆက်ပြီးသွားတိုင်းတက်ရောက်လာသောလူငယ်များမှ ပါဝင်ဆွေးနွေးခြင်း၊ မေးမြန်းခြင်း သို့မဟုတ် ကိုယ်တိုင်ဖန်တီးထားသော အနုပညာလက်ရာများအား မျှဝေ တင်ဆက်ခြင်း စသည်တို့အား ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်လည်း စီစဉ်ထားကြောင်းသိရသည်။

အောင်ချမ်းမြေ့

သန့်လျှင်ခြံရောင်းမည်

riverorchid
VACANCY ANNOUNCEMENT

7DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# Chicken Soup



CHICKEN SOUP



အိန်ဂျယ်လင်း

# ကနေရီကလေးရဲ့ အခြားသော ကမ္ဘာများ

ကျွန်တော်ငယ်ငယ်တုန်းက ကျွန်တော့်အဖေက မြို့ပေါ်မှာ ပထမဦးဆုံးတယ်လီဖုန်းတစ်လုံးကိုပိုင်တဲ့လူဖြစ်ခဲ့တယ်။ သူကတကယ်တော့ သိပ်မချမ်းသာလှပေမယ့် အဲဒီဖုန်းကြောင့်ပဲ သူဟာဒီမြို့ကလေးမှာတော့ လူကုံထံစာရင်းတွေဘာတွေတောင်ဝင်ခဲ့သေးတာပေါ့။ ဖုန်းက ပေါ်လစ်ရောင်ပြောင်လက်နေတဲ့ သစ်သားသေတ္တာကလေးပဲ။အဖေက ဒါကိုနံရံမှာကပ်ထားတယ်။ တောက်တောက်ပြောင်ပြောင်တယ်လီဖုန်းစကားပြောခွက်ကလေးက ဖုန်းကိုယ်ထည်ရဲ့ဘေးမှာ တွဲလွဲခိုလို့ပေါ့။ ကျွန်တော်က ကလေးဆိုတော့သူတို့ဖုန်းချိတ်ထားတဲ့နေရာကိုမမီဖူးလေ။ ဒါပေမဲ့ အဖေတို့အမေတို့တယ်လီဖုန်းနဲ့စကားပြောတိုင်းကျွန်တော်ကစိတ်လှုပ်ရှားစွာနဲ့စောင့်ကြည့်နေတတ်တယ်။

အဲဒီလိုစိတ်ဝင်တစားစောင့်ကြည့်ရင်းနဲ့ ဒီထူးဆန်းတဲ့ မှော်သေတ္တာကလေးထဲမှာ အံ့သြစရာကောင်းတဲ့ လူတစ်ယောက်ရှိနေတယ်ဆိုတာ ကျွန်တော်သိလာရတယ်။ သူ့နာမည်က ‘အမိန့်ရှိပါရှင်’ တဲ့။ တကယ်တော့ အမိန့်ရှိပါရှင်ဆိုတဲ့ လူဟာသူမသိတာလုံးဝမရှိသလောက်ဘဲလို့ ကျွန်တော်တွေ့ထားတယ်လေ။ သူက လူတိုင်းရဲ့ ဖုန်းနံပါတ်တွေ၊ လိပ်စာတွေကို သိတယ်။ အိမ်ကသံပတ်နာရီကြီးကိုတိုက်ရင်လည်း သူ့ကိုအချိန်လှမ်းမေးလို့ရတယ်။ ကျွန်တော်သူ့အကြောင်းကို အခုလိုသိတာက တိုက်ရိုက်ကြုံဖူးလို့တော့မဟုတ်ဘူးလေ။ အမေနဲ့သူနဲ့ပြောဆိုနေတာတွေကိုကျွန်တော်ကအမြဲနားထောင်ရင်းနဲ့သိလာရတာ။ သူ့ကိုတိုက်ရိုက်ပြောဆိုဖို့ကျတော့ သူနေတဲ့ တယ်လီဖုန်းသေတ္တာက ကျွန်တော့်အရပ်နဲ့ မီမှမမီဘဲကိုး။ လူကြီးတွေကလည်း ဒီအံ့သြဖွယ်ရာ တယ်လီဖုန်းသေတ္တာဟာ ကျွန်တော်နဲ့ မဆိုင်သေးသလိုမျိုး ပြောထားကြလို့ ကျွန်တော်သူ့ကို စကားပြောကြည့်ချင်ပေမယ့်တစ်ခါမှမပြောဖူးသေးဘူး။

တစ်နေ့တော့ ကျွန်တော်ဟာ အံ့သြဖွယ်ရာ အမိန့်ရှိပါရှင်နဲ့ တိုက်ရိုက်ဆုံတွေ့ခွင့်ရခဲ့တယ်။ အဲဒီနေ့က အမေက ကျွန်တော့်ကိုအိမ်မှာထားခဲ့ပြီး အိမ်နီးနားချင်းတစ်အိမ်ကိုသွားလည်နေတယ်။ ကျွန်တော်ကလည်း လူကြီးတွေမရှိတုန်းစတိုခန်းထဲဝင်ပြီး အထဲကပစ္စည်းကိရိယာတွေကိုစိတ်ရှိတိုင်းမွှေနှောက်ဆော့ကစားနေတာပေါ့။ ကစားရင်းနဲ့ ကျွန်တော့်လက်ကိုတူနဲ့ ထိခိုက်မိတယ်။ နာလိုက်တာမှပြောမနေပါနဲ့တော့။ အရင်လိုဆိုရင်တော့ ကျွန်တော်အော်ငိုပစ်လိုက်မှာပေါ့။ ဒီနေ့မှာတော့ ဘယ်လောက်ငိုငို လူကြီးတွေတစ်ယောက်မှမရှိတဲ့အတွက် ဘာမှမထူးဘူးဆိုတာ ကျွန်တော်သိတယ်လေ။ ဒါနဲ့ ကျွန်တော်လည်း နာနေတဲ့လက်မကို ပါးစပ်နဲ့စုပ်ထားပြီး တစ်အိမ်လုံးအနှံ့သွားမိသွားရာသွားနေမိတယ်။ နောက်ဆုံးလှေကားအခန်းကိုရောက်သွားတယ်။

အဲဒီမှာမှ ကျွန်တော်ဟာဖျတ်ခနဲ တယ်လီဖုန်းကို သွားသတိရတယ်။ အဲဒါနဲ့ ဧည့်ခန်းကို ချက်ချင်းပြန်ပြေးပြီး ခွေးခြေခုံကလေးတစ်လုံးကို တရွတ်တိုက်သွားဆွဲလာတယ်။ ပြီးတော့ အဲဒီခုံကိုခုပြီး တယ်လီဖုန်းရှိရာကို လက်လှမ်းမီအောင်လုပ်ရတယ်။ တယ်လီဖုန်းခွက်ကို မ,လိုက်တဲ့အချိန်မှာတော့ ကျွန်တော့်စိတ်ထဲမှာလုံခြုံမှုကိုစပြီးခံစားလာရတယ်။ စိတ်ထဲမှာလည်း သူ့နာမည်အမိန့်ရှိပါရှင်ကို တိုးတိုးကလေးခေါ်နေမိတယ်။ တယ်လီဖုန်းခွက်ကြီးမပြီး ဘေးနားကအတံကလေးကို တစ်ချက်နှစ်ချက်လှည့်ပြီးခဏစောင့်လိုက်တဲ့အခါ ကျွန်တော်မျှော်လင့်နေတဲ့ ‘အမိန့်ရှိပါရှင်’ ဆိုတဲ့ကြည်လင်ပြတ်သားတဲ့ အသံသေးသေးကလေး ပေါ်လာတယ်။

‘အန်တီ သားလက်မှာနာသွားပြီ’ လို့ဖုန်းထဲကိုစပြောရင်းမှာပဲ ကျွန်တော့်မျက်လုံးထဲကမျက်ရည်တွေစပြီးစီးကျလာတော့တယ်။ ကျွန်တော့်ဒဏ်ရာအတွက် စာနာသနားပေးမယ့်လူတစ်ယောက်တွေ့သွားပြီကိုး။ ‘သားမေမေအိမ်မှာမရှိဘူးလားကွဲ့’ လို့ သူကပြန်မေးတယ်။ ‘ဟင့်အင်း၊ အိမ်မှာလူကြီးတွေတစ်ယောက်မှမရှိကြဘူး။ သားတစ်ယောက်တည်းပဲ’ လို့ငိုယိုရင်းပြန်ပြောရတယ်။ ‘သားဒဏ်ရာကသွေးတွေထွက်နေလား။’ ‘မထွက်ဘူးအန်တီ။ သားလက်ကိုတူနဲ့ထုမိသွားတာ။ တအားနာတာပဲ’ လို့ပြောမိတယ်။ ‘သား ရေခဲသေတ္တာကိုဖွင့်တတ်လား’ လို့သူကမေးတယ်။ ‘အင်း. . . ဖွင့်တတ်တယ်’ လို့ ပြန်ဖြေလိုက်တော့ သူကရေခဲသေတ္တာထဲက ရေခဲနည်းနည်းယူပြီး နာနေတဲ့ လက်မှာကပ်ထားလိုက်လို့ ပြောတယ်။

အဲဒီနောက်မှာတော့ ကျွန်တော်ဟာ ဘာကိစ္စပဲကြုံကြုံသူ့ဆီကိုအမြဲဖုန်းဆက်တော့တာပါပဲ။ ပထဝီနဲ့ပတ်သက်တာတွေကိုလည်း သူ့ကိုကျွန်တော်မေးချင်မေးတယ်။ အာဖရိကတိုက်ဘယ်မှာရှိသလဲဆိုတာမျိုးကို သူကကျွန်တော့်ကိုနားလည်အောင် ရှင်းပြတယ်လေ။ သင်္ချာတွေမတွက်တတ်ရင်လည်း သူက ကူပြီးရှင်းပြပေးတယ်။ ကျွန်တော်ပန်းခြံထဲကနေအလှမွေးရှဉ့်ကလေးတစ်ကောင်ကောက်ရတဲ့အကြောင်းသူ့ကိုပြောပြတော့ သူက အဲဒီအကောင်ကလေးကို သစ်သီးစေ့တွေ၊ မြေပဲဆန်ကလေးတွေကျွေးလို့ရတဲ့အကြောင်း ကျွန်တော့်ကိုပြောပြတယ်။

နောက်တော့ ကျွန်တော်တို့မိသားစုရဲ့ အချစ်ဆုံး ကနေရီတေးဆိုငှက်ကလေးပီတေးသေသွားတဲ့အချိန်ကို ရောက်လာခဲ့တယ်။ ကျွန်တော်လည်းထုံးစံအတိုင်း အမိန့်ရှိပါရှင်ကိုဖုန်းဆက်ပြီးတိုင်တည်ပြောတာပေါ့။ သူက ကျွန်တော်ပြောသမျှကိုပြီးအောင်ငြိမ်ပြီးနားထောင်နေတယ်လေ။ ပြီးတော့မှ လူကြီးတစ်ယောက်ကကလေးတစ်ယောက်ဝမ်းနည်းနေရင်ချော့သလိုမျိုးကျွန်တော့်ကိုချော့ပါတယ်။ ဒါပေမဲ့ ဒီလောက်နဲ့ ကျွန်တော့်ရဲ့ ဝမ်းနည်းမှုကိုမဖြေဖျောက်နိုင်ဘူးလေ။ ကျွန်တော်က ကနေရီကလေးသေဆုံးရမှုကိုဘယ်လိုမှလက်မခံနိုင်အောင် ဖြစ်နေရတယ်။ ‘အန်တီရယ်၊ဒီငှက်ကလေးတွေကဘယ်သူ့ကိုမှလည်းမကောင်းလုပ်တာမရှိဘူး။ သူသီချင်းကလေးတွေဆိုပေးလို့ကျွန်တော်တို့မိသားစုတွေလည်း အများကြီးပျော်ရွှင်ခဲ့ရတယ်။ ဒီလိုကောင်းတဲ့ငှက်ကလေးတွေဟာလည်း နောက်ဆုံးတော့ လှောင်အိမ်အောက်ခြေမှာ အရိုးအရင်း၊ အမွေးအတောင်ပုံတစ်ပုံလိုသေသွားရတာ ကျွန်တော်လုံးဝနားမလည်နိုင်ဘူး’ လို့ သူ့ကို ရင်ဖွင့်နေမိတယ်။

သူကကျွန်တော်ခံစားနေရတဲ့ ဝမ်းနည်းပူဆွေးမှုရဲ့ထုထည်အထုအပါးကိုသဘောပေါက်ပုံရတယ်။ ကျွန်တော့်ကို အင်မတန်ကြင်နာတဲ့အသံနဲ့ အခုလိုပြောတယ်။ ‘ပေါလ်၊ သားရေ၊ သားကိုမှတ်ထားစေချင်တာက ကနေရီငှက်ကလေးတွေမှာ အခုလိုပဲ သာယာတဲ့အသံကလေးတွေနဲ့ သီချင်းသွားဆိုစရာ နောက်ထပ်ကမ္ဘာလောကတွေရှိ နေသေးတယ် ဆိုတာပဲကွယ်’ လို့ပြောခဲ့တယ်။ သူ့ရဲ့စကားကြောင့် ကျွန်တော့်ရဲ့ပူဆွေးမှုတွေ အများ ကြီးလျော့ပါးသွားခဲ့ရတာကတော့အမှန်ပါပဲ။

နောက်နေ့တွေမှာလည်း ကျွန်တော်ဟာအရေးကိစ္စကြီးငယ်ရှိတိုင်းသူ့ဆီကိုဖုန်းခေါ်မြဲပါပဲ။ ‘အမိန့်ရှိပါရှင်ရေ၊ အန္တရာယ်ဆိုတာကိုဘယ်လိုစာလုံးပေါင်းရသလဲ’ ဆိုတာမျိုး ကျွန်တော့်ရဲ့ မေးခွန်းပေါင်းစုံ၊ ပြဿနာပေါင်းစုံကို သူကအမြဲပဲ စိတ်ရှည်လက်ရှည်နဲ့ ဖြေရှင်းပေးရလေ့ရှိပါတယ်။ ဒီအဖြစ်အပျက်တွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်လောက်က ပစိဖိတ်အနောက်မြောက်ပိုင်းက မြို့ငယ်ကလေးတစ်မြို့မှာဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုနဲ့ ကျွန်တော် ကိုးနှစ်သားအရွယ်ရောက်တော့ကျွန်တော်တို့ ဘော်စတွန်ကို ပြောင်းလာခဲ့ကြတယ်။ ‘အမိန့်ရှိပါရှင်’ နဲ့ ကျွန်တော်တို့ဟာ မိုင်ပေါင်းထောင်နဲ့ချီပြီးကွာဝေးတဲ့ အမေရိကရဲ့ ဟိုဘက်စွန်းနဲ့ ဒီဘက်စွန်းကိုရောက်သွားခဲ့ရတယ်။ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ မိတ်ဆွေကြီးကိုလွမ်းဆွတ်လို့နေခဲ့တယ်။ ‘အမိန့်ရှိပါရှင်’ ဟာ ကျွန်တော်တို့ငယ်စဉ်တောင်ကျေးက အိမ်ကြီးရဲ့ လှေကားခန်းနံရံမှာကပ်ထားတဲ့ မှော်သေတ္တာကြီးထဲမှာရှိနေခဲ့တယ်။ အိမ်အသစ်မှာကတော့ ဂဏန်းတွေကိုတိုက်ရိုက်နှိပ်ပြီးခေါ်လို့ရတဲ့ခေတ်မီတယ်လီဖုန်းဟာဧည့်ခန်းထဲကစားပွဲပေါ်မှာအဆင်သင့်ရှိနေပေမယ့် ကျွန်တော်ကတော့ ‘အမိန့်ရှိပါရှင်’ ကို လွမ်းဆွတ်တဲ့အတွက် အဲဒီဖုန်းအသစ်ကို ယောင်လို့တောင်ကိုင်မကြည့်ခဲ့ဘူး။ ဒီလိုနဲ့ ကျွန်တော်ဆယ်ကျော်သက်အရွယ်ကိုရောက်လာခဲ့တာတောင် ကျွန်တော့်ရဲ့ငယ်ဘဝကအမှတ်သညာတွေဟာ လုံးလုံးပျောက်ကွယ်မသွားခဲ့ပါဘူး။ အသက်အရွယ်ရလာတာနဲ့အမျှ သံသယတွေ၊ မရေရာမှုတွေနဲ့ နားမလည်နိုင်မှုတွေပိုပြီးတော့ များလာခဲ့တယ်။ ဒီလိုကြုံရတဲ့အချိန်တိုင်းမှာ ကျွန်တော်ကလေးငယ်ဘဝက ‘အမိန့်ရှိပါရှင်’ နဲ့စကားပြောတိုင်းရခဲ့တဲ့ တည်ငြိမ်အေးဆေးမှုနဲ့ လုံခြုံမှုကိုပြန်လည်အောက်မေ့ကြည့်လေ့ရှိတယ်။ အခုအသက်အရွယ် ရောက်တဲ့အခါမှာသူဟာကလေးငယ်ကလေးတစ်ယောက်ရဲ့ မေးခွန်းတိုင်း၊ တောင်းဆိုမှုတိုင်းကို အမြဲတမ်းမပျက်ကွက်ဘဲတုံ့ပြန်ပေးခဲ့တာဟာ ဘယ်လောက်တောင် အကြင်နာတရားနဲ့နားလည်နိုင်စွမ်းကြီးမားသလဲဆိုတာကောင်းကောင်း သိခဲ့တယ်လေ။ တချို့ကိစ္စတွေဆိုရင် ကျွန်တော့်ရဲ့ မိဘအရင်းတွေထက်တောင်သူကကျွန်တော့်အပေါ်ကြင်နာမှုပေးနိုင်ခဲ့တယ် ကျွန်တော်ယုံကြည်ခဲ့တယ်။

ကျွန်တော်ကောလိပ်ကျောင်းတက်တဲ့အသက်အရွယ်ရောက်တဲ့အချိန်မှာတော့ ကျွန်တော်ဟာ အနောက်ဘက်ပိုင်းက ကျောင်းတစ်ကျောင်းမှာ သွားတက်ဖြစ်ခဲ့တယ်။ ကျွန်တော်ကျောင်းကိုလေယာဉ်နှစ်ဆင့်စီးပြီးသွားရတာဖြစ်လို့ ဆီယက်တဲလ်လေဆိပ်မှာ လေယာဉ်တစ်ထောက်နားရတယ်။ အဲဒီမှာအချိန်မိနစ်သုံးဆယ်လောက်ရတဲ့အတွက် ဆီယက်တဲလ်မှာနေနေတဲ့ ကျွန်တော့်အစ်မအကြီးဆုံးကို ဖုန်းခေါ်ဖြစ်ခဲ့တယ်။ အစ်မနဲ့ပြောပြီးတဲ့နောက်မှာ ကျွန်တော်ဟာထွေထွေထူးထူးစဉ်းစားဆုံးဖြတ်တာမျိုးမဟုတ်ဘဲနဲ့ ကျွန်တော်တို့ဇာတိမြို့ကလေးက တယ်လီဖုန်းအော်ပရေတာနံပါတ်ကို အလိုအလျောက်ခေါ်မိသွားတယ်။ မမျှော်လင့်စွာဘဲ‘အမိန့်ရှိပါရှင်’ ဆိုတဲ့ ကျွန်တော့်ရဲ့ငယ်ဘဝတစ်လျှောက်လုံးရင်းနီးကျွမ်းဝင်လာခဲ့တဲ့ကြည်လင်တဲ့ အသံသေးသေးကလေးကိုကြားလိုက်ရတယ်။ ကျွန်တော်ပါးစပ်ကနေ မေးခွန်းတစ်ခုက အလိုအလျောက်ထွက်သွားခဲ့တယ်။ ‘အမိန့်ရှိပါရှင်ရေ၊ ကျွန်တော့်ကို အန္တရာယ်ဆိုတာ ဘယ်လိုစာလုံးပေါင်းရသလဲပြောပြပါ’ လို့မေးလိုက်တယ်။ တစ်ဖက်ကအသံခဏတိတ်သွားခဲ့တယ်။ပြီးတော့မှ ‘အခုလောက်ဆိုရင်တော့ သားရဲ့ လက်မကအနာကောင်းကောင်းကျက်သွားလောက်ပါပြီနော်’ လို့ ပြန်ဖြေတယ်။ ကျွန်တော်တို့နှစ်ယောက်လုံး အားရပါးရရယ်လိုက်မိကြတယ်။ ‘တကယ်ပဲ မင်းပါလား’ ဆိုပြီး စိတ်လှုပ်ရှားနေတဲ့အသံနဲ့ တစ်ဖက်က ပြောတယ်။ ‘ကျွန်တော်ငယ်ငယ်တုန်းက အန်တီကျွန်တော့်ကို တယ်လီဖုန်းထဲကနေ ကူညီစောင့်ရှောက်ပေးခဲ့တာဟာ ကျွန်တော့်အတွက် ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာကို အန်တီသိရဲ့လား’ လို့ ကျွန်တော်ကပြောခဲ့တယ်။ သူကလည်း ‘သားနဲ့ ဖုန်းပြောရတာ အန်တီဘယ်လောက်ဝမ်းသာပျော်ရွှင်ခဲ့ရတယ်ဆိုတာကိုရောသားသိရဲ့လား။ အန်တီ့မှာက ကလေးတစ်ယောက်မှမရှိတော့ သားဖုန်းဆက်လာမှာကိုပဲ အန်တီက မျှော်နေရတာကွဲ့’ လို့ သူကပြန်ပြောတယ်။ ‘အန်တီရယ်၊ ကျွန်တော်အခုဆီယက်တဲလ်ကိုရောက်နေတာလေ။ အဲဒီမှာ အစ်မရှိတယ်။ ကျွန်တော်ကျောင်းပိတ်လို့အစ်မဆီပြန်လာနေရင် အန်တီ့ဆီကို ဖုန်းခေါ်လိုက်မယ်နော်’ လို့ပြောတော့ သူက ဝမ်းသာအားရနဲ့ ‘ခေါ်ပါသားရယ်၊ အန်တီမျှော်နေမှာပေါ့။ ဆယ်လီနဲ့ပြောချင်တယ်လို့သာ ပြောလိုက်’ လို့ ပြောတယ်။ ကျွန်တော်ဟာသူ့နာမည် ဆယ်လီဆိုတာကို အခုကျတော့မှ သိတာဖြစ်တယ်။

နောက်သုံးလအကြာမှာ ဆီယက်တဲလ်က ကျွန်တော့်အစ်မဆီကို အလည်ရောက်တော့ ကျွန်တော်ဆယ်လီရှိတဲ့ အိတ်ချိန်းနံပါတ်ကိုလှမ်းခေါ်လိုက်တယ်။ ထူးနေကြ အမိန့်ရှိပါရှင်ဆိုတဲ့ အသံမဟုတ်ဘဲနောက်ထပ်အသံတစ်ခုက ဖုန်းကိုထူးတယ်။ ကျွန်တော်ကဆယ်လီ့ကိုမေးတော့ မိတ်ဆွေတွေလားလို့ ပြန်မေးတယ်။ ကျွန်တော်ကလေးဘဝကတည်းက ဆယ်လီက ကျွန်တော့်မိတ်ဆွေပါလို့ ပြောလိုက်တယ်။ တစ်ဖက်အသံက ‘သားကိုပြောရမှာတော့ စိတ်မကောင်းပါဘူးကွယ်။ ဒါပေမဲ့ ဆယ်လီဟာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းကကောင်းကောင်းမမာတော့လို့ ရုံးကို အချိန်ပိုင်းပဲ တက်နိုင်တော့တာလေ။ အခုတော့ သူဆုံးသွားခဲ့တာ တစ်လကျော်လောက်ရှိပြီကွဲ့’ လို့ပြောတယ်။


ကျွန်တော်လည်းစိတ်မကောင်းခြင်းကြီးစွာနဲ့ ဖုန်းချတော့မယ်လို့လုပ်တော့ တစ်ဖက်က ‘နေဦးကလေးရဲ့။ စောစောကမင်းနာမည်ကိုပေါလ်လို့ပြောလိုက်သလားလို့’ ဆိုပြီး ပြန်မေးတယ်။ ‘ဟုတ်ပါတယ်။ ကျွန်တော်ပေါလ်ပါ’ လို့ဆိုတော့ ‘ဟုတ်ပြီသား။ ဒါဆိုဆယ်လီမှာခဲ့တာမင်းပဲ။ ဆယ်လီကသူ မသေခင်ကလေးမှာ မင်းဖုန်းဆက်လာခဲ့ရင် သူ့ကိုယ်စားပြောပေးဖို့စာကလေးတစ်ကြောင်းရေးပေးထားခဲ့တယ်ကွဲ့။ အဲဒါကို အန်တီဖတ်ပြမယ်နော်။ . . . သား၊ ပေါလ်ရေ။ ကနေရီငှက်ကလေးတွေမှာ သီချင်းဆိုစရာ နောက်ထပ် ကမ္ဘာလောကတွေ ရှိနေပါသေးတယ်ကွယ်။ ဘာကိုဆိုလိုတယ်ဆိုတာ သားကောင်းကောင်းသိမှာပေါ့တဲ့. . .’။ ကျွန်တော်သူ့ကို ကျေးဇူးတင်စကားပြောပြီးဖုန်းကိုချခဲ့တယ်။ ဆယ်လီဘာကိုဆိုလိုတယ်ဆိုတာ ကျွန်တော်ကောင်းကောင်းသိပါတယ်။

တကယ်တော့ ကျွန်တော်တို့ရဲ့အပြုအမူတွေဟာတခြားသောလူတွေအပေါ်ကို အများကြီးသက်ရောက်မှုရှိနေတာကို ကျွန်တော်တို့သတိမထားမိတတ်ကြဖူးလေ။ ဒါပေမဲ့ ကျွန်တော်တို့ဟာ နေ့စဉ်ဘဝမှာပဲတခြားလူတွေရဲ့ဘဝတွေကိုတစ်နည်းမဟုတ်တစ်နည်းထိတွေ့ပြီး ကျေးဇူးပြုနေတယ်ကြရတယ်လေ။ ။

*Ref: 'The Old Phone-Other worlds to sing in' by Richard D'Andrea Dover*

7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# သားရွှေအိုးထမ်းလာတာပဲ မြင်ချင်ပါသည်



**မင်းသန်းထိုက်(ဒေးဒရဲ)**

၂၀၁၁ ခုစက်တင်ဘာ ၁ ရက်နေ့ထုတ် 7Day News ဂျာနယ်ထဲမှာပါတဲ့ ဆရာမောင်သာချို့ရဲ့ 'မြန်မာလိုတော့ ရေးလိုက်မိပါပြီ'ဆောင်းပါးကိုဖတ်မိရာကနေ ကျွန်တော့်ဝေဒနာတွေ တစ်ရေးနိုးလာခဲ့ခြင်းဖြစ်ပါသည်။ ကိုယ်တိုင်ကလည်း ကျောင်းဆရာ၊ သင်တော့လည်း မြန်မာစာဆိုတော့ မြန်မာစာနှင့်ဆိုင်သည့် ကိစ္စမှန်သမျှစိတ်ဝင်စားတတ်ပါသည်။ သို့ကြောင့်လည်း ဆရာ့ဆောင်းပါးကိုဖတ်အပြီး ကျွန်တော့်တစ်ကိုယ်လုံး အားအင်တွေကုန်ခန်းသွားသလို နုံးပြီးကျန်ခဲ့ပါတော့သည်။

ဆရာပြောသလိုပါပဲ။ အချို့အချို့သော မိဘများအပါအဝင် ကျွန်တော်တို့ကလေးတွေ မြန်မာစာကိုစိတ်ဝင်စားမှုအားနည်းလာကြသည်။ မဖြစ်မနေမို့သာ သင်နေကြရသည်။ ဖြစ်နိုင်လျှင် မသင်ချင်ကြ။ ခက်ဆစ်တွေ မကျက်ချင်ကြ၊ နာမ် နာမ်စားတွေ မမှတ်ချင်ကြ။ မြန်မာစာ စာစီစာကုံးတွေ မရေးချင်ကြ။ စာမေးပွဲအတွက်မို့သာ ဖတ်နေရ၊ ကျက်နေကြရသည်။ ဆယ်တန်းအောင်ပြီးရင် မြန်မာစာ အသုံးမဝင်တော့။ ခေတ်မီပညာရပ်တွေတတ်ဖို့ မြန်မာစာမလို။ သည်လိုနှင့် ကျွန်တော်တို့မြန်မာဘာသာစကားနှင့် မြန်မာစာသည် တဖြည်းဖြည်း အရပ်သုံး ဘာသာစကားအဆင့်သို့လျော့ကျပေတော့မည်။

သည်လို ဘာကြောင့်ဖြစ်ရသနည်း။ ဆန်းစစ်ကြည့်ပါမည်။ ကျွန်တော်တို့ အခြေခံပညာအထက်တန်းတွင် အတွဲ ၇ ယူသော ကျောင်းသားသည်မြန်မာစာမှလွဲ၍ ကျန်ဘာသာရပ်အားလုံးကို အင်္ဂလိပ်လိုသင်ကြရသည်။ မြန်မာစာ၏ နေရာသည် ကိုယ့် မြန်မာကျောင်းများ၌ပင် ကျဉ်းကျဉ်းကလေး။ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝစသော သိပ္ပံဘာသာရပ်များတွင် ကျွမ်းကျင်ဖို့ (အမှန်တော့ အမှတ်များများရဖို့) အင်္ဂလိပ်စာအခြေခံကောင်းဖို့လိုသည်။ သည့်အတွက် မိဘများက သားသမီးများကို အင်္ဂလိပ်စာဆရာကောင်းကောင်းငှား၍ သင်ကြားစေသည်။ မြန်မာစာကိုတော့ တော်ရိလျော်ရိ၊ စာမေးပွဲအောင်ရုံတော်ပြီ။ သည်လိုနှင့် ကျွန်တော်တို့ကလေးတွေ မြန်မာစာကိုစိတ်ဝင်စားမှုအားနည်းလာတော့သည်။

ကျွန်တော် စဉ်းစားကြည့်မိသည်။ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ စတဲ့သိပ္ပံဘာသာရပ်ကိုကျွမ်းကျင်တတ်မြောက်ဖို့ နေနေသာသာ ကလေးအများစုမှာ စာမေးပွဲမေးခွန်းကိုပင် မနည်း ကြိုးစား၍ဖတ်နေကြရပါသည်။ အချို့ကလေးများ ဘာမေးလို့ မေးမှန်းပင်မသိကြပါ။ သင်ကြားပေးနေသော ဆရာ၊ ဆရာမများကရော တကယ့် ဓာတုဗေဒပညာ၊ ရူပဗေဒပညာတွေကို သင်ကြားပေးခြင်းထက်စာမေးပွဲမှာဖြေတတ်အောင် မေးခွန်းပုံစံနဲ့ချပြီး သင်ပေးနေရသည်။ ဘာမေးရင် ဘာဖြေပေါ့။ အင်္ဂလိပ်ရေးထားသည်ကို ဘာသာပြန်ပေးနေရသည်ကများပါသည်။ ဆိုတော့ကာ . . . နဂိုကတည်းက မြန်မာလိုရေးထားလျှင် ဘာသာပြန်ပြစရာ လိုပါမည်လော။ သည်ဘာသာရပ်တွေကို မြန်မာလို သင်လို့ မရနိုင်ပါပြီလော။ ကျွန်တော်တို့အထက်တန်းကျောင်းသားဘဝကလည်း ဓာတုတွေ၊ ရူပတွေသင်ခဲ့ရပါသည်။ သို့သော် အင်္ဂလိပ်လိုမဟုတ်ပါ။ မြန်မာလိုဖြစ်ပါသည်။ ကျွန်တော်တို့အတွက် ဘာသာစကားအခက်အခဲတစ်ခု သက်သာပါသည်။ ဆရာ မသင်ရသေးတာတွေကို အိမ်မှာ ကိုယ့်ဘာသာကိုယ် ကြိုဖတ်၍ရပါသည်။ တက္ကသိုလ်ရောက်လို့ သူ့ဟာနဲ့သူ မေဂျာတွေခွဲသွားတော့လည်း သိပ္ပံဘာသာရပ်တွေက အင်္ဂလိပ်လိုဖြစ်သွားပါသည်။ ကိုးတန်း၊ ဆယ်တန်းမှာ အင်္ဂလိပ်လိုမသင်ရလို့ဆိုပြီး ဘယ်ကျောင်းသားမှ အဆင့်မမီမရှိပါ။ အားလုံး အဆင့်ပြေခဲ့ကြပါသည်။

ဆရာကြီးဦးဖေမောင်တင်က "တိုင်းပြည်နဲ့ လူထု ကြီးပွားရန် စကားပြေကိုများများရေးဖို့လိုသည်ဟုဆိုခဲ့သည်။ ဥပမာ-အင်္ဂလိပ်တွေကို ကြည့်ပါ။ သူတို့ ပညာအရပ်ရပ်တွေကို စကားပြေဖြင့်ရေးသားခဲ့ခြင်းကြောင့်လူတိုင်းလူတိုင်း သိနားလည်သည့် ကျေးဇူးကို ခံစားရသည်မှာထင်ရှားပါသည်"။ "ယခု မောင်တို့ခေတ်မှာလည်း လောကီပညာ၊ သိပ္ပံ၊ ဝိဇ္ဇာပညာတွေကို ဘာသာပြန်ရေးနေကြရပေသည်။ ဤလုပ်ငန်းသည် အလွန်အဖိုးတန်ပြီး အခွင့်အရေးကောင်းလည်း ဖြစ်သည့်အတွက် အခွင့်အရေးကိုအသုံးချကြစမ်းပါဟု တိုက်တွန်းလိုပါသည်" ဟူ၍ 'မြန်မာစာအရေးအသားတိုးတက်စေနည်း'ဆောင်းပါးတွင် ဆိုခဲ့ဖူးပါသည်။ တက္ကသိုလ်ဝင်တန်းမြန်မာစာသင်ရိုးတွင် သည်ဆောင်းပါး ပါပါသည်။

ဆရာကြီး၏ စေတနာမှာ မြန်မာစာအရေးအသားလည်းတိုးတက်စေ၊ ခေတ်မီပညာရပ်များလည်း မြန်မာလူငယ်များနှင့် ရင်းနှီးစေဟူသော တစ်ချက်ခုတ် နှစ်ချက်ပြတ် ရည်ရွယ်ချက်ဖြင့် လောကီပညာ၊ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များကိုများများမြန်မာဘာသာပြန်ကြဖို့ တိုက်တွန်းခြင်းဖြစ်ပါသည်။ ခုတော့ဖြင့် ဒီပညာရပ်တွေကို များများ ဘာသာပြန်ဖို့ နေနေသာသာ အခြေခံပညာကျောင်းများမှာပင် အင်္ဂလိပ်လို သင်ကြားနေကြသည်။ အရင်က မြန်မာလိုသင်နေရာက ဘာရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်လိုပြောင်းသင်သည်ဆိုတာတော့ ကျွန်တော် ဉာဏ်မမီ၍နားမလည်ပါ။ လောလောဆယ်တော့ ကျွန်တော်တို့ကလေးတွေခမျာ မြန်မာစာကိုလည်း စိတ်ဝင်စားမှုအားနည်း၊ အင်္ဂလိပ်လိုသင်ရတဲ့ အဲဒီဘာသာကြီးတွေကိုလည်း ကြောက်နဲ့ မိအေး နှစ်ခါနာတဲ့ကိန်းဆိုက်နေတာ အမှန်ပါ။

ကျွန်တော်တို့ပတ်ဝန်းကျင်က ဂျပန်၊ တရုတ် စတဲ့နိုင်ငံကြီးတွေရဲ့ အခြေခံကျောင်းတွေမှာ ဓာတု၊ ရူပ စတဲ့သိပ္ပံပညာဘာသာရပ်တွေကို သူတို့ မိခင်ဘာသာစကားနဲ့ သင်ကြားသည်ဟုကြားဖူးပါသည်။ အကြောင်းကတော့ ခေတ်မီသိပ္ပံ ဘာသာရပ်တွေနဲ့ သူတို့ကလေးတွေ အလွယ်တကူ ရင်းနှီးအောင်လို့ဟု ဆိုပါသည်။ ကျွန်တော်တို့ဆီမှာတော့ အင်္ဂလိပ်စာမှ မတတ်လျှင် ကွန်ပျူတာပညာမသင်နိုင်ပါပြီ။ အင်တာနက်မသုံးနိုင်ပါပြီ။ ကမ္ဘာကို ခြေဆန့်နိုင်ဖို့ ကမ္ဘာသုံးဘာသာစကားဖြစ်သည့် အင်္ဂလိပ်စာကျွမ်းကျင်ဖို့လိုတာမှန်ပါသည်။ သို့သော် ကျွန်တော်တို့ကလေးတွေအားလုံးဆယ်တန်းအောင်ပြီး တက္ကသိုလ်တွေတက်ပြီး၊ ဘွဲ့တွေရပြီး ပညာရှင်တွေဖြစ်ကုန်ကြသလား။ အလယ်တန်းနဲ့ ထွက်မယ့်ကလေးတွေ၊ ဆယ်တန်းနဲ့ ရပ်မယ့်ကလေးတွေ မရှိကြတော့ဘူးလား။ တကယ်တမ်း တွက်ကြည့်ရင် အထက်တန်းပြီးတဲ့ကလေးထက် မပြီးတဲ့ကလေးကတောင် ပိုများနေသေးတာ။ သူတို့လေးတွေရော ဝါသနာပါရင် ဓာတုပညာရှင်၊ ရူပပညာရှင်၊ ကွန်ပျူတာပညာရှင်ဖြစ်ခွင့်မရှိတော့ဘူးလား။ ဘာသာစကား အခက်အခဲကြောင့် ပညာရှင်ဖြစ်ခွင့်မရှိဘူးဆိုရင် သိပ္ပံပညာရဲ့အခန်းကဏ္ဍကျဉ်းမြောင်းမသွားပေဘူးလား။

အများသိကြတဲ့ သိပ္ပံပညာရှင်ကြီး သောမတ်အက်ဒီဆင်ဟာ အတန်းပညာနည်းနည်းကလေးသာ သင်ခဲ့ဖူးတာပါ။ ဒါပေမဲ့ သူတို့ဆီမှာ သူတို့ ဘာသာစကားနဲ့ ရေးထားတဲ့ သိပ္ပံပညာဆိုင်ရာ စာအုပ်စာတမ်းတွေ အများကြီးရှိလို့သာ ဒါတွေဖတ်ပြီး သိပ္ပံပညာကို စိတ်ဝင်စားရာကနေ တီထွင်သူ သိပ္ပံပညာရှင်ကြီးဖြစ်လာရတာပါ။ ကျွန်တော်တို့ဆီမှာရော ကိုယ့်မိခင်ဘာသာစကားဖြစ်တဲ့မြန်မာဘာသာစကားနဲ့ ရေးထားတဲ့ သိပ္ပံပညာဆိုင်ရာ စာအုပ်စာတမ်းတွေ ဘယ်လောက်များ ရှိပါသလဲ။ ယုတ်စွအဆုံး ကျောင်းသင်ရိုးစာအုပ်တွေကိုမြန်မာလိုရေးထားရင်တောင် ကိုးတန်း၊ ဆယ်တန်း ကျောင်းမနေနိုင်တဲ့ကလေးထဲက ဓာတု၊ ရူပပညာရပ်တွေကို စိတ်ဝင်စားမယ်ဆိုရင် ကျောင်းသားတွေဆီက ငှားဖတ်လို့ မရပေဘူးလား။ ခုတော့ အပြင်က ကလေးတွေဝေးလို့ ကျောင်းသားတွေတောင် ဆရာသင်ထားတာကလွဲရင် ကျန်တာ ကိုယ့်ဘာသာကိုယ် မဖတ်နိုင်ကြ။

သည်တော့ ကျွန်တော်တို့ တစ်တွေ ဘာလုပ်သင့်သနည်း။ ဆရာမောင်သာချို့ကတော့ မိခင်ဘာသာစကားနှင့် စာပေကို သင်ယူခြင်းသည် အလကားဟူသော စိတ်ဓာတ်များ မိဘများကိုယ်တိုင်၌ ရှိနေ၊ ထိုစိတ်ဓာတ်မျိုးကို မိမိ၏ သားသမီးများထံသို့လည်း စီးဆင်းဝင်ရောက်စေခြင်းသည်အန္တရာယ်ကြီးသည်ဟု ထောက်ပြခဲ့ပါပြီ။ ဆရာကြီးဦးဖေမောင်တင်ကလည်း လောကီပညာ၊ သိပ္ပံ၊ ဝိဇ္ဇာပညာများကို ဘာသာပြန်ခြင်းသည် အခွင့်အရေးကောင်းဟု လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်ကတည်းက လမ်းညွှန်ပြခဲ့ပါသည်။ အခြေခံပညာအဆင့် ကိုးတန်း၊ ဆယ်တန်းမှာ သိပ္ပံဘာသာရပ်တွေကို ကျွန်တော်တို့ခေတ်တုန်းကလိုပဲ မြန်မာလိုပြန်သင်ကြမယ်ဆိုရင် ကျောင်းသားတွေအတွက်လည်း သိပ္ပံဘာသာရပ်တွေမှာ အခုလောက် မပင်ပန်း၊ မြန်မာဘာသာရဲ့အခန်းကဏ္ဍလည်းပိုကျယ်ပြန့်။ သည်လိုဆိုလျှင် မြန်မာဘာသာစကားနဲ့စာပေကိုသင်ယူခြင်းသည်အလကားဟူသောစိတ်ဓာတ်များ တဖြည်းဖြည်း ပြန်ပျောက်ကွယ်မသွားနိုင်ပေဘူးလားဟု တွေးမိသည်။ ပညာရေးပညာရှင်များစဉ်းစားကြဖို့ဖြစ်ပါသည်။

ကျွန်တော့် ဉာဏ်တစ်ထွာ တစ်မိုက်ကလေးနှင့် ငါးကြင်းခေါင်းတက်ကိုင်သလိုဖြစ်နေလျှင်တော့ သည်းခံခွင့်လွှတ်ပေးကြပါ။ ကျွန်တော်ကတော့ သားရွှေအိုးထမ်းလာတာကိုပဲမြင်ချင်ပါသည်။

## JOKE

### ၆ စက္ကန့်အတွင်း

ဘော့ဗ်တစ်ယောက်ဒုက္ခတွေ့နေ သည်။ မင်္ဂလာဆောင်နှစ်ပတ်လည်နေ့ကိုမေ့နေရာ မိန်းမက ဒေါသဖောင်းနေသည်။ ထိုနေ့ညမှာပင်မိန်းမက ရာဇသံပေးသည်။

"မနက်ဖြန်မနက်မိုးလင်းလို့ ကားဂိုဒေါင်ထဲမှာ ခြောက်စက္ကန့်အတွင်းသုညကနေ ၂၀၀ အထိရောက်သွားတဲ့လက်ဆောင်ပစ္စည်းရောက်မနေရင် ရှင်ကျွန်မအကြောင်း သိမယ်" ဟုမိန်းမက ဆိုပါ၏။ နောက်နေ့မနက်တွင် ဘော့ဗ်တစ်ယောက်မနက်အစောကြီးထပြီး အလုပ်သွားသည်။ ဖာရာရီ၊ ပိုရှေးကားများကို အိပ်မက်မက်၍ အိပ်ပျော်သွားသော သူ့ မိန်းမနိုးလာပြီး ဂိုဒေါင်ထဲလှမ်းကြည့်ရာ သေသေချာချာ ထုတ်ပိုးထားသော အထုပ်တစ်ခုကိုတွေ့ရသည်။ မိန်းမလည်း စိတ်ရှုပ်သွားပြီးအထုပ်ကို ဖွင့်ကြည့်ရာ အထုပ်ထဲမှ "ပေါင်ချိန်စက်" အသစ်စက်စက်ကို တွေ့ရပါတော့သည်။ အဲဒီနေ့မှစ၍ ဘော့ဗ်လည်းပျောက်နေပါသည်။

### ကျွဲအုပ်သီအိုရီနှင့် ဘီယာ

ကျွဲအုပ်တစ်အုပ် အမဲလိုက်ခံရပါက နောက်ဆုံးကျန်ခဲ့သည့် အနှေးဆုံးကျွဲမှာ သတ်ဖြတ်ခံရသည်ကို တီဗီများတွင် တွေ့မြင်ရတတ်သည်။ အားအနည်းဆုံးအကောင်ကို သတ်လိုက်၍ ကျန်သောကျွဲများမှာ အားလုံးအားကောင်းမောင်းသန်ချည်း ဖြစ်လာသည်။

ထိုနည်းတူပင် ဘီယာပုံမှန်သောက်သုံးခြင်းကလည်း ဦးနှောက်၏ အားအနည်းဆုံးဆဲလ်များကို သေဆုံးသွားစေသည်ဟုဆိုသည်။ ထို့အတွက်ကြောင့်ပင် ဘီယာသုံး၊ လေးခွက်ဝင်သွားပါက လူအများစုမှာ သူတို့၏ အရည်အချင်းများကိုပြသပါတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

Business
7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# ငါးလုပ်ငန်းဥပဒေမူကြမ်း လုပ်ငန်းရှင်များအား အသိပေးဆွေးနွေး

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

'ပြည်ထောင်စုငါးလုပ်ငန်းဥပဒေ' မူကြမ်းအား ရှေ့နေချုပ်ရုံးသို့ မတင်ပြမီရေလုပ်ငန်းရှင်များနှင့် ဆွေးနွေးခဲ့ကြောင်း ငါးလုပ်ငန်း ဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီး တစ်ဦးကပြောသည်။



ငါးများကို ပြည်ပဈေးကွက်သို့မတင်ပို့မီ အအေးခန်းစက်ရုံ၌ အလေးချိန် ချိန်တွယ်၍ အတန်းအစားခွဲခြားစဉ်

"ပြည်သူ့လွှတ်တော်နဲ့ ပြည်နယ်၊ တိုင်းဒေသကြီးလွှတ်တော်တွေမှာ ဥပဒေပြဋ္ဌာန်းဖို့အတွက် လိုအပ်ချက်တွေမရှိအောင်မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ပညာရှင်တွေနဲ့ လုပ်ငန်းရှင်တွေကို ချပြဆွေးနွေးခဲ့တာပါ" ဟု စက်တင်ဘာ ၁၃ ရက်တွင် ၎င်းကပြောသည်။

ယခုကျင့်သုံးနေသော ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများမှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကတည်းက တည်ဆဲဥပဒေများဖြစ်နေသောကြောင့် ခေတ်နှင့်လျော်ညီမှုမရှိတော့၍ အသစ်ပြန်လည်ရေးဆွဲရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

အဆိုပါ ဥပဒေများမှာ ရေချိုငါးလုပ်ငန်းဥပဒေ၊ ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ၊ မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေ၊ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေနှင့် အင်းအိုင်ဥပဒေများကို ပေါင်းစုပြီး 'ပြည်ထောင်စုငါးလုပ်ငန်းဥပဒေ'ဟူ၍ အမည်ပေးထားခြင်းဖြစ်သည်။

"ဥပဒေတွေကို အကြမ်းရေးဆွဲပြီးတော့ ပြေီမှာ Alert လုပ်(အသိပေး)ပြီး တစ်ပတ်ပဲအချိန်ရတယ်။ ငါးလုပ်ငန်းအဖွဲ့ချုပ် ငါးလုပ်ငန်းပညာရှင်တွေနဲ့ သုံးရက်နဲ့ ဥပဒေရေးဆွဲပြီး တပေါင်းတစည်းတည်း လုပ်လိုက်တာ"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက သြဂုတ်လကုန်ပိုင်းက ပြောသည်။

ထိုဥပဒေမူကြမ်းကို တတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းဖွယ်ရှိကြောင်း ၎င်းတို့ကပြောသည်။ ရေချိုငါးလုပ်ငန်းဥပဒေကိုလည်း ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များတွင် ပြဋ္ဌာန်းပေးနိုင်ရေးအတွက် ရေလုပ်ငန်းနယ်ပယ်မှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောသည်။

စာ(၃၄)သို့

# အောင်ဘာလေထီကဏန်းကိုယူ ကံစမ်းမဲဖောက်သောလုပ်ငန်းတစ်ခုအား သတိပေး

**မေဝင်းမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၁၆**

ကုန်ပစ္စည်းအရောင်းမြှင့်တင်မှုကံစမ်းမဲကိုအောင်ဘာလေထီဂဏန်းများဖြင့်ချိတ်ဆက်ကာ ကံစမ်းမဲအစီအစဉ်ပြုလုပ်သည့် လုပ်ငန်းတစ်ခုကိုသက်ဆိုင်ရာဌာနကတွေ့ဆုံသတိပေးပြောကြားခဲ့သည်ဟု စုံစမ်းသိရသည်။

အဆိုပါကံစမ်းမဲမှာ အောင်ဘာလေထီကျပ်သိန်း၁၀၀၀ပေါက်ဂဏန်း၏နောက်ဆုံးဂဏန်းလေးလုံးနှင့် ကံစမ်းမဲဂဏန်းလေးလုံးတူပါကကျပ်သိန်း ၂၀၊ အောင်ဘာလေထီကျပ်သိန်း၅၀၀ ပေါက်ဂဏန်း၏ နောက်ဆုံးဂဏန်းလေးလုံးနှင့် ကံစမ်းမဲဂဏန်းလေးလုံးတူပါက ကျပ်၁၀ သိန်းရယူနိုင်မည်ဟုကြော်ငြာကာ အထူးအစီအစဉ်အဖြစ်ရောင်းချခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့အောင်ဘာလေထီဂဏန်းများနှင့် ဆက်နွှယ်ကာ ကံစမ်းမဲပုံစံရောင်းချခြင်းသည် လောင်းကစားဥပဒေပုဒ်မ ၂၉၄/က ဖြင့်ငြိစွန်းနိုင်ပြီး အဆိုပါပုဒ်မတွင် မည်သူ့ခွင့်ပြုချက်မျှမရှိဘဲ ထီသို့မဟုတ် ထီကဲ့သို့အခြားကံစမ်းကစားနည်း တစ်ခုခုတွင် စီမံခန့်ခွဲသူအဖြစ်လည်းကောင်း၊ လောင်းကြေးလက်ခံသူ အဖြစ်လည်းကောင်း၊ ဒိုင်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကိုတစ်နည်းနည်းဖြင့် အားပေးခြင်းမပြုရ စသည့်အချက်များပါရှိသည်။

ယခင်ကလည်း အောင်ဘာလေထီအရောင်းဆိုင်များတွင် ကံစမ်းမဲများဖြင့် ဆိုင်ကယ်၊ လက်ကိုင်ဖုန်း၊ ရွှေဆွဲကြိုး၊ ရွှေဒင်္ဂါးစသည်များရယူနိုင်မည်ဆိုကာ ထီအရောင်းမြှင့်တင်မှုများရှိခဲ့ပြီး သက်ဆိုင်ရာဌာနက ထီကုန်သည်များနှင့်တွေ့ဆုံကာ ကံစမ်းမဲဖြင့်ရောင်းချမှုမပြုရန် အသိပေးပြောကြားမှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။





# ရွှေဈေး အတက်အကျမြန်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၁၄**

နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြန်ဆန်စွာပြောင်းလဲနေသောကြောင့် ပြည်တွင်းရွှေဈေးနှုန်း အတက်အကျမှာလည်း မြန်ဆန်စွာဖြစ်ပေါ်နေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

စက်တင်ဘာလဒုတိယပတ်တွင် ကားအဟောင်းများကိုဖျက်ဆီး၍ကားတင်သွင်းခွင့်လိုင်စင်ချပေးမည်ဟူသော သတင်းများနှင့်အတူ အမေရိကန်ဒေါ်လာဈေးနှုန်းမှာလည်း မြင့်တက်နေခဲ့ကြောင်း ငွေကြေးဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သူများကပြောသည်။

ထို့ကြောင့်အမေရိကန်ငွေလဲနှုန်းနှင့်ကမ္ဘာ့ရွှေဈေးအတက်အကျပေါ်တွင် ဈေးနှုန်းပြောင်းလဲလေ့ရှိသော ပြည်တွင်းရွှေဈေးနှုန်းများသည် တစ်ရက်တည်းတွင် ကျပ် ၁၅,၀၀၀ ကျော်ထိ ဈေးနှုန်းအတက်အကျဖြစ်ပေါ်နေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၀၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၈၅ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၃၂ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၆ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၀ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၈၁၀ | ကျပ် |

၂၀၁၁ စက်တင်ဘာ ၁၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် စက်တင်ဘာ ၁၆ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၃၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၂၄၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၇၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၈၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၇. ၃၂ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၀၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၂. ၄၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၈၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၃၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၇၅၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၃၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၂၆ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၀. ၉၈၉၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၂၀၇၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၆၄၇ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၃၀. ၅၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၈၁၄. ၇၀၀ |
| ရေနံစိမ်း | စည် | ၁၁၂. ၂၂၀ |
| ငွေ | ၁ အောင်စ | ၄၀. ၈၃၁ |
| ကြေးနီ | ပေါင် | ၃၉၃. ၁၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၈၀၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ စက်တင်ဘာ ၁၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011

# ဆန်ကြမ်းဈေး အနည်းငယ်ကျ

သိမ့်သိမ့်စိုး

**ရန်ကုန်၊ စက်တင်ဘာ-၁၇**

ဆန်ဈေးကွက်တွင်း၌ ယခုရက်ပိုင်းတွင် ဝယ်လိုအားနည်းနေခြင်းကြောင့် ဆန်ကြမ်းဈေးနှုန်းများ အနည်းငယ်ကျဆင်းလာကြောင်း ဆန်ကုန်သည်များက ပြောသည်။

"ဈေးက ဒီတစ်ပတ်မှ စကျလာတယ်။ ဈေးကျတာက အဝယ်မလိုက်လို့ ဈေးအေးလာတာတဲ့ သဘောပါပဲ"ဟု ဆန်ကုန်သည်တစ်ဦးကပြောသည်။


ပေါ်ဆန်း နှင့်ရှယ်ဆန်များ၏ ဈေးနှုန်းများမှာ ကျဆင်းခြင်းမရှိဘဲ အိတ်စ်ပို့ဆန်နှင့် ဆန်ကြမ်းများ၏ ဈေးနှုန်းများသာ ကျဆင်းခြင်းဖြစ်ကြောင်း သိရသည်။

ယခင်ရက်များတွင် ဆန်ကြမ်းမှာ တစ်တင်းခွဲတစ်အိတ်လျှင် ၁၄၀၀၀ ကျပ်ဝန်းကျင်တွင် ရှိနေရာမှ ယခုရက်ပိုင်းတွင် ၁၃၂၀၀ ကျပ်ထိ ဈေးနှုန်းများကျဆင်းနေကြောင်း ဆန်ကုန်သည်တစ်ဦးကပြောသည်။

ထို့အပြင် ဆန်ကြမ်းဖြစ်သော နွေဧယာရှယ်မှာလည်း တစ်တင်းခွဲ တစ်အိတ်လျှင် ၁၇,၈၀၀ ကျပ်မှ ယခုရက်ပိုင်းတွင် ကျပ် ၁၆,၀၀၀ ကျော်နှင့် ၁၇,၀၀၀ ကျပ်ဝန်းကျင်တွင် ရှိနေကြောင်း သိရသည်။ မနောသုခမှာလည်း ကျပ် ၁၈,၀၀၀ ကျော်ရှိနေရာ ၁၇,၅၀၀ ကျပ်ထိ ဈေးနှုန်းကျဆင်းမှုရှိကြောင်း သိရသည်။

"ဈေးက ဆန်ကြမ်းနဲ့အိတ်စ်ပို့ပဲ ကျတာ။ အိတ်စ်ပို့ဆန်က သဘော်အဝင်ရပ်သွားလို့ဝယ်လိုအား နည်းသွားတာကြောင့်လို့ ပြောကြတယ်" ဟု ဆန်ဈေးကျခြင်းနှင့်ပတ်သက်၍ ဆန်ကုန်သည်တစ်ဦးကပြောသည်။

နှစ်စဉ်အားဖြင့် ယခုကာလသည် မိုးတွင်းကာလဖြစ်သည့်အတွက် ဆန်ဈေးအေးလေ့ရှိသော်လည်း ယခုနှစ်သည် မိုးရွာခြင်းနှင့် မြစ်ရေကြီးခြင်းကြောင့် ဆန်ဈေးမာနေသကဲ့သို့ပြည်ပတင်ပို့ခွင့်ကိုပါ ပေးထားသည့်အတွက် ဈေးကျဆင်းမှုနည်းနေခဲ့ခြင်းဖြစ်ကြောင်း ဆန်ကုန်သည်များက ပြောသည်။


ဆန်ချောဈေး အနည်းငယ်တက်သော်လည်း ဆန်ကြမ်းဈေးကျလာသည်။

ထို့အပြင် ပုံမှန်အားဖြင့် ဆန်သစ်ပေါ်ချိန်ဖြစ်သော အောက်တိုဘာလတွင် ဈေးကျဆင်းလေ့ရှိသော်လည်း ယခုနှစ်တွင် အသစ်ပေါ်ချိန် နောက်ကျနိုင်ခြင်းနှင့် ဝယ်လိုအား ပေါ်မူတည်၍ ဈေးနှုန်းအခြေအနေပြောင်းလဲနိုင်ကြောင်း သိရသည်။

ဈေးငြိမ်နေသော ထိပ်စဆန်များဖြစ်သည့် ဖျာပုံပေါ်ဆန်းရှယ်မှာ တစ်တင်းခွဲတစ်အိတ်လျှင် ၃၅၀၀၀ ကျပ်နှင့် ရွှေဘိုပေါ်ဆန်းမှာ တစ်တင်းခွဲတစ်အိတ်လျှင် ၄၀၀၀၀ ကျပ်ရှိသည်။




## စာ(၃၃) - ရွှေဈေး အတက်အကျမြန် မှ

ပြည်တွင်းရွှေဈေးနှုန်းသည် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၁၇,၀၀၀ ကျပ်ဖြင့် စက်တင်ဘာ ၁၄ ရက် နံနက်၌ဈေးစတင်ဖွင့်ခဲ့သော်လည်း အမေရိကန်ငွေဈေး မြင့်တက်မှုကြောင့် ယင်းနေ့ဈေးပိတ်ချိန်တွင် ၇၂၅,၀၀၀ ကျပ်ထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁,၈၁၀ ဒေါ်လာမှ ၁,၈၅၀ ဒေါ်လာဝန်းကျင်တွင်ဈေးနှုန်းပြောင်းလဲမှုရှိနေသည်။ စက်တင်ဘာ ၁၄ ရက်တွင် အမေရိကန်ငွေလဲနှုန်းတစ်ယူနစ်လျှင် ၇၆၀ ကျပ်မှ ၇၉၀ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်ခဲ့သည်။

"ဒီရက်ပိုင်းဈေးတက်ပေမယ့် အရောင်းအဝယ်က ကောင်းလာတယ်။ အရင်လို အသွင်းချည်းပဲတော့မဟုတ်တော့ဘူး။ အရောင်းနဲ့အဝယ်ကအညီလောက်ထိ ဖြစ်လာတယ်။ ရောင်းအားတက်တဲ့သဘောပဲ"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

လတ်တလောတွင် ကားလောက၌ အပြောင်းအလဲလုပ်မည်ဟူသော သတင်းများကြောင့် အချို့က ရွှေကိုစုဆောင်း ဝယ်ယူလာသည့်အတွက်လည်း ရောင်းအားမြင့်တက်လာခဲ့ခြင်း ဖြစ်သည်။

ယခုရက်ပိုင်းတွင် ၁၅ ပဲရည်တစ်ကျပ်သား၏ ဈေးနှုန်းမှာလည်း ၆၈၀,၀၀၀ ကျပ်ရှိကြောင်း သိရသည်။

## စာ(၃၃) - ငါးလုပ်ငန်းဥပဒေမူကြမ်း လုပ်ငန်းရှင်များအား အသိပေးဆွေးနွေး မှ

ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များအား မိမိတို့ဒေသအတွင်းရှိတင်ဒါငါးဖမ်းကွက်များ၊ အင်းလေလံလုပ်ကိုင်မည့်သူများထံမှ အခွန်အခများ ရရှိပိုင်ခွင့်ကို နိုင်ငံတော်က ယခုနှစ်ဧပြီ ၂၀ ရက်တွင် လွှဲအပ်ခဲ့ပြီးဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

"ရေချိုငါးလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်လာအောင် ငါးမျိုးပြုန်းတီးမှု ကာကွယ်တားဆီးနိုင်ရေး၊ ရေချိုငါးလုပ်ငန်းရေပြင်တွေ ပျက်ဆီးခြင်းမှ ကာကွယ်စောင့်ရှောက်နိုင်ရေး၊ နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွန်အခတွေရရှိဖို့၊ ငါးလုပ်ငန်းတွေကို ဥပဒေနဲ့အညီ စီမံခန့်ခွဲခြင်းနဲ့ အရေးယူဆောင်ရွက်နိုင်ဖို့လုပ်ရတာပါ"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးကပြောသည်။

ဥပဒေအသစ်များပြန်လည်ရေးဆွဲပြီး လွှတ်တော်အသီးသီးတွင်အတည်မပြုမီ ၎င်းဥပဒေများအတိုင်း လုပ်ငန်းလုပ်ကိုင်ကြရမည့်သူများအား ပြန်လည်တင်ပြဆွေးနွေးခွင့်ပြုသည်ကို ယခင်က တစ်ကြိမ်မျှမကြုံခဲ့ဖူးကြောင်းမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်က ပြောသည်။

"ဘာပဲဖြစ်ဖြစ် ငါးလုပ်ငန်းဥပဒေသစ်တွေထွက်လာတယ်ဆိုရင်ပဲ မြန်မာနိုင်ငံရဲ့ ငါးလုပ်ငန်းဟာ စနစ်တကျနဲ့ဖြစ်လာမှာပါ" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အမှုဆောင်ဒုတိယဥက္ကဋ္ဌဦးဟန် ထွန်းကပြောသည်။

ငါးလုပ်ငန်း လုပ်ကိုင်ခြင်းများနှင့် သက်ဆိုင်သော ဥပဒေများတွင် ၁၈၇၅ ခုနှစ်၌ အင်းအိုင်ဥပဒေဟူ၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးပေါ်ပေါက်ခဲ့သည်။ အဆိုပါ အက်ဥပဒေကို ၁၉၀၅ ခုဧပြီ ၂၂ ရက်မှသာ မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၃/၁၉၀၅ ဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ အဆိုပါ အင်းအိုင်ဥပဒေကိုပင် အခြေခံ၍ ၁၉၁၁ ခုနှစ်တွင် အင်းအိုင်နည်းဥပဒေ၊ ၁၉၁၂ ခုနှစ်တွင် အင်းအိုင်အမိန့်ဆင့်ဆိုချက်ဟူ၍ ထပ်မံအတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။ ၁၉၉၁ ခုနှစ် မတ် ၄ ရက်တွင် ရေချိုငါးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် ၁၉၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အင်းအိုင်အက်ဥပဒေအား ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဥပဒေများ ရုပ်သိမ်းသည့် ဥပဒေ ၁/၉၂ ဖြင့် ဖျက်သိမ်းခဲ့ကြောင်း သိရှိရသည်။

# 7DAY BOOK REVIEW

## အောင်ဆန်းနော် ဗိုလ်ချုပ်နော် တေဇနော်




လတ်တလော ထွက်ရှိသမျှ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်များထဲတွင် အကောင်းဆုံးဟု ဆိုနိုင်သောစာအုပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စာအုပ်တွင် ပါဝင်သည့်ဆောင်းပါးအများစုမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေတ်ပြိုင်ကျောင်းသားခေါင်းဆောင်များ၊ ဒို့ဗမာအစည်းအရုံးဝင်သခင်များ၊ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များနှင့် ဗိုလ်ချုပ်နှင့် အရင်းနှီးဆုံးနေထိုင်ခဲ့သူများက ၎င်းတို့ဆက်စပ်ပတ်သက်ခဲ့သမျှ ပြန်လည်ရေးသားထားသော ဆောင်းပါးများကို စုစည်းထားခြင်းကြောင့်ဖြစ်သည်။ စာအုပ်တွင် သမိုင်းဝင်ဆောင်းပါးပေါင်း ၅၇ ပုဒ်ပါဝင်ပြီး ထင်ရှားသည့် ဆောင်းပါးရှင်များမှာ မင်းသုဝဏ်၊ ညိုမြ၊ မောင်ထင်၊ တက်တိုး၊ ဒဂုန်တာရာ၊ တိုးတက်ရေး ဦးအုန်းမြင့်၊ ဂျာနယ်ကျော် မမလေး၊ ဗိုလ်ဥတ္တမကျော် (နတ်မောက် ဘုန်းကျော်)၊ ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)၊ သခင်ဗဟုန်၊ ဦးဗဆွေ၊ ဦးဗဂျမ်း၊ မူဝံ (မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ)၊ သခင်ကျော်စိန်၊ ကျော်အောင်နှင့် သာဂဒိုးတို့ဖြစ်ကြသည်။ ဆောင်းပါးများမှာ ယခုအချိန်တွင် ရှားပါးနေပြီဖြစ်သော မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ စံပယ်ဖြူ၊ စစ်ပြန်၊ စာမော်ကွန်းစသည့်မဂ္ဂဇင်းများထဲမှ သာမက အိုးဝေ၊ ရွှေတူဂျာနယ်များနှင့် ကြေးမုံ၊ ဗိုလ်တထောင်နေ့စဉ်ထုတ်သတင်းစာများထဲမှ ရှာဖွေစုစည်းဖော်ပြထားခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် လက်ပွန်းတတီးနေခဲ့ရသော ပုဂ္ဂိုလ်များ၏ ဆောင်းပါးများဖြစ်၍ ဖတ်ရသည်မှာ ဗိုလ်ချုပ်ကို သက်ရှိမြင်နေတွေ့ရသလို ခံစားရသည်။ ယင်းသို့ပုဂ္ဂိုလ်အသီးသီး၏ ဗိုလ်ချုပ်နှင့် ကြုံတွေ့မှုနှင့် ဗိုလ်ချုပ်ပေါ် ထင်မြင်ချက်များကို တစ်စုတစ်ဝေးတည်း ဖတ်ရခြင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်းတည်းဟူသော အမျိုးသားခေါင်းဆောင်ကြီး၏ ရုပ်ပုံလွှာမှာ ရှုထောင့်ပေါင်းစုံမှ ပေါ်လွင်ရုပ်လုံးကြွနေပါသည်။

မင်းသုဝဏ်၏ **ဗိုလ်ချုပ်ဆန္ဒနှင့် ဆရာ့ဝါသနာ** ဖတ်ရှုခြင်းဖြင့် ဗိုလ်ချုပ်မကွယ်လွန်မီ ရက်ပိုင်းက ၎င်းတို့ ဆုံတွေ့ခဲ့ရသော အခြေအနေနှင့် အာဇာနည်ဒီးဒုတ်ဦးဘချိုအကြောင်းကိုပါ သိခွင့်ကြုံရမည်ဖြစ်သည်။သခင်အုန်းမြင့်၏ **ကိုအောင်ဆန်းရဲ့ ကြုံးဝါးသံ** တွင် ၁၉၃၈ ခုနှစ်က ကျင်းပခဲ့သော ကျောင်းသားများ သမဂ္ဂနှစ်ပတ်လည် အစည်းအဝေး၌ သခင်အောင်ဆန်းက "ဥက္ကဋ္ဌအဖြစ် ပြုတ်ရင်ပြုတ်၊ လုပ်ငန်းအောင်ရင်အောင် နှစ်လမ်းသာရှိကြောင်း" ကြုံးဝါးပြောဆိုခဲ့ကြောင်း မြန်မာ့အလင်းသတင်းစာအားကိုးကား၍ ရေးသားထားသည်။ ဗိုလ်ဥတ္တမကျော်၏ **ငမိုးမသေသေး** ၌ 'သူတောင်ငူသို့ ရွေးကောက်ပွဲအတွက် ခရီးသွားနေစဉ် ကျွန်တော်လည်း နတ်မောက်သို့ပြန်၍ လစ်လာခဲ့၏။ မြို့ကလူကြီးတွေက ပူပန်ကြ၏။ "မင်းမရှိ ဘယ်သူကစောင့်ရှောက်မှာလဲ" ပြောကြ၏။ "အမယ်လေးဗျာ. . . မပူကြစမ်းပါနဲ့။သူ့မှာ တစ်ပုံကြီးရှိပါတယ်။ ဘာမှလည်း စိုးရိမ်စရာ မရှိပါဘူး" ဟု ကျွန်တော်ကပြောရ၏။ ကျွန်တော်ပြန်လာလို့ သုံးလမကြာခင် ငမိုး သေနတ်ပစ်ခံရလေသည်။ "မင်းပြောတဲ့ တစ်ပုံကြီးဆိုတာ ဘယ်မှာလဲဟ ခွေးမသားလေးရ" ဟု ငိုရင်းဆဲကြ၏။ ကျွန်တော်လည်း ထိုင်မှိုင်ရုံကလွဲ၍ ဘာမျှမကြံတတ်။ ငိုတဲ့လူတွေက ငိုကြ၊ ဝမ်းသာတဲ့လူကလည်း ဝမ်းသာ၊ နောက်ဆုံး ငမိုးခမျာ အာဇာနည်ကုန်းတွင်သွားအိပ်နေရှာ၏'ဟူသောအရေးအဖွဲ့က ရင်ကိုတစ်ခါတည်းထိခိုက်သွားစေသည်။ ထိုစာရေးသူ ဗိုလ်ဥတ္တမကျော်မှာ ဖက်စစ်တော်လှန်ရေးကာလအတွင်း ဗိုလ်ချုပ်အားစောင့်ရှောက်ခဲ့သူအပါးတော်မြဲတစ်ဦးဖြစ်လေသည်။

ယခုစာအုပ်၏ ထူးခြားချက်မှာ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ရေးဆွဲထားသော ဖခင်ဖြစ်သူ၏ ပုံတူပန်းချီကားများကို ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။ စုစုပေါင်း ပန်းချီပုံသုံးပုံ ပါဝင်ပြီး ကျောင်းသားခေါင်းဆောင်ကိုအောင်ဆန်း၊ ဗမာ့တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်းဟူ၍ ဖော်ပြပါရှိသည်။ စာအုပ်ကို တိုးမြစ်စာအုပ်တိုက်မှ တန်ဖိုး ၈,၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## Knowledge ပဟုသုတ

### စက်ရုပ်မင်းသား ဘယ်အချိန်က စတင်သရုပ်ဆောင်ခဲ့သလဲ

သန်စွမ်းကြံ့ခိုင်ပြီး လေးလံသည့်သတ္တုခန္ဓာကိုယ်နှင့် စိတ်ဝင်စားဖွယ် ပထမဆုံးစက်ရုပ်မင်းသားရော်ဘီကို ၁၉၅၆ ခုနှစ် Robby the Robot ရုပ်ရှင်တွင် ပွဲဦးထွက်တွေ့မြင်ခဲ့ရသည်။ ပုံမှန်စက်တပ်မော်တာဖြင့်သွားသော စက်ရုပ်များထက် သာလွန်ကာ၊ လေးလံသည့်သတ္တုဝတ်စုံကို သရုပ်ဆောင်ကဝတ်ဆင်ပြီး ခြေလှမ်းလေးလေးကြီးဖြင့်လှမ်းကာသရုပ်ဆောင်ထားခြင်းဖြစ်သည်။

သတ္တုဝတ်စုံကြီးတွင်အကပညာရှင်ဖရက်ဒ်အက်စ်တဲယားက ဝင်ရောက်ပြီးစုံတွဲကသည့်အခန်းများကို သရုပ်ဆောင်ထားသည်။ ရော်ဘီကိုလက်ရှိတွင် ရုပ်ရှင်ဒါရိုက်တာကပင် ထိန်းသိမ်းထားရှိပြီး၊ ရော်ဘီနှင့် ပုံစံတူရီမုတ်နှင့်ထိန်းချုပ်သုံးစွဲနိုင်သည့် စက်ရုပ်အသေးလေးကို အလိုရှိပါက Hammacher Schlemmer စတိုးတွင်အမေရိကန်ဒေါ်လာ ၅၀,၀၀၀ ဖြင့် ဝယ်ယူနိုင်သည်ဟုဆိုသည်။

*—Source:Reader's Digest*

# တစ်ပတ်တာကံကြမ္မာ

စက် တင် ဘာ ၂၁ ရက် မှ ၂၇ ရက် အထိ

### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ပြဿနာဟောင်းများပြန်လည်ဖြေရှင်းရမည်။ လုပ်ငန်းအကြံအစည်သစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ အပြောင်းအလဲနှင့် တက်လမ်းများ ပေါ်ပေါက်မည်။ အလှူအတန်း၊ မင်္ဂလာကိစ္စများ ဆောင်ရွက်မည်။ နေအိမ်သို့ ဗုဒ္ဓဟူးနေ့ မွေးသောလူမျိုးခြားလာရောက်လိမ့်မည်။ ထိုသို့ရောက်ပြီး စီးပွားရေး ဆက်တိုက်ကောင်းမည်။ ရွှေဝင်မည်။ လက်ဝတ်ရတနာများ ရရှိမည်။ မေတ္တာရေးကံကောင်းသည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

မေတ္တာရေး ကံကောင်းသည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းဝင်ကိန်းရှိသည်။ မြေကိစ္စစကားများရမည်။ တနင်္ဂနွေနေ့မွေးသူများကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာကြုံမည်။ ကြာသပတေးနေ့မွေးသူ၏ အမှုကိစ္စများ ကူညီဖြေရှင်းရင်း ကိုယ်တိုင်တွင် ပြဿနာဖြစ်လာနိုင်သည်။ (ဗုဒ္ဓဟူးနေ့၊ သောကြာနေ့) မွေးသူများနှင့် ပူးပေါင်းလုပ်ကိုင်သည်များမှ ကောင်းသောအကျိုးဆက်ရရှိမည်။ မြောက်အရပ်မှ သတင်းကောင်းရှိမည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ငွေမမြဲ။ အလေအလွင့်၊ အကုန်အကျများပြားမည်။ စနေနံ့ပစ္စည်းများ အဝင်မတော်ပါ။ သောကြာနံ၊ သစ်၊ သံ၊ သွပ်အစရှိသည့်လုပ်ငန်းများ အင်္ဂါနံ၊ စက်၊ ဆေးတို့တွင် ငွေမြှုပ်နှံက အကျိုးကောင်းရရှိမည်။ ကျန်းမာရေးကို အထူးပြုဂရုစိုက်ရပေမည်။ ဆောင်ရွက်ထားသော လုပ်ငန်းများမှ ကောင်းသောအကျိုး ဆက်ရရှိမည်။ ရည်ရွယ်ချက်များကို ထွန်းပေါက်ဆောင်ရွက်နိုင်သည်။ အိမ်ဆောက်လုပ်ရခြင်းများရှိမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ရွှေထည်ဝင်ကိန်းရှိသည်။ ယာဉ်ဝင်ကိန်းရှိသည်။ ခရီးယာယီသွားရမည်။ မြစ်ကူးချောင်းကြား ခရီးသွားခြင်းနှင့်တကွ ပြည်ပခရီးထိ အကျိုးပေးကိန်းရှိသည်။ အလှူအတန်းကိစ္စ၊ မင်္ဂလာကိစ္စများ ကြုံမည်။ စုတ်ရော၊ လာဘ်ရောဝင်မည်။ လုပ်ငန်းတွင် ပြဿနာများပေါ်တက်သည်။ အကြီးအကဲတို့၏ ငြိုငြင်မှုကို ခံရမည်။ နေရာထိုင်ခင်းအတွက် စကားများရမည်။ ဦးခေါင်းတွင် မတော်တဆ ထိခိုက်မှုများဖြစ်မည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

အိမ်ထောင်ရေး၊ လူမှုရေး၊ အရှုပ်အထွေးများဖြစ်တတ်သည်။ မျက်စိနှင့်ပတ်သက်၍ ဆေးကုသမှုခံရမည်။ စွပ်စွဲခံရတတ်သည်။ သံယောဇဉ်မထားသင့်သူကို ထားခြင်းများဖြစ်ပေါ်နိုင်သည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်းများရရှိမည်။ လုပ်ငန်းခွင်အတွင်း လူအပြောင်းအလဲများရှိမည်။ မိမိအတွက် အကျိုးရှိသော လူသစ်များရောက်လာတတ်သည်။ သူတစ်ပါးသွားစိုက်ခြင်းကိစ္စများ လိုက်လံကူညီရလိမ့်မည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

ခရီးကိစ္စအဆင်ပြေမည်။ ထူးခြားသော သတင်းစကားများ၊ ကြားသိခြင်း၊ အလုပ်အကိုင်ကံကောင်းခြင်း၊ အပြောင်းအလဲဖြစ်ပေါ်ခြင်းများ ကြုံနိုင်သည်။ မရည်ရွယ်ဘဲ ဆောင်ရွက်လိုက်သောကိစ္စများမှ ထူးခြားသော အကျိုးဆက်များဖြစ်ထွန်းလာမည်။ မမျှော်လင့်သောနေရာ မမျှော်လင့်သော အခြေအနေတစ်ခုနှင့် ငွေကြေးဝင်ကိန်းရှိသည်။ ရင်းနှီးသူများနှင့် စကားများရတတ်သည်။ အမျက်ဒေါသကြီးမားနေမည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

မာနခြင်း ယှဉ်ပြိုင်၍ ရင်ဆိုင်ပဋိပက္ခများ ဖြစ်ပေါ်တတ်သည်။ စိတ်လိုက်မာန်ပါပြောဆိုလုပ်ကိုင်ခြင်းကို လျှော့ရမည်။ အသေးအမွှားကိစ္စကိုပင် အလေးအနက်ပြု၍ ဒေါသခိုက်ရန်ဖြစ်ပေါ်လိုသည်။ ပဋိပက္ခဖြစ်ပြီးဆိုကလည်း ထိန်းကွပ်၍ပင် မရအောင် အမျက်ဒေါသထွက်၍ သွေးထွက်သံကို အမှုအခင်းများ ကြုံနိုင်သည်။ ကျန်းမာရေးအညံ့ကြုံမည်။ ရွှေမဝယ်သင့်။ အဝင်မတော်ပါ။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

တနင်္ဂနွေ၊ ဗုဒ္ဓဟူးနေ့ မွေးသောသူများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်း အမှုပြဿနာများ ဖြစ်ပေါ်နိုင်သည်။ ပူပင်သောကများ၊ အမှုကြီးမားခြင်းများ မရှိအောင် မိမိကိုယ်မိမိ ပါးနပ်လိမ္မာစွာ ထိန်းကွပ်ရသောကာလဖြစ်မည်။ ကျန်းမာရေးအညံ့ကြုံမည်။ သောကြာနေ့၊ စနေနေ့ မွေးသူများနှင့် ပူးပေါင်းလုပ်သော လုပ်ငန်းများမှ ကောင်းသောအကျိုးဆက်ရရှိမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

တနင်္လာနေ့မွေးသောသူထံမှ အကြံကောင်းများကို ရယူပြီး အလုပ်ကိစ္စ၊ အကြံအစည်မှန်သမျှ ရှေ့တိုးဆောင်ရွက်ပါ။ အရာရာအဆင်ပြေသွားမည်။ ယာဉ်၊ စက်ပစ္စည်းများ၊ ငှားရမ်းကိုင်တွယ်ခြင်း မပြုရ။ မတော်တဆထိခိုက်မှု ဖြစ်မည်။ ဝယ်ယူမိက အဝယ်မှားလိမ့်မည်။ တစ်ပါးသူက လာရောက်ပေါင်းနှံမှုကို လက်ခံကလည်း အတိုးမရသည့်အပြင် ပြဿနာများအကြား သက်သေလိုက်ရတတ်သည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

ပတ်ဝန်းကျင်သစ်နှင့်ဆက်ဆံရမည်။ အလုပ်အကြံအစည်သစ်များ အောင်မြင်မည်။ ငယ်ရွယ်သူများ ချစ်သူရမည်။ အလှူအတန်းကိစ္စများ ပါဝင်ပတ်သက်ရမည်။ နာမည်ကျော်ကြားမည်။ ချီးကျူးခံရမည်။ ဆုလာဘ်ဝင်မည်။ ငွေကြေးဝင်မည်။ အရှေ့အရပ်မှ အထောက်အပံ့ကောင်းများ ရရှိမည်။ အဖြူရောင်ပစ္စည်းများ လက်ဆောင်အဖြစ်ရရှိမည်။ ခြံ၊ ကား၊ အခန်းကိစ္စများ ဆောင်ရွက်အောင်မြင်မည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

အိမ်တွင်းပဋိပက္ခများ ရှိမည်။ မတော်တဆထိခိုက်မှု ဂရုစိုက်ရမည်။ ချုပ်နှောင်ခံရသူများ အမှုအခင်းကိစ္စများ လိုက်လံဖြေရှင်းရတတ်သည်။ စက်ပစ္စည်းများ သတိထားကိုင်တွယ်ပါ။ အပေါင်းအသင်း ဆင်ခြင်ပါ။ ဂုဏ်သိက္ခာထိခိုက်တတ်သည်။ အရှက်တကွဲဖြစ်တတ်သည်။ မိမိအောက်ငယ်သောသူများ၏ အရိုအသေတန်မှုနှင့် ကလန်ကဆန်ပြုမှုများ ကြုံတွေ့ရတတ်သည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အပြိုင်အဆိုင်များကို ကျော်လွှား၍ အလိုရှိရာများလုပ်ကိုင်နိုင်မည်။ အနီးအနားတွင် ပျော်ပွဲရွှင်ပွဲများရှိတတ်သည်။ ဝေးကွာနေသောသူများနှင့် ပြန်လည်ဆက်စပ်၍ အဆင်ပြေမည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ဆက်စပ်၍လုပ်ကိုင်သော ကိစ္စများမှ ကောင်းသောအကျိုးဆက်များ ဖြစ်ထွန်းမည်။ ရုတ်တရက်ဆုံးဖြတ် ၍ လုပ်သော လုပ်ငန်းများမှ ကောင်းသောအကျိုးဆက်များ ရရှိမည်။

ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011



Photo - AFP

# အပြစ်ဆိုစရာမရှိသော ဘေးဒုက္ခ

ကြည်နေဝင်းမင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းမှာ ဥရောပဗဟိုဘဏ် (E.C.B) ဥက္ကဋ္ဌဂျန်ကလော့ဒ်ထရစ်ချက်တစ်ယောက် သူရဲ့ပုံမှန်အေးဆေးတည်ငြိမ်မှုအတွက် သတိလက်လွတ်ဖြစ်သွားခဲ့ပါတယ်။ ဒုက္ခတွေ့နေတဲ့ ကြွေးမြီတွေကို ဝယ်ယူနေတာကြောင့် E.C.Bဟာ “ဘဏ်ဆိုး” တစ်ခုဖြစ်လာပြီလားဆိုတဲ့ မေးခွန်းကို တုံ့ပြန်ရာမှာ မစ္စတာထရစ်ချက်က အသံကိုမြှင့်လိုက်ရင်း ဈေးနှုန်းများတည်ငြိမ်ရေးကို ထိန်းသိမ်းစောင့်ရှောက်နေသည့် သူ့အဖွဲ့အစည်းအနေဖြင့် “အပြစ်ဆိုစရာ တစ်ကွက်မှမရှိအောင်” စွမ်းဆောင်နေပါတယ်လို့ပြောလိုက်ပါတယ်။

ဒါ တကယ်ပဲဟုတ်ပါလိမ့်မယ်။ ဒါ့ကြောင့်လည်း ယူရိုငွေကြေးဟာ အခုဆိုရင် ပြိုကွဲမယ့် အန္တရာယ်နဲ့ရင်ဆိုင်နေရပါတယ်။ အခုဆိုရင် ဥရောပ ဘဏ္ဍာရေးမငြိမ်မသက်မှုဟာ သေးငယ်ပြီး စည်းဝိုင်းအပြင်ရောက်နေတဲ့ ဂရိ လိုနိုင်ငံမျိုးရဲ့ ပြဿနာသာ မဟုတ်တော့ပါဘူး။ အခုဖြစ်နေတာက ကြီးမားတဲ့ စီးပွားရေးနိုင်ငံတွေဖြစ်တဲ့ စပိန်၊ အီတလီတို့လိုနိုင်ငံတွေကနေ ဈေးကွက်က အင်ပြည့်အားပြည့်ထွက်ပြေးနေခြင်းပါပဲ။ လောလောဆယ် အကျပ်အတည်းတွေ့နေတဲ့နိုင်ငံတွေဟာ ယူရိုဇုန်ဧရိယာ ဂျီဒီပီ (စုစုပေါင်းထုတ်ကုန်တန်ဖိုး) ရဲ့ သုံးပုံတစ်ပုံကိုကိုယ်စားပြုပါတယ်။ ဒါကြောင့် ဥရောပဘုံငွေကြေး ယူရိုဟာ ဖြစ်တည်မှုဆိုင်ရာ ခြိမ်းခြောက်မှုနဲ့ ကြုံနေရတာပါ။

ဒါကိုလည်း ဥရောပခေါင်းဆောင်တွေက ထိထိရောက်ရောက်ဖြေရှင်းဖို့မဆိုထားနဲ့ ဒီခြိမ်းခြောက်မှုရဲ့ သဘောသဘာဝကိုတောင် အသိအမှတ်ပြုဖို့ စိတ်အားထက်သန်မှု မပြကြပါဘူး။

ဘတ်ဂျက်လိုငွေပြနေတာတွေကို အချိန်မတိုင်မီအာရုံစိုက်ခဲ့ခြင်းအတွက် လက်ရှိဆက်လက်ဖြစ်ပေါ်နေတဲ့ အလုပ်အကိုင်အကျပ်အတည်းကနေ ဝါရှင်တန်ရဲ့ အာရုံစိုက်မှု လျော့ကျသွားပုံနဲ့ ပတ်သက်ပြီး ကျွန်တော်ဟာ အမေရိကန်နိုင်ငံမှာတော်တော်လေး ဝေဖန်မှုတွေ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ဒီနေရာမှာ ကျွန်တော်တို့ ချည်းချွန်ထွက်နေတာ မဟုတ်ဘဲ ဥရောပမှာ ပိုဆိုးပါတယ်။

ဥရောပခေါင်းဆောင်တွေ ပြောဆိုကြပုံကို နားထောင်ကြည့်ရင် အထူးသဖြင့် ဂျာမနီခေါင်းဆောင်တွေ ပြောတာကို နားထောင်လိုက်ရင် ဥရောပတိုက်ရဲ့ ဒုက္ခသုက္ခတွေဆိုတာ ကြွေးယူလို့ ဒဏ်ခတ်ခံရတယ်ဆိုတဲ့ စာရိတ္တပျက်ပြားမှု ဇာတ်လမ်းတစ်ပုဒ်လို့ ပဲထင်စရာရှိပါတယ်။ အစိုးရတွေဟာအလွန်အကျူး ချေးခဲ့၊ ငှားခဲ့ကြတယ်။ အဲဒီအတွက် အခုအချိန်မှာ ပြန်ပြီးပေးဆပ်ရမယ်။ ဘဏ္ဍာရေးခြိုးခြံချွေတာမှုဆိုတာ တစ်ခုတည်းသော နည်းလမ်းပဲလို့ ဆိုလိုတာပါပဲ။

သို့သော်လည်း ဒီဇာတ်လမ်းအကျုံးဝင်တယ်ဆိုရင်တောင်မှ ဂရိနိုင်ငံနဲ့ပဲ သက်ဆိုင်ပြီး အခြားဘယ်နိုင်ငံနဲ့မှ မသက်ဆိုင်ပါဘူး။ အထူးသဖြင့် စပိန်နိုင်ငံဆိုရင် ၂၀၀၈ ဘဏ္ဍာရေးအကျပ်အတည်းမတိုင်ခင်အထိ ဘတ်ဂျက်ပိုငွေပြနေပြီး ကြွေးမြီကလည်း နည်းပါတယ်။ စပိန်ရဲ့ ဘဏ္ဍာရေးမှတ်တမ်းဟာ ပြစ်မျိုးမှဲ့မထင်လို့ ဆိုနိုင်လောက်ပါတယ်။ နောက်တော့စပိန်မှာ အိမ်ရာလုပ်ငန်း စန်းထမှုပြိုကွဲခြင်းနဲ့ကြုံရပါတယ်။ အဲဒီအချိန်အထိ တခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် ကြွေးမြီနည်းပါးတဲ့ တိုင်းပြည်ဖြစ်နေတုန်းပါပဲ။ စပိန်အစိုးရရဲ့ ဘဏ္ဍာရေးအခြေအနေဟာ ဆိုကြပါစို့ ဗြိတိသျှအစိုးရရဲ့ ဘဏ္ဍာရေးအခြေအနေထက် ပိုမိုဆိုးဝါးနေတယ် ဆိုတာမျိုး ပြောဖို့ခက်ပါတယ်။

ဒါဆိုရင် ဘာကြောင့်များ စပိန်နိုင်ငံဟာ အီတလီနိုင်ငံနဲ့အတူဒုက္ခရောက်နေရတာပါလဲ။ (အီတလီက ကြွေးမြီများပြီး ဘဏ္ဍာရေးလိုငွေနည်းပါတယ်) အဖြေကတော့ဒီနိုင်ငံတွေဟာ “ဘဏ်မှထွက်ပြေးခြင်း” လို့ခေါ်တဲ့ ဘဏ်တွေကနေ ငွေတွေအလုံးအရင်းနဲ့ထုတ်ယူခြင်းမျိုး ကြုံတွေ့နေရတာပါ။ ခြွင်းချက်ကတော့ အခုဖြစ်နေတာအစိုးရဆီက ထွက်ပြေးခြင်းပါပဲ။ တိတိကျကျဆိုရရင် သူတို့ရဲ့ ဘဏ္ဍာရေးအဖွဲ့အစည်းတွေဆီက ထွက်ပြေးတာလည်း ပါတာပေါ့လေ။




Photo - Reuters



Photo - Getty Images

အဲဒီလိုထွက်ပြေးမှု အလုပ်လုပ်ပုံက ဒီလိုပါ။ နိုင်ငံတစ်နိုင်ငံဟာကြွေးမြီပျက်ကွက်တော့မယ်လို့ရင်းနှီးမြှုပ်နှံသူတွေက (ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ်) စိုးရိမ်လာတယ်။ ဒါ့ကြောင့် သူတို့ဟာ အဲဒီနိုင်ငံရဲ့ ငွေတိုက်စာချုပ်ဘွန်းတွေကို ဝယ်ဖို့အားတက်သရော မရှိတော့ဘူး။ အနည်းဆုံးကတော့ အတိုးနှုန်းတိုးမြှင့်မပေးရင် မဝယ်ကြတော့ဘူး။ ကြွေးမြီဆပ်ဖို့ အလျှင်မီအောင် အတိုးနှုန်းမြှင့်ပေးရတယ်ဆိုတဲ့ အချက်ကပဲ အဲဒီတိုင်းပြည်ရဲ့ ဘဏ္ဍာရေးအလားအလာတွေကို ပိုဆိုးစေပါတယ်။ ကြွေးမြီပျက်ကွက်ဖို့အလားအလာလည်းပိုများလာတယ်။ ယုံကြည်မှုပျက်သုဉ်းခြင်းပါတွဲပါလာတယ်။ ဒါနဲ့ပဲဘဏ်လုပ်ငန်း အကျပ်အတည်းပါ ဖြစ်ပေါ်လာပါတော့တယ်။ အကြောင်းကတော့ ဘဏ်တွေဟာ သာမန်အားဖြင့် အစိုးရကြွေးမြီတွေအပေါ်မှာ အကြီးအကျယ် ရင်းနှီးမြှုပ်နှံထားကြလို့ပဲဖြစ်ပါတယ်။

အဲဒီလို အခြေအနေမှာ ကိုယ်ပိုင်ငွေကြေး သုံးစွဲခဲ့တဲ့ ဗြိတိန်လိုနိုင်ငံမျိုးမှာ ဝါယာတိုဆွဲပြီး ကုစားလို့ရတယ်။ လိုအပ်ရင် အင်္ဂလန်ဗဟိုဘဏ်ဟာ အသစ်ရိုက်နှိပ်ထားတဲ့ ပိုက်ဆံတွေနဲ့ အစိုးရကြွေးမြီတွေကို ဝင်ပြီးဝယ်ယူနိုင်တယ်။ ဒါမျိုးက ငွေကြေးဖောင်းပွမှုဖြစ်စေနိုင်တယ်။ (စီးပွားရေးကျနေလို့ ဒါလည်းဖြစ်ကောင်းမှဖြစ်မှာပါ) ဒါပေမဲ့လည်း ရင်းနှီးမြှုပ်နှံသူတွေအတွက်ကတော့ လုံးဝကြွေးမြီပျက်ကွက်တာထက်စာရင် ငွေကြေးဖောင်းပွမှုက ခြိမ်းခြောက်မှုပိုနည်းပါတယ်။ သို့သော် စပိန်နဲ့ အီတလီနိုင်ငံတို့ဟာ ယူရိုငွေကိုလက်ခံသုံးစွဲနေပြီဖြစ်တဲ့အတွက် သူတို့ရဲ့ ကိုယ်ပိုင်ငွေကြေး မရှိတော့ပါဘူး။ ရလဒ်ကတော့ ဗြိတိန်နိုင်ငံ ကြွေးမြီထက် စပိန်နဲ့ အီတလီနိုင်ငံ ကြွေးမြီတွေအပေါ် အတိုးနှုန်း နှစ်ဆလောက်မြင့်မားနေတာပါပဲ။ ဒီကနေပဲ အပြစ်ဆိုစရာမရှိတဲ့ ဥရောပဗဟိုဘဏ်ဆီကိုပြန်ရောက်လာပါတယ်။

အခုအချိန်မှာ မစ္စတာထရစ်ချက်နဲ့ အပေါင်းအပါတွေ လုပ်သင့်တာက စပိန်နဲ့အီတလီကြွေးမြီတွေကို ဝယ်ယူခြင်းပဲဖြစ်ပါတယ်။ ဆိုလိုတာက ဒီနိုင်ငံတွေမှာသာ ကိုယ်ပိုင်ငွေကြေးရှိရင် သူတို့အကြွေးသူတို့ပြန်ဝယ်သလိုမျိုးပေါ့။ တကယ်တော့ ဥရောပဗဟိုဘဏ်ဟာ လွန်ခဲ့တဲ့ရက်သတ္တပတ်အနည်းငယ်က အဲဒီလိုပဲ ဝယ်ယူခဲ့ပါတယ်။ ဒါ့အတွက်လည်း အဲဒီနိုင်ငံတွေကို သက်သာရာရရှိစေခဲ့ပါတယ်။ ဒါပေမဲ့လည်း ECB ဟာစာရိတ္တသမားတွေဆီက ဖိအားတွေနဲ့ ရင်ဆိုင်ရပါတော့တယ်။ စာရိတ္တသမားတွေက အဲဒီနိုင်ငံတွေကို သူတို့ကျူးလွန်တဲ့ ဘဏ္ဍာရေးအကုသိုလ်တွေအတွက်ခွင့်လွှတ်ရမှာကို မုန်းကြတယ်။ နောက်ထပ် ကယ်ဆယ်ရေးဆောင်ရွက်မှုတွေကို စာရိတ္တသမားတွေက ဝိုင်းဝန်းတားဆီးကြလိမ့်မယ်ဆိုတဲ့ အမြင်တွေကပဲ ဈေးကွက်ထဲမှာ အသစ်တစ်ဖန် ထိတ်လန့်မှုတွေ ဖြစ်ပေါ်လာစေပါတယ်။

ပြဿနာကို ပိုဆိုးစေတာကတော့ ဈေးနှုန်းတည်ငြိမ်ရေးနဲ့ ပတ်သက်လို့ “ပြစ်မျိုးမှဲ့မထင်” မှတ်တမ်းကောင်းကိုထိန်းသိမ်းလိုတဲ့ ECB ရဲ့စွဲလမ်းမှုပါဘဲ။ ဥရောပမှာ အားကောင်းတဲ့ စီးပွားရေးနာလန်ထမှု အသည်းအသန်လိုအပ်နေချိန်မှာ ငွေကြေးအနည်းငယ်ဖောင်းပွတာဟာအကူအညီရနိုင်ပါတယ်။ ဒါပေမဲ့လည်း ဗဟိုဘဏ်ကငွေကြေးကိုပိုမိုတင်းကျပ်ပြီး စိတ်ကူးထဲမှာပဲ ရှိတဲ့ငွေကြေးဖောင်းပွမှုကို ရှောင်လွှဲနိုင်ဖို့ကြိုးစားနေပါတယ်။

အခုတော့ ဒါတွေအကုန်လုံး ခေါင်းတက်စောင့်နေပါပြီ။ ဒီနေရာမှာ တစ်နှစ်၊ နှစ်နှစ်အတွင်း ဖြစ်ပေါ်လာမယ့်အကျပ်အတည်းအကြောင်း ပြောနေတာ မဟုတ်ပါဘူး။ ရက်ပိုင်း၊ လပိုင်းအတွင်း ဖြစ်လာနိုင်တာကိုပြောနေတာပါ။ အကျပ်အတည်းဖြစ်လာရင်တော့ တစ်ကမ္ဘာလုံး ခံစားရပါလိမ့်မယ်။ ဆိုတော့ ဥရောပဗဟိုဘဏ်ဟာ လုပ်သင့်တာကိုလုပ်ပြီး၊ လွတ်လွတ်လပ်လပ်ငွေချေးပေးပြီး အတိုးနှုန်းကို လျှော့ချပေးမလား။ ဒါမှမဟုတ် ဥရောပခေါင်းဆောင်တွေကပဲ အကြွေးတင်နေသူတွေကိုဒဏ်ခတ်ဖို့ ဆက်ပြီးအာရုံစိုက်ကြမလား။ ကမ္ဘာကြီးတစ်ခုလုံးက စောင့်ကြည့်နေကြပါတယ်။

*—Ref: An Impeccable Disaster*
*By: Paul Krugman, NY Times;*


သဘာဝကဘာတွေရှိနိုင်လဲ...
ကျန်းမာရေးနဲ့လဲညီညွတ်မယ်...
အစားအသောက်တွေကိုလဲအရသာပိုလို့တိုးစေတယ်...

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775)Processor | 54,400 |
| Intel P4 Core i5 3.2 GHz (1,156,650) Processor | 129,800 |
| Intel P4 Core i7 2.93 GHz (1156,870) Processor | 219,700 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 85,500 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 214,600 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 44,200 |
| MSI H55M-E32 (1156) | 63,800 |
| ASUS P8H67 (B3)(1155) | 97,200 |
| ASUS P8H61-MLE (B3) (1155) | 65,300 |
| ASUS P8H67MLE | 83,400 |
| Gigabyte P67A-UD3 (B3) (1155) | 126,900 |
| Gigabyte G41MT-S2P (775) | 45,000 |
| Gigabyte H55M- S2V (1156) | 72,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 34,800 |
| 1 GB DDR2 (800) Kingston | 13,100 |
| 2 GB DDR2 (800) Kingston | 19,600 |
| 4 GB DDR3 (1333) Kingston | 19,600 |
| **Harddisk** | |
| 500 GB Seagate SATA | 37,835 |
| 1.5 TB Seagate SATA | 64,400 |
| 2 TB Seagate SATA | 78,085 |
| **PCI Express Card** | |
| MSI N210 1GB DDR3 PCI Express Card | 45,080 |
| MSI NX 8400GS 512MB PCI Express Card | 35,420 |
| MSI R5450 1GB DDR3 PCI Express Card | 44,275 |
| ASUS EAH 5750 Formula 1GB PCI Express Card | 115,115 |
| ASUS EN 430 1GB DDR3 PCI Express Card | 70,840 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 43,470 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,055 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 6,000 |
| Memory Stick Adata 4 GB | 6,000 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 7,000 |
| Memory Stick Sony 4 GB | 8,000 |
| Memory Stick Sony 8 GB (C003) | 13,500 |
| Memory Stick Adata 8 GB (S101) | 16,000 |
| Memory Stick HP 8 GB (V165W) | 11,000 |
| Memory Stick Imation 16 GB | 21,000 |
| **UPS** | |
| Power Pro (650 VA) | 33,000 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 27,000 |
| Allways (1.2 KVA) | 59,000 |
| Star (650 VA) | 28,980 |
| LNYX (600 VA) | 22,000 |
| Numeric (600 VA) | 30,590 |
| Numeric (1KVA) | 64,400 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA)(Light Scribe) | 22,500 |
| Liteon DVD Writer (SATA)(Light Scribe) | 23,900 |
| **အိတ်ဆောင်တိပိဋကအဘိဓာန်** | 160,000 |

Technoland ဆိုင်မှ စက်တင်ဘာ(၁၆)ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

**မှတ်ချက်–** အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၁၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄၉၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄၂၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄၈၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၀ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၈၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၉၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ (၁၆) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၀၀၀၀-၁၂၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၂၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ စက်တင်ဘာ (၁၆) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၀၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၂၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၈၀-၂,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၂၈,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၃,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၉,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၂၀၀-၄,၂၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၇၀၀-၄,၂၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၆၅၀ |

စက်တင်ဘာ(၁၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၂၅ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀ | ၁၅၀ |
| တောင်းအေ့ ပစ်ကပ် (ပဖင်းခေါင်း) | ၂၀၀၀ | ဂစ/၈ဆ | ၁၆၀ |
| စူဇူကီး R- (2Way) | - | ၉ခ | ၁၀၀ |
| တိုယိုတာ (လီမိတက်) | ၈၈ | ၄ဂ | ၃၀၀ |
| တိုယိုတာ (ဖင်ကောက်) | ၂၀၀၀ | ၄ဂ/၃ဂ | ၄၀၀ |
| မတ်ခ်တူး(မတ်တူးရွှေငါး) | **၂၀၀၂/ ၂၀၀၄** | ၄ဂ/၅ဂ | ၆၀၀ |
| ဆပ် | ၉၄/၉၅ | ၄ဂ/၅ဂ | ၇၂၀-၅၀၀ |
| ပါဂျဲရို | ၉၆/၉၇ | ၃ဂ | ၅၀၀-၆၀၀ |

စက်တင်ဘာ (၁၅) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Sep(3) | Sep (4) | Sep (5) | Sep(6) | Sep (7) | Sep (8) | Sep (9) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |

# Environment

7 DAY NEWS JOURNAL

Vol.10, No.27 • SEPTEMBER 22, 2011


## လူနှင့်ဆင်ရိုင်းပဋိပက္ခ စနစ်တကျ ဖြေရှင်းရန်လို



**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

တောဆင်ရိုင်းနှင့် လူတို့၏ ပဋိပက္ခဖြစ်ရပ်များ လျော့နည်းလာစေရေးအတွက် ဆင်အကောင်ရေစနစ်တကျကောက်ပြီးလူနှင့်ဆင် အဆင်ပြေမည့်အသေးစိတ်စီမံခန့်ခွဲမှုများဆောင်ရွက်သင့်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားအချို့ကပြောသည်။

*စာ(၄၀) သို့*

# ထားဝယ်ရေနက်ဆိပ်ကမ်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးနိုင်မှုကို ကြိုတင်စစ်တမ်းကောက်သင့်

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းကြောင့် တနင်္သာရီကမ်းရိုးတန်းရှိ သန္တာကျောက်တန်းနှင့် ပင်လယ်မြက်ခင်းပြင်များ ပျက်စီးနိုင်ကြောင်းမြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်ဒုတိယဥက္ကဋ္ဌဦးဟန်ထွန်းကပြောသည်။

"ဓာတုဗေဒ စက်ရုံတွေ၊ သင်္ဘောကျင်းတွေတည်ဆောက်တာကြောင့် ကျွန်တော်တို့ ပင်လယ်ရေပြင်ကိုညစ်ညမ်းမှုဖြစ်နိုင်တယ်။ ရေကြောင်းတွေပြောင်းပြီး ငါးတွေနဲ့ ရေနေသတ္တဝါတွေရဲ့ သဘာဝပြောင်းသွားနိုင်တာကို ဆာဗေး (ကွင်းဆင်းလေ့လာ) လုပ်သင့်တယ်" ဟု ၎င်းကပြောသည်။

ထိုရေနက်ဆိပ်ကမ်းကို တည်ဆောက်ရာတွင်သင်္ဘောကြီးများ ကမ်းကပ်နိုင်ရန် ကမ်းရိုးတန်းအဖြောင့်ဖြစ်စေရေးအတွက် ပြုပြင်တည်ဆောက်မှုများမှာလည်း ရေကြောင်းကိုတားဆီးသကဲ့သို့ ဖြစ်သည်။


ထို့ကြောင့် သန္တာကျောက်တန်းများပျက်စီးမှုကို အစားထိုးပြီး သန္တာကျောက်တန်းအတုများချပေးခြင်းတို့ လုပ်ဆောင်ပေးပါကသင့်တော်ကြောင်း ဦးဟန်ထွန်းကပြောသည်။

"ပင်လယ်ရေပြင် ညစ်ညမ်းမှုကိုလည်း တတ်နိုင်သ၍ လျော့ပါးအောင်ဆောင်ရွက်မယ်ဆိုတာမျိုးမပါသေးဘူး" ဟု အဏ္ဏဝါထိန်းသိမ်းရေးသမားတစ်ဦးက ပြောကြားသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ကမ်းရိုးတန်းတစ်လျှောက် ဆက်စပ်နေသော တံငါရွာများရှိ ရေလုပ်သားများမှာလည်း လုပ်ငန်းခွင် အခက်အခဲများ ပေါ်ပေါက်လာဖွယ်ရှိကြောင်း သိရှိရသည်။

အဆိုပါ စီမံကိန်းပြီးစီးပါက အရှေ့ခြမ်းရှိ မြန်မာ့အိမ်နီးချင်းနိုင်ငံများသည် မလက္ကာရေလက်ကြားကို ဖြတ်သန်းရန်မလိုအပ်တော့ဘဲ အနောက်ခြမ်းမှကုန်စည်များအား ထားဝယ်ရေနက်ဆိပ်ကမ်းမှတစ်ဆင့်ကုန်းလမ်းဖြင့်ဖြတ်သန်းကာ ကုန်သွယ်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ပုဂ္ဂလိကသစ်တောစိုက်ရန် ခွင့်ပြုထားသောမြေ အလွဲသုံးစားလုပ်ပါက ပြန်သိမ်းမည်



*ကချင်ပြည်နယ်အတွင်းရှိ ကျွန်းပျိုးပင်များ*

ဓာတ်ပုံ - အိဖြူမွန်

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၇**

ပုဂ္ဂလိက သစ်တောစိုက်ခင်းမတည်ထောင်ဘဲ ခွင့်ပြုထားသော မြေအား ထပ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းနှင့် အခြား နည်းလမ်းများဖြင့် လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်နေသော မြေယာများကို စိစစ်ပြီး ပြန်လည်သိမ်းဆည်းမည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်ခွင့် ရရှိထားသောအချို့လူပုဂ္ဂိုလ်အဖွဲ့အစည်းနှင့်ကုမ္ပဏီများသည် မြေအလွဲသုံးစားမှုပြုလုပ်နေသည်ကို ကြားသိရခြင်းကြောင့် ယင်းကဲ့သို့ ထုတ်ပြန်ခြင်းဖြစ်သည်။ သစ်တောဦးစီးဌာနနှင့် နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့သည့် စည်းကမ်းချက်များနှင့်အခွင့်အရေးများ အမှတ် (၁၂) "ခွင့်ပြုထားသောမြေကို ထပ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း (သို့မဟုတ်) အခြားနည်းလမ်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းမပြုရ" ဟူသောစည်းကမ်းချက်ပါဝင်သည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များကို သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ရည်ရွယ်၍ သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခဲ့ရာ ၂၀၁၁ ခုနှစ် ဇူလိုင်လကုန်အထိ စုစုပေါင်း ကျွန်းစိုက်ခင်း ၄၈၆၉၀ ဧကနှင့် သစ်မာစိုက်ခင်း ၃၅၉၃၂ ဒသမ ၈၈ ဧကရှိသည်။

သဘာဝသစ်တောအဖြစ်ထိန်းသိမ်းရန်မဖြစ်တော့သည့် တောပျက်များ၊ စွန့်ပစ်တောင်ယာဖုန်းဆိုးတောများကိုစိစစ်၍ နေရာချထားပေးလျက်ရှိသည်။

# ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့နှင့်မြန်မာ ဆွေးနွေးမှုမှ တိုးတက်မှုကိုမျှော်လင့်

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၁၆**

ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့(World Wildlife Fund)မှ မြန်မာနိုင်ငံနှင့် ပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးပူးပေါင်းဆောင်ရွက်ရန် လာရောက်ဆွေးနွေးမှုကတစ်ဆင့် အပြောင်းအလဲတစ်ခုဖြစ်လာရန် မျှော်လင့်ကြောင်း ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ပြောသည်။

စီးပွားရေးပိတ်ဆို့အရေးယူမှုကြောင့်ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံအား ထောက်ပံ့ကူညီခြင်းများ လျော့နည်းခဲ့ကြောင်း၊ WWF မှ လာရောက်မှုများရှိသော်လည်း ကြီးမားသော ပြောင်းလဲကူညီမှုများမရှိခဲ့ကြောင်း ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားအချို့ကပြောသည်။

"ဒေသဆိုင်ရာရုံးကလာတာတွေတော့ရှိတယ်။ ဒါပေမဲ့ တွေ့ပြီးဘာတွေ ထောက်ပံ့ခဲ့တယ်ဆိုတာမျိုးတော့ မကြားမိဘူး။ အခုလိုလာတွေ့ပြီး ပူးပေါင်းဆောင်ရွက်မယ့်ကိစ္စတွေ ဆွေးနွေးသွားတာတော့ ကောင်းပါတယ်။ ပိုပြီးတော့လည်း စိတ်ဝင်စားစရာ ကောင်းတယ်" ဟု Ecodov မှ မန်နေဂျင်းဒါရိုက်တာဦးဝင်းမျိုးသူကပြောသည်။

မည်သို့သောအကြောင်းများဖြင့် ထောက်ပံ့ကူညီမည်ဖြစ်စေ မြန်မာနိုင်ငံအတွက်ကောင်းသော အလားလာများဖြစ်သော ဖရီဒါ (သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသင်း)မှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းက ပြောသည်။

"မြန်မာနိုင်ငံမှာ သယံဇာတတွေ ကျန်သေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကောင်းပါတယ်။ တစ်ခုမှာချင်တာက တကယ်တမ်း ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေမှာ အကောင်ဘယ်လောက်ကျန်တယ်ဆိုတဲ့ Survey လုပ်ထားရမယ်။ အခြေခံအချက်အလက်တွေစုဆောင်းထားရမယ်" ဟု ဦးအုန်းကပြောသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို အစိုးရတာဝန်ရှိသူများ စိတ်ပါဝင်စားပြီး လက်တွေ့ကျသည့် လုပ်ငန်းများ ပိုမိုလုပ်ဆောင်လာသည်မှာ သက်တမ်းကာလနှစ်နှစ်မျှသာရှိသေးသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း လုပ်ဆောင်ရန် ဘဏ္ဍာရေးသုံးစွဲမှုသည် မျှဝေသုံးစွဲနေရသောကြောင့်ကဏ္ဍအလိုက်လိုအပ်မှုများစွာရှိနေသေးကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားအချို့က သုံးသပ်သည်။

"တကယ်ကိုကောင်းအောင်လုပ်ဖို့က လူတွေနောက်ခံကူညီပံ့ပိုးပေးဖို့လိုတယ်။ ပိုလည်း ခရီးရောက်နိုင်တယ်။ Funding တစ်ခုကိုပဲ ညွှန်ပြီးပြောတာတော့ မဟုတ်ပါဘူး။ ဟန်ချက်ညီဖို့လိုတယ်။ သူများနိုင်ငံတွေက သုတေသနလုပ်တယ်ဆိုတာ နည်းပညာတစ်ခုရယ်၊ ငွေကြေးရယ်လိုအပ်တယ်။ အဲဒီအဖွဲ့က ကမ္ဘာ့အသိအမှတ်ပြုအဖွဲ့လည်းဖြစ်တယ်။ ရန်ပုံငွေလည်း ထောက်ပံ့ပေးတယ်။ နည်းပညာလည်း ထောက်ပံ့ပေးတယ်။ သူတို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို သွားတဲ့အခါ community ကို အခြေခံတယ်။ စီးပွားရေးပိတ်ဆို့မှုကြောင့် ငုပ်လျှိုးနေတဲ့အဖွဲ့က လာတွေ့ပြီး ဆွေးနွေးသွားတယ်ဆိုတော့ ကောင်းပါတယ်။ ကမ္ဘာမှာ အာရှဒေသက ထိန်းသိမ်းရေးအတွက် အရေးကြီးဆုံးတစ်ခုဖြစ်နေတာကိုး။ တကယ်တမ်းသူတို့ဘာလုပ်ပေးမယ်ဆိုတာတော့ စောင့်ကြည့်ရဦးမှာပါ" ဟု ညောင်ရွှေမြို့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လှုပ်ရှားပါဝင်သူတစ်ဦးက သုံးသပ်ဝေဖန်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှုများကို စက်တင်ဘာ ၆ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းနှင့် World Wildlife Fund မှ Eastern Himalayas နှင့် Mainland Asia Director Mr.Jon Miceler တို့တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

## Environment Cartoon



# Tourism

7 DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011

## ငပလီကမ်းခြေဟိုတယ်များ အောက်တိုဘာ ၁ ရက်တွင် ပြန်ဖွင့်မည်

### ယခုနှစ်တွင် ဟိုတယ်အခန်းခများ ၂၀မှ ၃၀ရာခိုင်နှုန်းအထိ

**မြတ်စုမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၆**

မိုးတွင်ကာလ၌ ရပ်နားထားသည့် ငပလီကမ်းခြေဟိုတယ် လုပ်ငန်းများကို လာမည့်အောက်တိုဘာ ၁ ရက်တွင် ပြန်လည်စတင်မည်ဖြစ်ပြီး ယခုနှစ်တွင် ဟိုတယ်အခန်းခ ဈေးနှုန်းများမှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ထားကြောင်း ငပလီကမ်းခြေဟိုတယ်ဇုန်ဥက္ကဋ္ဌကပြောကြားသည်။

ပြီးခဲ့သည့် ပွင့်လင်းရာသီအတွင်း အမေရိကန်ဒေါ်လာဈေးကျဆင်းမှုများကြောင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများအားလုံး ဝင်ငွေထိခိုက်ခဲ့ရခြင်းကို ပြန်လည်ကာမိစေရန် ယခုကဲ့သို့ တိုးမြှင့်ကြခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။



*သွားလာရေးနှင့် နေထိုင်စရိတ်မြင့်မားမှုကြောင့် ပြည်တွင်းခရီးသွားထက် နိုင်ငံခြားသားဧည့်သည်များသာ အများဆုံးသွားရောက်လေ့ရှိသည့် ငပလီကမ်းခြေ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"ဒီနှစ်ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေအားလုံး ဧည့်လမ်းညွှန်ကအစ ဝန်ဆောင်မှုတိုးတယ်။ လေယာဉ်တစ်ခုပဲ ဘယ်လိုလာမလဲစောင့်ကြည့်ရမယ်" ဟု ငပလီကမ်းခြေရှိ အမေးဇင်းရီဆော့တ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငပလီကမ်းခြေတွင်လုပ်ငန်းလည်ပတ်နေသည့် ဟိုတယ် ၁၄ လုံးရှိပြီး အများစုမှာ ဟိုတယ်အခန်းခမြင့်တက်သော်လည်း အချို့ဟိုတယ်များကမူ ပုံမှန်ဈေး အတိုင်းသာ သတ်မှတ်ထားကြောင်း သိရသည်။

"ကျွန်မတို့ကတော့ ဒေါ်လာဈေးမကျခင်ကဘဲအေဂျင်စီတွေနဲ့ ကြိုချုပ်ပြီးသားဖြစ်နေလို့ မတိုးပါဘူး။ ဒါပေမဲ့ တစ်ဦးချင်းကိုယ့်အစီအစဉ်နဲ့လာမယ့်သူတွေအတွက် အင်တာနက်မှာကြည့်နိုင်အောင် တင်ထားတဲ့ ဈေးနှုန်းကတော့ မနှစ်ကထက် ၁၀ ရာခိုင်နှုန်း လောက်တက်ထားပါတယ်" ဟု ငပလီကမ်းခြေ၊ လင်းသာကျေးရွာရှိအမတဟိုတယ်မှ Room Division မန်နေဂျာ ဒေါ်လွင်လွင်ပြုံးကပြောသည်။

လက်ရှိအခြေအနေတွင် ရာသီဥတု သတိပေးခန့်မှန်းချက်များနှင့် ဟိုတယ်နှုန်းထားမြင့်တက်မှုများကြောင့် အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် ခရီးသွားဧည့်သည်လျှော့နည်းနိုင်ကြောင်း ငပလီကမ်းခြေဟိုတယ်ဇုန် ဥက္ကဋ္ဌက သုံးသပ်သည်။

"အောက်တိုဘာနဲ့ နိုဝင်ဘာမှာဧည့်သည်အဝင်လျော့နိုင်တယ်လို့သေချာပြောရဲတယ်" ဟုဟိုတယ်ဇုန်ဥက္ကဋ္ဌ ဦးကျော်စွာမောင်မောင်ကပြောသည်။

ပြီးခဲ့သည့် ပွင့်လင်းရာသီအတွင်းဒေါ်လာငွေလဲလှယ်နှုန်းများမတည်ငြိမ်ခဲ့ခြင်း၊ ဒေါ်လာဈေးနှုန်းကျဆင်းသော်လည်းဝယ်ယူသုံးစွဲရသည့် ဒီဇယ်စက်သုံးဆီဈေးနှုန်းများနှင့် ဟိုတယ်အသုံးစရိတ်များကြောင့် ဟိုတယ်၏ အမြတ်ငွေရလဒ်မှာ မျှော်လင့်သည့်အတိုင်းမဖြစ်ခဲ့ကြောင်း အမတဟိုတယ်မှ တာဝန်ရှိသူက တစ်ဦးက ပြောသည်။

"မနှစ်ကဒီအချိန် ဝန်ထမ်းတွေခေါ်ထားပြီ။ ဒီနှစ်ဝန်ထမ်းအသစ်မခေါ်ရဲဘူး ဖြစ်နေတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သံတွဲမြို့နယ် အနီးဝန်းကျင်ရှိ ဒေသခံလူငယ်များအတွက် ငပလီဟိုတယ်ဇုန်သည်တစ်ခုတည်းသောအလုပ်အကိုင်အခွင့်အလမ်းဖြစ်ပြီး ယခုလက်ရှိတွင် ထပ်မံဖွင့်လှစ်မည့် ဟိုတယ်အသစ် နှစ်လုံးအပါအဝင် ဟိုတယ်စုစုပေါင်း ၁၆ လုံးရှိကြောင်း သိရသည်။

## ကလောမြို့အနီး ဆင်စခန်းဖွင့်လှစ်ရန် စီစဉ်

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ-၁၄**

ရှမ်းပြည်နယ် ကလောမြို့အနီးတွင် ကမ္ဘာ့လှည့်ခရီးသွားများ သွားရောက်လည်ပတ်နိုင်သော ဆင်စခန်းတစ်ခုဖွင့်လှစ်ရန် စီစဉ်နေပြီဖြစ်ကြောင်း အင်းလေးဒေသခံ ခရီးသွားလုပ်ငန်းရှင်များက ပြောသည်။

"ပြည်နယ်အစိုးရနဲ့တော့ ဆွေးနွေးပြီးပြီ။ ဆင်တွေလည်းရှိတယ်"ဟု မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း အင်းလေးဇုန်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ရှမ်းပြည်နယ်ဒေသသည် ကမ္ဘာ့လှည့်ခရီးသွားများ အဓိကလေ့လာသွားရောက်သော ဒေသဖြစ်ပြီး ကလောမြို့အနီးတစ်ဝိုက်အား ဆင်ဖြင့်လှည့်ပတ်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။ မြန်မာနိုင်ငံတွင် ဖိုးကျားဆင်စခန်းနှင့် ငွေဆောင်ကမ်းခြေတို့တွင် ဆင်စခန်းများရှိသော်လည်း ခရီးသွားများသွားရောက်မှုနည်းကြသည်။

## ချောင်းသာကမ်းခြေတွင် ရေနစ်၍ အမျိုးသားတစ်ဦး သေဆုံး

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ-၁၇**

ချောင်းသာကမ်းခြေသို့ ရန်ကုန်မြို့မှ လာရောက်လည်ပတ်သူ အမျိုးသားတစ်ဦး စက်တင်ဘာ ၁၂ ရက်တွင် ရေနစ်သေဆုံးခဲ့ကြောင်း ချောင်းသာဒေသခံများက ပြောသည်။

"ရေထရက်လည်းဖြစ် လှိုင်းကလည်းကြီးတဲ့အချိန်မှာဘောကွင်းလွတ်သွားတာ ရေပြင်အသက်ကယ်တွေလိုက်ဆယ်ပေမယ့် လေးယောက်ပဲကယ်လိုက်နိုင်တယ်"ဟု ချောင်းသာဒေသခံတစ်ဦးကဆိုသည်။ ရေနစ်မြုပ်ခဲ့သူ၏ ရုပ်ကလပ်အား နောက်တစ်နေ့တွင် ချောင်းသာကမ်းခြေ ကျောက်ပုထိုးစေတီအနီး၌ ပြန်လည်ဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

ပင်လယ်ကမ်းခြေများ၌ ရေကူးရာတွင် မိုးတွင်းကာလနှင့် လှိုင်းကြီးသော အချိန်များတွင် ရေဆွဲများဖြစ်ပေါ်လေ့ရှိပြီး အဆိုပါရေဆွဲရှိသောနေရာတွင် ရေကူးမိပါက ရေနစ်သေဆုံးတတ်ကြောင်း သိရသည်။







Mr Cartoon 2000


JOURNALIST

7DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# ဖွံ့ဖြိုးဆဲအာရှနိုင်ငံများ စီးပွားရေး နှေးကွေးလာမည်ဆို

**ဟောင်ကောင်၊ စက်တင်ဘာ - ၁၅**
အာရှတိုက်မှ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၁၂ ခုနှစ်တွင် မျှော်မှန်းထားသည်ထက် နှေးကွေးလာမည်ဖြစ်ကြောင်းအာရှဖွံ့ဖြိုးရေးဘဏ်၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။ ယင်းမှာ အဓိကကုန်သွယ်ဖက်နိုင်ငံများက ကမ္ဘာ့စီးပွားရေးအပေါ် စိုးရိမ်ပူပန်ပြီး အမှာစာများ လျှော့ချလာနိုင်မှုကြောင့် ဖြစ်ကြောင်း အစီရင်ခံစာက ဆိုထားသည်။

အာရှစီးပွားရေးသည် ယခုနှစ်တွင် ၇ ဒသမ ၅ ရာခိုင်နှုန်း ဖွံ့ဖြိုးတိုးတက်၍ ၂၀၁၂ ခုနှစ်တွင်လည်း ယင်းနှုန်း အတိုင်းသာ ရှိမည်ဖြစ်ကြောင်း သိရသည်။ ယင်းမှာမူလက ခန့်မှန်းထားသည့် ၇ ဒသမ ၇ ရာခိုင်နှုန်းမှ ကျဆင်းလာခြင်းဖြစ်သည်။

အမေရိကန်နှင့် ဥရောပမှ ကုန်ပစ္စည်းဝယ်ယူမှုနှေးကွေးလာခြင်းက အာရှစီးပွားရေးအပေါ် အရိပ်မည်းထိုးနေကြောင်းမနီလာအခြေစိုက်ဘဏ်က ပြောကြားပြီး တရုတ်ကဲ့သို့သောကုန်သွယ်မှုအင်အားကြီးနိုင်ငံမှ နိုင်ငံခြားတင်ပို့ရမှုများလည်း သိသိသာသာ လျော့ကျလာကြောင်း အေဒီဘီအစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။

သို့သော်ပြည်တွင်းစားသုံးမှု အားကောင်းခြင်းနှင့် ဒေသတွင်း အပြန်အလှန် ကုန်သွယ်မှုကျယ်ပြန့်လာခြင်းက အာရှဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ခိုင်မာသော ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်ရအောင် ကူညီနေကြောင်း အေဒီဘီဘဏ် စီးပွားရေးပညာရှင်ချုပ် ချန်ယောင်ရီးက ပြောကြားသည်။






အာရှတွင် အကြီးဆုံးစီးပွားရေးနိုင်ငံများ၏ ဒေသတွင်းကုန်သွယ်မှုမှာ ၂၀၁၁ ပထမနှစ်ဝက်တွင် ၄၇ ရာခိုင်နှုန်းသို့ရောက်ရှိလာကြောင်းနှင့် ယင်းမှာ ၂၀၀၇ ခုနှစ်က ၄၂ ရာခိုင်နှုန်းထက်ပိုမိုများပြားကြောင်း အေဒီဘီအစီရင်ခံစာတွင် ဖော်ပြသည်။ *—Ref: AFP*

## တရုတ်နိုင်ငံတွင် စွန့်ပစ်ဆီမှ စားသုံးဆီထုတ်လုပ်ရောင်းချမှုဖြင့် လူ ၃၂ ဦးကို ဖမ်းဆီး

**ဘေဂျင်း၊ စက်တင်ဘာ - ၁၃**
တရုတ်ရဲတပ်ဖွဲ့သည် စားသုံးရန်မသင့်သည့် စွန့်ပစ်ဆီများမှ ထုတ်လုပ်သော စားသုံးဆီများရောင်းချမှုဖြင့် လူပေါင်း ၃၂ ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ယခုကိစ္စမှာ တရုတ်နိုင်ငံတွင် မယ်လမင်းပါဝင်သော နို့မှုန့်ပြဿနာများအပြီး တိုင်းပြည်ကို ထိခိုက်စေခဲ့သော နောက်ဆုံးပေါ် အစားအသောက်ရေးရာ ပြဿနာတစ်ရပ် ဖြစ်သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့များသည် ပြီးခဲ့သည့်နှစ်မှစ၍ နိုင်ငံပိုင်မီဒီယာက နိုင်ငံတွင်းအသုံးပြုနေသော စားသုံးဆီများမှ ဆယ်ပုံတစ်ပုံခန့်မှာ စားသောက်ဆိုင်များမှစွန့်ပစ်သော ဆီအကြွင်းအကျန်များမှ ပြန်လည်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပြီးနောက် တစ်နှစ်ကျော်ကြာအောင် စုံစမ်းခဲ့သည်။

တရုတ်ပြည်သူ့လုံခြုံရေးဌာနက ရဲအဖွဲ့သည် ပြီးခဲ့သည့်မတ်လမှစ၍ စားသောက်ဆိုင်များမှ ဆီအကြွင်းအကျန်များ ဝယ်ယူကာစားသုံးဆီပြန်ချက်နေသော အဖွဲ့တစ်ဖွဲ့ကို ခြေရာခံခဲ့သည်ဟု ဆိုသည်။ ထို့နောက် ရဲအဖွဲ့သည် တရားမဝင် စားသုံးဆီအတုချက်လုပ်ရောင်းချနေသော လူပေါင်း ၃၂ ဦးကို ဇီကျန်း၊ ရှန်တုန်နှင့် ဟီနန်ပြည်နယ်များ၌ ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် ရဲတပ်ဖွဲ့သည် ရေမြောင်းများမှ ရယူထားသော ဆီကြွင်းဆီကျန်များကို ပြန်လည်ချက်လုပ်သည့် စားသုံးရန်မသင့်သည့်ဆီတန်ချိန် ၁၀၀ ကိုလည်း ရှာတွေ့ခဲ့သည်။

တရုတ်နိုင်ငံတွင် ယခုအခါ တရားမဝင်ချက်လုပ်သည့် ဆီအတုများ နှစ်စဉ် တန်ချိန်နှစ်သန်းမှ သုံးသန်းခန့်အထိကို ပြည်သူများ စားသုံးနေရကြောင်း ကျွမ်းကျင်သူများက မှန်းဆထားသည်။ တရုတ်အစိုးရသည် ယမန်နှစ် စက်တင်ဘာလမှစ၍ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးကို တင်းကျပ်သည့်အနေဖြင့် အချို့သောအမှုများတွင် သေဒဏ်ချမှတ်သည်အထိ တိုးမြှင့်ပြစ်ဒဏ်ချမှတ်လာကြောင်း သိရသည်။

*—Ref: AFP, CNA*

## အာရှစတုတ္ထ အင်တာနက်အသုံးပြုမှုအများဆုံးနိုင်ငံ အင်ဒိုနီးရှားဖြစ်လာ

**ဂျကာတာ၊ စက်တင်ဘာ - ၁၄**
အင်ဒိုနီးရှားနိုင်ငံသည် အာရှတိုက်တွင် အင်တာနက်အသုံးပြုသူဦးရေအများဆုံးနိုင်ငံများစာရင်း၌ တရုတ်၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့နောက်၌ စတုတ္ထနေရာရှိနေကြောင်း အင်တာနက်ကုမ္ပဏီကြီး ဂူးဂဲလ်ကပြောကြားသည်။

ဂူးဂဲလ်၏ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ အတိုင်ပင်ခံပညာရှင်ဟင်ကီပရီဟတ်ထနာက ကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံတွင် အင်တာနက်အသုံးပြုမှုပိုမိုတိုးတက်စေရန် လှုပ်ရှားမှုတစ်ခုပြုလုပ်သွားဦးမည်ဖြစ်ကြောင်းပြောသည်။

အဆိုပါလှုပ်ရှားမှုကို Explore the Internet beyond your creativity ဟုအမည်ပေးထားပြီး အင်တာနက်ကြည့်ရှုရုံမျှမကဘဲ အင်တာနက်အသုံးပြု၍ အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အကျိုးရှိစွာအသုံးချနိုင်ရေးတို့ကို လှုံ့ဆော်သွားမည်ဟု သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံနိုင်ငံများအတွင်း လူဦးရေအများဆုံးနိုင်ငံလည်းဖြစ်သည်။

*—Ref: Jakatar Post*

7 DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011





## Leader's Profile

# နိုင်ငံတကာကြက်ခြေနီကော်မတီဥက္ကဋ္ဌ
# ဂျက်ကော့ ကယ်လင်ဘာဂါ

ရဲမင်း

ဂျက်ကော့ကယ်လင်ဘာဂါသည် ဆွစ်ဇာလန်နိုင်ငံ၏ သံတမန်ဟောင်းတစ်ဦးဖြစ်ပြီး နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) ၏ ဥက္ကဋ္ဌဖြစ်သည်။

ဂျက်ကော့အား ၁၉၄၄ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ အက်ပင်ဇယ်လ်ဒေသ၌ မွေးဖွားခဲ့သည်။ ဇူးရစ်တက္ကသိုလ်တွင် ပြင်သစ်နှင့် စပိန်စာပေများကို လေ့လာခဲ့သည်။ ကျောင်းတက်နေစဉ်အတွင်း ပြင်သစ်နှင့် စပိန်နိုင်ငံတို့တွင်လည်း သွားရောက်နေထိုင်ခဲ့သည်။ ဇူးရစ်တက္ကသိုလ်မှာပင် စာပေဒေါက်တာဘွဲ့ရရှိသည်အထိ ပညာသင်ယူခဲ့သည်။ ဒေါက်တာဘွဲ့အတွက် စပိန်ပြဇာတ်ရေးဆရာကြီး ပီအိုကယ်လ်ဒါရွှန်ဒီလာဘာလာအကြောင်း စာတမ်းပြုစုတင်ပြခဲ့သည်။

ဂျက်ကော့ကယ်လင်ဘာဂါသည် ဆွစ်ဇာလန်သံတမန်လောကသို့ ၁၉၇၄ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး မက်ဒရစ်မြို့သို့ စေလွှတ်ခြင်းခံရသည်။ ယင်းမှ ဘရပ်ဆဲလ်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး လန်ဒန်မြို့ သံရုံးတွင်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၄ မှ ၁၉၉၂ ခုနှစ်အထိ ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးဝန်ကြီးဌာနများကို ပူးတွဲဦးဆောင်သည့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့အကြီးအကဲအဖြစ်တာဝန်ထမ်းဆောင်သည်။ ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေးဧရိယာအတွက် ဆွေးနွေးမှုများတွင်လည်းဦးဆောင်ခဲ့သည်။

ကယ်လင်ဘာဂါသည် ၁၉၈၈ ခုနှစ်တွင် သံအမတ်ရာထူးအဆင့်သို့ ရာထူးတိုးမြှင့်ရရှိခဲ့သည်။ ၁၉၈၉ မှ ၁၉၉၁ ခုနှစ်အထိ ဥရောပအသိုင်းအဝိုင်းသယ်ယူပို့ဆောင်ရေး ဆွစ်ဇာလန်နိုင်ငံ၏ အခန်းကဏ္ဍကိုဦးဆောင်ဆွေးနွေးခဲ့သည်။

ကယ်လင်ဘာဂါသည် ၁၉၉၂ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရပြီး ၁၉၉၂ မှ ၁၉၉၉ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးရာထူးသာမက ဖယ်ဒရယ်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေး ညွှန်ကြားရေးဦးစီးဌာနအကြီးအကဲအဖြစ်ပါ ပူးတွဲတာဝန်ယူခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ပြုလုပ်သည့် နှစ်ဖက်ဆွေးနွေးပွဲများတွင် ကဏ္ဍအလိုက် ကယ်လင်ဘာဂါက ဦးဆောင်ဆွေးနွေးခဲ့သည်။

ဂျက်ကော့ကယ်လင်ဘာဂါသည် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် နိုင်ငံတကာကြက်ခြေနီကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည်။ ICRC အဖွဲ့သည် စစ်ပွဲများအတွင်း ဒဏ်ရာရရှိသူများ၊ အကျဉ်းသားများ၊ ဒုက္ခသည်များ၊ အရပ်သားများနှင့် အခြားစစ်ပွဲနှင့် မသက်ဆိုင်သူများအား အကာအကွယ်ပေးရေးအတွက် ၁၈၆၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

မစ္စတာဂျက်ကော့ကယ်လင်ဘာဂါ၏ လက်ထက်တွင် ICRC ၏လုပ်ငန်းများ သိသိသာသာကျယ်ပြန့်လာသည်။ ICRC သည်အီရတ်၊ အာဖဂန်နစ္စတန်၊ ဆူဒန်နိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ ICRC သည်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်ပြီး ၂၀၀၁ ခုနှစ်စက်တင်ဘာလ ၁၁ ရက် နယူးယောက်မြို့ တိုက်ခိုက်ခံရမှုနောက်ပိုင်းတွင်လည်း အမေရိကန်နိုင်ငံနှင့် တရားရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သံတမန်ရေးရာများကို ကိုင်တွယ်ဖြေရှင်းခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ဂွါတာနာမို ထိန်းသိမ်းရေးစခန်းတွင်အကျဉ်းသားများအား အမေရိကန်က ရုံးတင်စစ်ဆေးခြင်းမရှိဘဲထိန်းသိမ်းထားခြင်းကို မစ္စတာဂျက်ကော့ကယ်လင်ဘာဂါက ဝေဖန်ခဲ့သည်။ မစ္စတာကယ်လင်ဘာဂါသည် ဇနီးသည် အဲလိဇဘက်ဂျိုစီနှင့် သမီးနှစ်ဦးထွန်းကားထားသည်။

—*Ref: Wikipedia*

## နောက်ကျောဖုံး - လစ်ဗျားအစိုးရသစ်အတွက် သဘောတူညီမှုမရရှိ မှ

အတည်ပြုလိုက်သော ဝန်ကြီးများစာရင်းကို မရရှိသေးသော်လည်း ကြားဖြတ်ဝန်ကြီးချုပ် ဂျီဘရီ၏ ရာထူးကိုပင် အကြိတ်အနယ်ဆွေးနွေးစရာဖြစ်ခဲ့ကြောင်း ညှိနှိုင်းဆွေးနွေးမှုများနှင့် အကျွမ်းတဝင်ရှိသူများက ပြောကြားသည်။

—*Ref: Reuters*



Photo - AP

## နောက်ကျောဖုံး - ဘတ်ဂျက်လိုငွေ ကန်ဒေါ်လာ သုံးထရီလီယံ လျှော့ချရန် အိုဘားမား တိုက်တွန်း မှ



အိမ်ဖြူတော်နှင်းဆီပန်းခြံမှ ပြောကြားမည့် မိန့်ခွန်းကြောင့် အိုဘားမားသည် အခွန်တိုးကောက်ခြင်းကိုမစဉ်းစားသင့်ဟု ပြောဆိုသော နိုင်ငံရေးအတိုက်အခံများနှင့် ထပ်မံ ငြင်းခုံရဖွယ်ရှိကြောင်းအေအက်ဖ်ပီသတင်းက ဖော်ပြသည်။ အိုဘားမားသည် ၂၀၁၂ ခုနှစ်ရွေးကောက်ပွဲ အတွက် လူတန်းစားတိုက်ပွဲဆင်နွှဲနေသည်ဟု အတိုက်အခံများက စွပ်စွဲကြသည်။

ကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံအခွန်အတုတ်များကောက်ခံရရှိရေး အဆိုပြုချက်များကို အိုဘားမားက ချပြမည်ဖြစ်ပြီး ယင်းတွင် ချမ်းသာသူများအတွက် အခွန်လျှော့ပေါ့ပေးထားခြင်းကို ရုပ်သိမ်း၍ ကော်ပိုရိတ်ဟာကွက်ယိုပေါက်များကို ပိတ်မည့် အစီအမံများလည်း ပါဝင်မည်ဖြစ်သည်။

အိုဘားမား၏ စီမံကိန်းမှာ အမေရိကန်နိုင်ငံ၏ အနာဂတ်ဘဏ္ဍာရေးကို တိုးတက်ကောင်းမွန်စေပြီး ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုပိုမိုပြုလုပ်နိုင်ခြင်း၊ မျိုးဆက်သစ်စွမ်းအင်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် အလုပ်အကိုင်ဖန်တီးရေးတို့ကို သေချာစေမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။—*Ref: AFP*

## နောက်ကျောဖုံး - လိုင်ကိစအုပ်အထွေးများကြောင့် ဝန်ကြီးချုပ် ဘာလူစကိုနီနုတ်ထွက်ရန် အီတလီအတိုက်အခံများ တောင်းဆို မှ

ကော်ရီယာရီသတင်းစာ ကောက်နုတ်ချက်တစ်ခုတွင် မီလန်မြို့နိုက်ကလပ်တစ်ခု၌မနက် ၆ နာရီခွဲအထိ ရှန်ပိန်ပါတီတက်ခဲ့ပြီး အမျိုးသမီးရှစ်ဦး၏ ဖုန်းနံပါတ်များရရှိခဲ့ကြောင်း ဘာလူစကိုနီက ကြွားလုံးထုတ်ထားကြောင်းဖော်ပြသည်။

သတင်းစာကြီးများက တင်ပြသည့် အခြားကောက်နုတ်ချက်တစ်ခုတွင်လည်း ဘာလူစကိုနီက စီးပွားရေးသမားဂျီယမ်နှင့် ၎င်း၏ မိန်းကလေးမိတ်ဆွေများ ၎င်း၏ လေယာဉ်ခရီးနှင့် မီလန်မြို့သို့ လိုက်ပါနိုင်ကြောင်းပြောကြားခဲ့ကြောင်းနှင့် ကောက်နုတ်ချက်တစ်ခုတွင်လည်း ဘာလူစကိုနီက ၎င်းမှာ အားလပ်ချိန်တွင်သာ ဝန်ကြီးချုပ်ဖြစ်ကြောင်း အမျိုးသမီးငယ်တစ်ဦးအား နောက်ပြောင်ခဲ့သည်ဟုဆိုသည်။

ယခုနောက်ဆုံး ဖွင့်ချမှုများ ပေါ်ထွက်လာပြီးနောက် အတိုက်အခံပါတီများက ဘာလူစကိုနီနုတ်ထွက်ရေး ပြောကြားမှုများကို အရှိန်မြှင့်လိုက်သည်။ ယူရိုဇုန်တစ်ခုလုံးအား ခြိမ်းခြောက်နေသည့် ကြွေးမြီအကျပ်အတည်းတွင် နစ်မြုပ်နေသည့် နိုင်ငံအတွက် အားလပ်ချိန်၌ အုပ်ချုပ်ရေးလုပ်သူ ဝန်ကြီးချုပ်တစ်ဦးရှိမနေသင့်ကြောင်းပြောကြားကြသည်။

—*Ref: Reuters*

## နောက်ကျောဖုံး - ဟိမဝန္တာဒေသတွင် ကြီးမားပြင်းထန်သောငလျင်လှုပ်ခတ် မှ



Photo - AP

ငလျင်သည်အိန္ဒိယနိုင်ငံ၏ လူဦးရေအကျဲပါးဆုံး ဆစ်ကင်းပြည်နယ်နှင့် နီပေါနိုင်ငံနယ်စပ်တွင် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀ မိနစ်၌ လှုပ်ခတ်ခဲ့ကြောင်းနှင့် ဘူတန်နိုင်ငံအပါအဝင် ကျယ်ပြန့်ဝေးလံသောဒေသများတွင်ပါငလျင်၏သက်ရောက်မှုရှိခဲ့ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့၏အဆိုအရသိရသည်။

ဂန်းတော့မြို့ အနောက်မြောက်ဘက် မိုင် ၄၀ အကွာ မြေအောက် ၁၂ မိုင်ကို ဗဟိုပြု၍ ငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့ အရေးပေါ်အစည်းအဝေးခေါ်ယူခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့များနှင့် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ ပါဝင်သောလေယာဉ်များ ဆစ်ကင်းပြည်နယ်သို့ထွက်ခွာသွားပြီဖြစ်ကြောင်း ဝန်ကြီးအဖွဲ့ အတွင်းဝန် အာဂျစ်ဆက်ကပြောကြားသည်။

တရုတ်နိုင်ငံ တိဗက်တောင်ပိုင်းတွင်လူခုနစ်ဦးသေဆုံးကြောင်း ဆင်ဟွာသတင်းက ဖော်ပြပြီး ဘူတန်နိုင်ငံ မြို့တော် သင်းဖူးတွင်လည်း အဆောက်အအုံများ တုန်ခါခဲ့ကြောင်းသိရသည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

ရုရှားဟာ မကြာသေးမီကပဲဓာတ်ငွေ့တင်ပို့ရေးကိစ္စနဲ့ပတ်သက်လို့ အိမ်နီးချင်း ယူကရိန်းနဲ့ အငြင်းပွားမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒ့ါကြောင့်ရုရှားဟာ ဂျော်ဂျီယာနဲ့ ယမန်နှစ်ဆောင်းတွင်းကဖြစ်ခဲ့တဲ့ ရက်တိုစစ်ပွဲငယ်တစ်ခုဆီ ဦးတည်တော့မလားဆိုပြီး စိုးရိမ်ပူပန်မှုတွေရှိလာစေခဲ့ပါတယ်။ ဒါပေမဲ့ ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ကတော့ နှစ်နိုင်ငံအကြားမှာ ပဋိပက္ခတွေရှိစရာမမြင်ဘဲ တိုးတက်မှုတွေပဲ မြင်တယ်လို့ ပြောပါတယ်။ ဒ့ါကြောင့် ယူရိုသတင်းဝက်ဘ်ဆိုက်ဟာ သမ္မတမက်ဗီဒက်နဲ့တွေ့ဆုံကာ ယူကရိန်းနဲ့ ရုရှားပူးပေါင်းဆောင်ရွက်ရေးအကြောင်းမေးမြန်းဖြစ်ခဲ့သလို ဆီးရီးယားအပေါ် အီးယူရဲ့ ပိတ်ဆို့အရေးယူတွေအပေါ် ရုရှားရဲ့မူဝါဒနဲ့လက်ရှိမှာ မက်ဗီဒက်ကိုယ်တိုင် ရုရှားမှာ ဦးဆောင်ကျင်းပနေတဲ့ ကမ္ဘာလုံးဆိုင်ရာမူဝါဒရေးရာ ဖိုရမ်အကြောင်းတွေကို မေးမြန်းဖြစ်ခဲ့ပါတယ်။ မေးမြန်းသူကတော့ ယူရိုသတင်းဌာနမှ အလက်ဇန်းဒါး ရှက်ရှ်ကော့ဗစ်ဖြစ်ပြီး ၎င်းနဲ့ သမ္မတမက်ဗီဒက်တို့ရဲ့ အမေးအဖြေများကို ဆီလျော်အောင်ပြန်ဆိုပြီး ကောက်နုတ်ဖော်ပြလိုက်ပါတယ်။


Photo - GETTY IMAGES

# ရုရှားသမ္မတ မက်ဗီဒက်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

**နောက်ထပ်ဆောင်းရာသီတစ်ခုတော့ရောက်လာနေပါပြီ။ အခုလည်း နောက်ထပ်တစ်ကြိမ် ရုရှားနဲ့ ယူကရိန်းအကြား ဓာတ်ငွေ့ကိစ္စနဲ့ ပတ်သက်လို့ ပဋိပက္ခတစ်ခုဖြစ်လာနေပါတယ်။**

အင်း။ အခုအချိန်အထိကတော့ဘာပဋိပက္ခမှ မရှိသေးပါဘူး။ ဖွံ့ဖြိုးတိုးတက်မှုတွေဆီ ဦးတည်နေတဲ့ ကွဲပြားခြားနားမှုတွေ လောက်ပဲရှိနေတာပါ။

**ယူကရိန်းနဲ့ ဒီကိစ္စက ဥပမာအနေနဲ့ဥရောပတိုက်အတွက် ဓာတ်ငွေ့ပေးပို့နေမှုကိုလည်း ပြဿနာတွေ ဖြစ်လာစေနိုင်ပါသလား။**

သိတဲ့ အတိုင်းပါပဲ။ ကျွန်တော်တို့ရဲ့ မိတ်ဆွေတွေနဲ့ နီးစပ်တဲ့လုပ်ဖော်ကိုင်ဖက်တွေ မကြာမီကကြုံခဲ့ရတဲ့ အတွေ့အကြုံအရတော့ရှိနေဆဲ ကန်ထရိုက်စာချုပ်တွေကို ဖျက်ဆီးပစ်လို့မရနိုင်ဘူးဆိုတာ သိရမယ်လို့ မျှော်လင့်မိပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ ယူကရိန်းသမ္မတ (သို့မဟုတ်) ယူကရိန်းဝန်ကြီးချုပ်ကကန်ထရိုက်စာချုပ်တစ်ခုဟာ မမျှတဘူး။ ဆိုးဝါးတယ်။ သူတို့မလိုက်နာနိုင်ပါဘူးလို့ ပြောခဲ့ရင်တောင်မှ တည်ရှိနေတဲ့ ကန်ထရိုက်စာချုပ်တွေကို ဖျက်ပစ်လို့ မရနိုင်ပါဘူး။

ဒါဟာ လုံးဝလက်ခံနိုင်ဖွယ်ရာ မရှိပါဘူး။ သဘောတူညီချက်အားလုံးကို တရားရုံးက မငြင်းမပယ်ချင်း ဒါမှမဟုတ် ပါဝင်တဲ့နှစ်ဖက်စလုံးက မစွန့်ပစ်လိုက်မချင်း ဆက်လက်သယ်ဆောင်သွားရမှာပါ။ အနာဂတ်အတွက်ကတော့ ကျွန်တော်ကြိမ်ဖန်များစွာ ပြောဖူးသလိုပါပဲ။ ကျွန်တော်တို့ဟာ ယူကရိန်းလုပ်ဖော်ကိုင်ဖက်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှု ပုံစံမျိုးစုံ လုပ်ဖို့ဆွေးနွေးချင်နေပါတယ်။

ယူကရိန်းဟာအခြားဥရောပက ဓာတ်ငွေ့တင်သွင်းတဲ့ နိုင်ငံတွေလိုပဲ အချိုးကျဈေးနှုန်းပေးနေရတာပါ။ လက်ရှိဈေးနှုန်းတွေ မြင့်နေပါတယ်။ ဒါမှန်ပါတယ်။ ဒါပေမဲ့ဒီဈေးနှုန်းတွေက တစ်ခါတလေမှာလည်း မတရားထိုးကျသွားနိုင်ပါတယ်။ အဲဒီလိုဆိုရင်တော့ စွမ်းအင်တင်ပို့သူနိုင်ငံ(ရုရှား)အတွက် ပြဿနာပါ။ ဒ့ါကြောင့် အတိုချုပ်ပြောရရင်တော့ ယူကရိန်းကဝယ်သူတွေဟာ နှစ်နိုင်ငံကြား ကန်ထရိုက်စာချုပ်ကိုဆက်လက်လိုက်နာပြီး အနာဂတ်မှာ လုပ်ဆောင်မယ့် လုပ်ငန်းတွေအတွက်လည်း ကျွန်တော်တို့သဘောတူညီချက်ရလိမ့်မယ်လို့ မျှော်လင့်ခဲ့မိပါတယ်။

**ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးကလည်း မော်စကိုကိုအလည်အပတ်ရောက်ရှိခဲ့တဲ့ ခရီးစဉ်အတွင်း ဆီးရီးယားအပေါ် အီးယူရဲ့အရေးယူပိတ်ဆို့မှုတွေကို ထောက်ခံဖို့ ရုရှားကိုတောင်းဆိုခဲ့တယ်လို့ သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ရုရှားရဲ့မူဝါဒက ဘယ်လိုရှိပါသလဲ။**

သိတဲ့အတိုင်းပါပဲ။ ဒီကိစ္စကို ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးယတ်ပီနဲ့ ကျွန်တော်ဆွေးနွေးခဲ့ပါတယ်။ ပြီးတော့မော်စကိုကိုလာခဲ့ဖူးတဲ့ ပြင်သစ်ကာကွယ်ရေးဝန်ကြီး အပါအဝင် လုပ်ဖော်ကိုင်ဖက်တွေနဲ့လည်း ဆွေးနွေးဖူးပါတယ်။ လစ်ဗျားမှာ စစ်ရေးအရဝင်ရောက်သလိုမျိုး ဆီးရီးယားအရေးမှာလည်း ညွှန်းဆိုကြတာ ကျွန်တော်တို့လုံးဝမလိုချင်ပါဘူး။ ဟုတ်ကဲ့ ဆီးရီးယားမှာပြဿနာတွေရှိတာလည်း ကျွန်တော်တို့ သိပါတယ်။ အချိုးအစားမမျှတဲ့ အင်အားသုံးဖိနှိပ်မှုတွေရှိတာ၊ အပြစ်မဲ့ဒဏ်ခံရတဲ့ ပြည်သူတွေအများကြီးရှိတာ ကျွန်တော်တို့မြင်နေရတယ်။ ဒါကို ကျွန်တော်တို့ကြိုက်လည်းမကြိုက်ပါဘူး။ ဒီအကြောင်းကို သမ္မတဘတ်ရှားအာဆတ်နဲ့လည်း ပုဂ္ဂိုလ်ရေးအရ အထပ်ထပ်ကျွန်တော်ပြောပြီးပါပြီ။

မကြာမီကလည်း ကျွန်တော်ဟာလက်ထောက်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးကိုစေလွှတ်ပြီး ကျွန်တော်တို့ရဲ့ အနေအထားကို ရှင်းပြခဲ့ပြီးပါပြီ။ ဒါပေမဲ့ ကျွန်တော်ယုံကြည်တာကတော့ ဆီးရီးယားရဲ့ခေါင်းဆောင်ပိုင်းကို အသိပေးတဲ့နိုင်ငံတကာ ဆုံးဖြတ်ချက်တွေဟာနှစ်ဖက်စလုံးအတွက် ဖြစ်သင့်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီမှာဖြစ်နေတဲ့အခြေအနေဟာ အကျိုးမဲ့မဟုတ်လို့ပါ။

ဆီးရီးယားမှာ အစိုးရဆန့်ကျင်ရေးကြွေးကြော်သံတွေအော်နေသူတွေဟာလည်း အနောက်တိုင်းဒီမိုကရေစီကို ထောက်ခံသူတွေချည်း မဟုတ်ကြပါဘူး။ ဒီလူတွေက အမျိုးမျိုးကွဲပြားနေတဲ့ လူတွေပါ။ အဲဒီထဲက တချို့ဟာဆိုရင် အစွန်းရောက်ဝါဒီတွေဖြစ်တယ်။ တချို့ဆို အကြမ်းဖက်ဝါဒီတွေလို့ခေါ်လို့ရနိုင်တယ်။ ဒ့ါကြောင့် အခြေအနေကို အထင်နဲ့မသုံးသပ်သင့်ပါဘူး။ အဲ ဒီ့အစား ကျွန်တော်တို့ဟာ အကျိုးစီးပွားတွေနဲ့အင်အားတွေအကြားမှာမျှခြေရှိမှုအပေါ် အခြေခံပြီး ကိုင်တွယ်ရပါမယ်။ ကျွန်တော်တို့က ချဉ်းကပ်နည်းပုံစံ အမျိုးမျိုးကို ထောက်ခံဖို့ အဆင်သင့်ပါပဲ။ ဒါပေမဲ့ အဲဒီနည်းတွေဟာ သမ္မတအာဆတ်နဲ့ အစိုးရရဲ့ အပြုအမူတွေအပေါ် တစ်ဖက်သတ်ပြစ်တင်ရှုတ်ချချက်တွေအပေါ် အခြေခံပြီး မဖြစ်ပေါ်သင့်ပါဘူး။ သွေးထွက်သံယိုမှုတွေ အဆုံးသတ်ဖို့ စေ့စပ်ညှိနှိုင်းဖို့လိုအပ်ပါတယ်။ ရုရှားဟာ ဆီးရီးယားရဲ့ မိတ်ဆွေတစ်ဦးအနေနဲ့ ဒီကိစ္စကို စိတ်ဝင်စားပါတယ်။ ဆီးရီးယားဟာ ကျွန်တော်တို့နဲ့ စီးပွားရေးနဲ့ နိုင်ငံရေးအရဆက်သွယ်မှုတွေ အများကြီးရှိထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

**သမ္မတကြီးခင်ဗျား ကျွန်တော်တို့ဟာအခုဆို ယာရော့စလက်ဗ်မြို့မှာရှိနေပြီး ကမ္ဘာလုံးဆိုင်ရာ မူဝါဒရေးရာဖိုရမ်** Global Policy Forum **ကိုလည်း သမ္မတကြီးကိုယ်တိုင်ရဲ့အားပေးမှုနဲ့ ကျင်းပနေပါတယ်။ ဒီနှစ်အတွက်ဆွေးနွေးပွဲမှာအဓိကအကြောင်းအရာကဗဟုယဉ်ကျေးမှုဝါဒ Multi Culturalism ပြဿနာဖြစ်တယ်။ ဒီအကြောင်းအရာခေါင်းစဉ်ဟာ ဒီနေ့ကာလနဲ့သက်ဆိုင်တယ်လို့ ဘာ့ကြောင့် သမ္မတကြီး စဉ်းစားမိတာပါလဲ။**

ရုရှားဟာ လူအမျိုးမျိုး၊ ယုံကြည်မှုအမျိုးမျိုးနဲ့ လူမျိုးစုလိုက်ကွဲပြားတဲ့ ရှုပ်ထွေးများပြောင်လွန်းတဲ့နိုင်ငံပါ။ ကျွန်တော်တို့အတွက် အရေးကြီးတာက အတွင်းသားညီညွတ်မှု Internal Harmony ရှိရေးပါ။ ဆိုဗီယက်ခေတ်တုန်းကတော့ “ဆိုဗီယက်ပြည်သူလူထု၏ ခိုင်မာစုစည်းမှုရှိသော လူ့အသိုက်အမြုံ” ဆိုတဲ့ စကားကို သုံးခဲ့ကြဖူးတယ်။ ဘယ်လိုနည်းနဲ့ဆိုဆို အဲဒီစကားဟာ သဘောတရားရေးအဆင့်ပဲ ဖြစ်သွားခဲ့တယ်။ ဒါပေမဲ့ အဲဒါက ကျွန်တော်တို့ဟာ ဒီအယူအဆ၊ ပြဿနာကနေ အဝေးရှောင်ထွက်သွားသင့်တယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ အတွင်းသားညီညွတ်မှုရှိတဲ့ လူ့အဖွဲ့အစည်းတစ်ခုဖန်တီးဖို့ လိုအပ်နေပါတယ်။ အဲဒီလူ့အဖွဲ့အစည်းမှာ လူတွေဟာ တစ်ဦးနဲ့တစ်ဦး သည်းခံနိုင်ရမယ်။ မည်သည့်လူမျိုးစုတစ်ခုရဲ့ အစဉ်အလာကိုမဆိုလေးစားရမယ်။ ရုရှားရဲ့ ဘယ်နေရာဒေသမှာနေသည်ဖြစ်စေ၊ တူညီတဲ့အခွင့်အရေးတွေနဲ့တာဝန်ယူမှုတွေ ရှိတတ်ရမယ်။ ဒ့ါကြောင့် ဒီခေါင်းစဉ် (ဗဟုယဉ်ကျေးမှုဝါဒ)ဟာ ကျွန်တော်တို့အတွက် အရေးကြီးပါတယ်။ ဒီနေ့ကာလမှာ ဒီပြဿနာကို သဘောတရားရေးအရချဉ်းကပ်နည်းတွေ၊ လက်တွေ့ လမ်းညွှန်မှုတွေထုတ်ပြီး အမြင်ချင်းဖလှယ်ရေးဟာ အရေးကြီးလှပါတယ်။

*—Ref: Dmitri Medvedev Interview: Euronews*





Entertainment
7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

# ညက်လင်းအောင် ပြောပြတဲ့ ပရိသတ်မသိသေးတဲ့ ညက်လင်းအောင် အကြောင်း

ချမ်းခိုက်ခိုက်

**လူငယ်အများစုရဲ့အသည်းစွဲသီချင်းတစ်ပုဒ်ဖြစ်တဲ့ 'သူငယ်ချင်း' သီချင်းနဲ့ နာမည်ရလာတဲ့ အဆိုတော် ညက်လင်းအောင်ကို ပရိသတ်အများစုသိထားတဲ့ပုံစံက အေးဆေးတဲ့၊ နူးညံ့ငြိမ်းချမ်းတဲ့ ကလေးမျက်နှာလေးနဲ့ စကားအပြောနည်းတဲ့အဆိုတော်ကောင်လေးတစ်ယောက်ပေါ့။ ဒါပေမဲ့အဆိုတော်မဟုတ်တဲ့သာမန်ညက်လင်းအောင်မှာ ပရိသတ်မထင်မှတ်ထားတဲ့ပင်ကိုဗီဇလေးတွေရှိနေတာကိုဒီကဏ္ဍကနေ ပြောကြားလာပါတယ်။ ပရိသတ်သိထားတဲ့ အဆိုတော်ညက်လင်းအောင်နဲ့ သူကိုယ်တိုင်ပြောပြလာတဲ့ ညက်လင်းအောင်တို့ သွင်ပြင်ဘယ်လောက်ကွဲပြားခြားနားတယ်ဆိုတာ ဖတ်ကြည့်ပါဦး။**

'အသင့်ရှိသူ' စီးရီး ထွက်ပြီးတဲ့နောက် 'သူငယ်ချင်း' သီချင်းနဲ့ ဂီတလောကမှာ အဆိုတော်တစ်ယောက်အဖြစ် ပိုင်ပိုင်နိုင်နိုင် ရပ်တည်နိုင်လာတဲ့အခါ မိမိရဲ့လူမှုဆက်ဆံရေးပိုင်းကိုပါ ပြောင်းလဲပစ်ခဲ့တာမျိုးမဟုတ်ပေမယ့် သာမန်လူညက်လင်းအောင်နဲ့ မတူတဲ့ပုံစံတစ်ခုဖြစ်သွားတယ်လို့ ဆိုလာသူက ညက်လင်းအောင်ပါ။

ပြောင်းလဲသွားတာလည်းမဟုတ်ဘူး။ အရင်တည်းက ကျွန်တော်က စကားနည်းတာ မဟုတ်ပေမယ့် သူစိမ်းတွေရှေ့မှာဆို စကားသိပ်ပြောမထွက်ဘူး။ အပြင်သွားရင်တောင် တခြားလူတွေရှိရင် သိပ်မပြောတတ်ဘူး။ ဒါပေမဲ့ ပရိသတ်တွေ၊ စာနယ်ဇင်းသမားတွေထင်သလို စကားနည်းတဲ့သူတော့ မဟုတ်ပါဘူး။ တကယ်တမ်းခင်တဲ့သူတွေနဲ့ဆို စကားအရမ်းများတယ်၊ အေးအေးလေး မဟုတ်ဘူးလို့ သူ့ရဲ့ပင်ကိုဗီဇလေးကိုစတင်ပြောပြပါတယ်။

ပရိသတ်တွေရဲ့အမြင်နဲ့ ကွဲပြားတဲ့သူ့မှာ အင်တာဗျူးသမားတွေစိတ်ညစ်ရတဲ့အချက်လည်းရှိပါသေးတယ်။ အဲဒါက စကားနည်းတဲ့သူ့ကြောင့် စိတ်တိုင်းကျအင်တာဗျူးတွေ မရနိုင်ခြင်းအပေါ် ညက်လင်းအောင်က အင်တာဗျူးတွေဆို ပိုဆိုးတယ်။ တစ်ခွန်းမေးရင်တောင် တစ်ခွန်းပြန်ထွက်ချင်မှထွက်တာ။ အဓိကက ကျွန်တော် စာလည်းသိပ်မဖတ်ဖြစ်တော့ အင်တာဗျူးဆို သိုင်း သိုင်းဝိုင်းဝိုင်း မပြောတတ်ဘူး။ ဒါပေမဲ့ပရိသတ်တွေ ထင်သလောက် ကျွန်တော်က မအေးဆေးပါဘူး။ အပြင်လောကမှာဆို အပေါင်းအသင်းလည်း များတယ်။ အဆိုတော်မဖြစ်ခင်ကတည်းက အနုပညာလောကထဲကလူတွေတော်တော် များများနဲ့ ခင်နေပြီ။ နောက်ပြီး ကျွန်တော်ကလူချစ်အောင် နေတတ်တယ်။ ဒီလူတစ်ယောက်က သူများနဲ့ မတည့်ပေမယ့် ကျွန်တော်နဲ့တော့တည့်တယ်။

စာ(၄၉)သို့

# မေသက်ခိုင် အိမ်ထောင်မပြုသေးပါ



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

အေးသူစံ

**ရန်ကုန်၊ စက်တင်ဘာ၁၇**

မင်းသားသုံးလက်ဖြင့် ဒီဗီဒီ ဇာတ်ကားကြီးတစ်ကား ရိုက်ကူးနေသော မင်းသမီး မေသက်ခိုင်တစ်ယောက် အိမ်ထောင်ကျသွားပြီဟု ယခုရက်ပိုင်းအတွင်း သတင်းများ ထွက်ပေါ်လာပြီး သူမပရိသတ်အများစုမှာ အဆိုပါသတင်းအပေါ် စိတ်ဝင်စားနေကြသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး ကာယကံရှင်ဖြစ်သူ မေသက်ခိုင်ထံ ဆက်သွယ်မေးမြန်းရာ. . .

"အဲဒီသတင်းက လုံးဝမဟုတ်ပါဘူး။ အရင်ကလည်း အနုပညာ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ ဇာတ်မင်းသားတစ်ဦးနဲ့ သတင်းတွေ ပြောကြတယ်။ နောက်တော့မဟုတ်ဘူးဆိုတာသိသွားကြတာပဲ။ အခုလည်း ဒီသတင်း ဘယ်လိုထွက်လာလဲ မသိပေမယ့်တောက်လျှောက် ရိုက်ကွင်းမှာ အနုပညာလုပ်ဖော်ကိုင်ဖက်တွေနဲ့ ရှိနေတာပဲ။ တကူးတက ရှင်းနေစရာတော့ မလိုပါဘူး။ အိမ်ထောင်ပြုဖို့ အစီအစဉ်လည်းမရှိပါဘူး။ အစီအစဉ်ရှိရင်လည်းပရိသတ်ကိုသေချာအသိပေးသွားမှာပါ။ အခုတော့ အနုပညာ အလုပ်တွေကိုပဲ အားစိုက်လုပ်ကိုင်နေပါတယ်" ဟု ပြောကြားသည်။

သရုပ်ဆောင် မေသက်ခိုင်သည် ယခုလက်ရှိတွင် Studio 35 မှ စီစဉ်ပြီး ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသော 'လက်လက်ကို ထနေတာပဲ' ဒီဗီဒီ ဇာတ်ကားတွင် ကျော်ရဲအောင်၊ မင်းမော်ကွန်း၊ ကောင်းခန့်၊ မေသန်းနု၊ အေးမြတ်သူတို့နှင့် တွဲဖက်သရုပ်ဆောင်လျက်ရှိသည်။



# အာဖဂန်မှာ ဗြိတိန်တပ်ဖွဲ့တွေကို အားပေးခဲ့တဲ့ ချယ်ရီကိုးလ်

**လန်ဒန်၊ စက်တင်ဘာ - ၁၄**

ဗြိတိသျှပေါ့ပ်အဆိုတော် ချယ်ရီကိုးလ်သည်အာဖဂန်နစ္စတန်နိုင်ငံရှိဗြိတိန်တပ်ဖွဲ့ဝင်များထံ အလည်အပတ်သွားရောက်ကာ စိတ် ဓာတ်ရေးရာ အားပေးမှုများပြုလုပ်ခဲ့သည်။

အသက် ၂၈ နှစ်အရွယ်ရှိ အဆိုပါ Girls Aloud အဖွဲ့၏ အဆိုတော်သည်အာဖဂန်နစ္စတန်တွင်ဗြိတိသျှတပ်ဖွဲ့များ စခန်းချရာ ဟဲလ်မန်ပြည်နယ် ဘတ်စရှင် စခန်းသို့စက်တင်ဘာလ ၁၃ ရက် ကသွားရောက်ခဲ့သည်။ သူမသည်ဗြိတိန်တပ်ဖွဲ့များ အာဖဂန်တွင် စစ်ဆင်ရေးစတင်သည့် ဆယ်နှစ်ပြည့် နှစ်ပတ်လည်အဖြစ် ဒေးလီးမေရာသတင်းစာမှ ထုတ်လုပ်သည့် Pride of Brtain ဆုပေးပွဲအစီအစဉ်အတွက် ရုပ်သံရိုက်ကူးရန်သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦးကလည်း ချယ်ရီကိုးလ်လာရောက်ခဲ့ခြင်းကို "ချယ်ရီဟာ ကျွန်တော်တို့ဆီလာတွေ့တာ မယုံနိုင်စရာပါပဲ။ သူဒီကိုရောက်လာတာ သိပ်ကောင်းပါတယ်။ လူတိုင်း ဝမ်းသာခဲ့ပါတယ်" ဟုဆိုသည်။ ချယ်ရီကိုးလ်သည် အာဖဂန်တွင် ဗြိတိန်တပ်ဖွဲ့များ၏ စစ်ဆင်ရေးများ၊ လုပ်ငန်းများကို ကြည့်ရှုခဲ့ပြီး မိုင်းရှာရာတွင်သုံးသည့် ဂျာမန်သိုးထိန်းစစ်ခွေးများကိုလည်း သွားရောက်ကြည့်ရှုခဲ့ကြောင်းသိရသည်။

—Ref: Daily Mirror

7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# အမိတာဘာချန်း၏ ပထမဆုံးပွဲဦးထွက် ဟောလိဝုဒ်ဇာတ်ကားတွင် လီယိုနာဒိုနှင့်တွဲဖက်သရုပ်ဆောင်မည်

**မွမ်ဘိုင်း၊**
**စက်တင်ဘာ - ၁၃**

ဘောလိဝုဒ်ရုပ်ရှင်လောကတွင် မီဂါစတားအိန္ဒိယမင်းသားကြီး အမိတာဘာချန်းက ၎င်းသည် အမေရိကန်ဝတ္ထုရေးဆရာ အက်ဖ်ကော့ဖစ်ဂျာရယ်၏ The Great Gatsby ဝတ္ထုကို မှီငြမ်းရိုက်ကူးမည့်ဟောလိဝုဒ်ရုပ်ရှင်တစ်ကားတွင် အခမဲ့ပါဝင်သရုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ကမ္ဘာသိ အိန္ဒိယရုပ်ရှင်မင်းသားကြီး ဘာချန်း (၆၈နှစ်)သည် ဤသတင်းကို၎င်း၏ဘလော့ဂ်တွင် ဖော်ပြခဲ့ခြင်းဖြစ်ပြီး ဒါရိုက်တာ ဘာ့ဇ်လူမန်း ရိုက်ကူးမည့် ယင်းကား၌ ဟောလိဝုဒ်နာမည်ကြီးမင်းသားလီယိုနာဒိုဒီကာပရီယို၊ တိုဘေးမက်ဂီရာ၊ ကာရေးမလီဂန်တို့ပါဝင်သည်ဟု ဆိုသည်။


မင်းသားကြီးက ၎င်းသည် ထိုဇာတ်ကားတွင်ပါဝင်ရန် ယမန်နှစ်က အိန္ဒိယသို့လာရောက်လည်ပတ်ခဲ့သော ဒါရိုက်တာလူမန်း၏ တောင်းဆိုချက်ကြောင့်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ မင်းသားကြီးဘာချန်းက "သူတို့ရဲ့ ဟောလိဝုဒ်ရုပ်ရှင်စနစ်ထဲ ပါဝင်ရမှာ အံ့ဩစရာအတွေ့အကြုံဖြစ်မှာပါ"ဟုပြောသည်။

အမိတာဘာချန်းသည်ဟင်ဒီဘာသာရုပ်ရှင်များတွင်ကားပေါင်း ၁၅၀ ကျော်ပါဝင်သရုပ်ဆောင်ခဲ့ပြီး အိန္ဒိယ၏ ဈေးအမြင့်ဆုံးရသော မင်းသားတစ်လက်ဖြစ်ခဲ့သည်။ ၎င်းသည် ပထမဆုံးပွဲဦးထွက် ဟောလိဝုဒ်ရုပ်ရှင်အဖြစ် ယခုGreat Gatsbyဇာတ်ကားဖြင့် စတင်မည်ဖြစ်သည်။ အမေရိကန်ရုပ်ရှင်စတူဒီယိုဝါနာဘရားသားစ်ကလည်း ဇာတ်ကားရိုက်ကူးမှုကို ပြီးခဲ့သည့်အပတ်ကပင် စတင်ခဲ့ပြီဆိုသည်။

—Ref: AFP





# ဂျာမန်လူငယ်ဂျက်ဇ်ဂီတအဖွဲ့ ရန်ကုန်တွင်ဖျော်ဖြေမည်

မေပယ်လ်

**ရန်ကုန်၊ စက်တင်ဘာ - ၁၆**

ဂျာမနီနိုင်ငံမှ လူငယ်ဂျက်ဇ်ဂီတအ ဖွဲ့ Max.bab သည် ယခုလ ၂၁ ရက်တွင်ရန်ကုန်မြို့ရှိစထရင်းဟိုတယ်၌ ဖျော်ဖြေတင်ဆက်မှုပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာဂျာမနီသံရုံးကသတင်းထုတ် ပြန်သည်။

ဂျက်ဇ်ဂီတဖျော်ဖြေပွဲကို ည ၇ နာရီတွင်စတင်မည်ဖြစ်ပြီး အခမဲ့ ကြည့်ရှုနားဆင်နိုင်မည်ဖြစ်သည်။ ဖျော်ဖြေပွဲကို ရန်ကုန်မြို့ရှိပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသံရုံးနှင့် ဂျာမန်အမျိုးသားယဉ်ကျေးမှုဌာနဂိုထေးအင်စတီကျုဒ်တို့မှ ပူးပေါင်းတင်ဆက်ခြင်းဖြစ်သည်။

Max.bab အဖွဲ့တွင် ဆက်ဆိုဖုန်း၊ စန္ဒရား၊ တယောကြီးနှင့် ဒရမ်ပညာရှင်ဟူသည့်အဖွဲ့ဝင် လေးဦးပါဝင်ပြီး ယခုလပိုင်းအတွင်း အရှေ့တောင်အာရှဖျော်ဖြေရေး ခရီးစဉ်အဖြစ် မြန်မာနိုင်ငံအပါအဝင် စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် လှည့်လည်ဖျော်ဖြေမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011

# အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ် ဇာတ်ဝင်သီချင်းအတွက် မူရင်းသီချင်းရေးသူထံမှ သံစဉ်ဝယ်ယူခဲ့ရ

**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ-၁၂**

စင်ကာပူနိုင်ငံတွင် စက်တင်ဘာ ၄ ရက်ကသွားရောက်ပြသခဲ့သည့် မြန်မာရုပ်ရှင်ဇာတ်ကား 'အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်' ဇာတ်ကားတွင် အသုံးပြုထားသော ဇာတ်ဝင်သီချင်းတစ်ပုဒ်မှာ ဂျပန်သီချင်းကိုကော်ပီယူရေးသားထားခြင်းကြောင့် မူရင်းဂျပန်နိုင်ငံရှိ တေးသီချင်းပိုင်ဆိုင်သူများထံမှ ဝယ်ယူခဲ့ရကြောင်း အဆိုပါဇာတ်ကားထုတ်လုပ်သူထံမှ သိရသည်။



"စင်ကာပူဆင်ဆာဘုတ်အဖွဲ့ကို ဇာတ်ကားပြသခွင့်အတွက် ဘယ်ကားမဆို တင်ရပါတယ်။ Rating သတ်မှတ်တာတို့ ဘာတို့အတွက်ပေါ့။ ဒီကားထဲမှာ အသုံးပြုထားတဲ့ ဇာတ်ဝင်သီချင်းက ဂျပန်သီချင်း တစ်ပုဒ်ဖြစ်နေတာကို ကြိုပြီးသိထားတဲ့အတွက်အရင်တစ်ခါကလိုမဖြစ်ရအောင်ဇာတ်ကားမပြခင်ကတည်းက ကြိုပြီး မူရင်းသီချင်းပိုင်ရှင်တွေဆီ ဆက်သွယ်ပြီး ဝယ်ယူခဲ့ပါတယ်' ဟုစင်ကာပူနိုင်ငံတွင်ပြသခဲ့သည့်တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခင်က မြန်မာဇာတ်ကားတစ်ကားကို စင်ကာပူနိုင်ငံတွင်ပြသခဲ့စဉ် Discovery Channel မှပြကွက်တစ်ခုကိုထည့်သွင်းရိုက်ကူးခဲ့သည့်အတွက် မူပိုင်ခွင့်ရှိသူများကရုပ်ရှင်ကုမ္ပဏီကိုဆက်သွယ်ခဲ့သော်လည်း တာဝန်ယူခဲ့ခြင်းမရှိသည့်အတွက် စင်ကာပူနိုင်ငံမှ ပြသသည့်တာဝန်ရှိသူများကသာ ဒေါ်လာနှစ်သောင်း လျော်ကြေးပေးခဲ့ရကြောင်း သိရသည်။ ယခု 'အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်' ဇာတ်ကားတွင် တေးရေး မြင့်မိုးအောင်ရေးသားပြီး ချမ်းချမ်းသီဆိုထားသော 'I Believe My-self ' တေးသီချင်း၏ မူရင်းမှာ ဂျပန်သီချင်းဖြစ်နေသည့်အတွက် ပြသသည့်တာဝန်ရှိသူများဘက်ကဝယ်ယူခဲ့ရခြင်းဖြစ်သည်။



**အေးသူစံ**

■ ထက်နေကြည်၏ 'နှင်းယုံကြည်တဲ့အချိန်' စီးရီးထွက်ရှိပြီး တစ်နှစ်ခန့် အကြာ အောက်တိုဘာ ၄ ရက်တွင် ယင်းစီးရီး၏ ဗီစီဒီကိုထွက်ရှိတော့မည်ဖြစ်ကြောင်း ထက်နေကြည်က ပြောကြားသည်။ ထက်နေကြည်၏ ဗီစီဒီကို ဒါရိုက်တာဝေဖြိုးက ရိုက်ကူးထားပြီး စိုင်းလိတ်၊ မာန်ပြည့်၊ ဖွေး ဖွေး၊ သီရိရှင်းသန့်၊ အေးဝတ်ရည်သောင်း၊ ဆွိဝတ်ရည်သောင်း စသည့် သရုပ်ဆောင်များဖြင့် ပုံဖော်ရိုက်ကူးထားသည်။ ဗီစီဒီထွက်ရှိပြီး မကြာမီတွင် စိန်ဂေဟာစင်တာ၌ တစ်ကိုယ်တော်ဖျော်ဖြေပွဲကိုအခမဲ့ပြုလုပ်ပေး သွားမည်ဟုလည်း သိရသည်။

■ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် ရန်ပုံငွေဂီတဖျော်ဖြေပွဲတစ်ရပ်ကို မြန်မာနိုင်ငံဂီတအစည်းအရုံးက ဦးစီး ကျင်းပပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ 'မျိုးဆက်မွေခံ မြန်မာသံ' ဟု အမည်ပေးထားသည့် ဖျော်ဖြေပွဲတွင် ယခုခေတ်တွင် နာမည် ရနေသောလူငယ်မြန်မာသံ အဆိုတော်အမျိုးသားအမျိုးသမီးများ စုံလင်စွာပါဝင် ဖျော်ဖြေမည်ဖြစ်ပြီး စက်တင်ဘာလ ၃၀ ရက်တွင် အမျိုးသားဇာတ်ရုံ၌ ပြုလုပ်မည်ဖြစ်သည်။ ယခုအခါ ပါဝင်မည့် အဆိုတော်များကို ရွေးချယ်နေပြီး သံစုံတီးဝိုင်းနှင့် ခန့်ခန့်ညားညား ဖျော်ဖြေရန် စီစဉ်နေကြောင်း သိရသည်။

■ ဂျာနယ်ကျော်၏ မျိုးဆက်တစ်ဦးဖြစ်သူ ဦးသိမ်းစိုး တည်ထောင်ထားသည့် သီဟရတနာစာအုပ်တိုက်၏ ဆိုင်ခွဲ ၃ ကို အင်းစိန်မြို့နယ်တွင် ယခုလဆန်းပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ 'အင်းစိန်မှာမြို့နယ်က ကြီးပြီးတော့စာအုပ်ဆိုင်က သိပ်မရှိတဲ့ အတွက် လစ်ဟာနေတဲ့ကွက်လပ်ကို ဖြည့်တဲ့ အနေနဲ့ဆိုင်ထပ်ဖွင့်ဖြစ်လိုက်တာပါ။ အခုဖွင့်လိုက်တာက ထောင်ဘူးဝမှတ်တိုင်အလွန်လှိုင်မြစ်လမ်းက ပူးမားတိုက်မှာပါ" ဟု ဆိုင် ဖွင့်လှစ်ရခြင်းအကြောင်းကိုငှင်းက ပြောသည်။

■ မေခလာအနုပညာဝန်ဆောင်မှုလုပ်ငန်းမှ ပထမဆုံးစီစဉ်သည့် ပြည်ပ ဖျော်ဖြေပွဲခရီးစဉ်အဖြစ် အမျိုးသမီးအဆိုတော် ၁၀ ဦးပါအဖွဲ့သည် နိုဝင်ဘာလ ၁၁ ရက်တွင် မလေးရှားနိုင်ငံသို့ သွားရောက် ဖျော်ဖြေမည်ဟုသိရသည်။ Plus Three တီးဝိုင်းနှင့်အတူ ရှင်ဖုန်း၊ ခင်ဘုဏ်း၊ ခွန်းဆင့်နေခြည်၊ ချစ်စနိုးဦး၊ ဆုပန်ထွာ၊ အေးမြတ်သူ၊ ပုလဲဝင်း၊ ခေမီကို၊ ရတနာနှင့် အမျိုးသမီးအဆိုတော်တစ်ဦးတို့ ဖျော်ဖြေကြမည်ဖြစ်သည်။

## စာ-၄၇၊ ညဏ်လင်းအောင်အကြောင်းမှ

အလိုက်အထိုက်လည်း နေတတ်တယ်။ ဒီလိုနေတတ်တာက ကျွန်တော့်အလုပ်ပေါ် တော်တော်လေး သက်ရောက်တယ်။ အများထင်ထားသလို ခပ်အေးအေးနေတတ်တဲ့ပုံစံပေမယ့် ကျွန်တော်ကတော့ ခင်အောင်လည်း ပေါင်းတယ်။ တည့်အောင်လည်းနေတတ်တယ်။ (ရယ်လျက်) တကယ်တမ်း ကျွန်တော်က အရမ်းကို အစအနောက်သန်ပါတယ်။ သူငယ်ချင်းတွေကဆို ကျွန်တော့်ကို နာမည်ပြောင်တောင်ပေးထားသေးတယ်။ 'စေား' တဲ့။ သူတို့ကို ရှာကြံဦးနှောက်စားလွန်းလို့၊ မဖြစ်နိုင်တာတွေ လျှောက်ပြောပြီးပျော်ပျော်နေတတ်လို့၊ ဦးနှောက်လည်းစား၊ အစားလည်းသန်လို့ စေားဆိုပြီး ဖြစ်လာတာ။ အရင်က အဲဒီနာမည်အပေါ် သိပ်ပြီး ခံစားချက် မရှိပေမယ့် ဒီနာမည်ပေးခဲ့တဲ့ သူငယ်ချင်းက သိပ်မကြာဘူး။ ဆုံးသွားတော့ ဒီနာမည်လေးကို အမြတ်တနိုးယူထားလိုက်တယ်။ ခွေထွက်တော့ ညဏ်လင်းအောင် နာမည်ကို အနုပညာအသိုင်းအဝိုင်းက သိပ်မသိဘူး။ စေားလို့ပဲသိကြတာ။ သူစိမ်းနဲ့ဆိုရင်တော့ဘာဆိုဘာမှ ပြောမထွက်တော့ဘူး။ ကိုယ်စကားများတာ ကို သူတို့ စိတ်ထဲ အနှောင့်အယှက်ဖြစ်မလားပေါ့။

အစပိုင်းက သူစိမ်းတွေနဲ့ ဆက်ဆံရတဲ့အပေါ် မနေတတ်မထိုင်တတ်ဖြစ်ပေမယ့် ပရိသတ်နဲ့စာနယ်ဇင်းဆိုတာလည်း မထိတွေ့ရင်မဖြစ်တဲ့ အရေးကြီးသူတွေမို့ ရှာကြံပြောဆိုရပါတယ်။ အခင်အမင်မပျက်အောင်တော့ စကားနည်းတယ်လို့ ကြိုခံထားတယ်။ မေးခွန်းတစ်ခုကို နားမလည်တာမျိုး၊ နားလည်ပေမယ့် ပြန်မပြောပြတတ်တဲ့အခါမျိုးတွေလည်းရှိတယ်။ ဒါပေမဲ့ ကျွန်တော့်ကို အင်တာဗျူးဖို့ စိတ်ပျက်သွားတာမျိုးမဖြစ်အောင် အတတ်နိုင်ဆုံးကြိုးစားပါတယ်။

အဆိုတော်ဖြစ်လာရင် ပေါင်းသင်းဆက်ဆံရေးက အရင်ကထက်ကို အများကြီး အရေးပါလာတယ်။ ဂီတလောကထဲမှာ ကိုယ်နဲ့မသိသူဆို ကျွန်တော့်အကျင့်ကြောင့် ကျွန်တော့်ကို အေးဆေးတယ်လို့ ထင်ကြတာများတယ်။ တကယ်တော့ ကျွန်တော်က သူတို့ကိုရှိန်နေတာ။ ခုမှကိုယ်က အသစ်ဆိုတော့ ပြုံးပြရယ်ပြတာလောက်ပဲ။ ခင်မင်မှုတော့နှောင့်နှေးတာပေါ့။ နောက်ပိုင်းခင်သွားရင်တော့ ညဏ်လင်းအောင်က မသိတဲ့သူတွေအတွက်တော့ အေးတယ်၊ သိတဲ့သူတွေကတော့ ဒီကောင်တော်တော်ဆိုးတယ်ပေါ့။ အကြောင်းသိသွားကြပြီလေ။ (ရယ်လျက်) ဆိုးတာတော့ ကျွန်တော်တော်တော်ဆိုးတယ်။ ဖြိုးငွေစိုးဆို အမြဲတမ်းပြောတယ်။ 'မင်းက လူနှစ်မျိုးတဲ့။ ရုပ်နဲ့အသံနဲ့ စိတ်နဲ့ကတခြားစီပဲ' တဲ့။ တကယ်တမ်းလည်း အဲဒီလိုဖြစ်နေတယ်။ ဥပမာတစ်ခုပြောရရင် ကျွန်တော်က အေးအေးလေး ပြုံးပြုံးလေးနဲ့ ညာနေနေတာ။ စိတ်အရမ်းဆတ်တယ်။ ဒေါသထွက်ပြီဆိုမရဘူး။ လူနဲ့ကို မလိုက်ဘူး။ စိတ်တိုမြန်တယ်။ ဒေါသထွက်ပြီဆိုရင် လက်မြန်ခြေမြန်နိုင်တယ်။ လက်ပါရော။ နောက် ကျွန်တော့်မှာ တက်တူးတွေရှိတာကိုလည်း သိတဲ့ပရိသတ်တချို့က အံ့သြကြတယ်။ ကျွန်တော်ပုံနဲ့ မအပ်စပ်ဘူးပေါ့လေ။

ကျွန်တော့်ကို အေးတယ်၊ လိမ္မာတယ်ပြောကြတိုင်း ကျွန်တော်ရယ်ချင်တယ်။ လူလိမ္မာလေးတော့မဟုတ်ဘူး။ ပရိသတ်ကိုကျွန်တော်က ပုံစံအမှန်အတိုင်းမြင်စေချင်တာ။ ဒါပေမဲ့ ပရိသတ်က ကျွန်တော့်ရဲ့အပြင်ပန်းစရိုက်ကိုပဲမြင်နေကြတယ်။

ကျွန်တော့်စိတ်နေစိတ်ထားကို သုံးသပ်ပြရရင် ကျွန်တော့်စိတ်ဓာတ်က ကျွန်တော့် အတွက်တော့ ကောင်းတယ်။ သူများအတွက်တော့မကောင်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို အကဲခတ်ရခက်လို့။ ဟန်ဆောင်လည်း ကောင်းတော့ အကြောင်းသိတွေဆို ရုပ်ရှင်ရိုက်ပါလားတဲ့။ (ရယ်လျက်)

ဟန်ဆောင်တာရယ်လို့ မဟုတ်ပေမယ့် လူချစ်အောင်နေတာက အကျင့်ပါနေတော့ ဟန်ဆောင်ထားသလိုဖြစ်နေပါတယ်။ ဒါပေမဲ့ပရိသတ်ထင်နေသလို အရမ်းအေးဆေးပြီး စကားနည်းလိမ္မာတဲ့သူတစ်ယောက်တော့ မဟုတ်ပါဘူးလို့။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Contagion | Warner Bros | ၂၂,၄၀၃,၅၉၆ | ၁ |
| ၂။ | The Help | N/A | ၁၃၇,၃၂၇,၈၀၀ | ၅ |
| ၃။ | Warrior | Dream Works | ၅,၂၄၂,၁၀၇ | ၁ |
| ၄။ | The Debt | Lionsgate | ၂၁,၈၆၉,၀၀၁ | ၂ |
| ၅။ | Colombiana | Sony Pictures | ၂၉,၇၂၆,၂၈၈ | ၃ |
| ၆။ | Rise of the Planet of the Apes | 20th Century | ၁၆၇,၈၄၇,၁၁၆ | ၆ |
| ၇။ | Shark Night 3D | Relativity Media | ၁၄,၆၇၂,၅၉၂ | ၂ |
| ၈။ | Apollo | The Weinstein | ၁၄,၉၃၉,၃၀၃ | ၄ |
| ၉။ | Our Idiot Brother | The Weinstein | ၂၁,၃၀၉,၅၄၇ | ၃ |
| ၁၀။ | Spy Kids: All the Time in the Wrold | The Weinstein | ၃၄,၂၂၃,၀၁၈ | ၄ |

## Movie Review

### The Lion King



Simba ဟုခေါ်သော ခြင်္သေ့လေးမှာ ငယ်စဉ်ကပင် ဘဝကို လွတ်လွတ်လပ်လပ် ပျော်ရွှင်စွာဖြတ်သန်းရင်း ၎င်းကိုယ်တိုင် တော၏ ဘုရင်ဖြစ်လာမည့်နေ့ကို ရင်ခုန်စွာစောင့်မျှော်နေသည်။ တစ်နေ့တွင် သူငယ်ချင်းမလေး Nala နှင့် ပျော်မြူးနေစဉ် Simba ၏ဖခင်ဘုရင်ကြီး Mufasa ကတိရိစ္ဆာန်တွေအတူတကွ ပေါင်းစည်းနေထိုင်သည့်သဘာဝကြီးအကြောင်း ပြောရင်း ၎င်းကိုယ်တိုင်ဘုရင်ဖြစ်လာမည့်နေ့အတွက် ပြင်ဆင်ရန် သတိပေးသည်။ သို့သော် Simba ၏ဦးလေးတော်သူ မကောင်းကြံစည်ပြီး ဘုရင်ကြီး Mufasa ကို သတ်ဖြတ်ပြီးနောက် ဘုရင်နေရာကို ရယူပြီး Simba ကိုနယ်နှင်ခဲ့သည်။ Simba တစ်ယောက် သူ့သဘာဝအတိုင်း တောထဲတွင် ပျော်ပျော်ရွှင်ရွှင်နေထိုင်ရင်း တစ်နေ့တွင်ခြင်္သေ့မလေး Nala နှင့်ပြန်တွေ့ပြီး Simba ၏ဦးလေးကြောင့် တိရစ္ဆာန်များ ဒုက္ခရောက်နေရပုံကို ပြောပြရာ Simba လည်း သူရဲကောင်းနေရာယူရတော့သည်။

၁၉၉၄ ခုနှစ်တွင်အောင်မြင်ခဲ့သော ဇာတ်ကားအား သုံးဘက်မြင်ရုပ်ကြွ 3D ပြောင်း၍ ပြန်လည်တင်ဆက်မည့်ကားကို Roger Allers နှင့် Rob MInkoff တို့ကရိုက်ကူးထားသည်။ အချစ်၊ဟာသ၊စွန့်စားခန်းအက်ရှင်ကလေးနှင့်မိသားစုများ ကြိုက်နှစ်သက်မည့်ကားကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၆ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# ဖူဆယ်လိဂ်ဗိုလ်လုပွဲတွင်လည်း ပရိသတ်အချို့ ရမ်းကား

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ - ၁၄**

၂၀၁၁ ဖူဆယ်လိဂ် (MFF Tiger Fustal League 2011)ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲစဉ်ဖြစ်သည့် ACE နှင့် UPT အသင်းတို့ပွဲစဉ်တွင် ပရိသတ်အချို့မှာ ကစားကွင်းအတွင်းသို့ရေသန့်ဘူးများဖြင့် ပစ်ပေါက်ခဲ့ကြကြောင်း သိရှိရသည်။

အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏတွင် စက်တင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည့် ယင်းပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်များ မတိုင်မီ ချန်ပီယံဆုအတွက် အဖြေမပေါ်သေးဘဲ အဆိုပါနှစ်သင်းမှာ ရမှတ် ၃၃ မှတ်စီ ရရှိထားကြသည့်အတွက် နောက်ဆုံးပွဲစဉ် ထိပ်တိုက်တွေ့ဆုံမှုမှာ အကြိတ်အနယ်ပိုရှိခဲ့သည်။



ဖူဆယ်ဗိုလ်လုပွဲမှ နှစ်ဖက်အသင်းသားများ အငြင်းပွားစဉ်

ဓာတ်ပုံ - ဇော်ဇော်ဝင်း

ယင်းပွဲစဉ်၏ ဒုတိယပိုင်းအစတွင် UPT အသင်းက ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း နောက်ပိုင်း၌ ACE အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူကာ ၅-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သည်။

သို့သော် အဆိုပါပွဲစဉ် မပြီးဆုံးခင်အချိန်တွင် ပွဲကြည့်ပရိသတ်အချို့က ကွင်းအတွင်းသို့ ရေသန့်ဘူးအချို့နှင့် ပစ်ပေါက်မှုများရှိခဲ့ပြီး ပွဲပြီးရန် နောက်ဆုံးမိနစ်ပိုင်းတွင် ပရိသတ်အတွင်းမှ ပစ်ပေါက်လိုက်သည့် ရေသန့်ဘူးကြောင့် ACE အသင်းမှ ကစားသမားတစ်ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။ ပရိသတ်အတွင်းမှ ထိုကဲ့သို့ ပစ်ပေါက်မှုများကြောင့် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ကွင်းအတွင်းဆင်း၍ ပရိသတ်များအား တောင်းပန်ခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနား ဆက်လက်ပြုလုပ်ခဲ့ရာ ပထမဆုရရှိသည့် ACE အသင်းအား ချန်ပီယံဆုဖလားနှင့် ဆုကြေးငွေ ကျပ်သိန်း ၆၀၊ ဒုတိယရရှိသည့် UPT အသင်းအား ဆုကြေးငွေ ကျပ်သိန်း ၃၀၊ တတိယရရှိသည့် ရခိုင်ယူနိုက်တက်အသင်းအား ဆုကြေးငွေကျပ်သိန်း ၂၀ နှင့် စတုတ္ထရရှိသည့် ရန်ကုန်စီးတီးအသင်းအား ဆုကြေးငွေကျပ်ဆယ်သိန်း ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲ၏ အကောင်းဆုံးအားကစားသမားဆုအား သန်းဝဏ္ဏအောင် (ACE)နှင့် ဂိုးသွင်းအများဆုံးဆုအား နိုင်ရဲကျော် (ACE၊ သွင်းဂိုး ၂၈ ဂိုး)တို့ ရရှိခဲ့ကာ ဆုကြေးငွေကျပ်ငါးသိန်းနှင့် ဆုဖလားများ ချီးမြှင့်ခဲ့ပြီး အသန့်ရှင်းဆုံးအသင်းအဖြစ် USM အသင်းက ရရှိခဲ့သည်။

# ACE ဖူဆယ်အသင်း အာရှပြိုင်ပွဲအတွက် ပြည်ပကစားသမားများ ခေါ်ယူမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၁၃**

၂၀၁၂ အာရှ ဖူဆယ်ကလပ်များ ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ACE အသင်းအနေဖြင့် နိုင်ငံခြားသားကစားသမားများ ဖြည့်တင်းသွားမည်ဖြစ်ကြောင်း ၎င်းအသင်းပိုင်ရှင် ဦးဖြိုးကိုကိုတင့်ဆန်းက ပြောသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးပြုလုပ်သည့် ပရိုဖူဆယ်လိဂ် ၂၀၁၁ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ACE အသင်းအနေဖြင့် အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး၊ အသင်းအား ပိုမိုတောင့်တင်းရန်စီစဉ်သွားမည်ဖြစ်ကြောင်း ACE အသင်းပိုင်ရှင်ကပြောကြားခဲ့သည်။

"အသင်းအတွက် နိုင်ငံခြားကစားသမားတွေ ခေါ်ယူသွားဖို့ရှိပါတယ်။ ထိုင်းပရိုလိဂ်တွေမှာ သွားရောက်ရှာဖွေသွားမှာပါ။ ဖူဆယ်မှာက Skill ပိုင်းကောင်းတဲ့သူ ရှာရမှာဆိုတော့ အာဂျင်တီးနားနဲ့ ဘရာဇီးကစားသမားတွေခေါ်ဖြစ်ဖို့များတယ်" ဟု ဦးဖြိုးကိုကိုတင့်ဆန်းကပြောသည်။

၂၀၁၂ အာရှဖူဆယ်ကလပ်များပြိုင်ပွဲကို လက်ခံကျင်းပမည့် အိမ်ရှင်နိုင်ငံအား အေအက်ဖ်စီမှ ထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

# လက်ရွေးစင်လက်ဝှေ့သမားများ ကာဇက်စတန်သို့ သွားရောက်လေ့ကျင့်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ - ၁၃**


မြန်မာ့လက်ရွေးစင်လက်ဝှေ့အားကစားသမား ၂၀ ဦးသည် ကာဇက်စတန်နိုင်ငံတွင် တစ်လကြာပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

မြန်မာလက်ဝှေ့သမားများသည် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ ကာဇက်စတန်နိုင်ငံ အယ်မာတီမြို့နှင့် Taldykorgan မြို့တို့တွင် ၎င်းနိုင်ငံမှ လက်ရွေးစင်အဆင့် လက်ဝှေ့သမားများနှင့် နှစ်ပတ်ခန့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်မှာ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည့် နည်းစနစ်ဒါရိုက်တာ ကာဇက်စတန်နိုင်ငံသား မစ္စတာဘဲလ်အရီဘော်၏ ဆက်သွယ်မှုကြောင့်ဖြစ်ပြီး မြန်မာလက်ဝှေ့အဖွဲ့တွင် အမျိုးသားလက်ရွေးစင် ၁၁ ဦးနှင့် အမျိုးသမီးလက်ရွေးစင် ၉ ဦး ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ကာဇက်စတန်လိုလက်ဝှေ့အားကစားအဆင့်မြင့်မားတဲ့နိုင်ငံမှာ သွားရောက်ပူးတွဲလေ့ကျင့်ခွင့်တွေရရှိတဲ့အတွက် မြန်မာလက်ဝှေ့အားကစားအတွက် အများကြီးအကျိုးရှိစေမှာပါ"ဟု မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အားကစားကြယ်ပွင့်




## တရုတ်ပြည်၏ အားကစားရောင်နီသစ်
# ဆန်ယန်း

ကိုအေးမြတ်

တရုတ်ရေကူးသမားတစ်ဦးဖြစ်တဲ့ ဆန်ယန်းဟာ ပြီးခဲ့တဲ့ဇူလိုင် ၃၁၊ ရှန်ဟိုင်းကမ္ဘာ့ချန်ပီယံရေကူးပြိုင်ပွဲမှာ ၂၀၁၁ ခုနှစ်ကတည်းက ဂရန့်ဟတ်ကတ်တင်ထားခဲ့တဲ့ မီတာ ၁၅၀၀ အမျိုးသား အလွတ်တန်းရေကူးပြိုင်ပွဲစံချိန်ကိုချိုးဖျက်ပြီး ကမ္ဘာ့စံချိန်သစ်တင် နိုင်ခဲ့ပါတယ်။ ဟတ်ကတ်ရဲ့ ယခင်ကမ္ဘာ့စံချိန်က ၁၄ မနစ် ၃၄. ၅၆ စက္ကန့်ဖြစ်ပြီး၊ ဆန်ယန်းရဲ့ စံချိန်သစ်ကတော့ ၁၄ မိနစ် ၃၄. ၁၄ စက္ကန့်ဖြစ်ပါတယ်။ ဒါ့ကြောင့်အသက် ၁၉ နှစ်သားအရွယ်မှာပဲ ကမ္ဘာ့စံချိန်သစ်တစ်ခုရယူပေးနိုင်ခဲ့တဲ့ ဆန်ယန်းဟာ မကြာမီက ပြင်သစ်အိုးပင်းကို အနိုင်ရခဲ့တဲ့ လီနာလိုပဲ ကမ္ဘာ့အားကစားလောကမှာ တရုတ်ပြည်ရဲ့နိုင်ငံဂုဏ်ဆောင် အားကစားသမားတစ်ဦးပဲဖြစ်ပါတော့တယ်။



7 DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# မြန်မာပရိသတ်များကိုလေးစား ဘောလုံးပွဲမရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနည်းပြ ပြောကြား



ဓာတ်ပုံ - အောင်အောင်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၁၆**

သုဝဏ္ဏကွင်းအတွင်း ရေဝပ်နေခြင်းကြောင့် ပွဲစဉ်ရွှေ့ဆိုင်းရန် အခြေအနေဖြစ်ပေါ်ပြီးမှ ပွဲကစားရန် ပြန်လည်လက်ခံခဲ့ခြင်းမှာ ပရိသတ်များကိုလေးစား၍ဖြစ်ကြောင်း အင်ဒိုနီးရှား ယူ-၁၉ နည်းပြချုပ် အယ်လ်ဖက်က ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၆ ရက်က အာဆီယံယူ-၁၉ ပြိုင်ပွဲအုပ်စု(ခ) နောက်ဆုံးပွဲစဉ်ဖြစ်သည့် အိမ်ရှင်မြန်မာအသင်းနှင့် အင်ဒိုနီးရှားပွဲ မတိုင်မီမိုးသည်းထန်စွာရွာသွန်းမှုကြောင့် သုဝဏ္ဏကွင်းအတွင်း ရေဝပ်နေခဲ့ပြီး ကွင်းအခြေအနေမှာ အလွန်ဆိုးရွားခဲ့သည့်အတွက်ပြိုင်ပွဲကျင်းပရေးကော်မတီက နောက်တစ်နေ့နံနက်(စက်တင်ဘာ ၁၇) တွင်မှ အောင်ဆန်းကွင်းတွင် ကျင်းပရန်ပင်စီစဉ်ခဲ့သည်။


သို့သော် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ပွဲစဉ်မရွှေ့ဆိုင်းစေရေးအတွက် ညှိနှိုင်းမှုများပြုလုပ်ခဲ့ရပြီး ကွင်းအတွင်းပြုပြင်မှုများ ပြုလုပ်ခဲ့သဖြင့် ညနေလေးနာရီခွဲအချိန်တွင် အဆိုပါဘောလုံးပွဲစဉ်ကို စတင်ယှဉ်ပြိုင်ကစားနိုင်ခဲ့သည်။ ပွဲစဉ်ဇယားအရ ညနေသုံးနာရီအချိန်တွင် စတင်ရမည်ဖြစ်သော်လည်း အချိန်တစ်နာရီခန့် နောက်ကျမှ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

“ကွင်းအခြေအနေက မကစားသင့်မှန်းသိပေမယ့် တာဝန်ရှိသူတွေရယ် အဓိကကတော့ ကွင်းထဲကိုလာကြည့်တဲ့ ပရိသတ်တွေကိုလေးစားရမှာပါ။ ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်နေတာဆိုတော့ တစ်နိုင်ငံလုံးကလည်းစောင့်ကြည့်နေကြမှာပါ။ ပရိသတ်တွေကို လေးစားလို့ကစားဖို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်”ဟု အင်ဒိုနီးရှားနည်းပြ အက်လ်ဖက်က ပွဲအပြီးသတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

ရွှံ့ဗွက်အတွင်းကစားခဲ့သောပွဲစဉ်တွင်မြန်မာအသင်းက အင်ဒိုနီးရှားအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိခဲ့သည်။





7DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011

# မြန်မာ ယူ-၁၉ အသင်း အိမ်ကွင်းတွင် ထိုင်းကို ရှုံးနိမ့်



ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ - ၁၉**


အာဆီယံယူ-၁၉ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်တွင် အိမ်ရှင်မြန်မာအသင်းသည် နာမည်ကြီးထိုင်းအသင်းအား ၂-၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

စက်တင်ဘာ၁၉ရက်ကယှဉ်ပြိုင်ကစားခဲ့သည့်ယင်းပွဲစဉ်တွင်သုဝဏ္ဏကွင်းအခြေအနေဆိုးရွားမှုကြောင့် နှစ်သင်းစလုံး ခက်ခဲစွာယှဉ်ပြိုင်ကစားခဲ့ရပြီး၊ ၉ မိနစ်တွင် ထိုင်းအသင်းက ဦးဆောင်ဂိုး နှင့် ၇၂ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် ဒုတိယဂိုးရရှိခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးအား ၄၄ မိနစ်တွင်ရရှိခဲ့ပြီး၊ ပွဲပြီးခါနီးရရှိခဲ့သည့် ပင်နယ်တီအား အသင်းခေါင်းဆောင် ဖြိုးမောင်မောင်ကျော် ကန်သွင်းရာ လွဲချော်ခဲ့သည်။

အခြား အကြိုဗိုလ်လုပွဲစဉ်တွင် ဗီယက်နမ်အသင်းက မလေးရှားအသင်းအား ၂-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ စက်တင်ဘာ ၂၁ ရက် ညနေ ၃ နာရီခွဲတွင် တတိယလုပွဲအဖြစ် မြန်မာနှင့် မလေးရှား၊ ညနေ ၆ နာရီ ၁၀ မိနစ်တွင် ဗိုလ်လုပွဲအဖြစ် ထိုင်းနှင့်ဗီယက်နမ်အသင်းတို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသတင်းရရှိ သည်။




## စာ(၅၀) - အားကစားကြယ်ပွင့် မှ



ဆန်ယန်းကို ၁၉၉၁၊ ဒီဇင်ဘာ ၁ ရက်မှာ တရုတ်နိုင်ငံ ဇီကျန်းပြည်နယ်၊ ဟန်ကျန်းမြို့မှာ မွေးခဲ့ပြီး ငယ်စဉ်ကတည်းက အားကစားထူးချွန်ခဲ့သူတစ်ဦးပဲ ဖြစ်ပါတယ်။ ၎င်းဟာငယ်စဉ်ကပင် ဟန်ကျိုးချင်ကျင်းလန် အားကစားကျောင်းကို တက်ရောက်ခဲ့ပြီး ၂၀၀၃ ကစလို့ ဇီကျန်းပြည်နယ် လက်ရွေးစင်တစ်ဦးဖြစ်လာခဲ့ပါတယ်။ ဒီနောက် ၂၀၀၆ မှာတရုတ်အမျိုးသားအဆင့် ဆောင်းရာသီရေကူးချန်ပီယံရှစ်ပွဲမှာ မီတာ ၄၀၀ နဲ့ မီတာ ၁၅၀၀ အလွတ်ကူးပြိုင်ပွဲတွေမှာ ပထမရခဲ့သလို ၂၀၀၆ အမျိုးသားအဆင့် မာရသွန်ရေကူးပြိုင်ပွဲမှာလည်း ၁၀ ကီလိုမီတာ အလွတ်ကူးပြိုင်ပွဲမှာ ပထမရရှိကာ တရုတ်လက်ရွေးစင်တစ်ဦးအဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ ဒီနောက် ရေကူးစွမ်းရည်တိုးတက်လာခဲ့တဲ့ ဆန်ယန်းဟာ ၂၀၀၇ မှာတော့ အမျိုးသားချန်ပီယံရေကူးပြိုင်ပွဲမှာ မီတာ၄၀၀နဲ့မီတာ၁၅၀၀အလွတ်ကူးပွဲတွေမှာဒုတိယ၊ ၂၀၀၇ အမျိုးသား ချန်ပီယံရှစ်ပြိုင်ပွဲ မီတာ ၁၅၀၀ မှာ ပထမ၊ ၂၀၀၇ အမျိုးသားမြို့တော်ပေါင်းစုံပြိုင်ပွဲ မီတာ ၁၅၀၀ မှာပထမဆုတွေ ရရှိပြီး ၎င်းရဲ့အကောင်းဆုံးစွမ်းရည် မီတာ ၁၅၀၀ ပွဲမှာ ဖြစ်တယ်ဆိုတာ ပြသလာနိုင်ပါတော့တယ်။

ဒီလိုနဲ့ မီတာ ၁၅၀၀ ပွဲနဲ့ ကံစပ်ခဲ့တဲ့ ဆန်ယန်းဟာ ၂၀၀၈ ဘေဂျင်းအိုလံပစ်မှာတရုတ်လက်ရွေးစင် အဖြစ်ပါဝင်ခဲ့ပြီး မီတာ ၁၅၀၀ မှာအဆင့် ၈၊ မီတာ ၄၀၀ အလွတ်ကူးမှာ အဆင့် ၂၈ နေရာရခဲ့ပြီး ကမ္ဘာ့အဆင့်ပွဲတွေမှာ ထိပ်တန်းနေရာရဖို့ ပိုကြိုးစားရမယ်ဆိုတာ သဘောပေါက်လာခဲ့ပါတယ်။ ဒ့ါကြောင့်ဆန်ဟာ ပြင်းပြင်းထန်ထန် ကြိုးစားခဲ့ပါတယ်။ ဒီလိုနဲ့ ၂၀၀၉ ကမ္ဘာ့ချန်ပီယံရှစ်ရေကူးပြိုင်ပွဲရဲ့ မီတာ ၁၅၀၀ အလွတ်ကူးပြိုင်ပွဲမှာတော့ သူဟာ တတိယနေရာရခဲ့ပြီးကမ္ဘာ့အဆင့် တာဝေးရေကူးသမားတစ်ဦးဖြစ်လာပါတော့တယ်။ ဆန်ဟာ နည်းပြကျူဇီးဂန်ရဲ့ ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးမှုကို ခံယူခဲ့ပြီး မီတာ ၁၅၀၀ တန်းမှာ နံပါတ်တစ်ဖြစ်ဖို့ လေ့ကျင့်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ သူကိုယ်တိုင်ကလည်း “ကျွန်တော့်အသင်းဖော်တွေက တာတိုရေကူးပြိုင်ပွဲတွေအတွက်ပဲ အဓိကထားလေ့ကျင့်နေချိန် ကျွန်တော်က ပိုပြီးပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ တာဝေးရေကူးရတာဟာ အင်မတန်ငြီးငွေ့ဖွယ်အားကစားနည်းတစ်မျိုး ဖြစ်လို့ပါ။ ရေထဲမှာ ကျွန်တော်ဟာ ရေသံကလွဲလို့ဘာမှမကြားရတော့ဘဲ နည်းပြရဲ့လေ့ကျင့်ရေးစံချိန်လိုအပ်ချက်တွေအတိုင်း လိုက်နာလေ့ကျင့်ခဲ့ရပါတယ်” လို့ပြောဖူးပါတယ်။

ဒါကြောင့် ဆန်ဟာ ၂၀၁၀ အာရှအားကစားပြိုင်ပွဲမှာ အမျိုးသားမီတာ ၁၅၀၀ မှာရွှေတံဆိပ်ရကာ အာရှစံချိန်သစ်တင်နိုင်ခဲ့ပါတယ်။ ၂၀၁၀ အာရှပြိုင်ပွဲမှာ အောင်မြင်မှုရတာဟာ သူ့အတွက် ကမ္ဘာ့အဆင့်မှာ အောင်မြင်ဖို့ ယုံကြည်မှုခွန်အားပါပဲ။ ဆန်ဟာသူ့ရဲ့ပြိုင်ဘက်အဖြစ် ကိုရီးယားရေကူးသမား ပ့ါက်တေးဟွမ်ကိုသတ်မှတ်ခဲ့ပြီး ပ့ါက်ကိုယှဉ်ပြိုင်ဖို့ အမြဲစဉ်းစားနေခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်လို့သူက “ကျွန်တော်ဟာ လေ့ကျင့်ရေးမှာမောလို့ နားနေတာတောင်မှ ပက်တေးဟွမ်အကြောင်းပဲ စဉ်းစားနေမိပါတယ်။ သူက အိုလံပစ်နဲ့ ကမ္ဘာ့ချန်ပီယံဖြစ်တယ်။ ကျွန်တော်ဟာ သူ့ကိုပြိုင်ဘက်အဖြစ်သာမကစံပြပုဂ္ဂိုလ်အဖြစ်သတ်မှတ်ထားတာမို့ သူ့အဆင့်ကို မီအောင်ပြင်းပြင်းထန်ထန်လေ့ကျင့်ခဲ့ပါတယ်” လို့ပြောပါတယ်။

ဒီလိုနဲ့ဆန်ဟာ ၂၀၁၀ အာရှအားကစားပြိုင်ပွဲမှာ စံချိန်သစ်တစ်ခုနဲ့အတူ ရွှေနှစ်ဆု၊ ငွေနှစ်ဆုရခဲ့ပြီး ၂၀၁၁ ရှန်ဟိုင်းကမ္ဘာ့ချန်ပီယံရှစ် ရေကူးပြိုင်ပွဲအတွက် ပြင်ဆင်ခဲ့ပါတယ်။ (ဆန်ဟာ ၂၀၁၁ ရှန်ဟိုင်းပွဲမှာ မီတာ ၈၀၀၊ မီတာ ၁၅၀၀ နဲ့ မီတာ ၄၀၀၊ မီတာ ၂၀၀ လေးဆင့်ကူးပွဲတွေမှာ ဝင်ပြိုင်ခဲ့ပြီး မီတာ ၈၀၀ နဲ့ ၁၅၀၀ ပွဲစဉ်တွေမှာတော့ နိုင်ငံအတွက် ရွှေတံဆိပ် နှစ်ခုဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ မီတာ ၁၅၀၀ ပွဲမှာတော့ အားလုံးသိတဲ့အတိုင်း ဂရန့်ဟက်ကတ်က ၂၀၀၁ ခုနှစ်ကတည်းက တင်ခဲ့တဲ့ ကမ္ဘာ့စံချိန်ဟောင်းကို ချိုးဖျက်နိုင်ခဲ့တယ်။ ဒီစံချိန်ကလည်း ကမ္ဘာ့ရေကူးအားကစားသမိုင်းမှာ အရှည်ကြာဆုံး တည်ရှိခဲ့တဲ့စံချိန်မို့ စံချိန်သစ်တင်နိုင်ခဲ့တာဟာ အဓိပ္ပာယ်အများကြီးရှိခဲ့ပါတယ်။)

ဆန်ယန်းဟာ ကနေ့ခေတ် ဆယ်ကျော်သက်တွေလိုပဲ ဘလော့ဂ်ရေးရတာ နှစ်သက်သလို၊ ပေါ့ပ်ဂီတဝါသနာပါသူတစ်ဦးလည်းဖြစ်ပါတယ်။ ကွမ်ကျိုးအာရှအားကစားပွဲမှာ စံချိန်သစ်ရခဲ့တော့ တစ်ကြိမ်ထက်မနည်းမျက်ရည်ကျခဲ့ပြီး စိတ်ခံစားလွယ်သူ ဆယ်ကျော်သက်အဖြစ် သတ်မှတ်ခံရပါတယ်။ လာမယ့် ၂၀၁၂ လန်ဒန်အိုလံပစ်မှာလည်း ဆန်တစ်ယောက်ရွှေတံဆိပ်တွေဆက်လက်ဆွတ်ခူးမလားစောင့်ကြည့်ရမှာပါ။ ၎င်းဟာ မကြာမီ လန်ဒန်အိုလံပစ်အတွက် ဩစတြေးလျမှာ သွားရောက်လေ့ကျင့်မယ်လို့ သိရပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011

## တူရကီနယ်စပ်အနီးရှိမြို့များကို ဆီးရီးယားစစ်ဘက်က သံချပ်ကာယာဉ်များဖြင့် စီးနင်း

**အာမန်၊ စက်တင်ဘာ - ၁၅**
ဆီးရီးယားနိုင်ငံသည် လူထုမငြိမ်မသက်မှုများ ဖြိုခွင်းခြင်းနှင့် စစ်တပ်မှ ဘက်ပြောင်းသူများအား လိုက်လံဖမ်းဆီးရေးကို အရှိန်မြှင့်တင်လိုက်ပြီး ဆီးရီးယားအနောက်မြောက်ဘက်တူရကီနိုင်ငံနှင့်နယ်စပ်ဖြစ်သောမြို့နှင့် ရွာများအားတင့်ကားများ၊ စစ်သားရာပေါင်းများစွာနှင့် ဝင်ရောက်စီးနင်းခဲ့ကြောင်းဒေသခံတက်ကြွလှုပ်ရှားသူများက ပြောကြားသည်။

ဂျာဘယ်အယ်လ်ဇာဝီယာဒေသတွင် အနည်းဆုံးရွာပေါင်းဆယ်ရွာနှင့် မြို့များကို ဆီးရီးယားလုံခြုံရေး တပ်ဖွဲ့များနှင့် သမ္မတအာဆတ်အပေါ် သစ္စာခံသည့်လူများဝင်ရောက်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့်အနည်းဆုံး ရွာသားလေးဦးသေဆုံးခဲ့ကြောင်း၊ အာဆတ်သစ္စာခံတပ်ဖွဲ့များကလည်း စက်သေနတ်များကို ရောက်တတ်ရာရာပစ်ခတ်ကြကြောင်း တက်ကြွလှုပ်ရှားသူများက ပြောသည်။

"ဒါက ကနဦးလူသေဆုံးမှုစာရင်းပါ။ ဒေသတွင်းမှာ ဆက်သွယ်ရေးက အရမ်းခက်ခဲနေပါတယ်" ဟု သတင်းပေးသူတစ်ဦးကပြောသည်။ အယ်လ်ဂျာနူဒီယာရွာတွင် ကန့်ကွက်ဆန္ဒပြသူလူအုပ်အတွင်းသို့ တပ်ဖွဲ့ဝင်များကပစ်ခတ်ခဲ့ရာဆန္ဒပြသူယောကျာ်းလေးတစ်ဦး သေဆုံးခဲ့သည်ဟု ဆီးရီးယားတော်လှန်ရေး အထွေထွေကော်မရှင်က ပြောသည်။ ယင်းအဖွဲ့မှာ အောက်ခြေတက်ကြွလှုပ်ရှားသူများနှင့်ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်သည်။

စစ်တပ်မှ ဘက်ပြောင်းလာသူ ဗိုလ်မှူးကြီး ရီယက်အယ်လ်အာဆတ်၏ မိသားစုဝင်ရှစ်ဦးအပါအဝင် လူ ၁၀၀ ကျော် ယင်းစစ်ဆင်ရေးအတွင်း ဖမ်းဆီးခံခဲ့ရကြောင်း ဗြိတိန်နိုင်ငံ အခြေစိုက်ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောသည်။

ခြောက်လကြာ လူထုအုံကြွမှုကို စစ်ဘက်က ပြင်းပြင်းထန်ထန်နှိမ်နင်းနေခြင်းအတွက် သမ္မတအာဆတ်သည် အနောက်နိုင်ငံများ၏ အမျက်ဒေါသနှင့် တူရကီနိုင်ငံ၏ တင်းမာသောပြောဆိုမှုများနှင့် ရင်ဆိုင်နေရသည်။

*—Ref: Reuters*

## ဖေ့စ်ဘွတ်ခ်အသုံးမပြုရန် ဂျာမန်ဝန်ကြီး တစ်ဦးက အခြားဝန်ကြီးများကို အကြံပေး

**ဘာလင်၊ စက်တင်ဘာ - ၁၃**
ဂျာမနီနိုင်ငံ၏ စားသုံးသူ ကာကွယ်ရေးဝန်ကြီးက အစိုးရအဖွဲ့မှ အခြားဝန်ကြီးများ လူမှုရေးဝက်ဘ်ဆိုက်ဖေ့စ်ဘွတ်ခ်အသုံးပြုနေခြင်းကို သတိပေးပြောကြားလိုက်သည်။

စားသုံးသူကာကွယ်ရေးဝန်ကြီး အီစီအိုက်ဂနာသည် ဖေ့စ်ဘွတ်ခ်၏ ပုဂ္ဂလိက လုံခြုံရေး ပေါ်လစီများကို ကြာရှည်စွာဝေဖန်ခဲ့သူဖြစ်ပြီး အခြားဝန်ကြီးရုံးများသို့ဖြန့်ဝေသည့် စာတစ်စောင်တွင်၎င်း၏ ကန့်ကွက်မှုများကို ဖော်ပြထားသည်။

ဥပဒေအရ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်မှုပြုလုပ်ပြီးနောက် တရားဝင်အစိုးရဝက်ဘ်ဆိုက်များပေါ်တွင် ဖေ့စ်ဘွတ်ခ်ကို အသုံးမပြုရေးမှာ အရေးကြီးသည်ဟု ကောက်ချက်ချခဲ့ကြောင်း ဂျာမနီဝန်ကြီးက ပြောကြားသည်။ မိမိကြိုက်နှစ်သက်သော ဝက်ဘ်ဆိုက်ကိုလည်းဖေ့စ်ဘွတ်ခ်မှ တစ်ဆင့် "Like" မနှိပ်သင့်ကြောင်း ဝန်ကြီးကပြောသည်။

ယင်းအချက်အလက်များကိုအသုံးချ၍ လူတစ်ဦးချင်းစီ၏ အချက်အလက်များ စုဆောင်းထားပြီး ကြော်ငြာသမားများကဲ့သို့လူများအတွက် အကျိုးရှိစေကြောင်း ပုဂ္ဂလိက လွတ်လပ်မှုစောင့်ကြည့်ရေးအဖွဲ့များကပြောသည်။ ဖေ့စ်ဘွတ်ခ်ကမူ ယင်းသို့ ပြုလုပ်ခြင်းကို ငြင်းဆိုထားသည်။

ဂျာမနီစားသုံးသူ ကာကွယ်ရေးဝန်ကြီးသည်များမကြာမီတွင် အမေရိကန်နိုင်ငံသို့သွားရောက်၍ ဖေ့စ်ဘွတ်ခ်၊ အခြားနည်းပညာကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးကာဂျာမနီနှင့် ဥရောပဒေတာကာကွယ်ရေး ပေါ်လစီများကို လေးစားလိုက်နာရေး ပြောကြားမည်ဟု ဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

*—Ref: AFP*

## ရုရှားနှင့် မြောက်ကိုရီးယား ပူးတွဲစစ်ရေး လေ့ကျင့်မည်

**မော်စကို၊ စက်တင်ဘာ - ၁၄**
ဩဂုတ်လက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်၏ ရုရှားနိုင်ငံအလည်အပတ်ခရီးစဉ်အတွင်း နှစ်ဖက်ဆက်ဆံရေးတိုးချဲ့ရန်သဘောတူညီခဲ့ပြီးနောက် ရုရှားနှင့်မြောက်ကိုရီးယားနိုင်ငံတို့သည် လာမည့်နှစ်တွင် ပူးတွဲ စစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားဗိုလ်ချုပ်ကြီးတစ်ဦးက ပြောကြား သည်။

နှစ်ဖက်ရေတပ်များပါဝင်မည့် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလေ့ကျင့်မှု ပြုလုပ်ရန်ဆုံးဖြတ်ချက်မှာ ရုရှားနိုင်ငံအရှေ့ဘက် စစ်တိုင်းမှူးအီဂေါ် မူဟီနော့ဗ်သည် ဩဂုတ်လနှောင်းပိုင်းတွင် ပြုံယမ်းသို့လည်ပတ်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်းအင်တာဖက်စ်သတင်းဌာနက ပြောကြားသည်။

"ပူးပေါင်းကယ်ဆယ်ရေးလှုပ်ရှားမှုတွေကို လာမယ့်နှစ်မှာ လေ့ကျင့်မှာပါ" ဟုမူဂီနော့ဗ်က ပြောကြားသည်။ နှစ်ဖက်စစ်ရေးလေ့ကျင့်မှုများ ယခုနှစ်နှောင်းပိုင်းတွင်ဖြစ်ပေါ်နိုင်သည်ဟု ဂျပန်နိုင်ငံမှ သတင်းများကို အီဂိုနော့ဗ် ကရည်ညွှန်းရင်း ပြောကြားသည်။

မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအီလ် ရုရှားနိုင်ငံသို့လည်ပတ်ပြီး ကုန်သွယ်ရေးကိစ္စရပ်များနှင့်စီးပွားရေးအကူအညီပေးရေးကို အဓိကထား၍ ရုရှားသမ္မတမက်ဗီဒက်နှင့်ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီးနောက်တစ်ပတ်အတွင်း ဗိုလ်ချုပ်ကြီး မူဂီနော့ဗ်၏ ပြုံယမ်းခရီးစဉ်ပေါ် ထွက်လာခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားသည် အခြားနိုင်ငံများနှင့် ပူးပေါင်းစစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းမှာ အလွန် ရှားပါးပြီး အမေရိကန်နှင့် တောင်ကိုရီးယားတို့သာ ယင်းဒေသတွင် ပုံမှန်စစ်ရေးလေ့ကျင့်ကြသည်။

*—Ref: AFP*






7 DAY NEWS JOURNAL
Vol.10, No.27 · SEPTEMBER 22, 2011

## အမေရိကန်နိုင်ငံသား ခြောက်ဦးလျှင် တစ်ဦးမှာ ဆင်းရဲမှု မျဉ်းအောက်ရောက်နေ

**နယူးယောက်၊ စက်တင်ဘာ - ၁၅**



နယူးယောက်မြို့သား သုံးသန်းအပါအဝင် အမေရိကန်နိုင်ငံသား ၄၆ ဒသမ ၂ သန်းသည် ဆင်းရဲနွမ်းပါးစွာ နေထိုင်နေရကြောင်းနှင့်ယင်းမှာ ၂၇ နှစ်အတွင်း ဆင်းရဲမှုအမြင့်ဆုံးနှုန်းဖြစ်ကြောင်း သိရသည်။

၂၀၁၀ ခုနှစ်တွင် ဆင်းရဲမှုမျဉ်းအောက် ရောက်လာသူ အရေအတွက် ၁၅ ဒသမ ၁ ရာခိုင်နှုန်းရှိလာခဲ့၍ အမေရိကန် နိုင်ငံသားခြောက်ဦးလျှင် တစ်ဦးမှာ ဆင်းဆင်းရဲရဲ နေထိုင်နေရသည်ဟူသောအဓိပ္ပာယ်ဖြစ်ကြောင်း အမေရိကန် လူဦးရေစာရင်းအင်းဗျူရိုက ပြောကြားသည်။

ယမန်နှစ်အတွင်း အမေရိကန်မိသားစုများ၏ ဝင်ငွေလည်း ပျမ်းမျှအားဖြင့် ၂ရာခိုင်နှုန်းလျော့နည်းခဲ့သည်။ ၂၀၀၉ ခုနှစ်တွင်လည်း ဆင်းရဲမှုမျဉ်းအောက်ရောက်လာသူ ၁၄ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။

"ဆင်းရဲမှုနှုန်းတိုးလာတာ စိတ်ပျက်စရာကောင်းပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ဖြန့်ကြက်မှု ဖြစ်စဉ်နဲ့ အလိုအလျောက်စက်စနစ်တွေကြောင့် ပြည်သူလူထုကိုယ့်ကိုယ်ကိုယ် ထောက်ပံ့နိုင်စွမ်းတွေ လျော့ပါးမသွားအောင် ကျွန်တော်တို့လုပ်ဆောင်ရပါမယ်" ဟုနယူးယောက်မြို့တော်ဝန် မစ္စတာဘလွန်းဘာ့ဂ် ကပြောကြားသည်။

ဆင်းရဲမွဲတေမှုနှင့်ပတ်သက်၍ စိတ်ပျက်စရာ ကိန်းဂဏန်းများမှာ ၂၀၁၂ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲ ထပ်မံဝင်ရောက်မည့် အိုဘားမားအပေါ် ဖိအားပိုများလာခဲ့သည်။ အမေရိကန်အလုပ်လက်မဲ့နှုန်း ၉ ရာခိုင်နှုန်းရှိနေချိန်မှာပင်သမ္မတအိုဘားမားကလည်း အလုပ်အကိုင်များဖန်တီးရေးကန်ဒေါ်လာ ၄၅၀ ဘီလီယံအစီအစဉ်ကို လွှတ်တော်ကအတည်ပြုပေးရန် တိုက်တွန်းလုပ်ဆောင်နေရသည်။

*—Ref: NY Times*

## ကုလသမဂ္ဂသို့ ပါလက်စတိုင်း ဝင်ရောက်မည့်အရေး အမေရိကန် တိုက်ပွဲဝင်သွားမည်

**ဝါရှင်တန်၊ စက်တင်ဘာ - ၁၅**

အောင်မြင်ရန် အခွင့်အရေး အနည်းငယ်သာရှိသော်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာရေး ပါလက်စတိုင်းတို့၏ ကြိုးပမ်းမှုအား စွန့်လွှတ်ရေးကို ပါလက်စတိုင်းတို့ယုံကြည်လက်ခံလာအောင် အမေရိကန်တို့က အဆုံးထိတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

"သက်ဆိုင်သူတွေ ဆွေးနွေးပွဲစားပွဲ ပြန်ရောက်လာအောင် ကျွန်မတို့ရဲ့ကြိုးပမ်းမှုတွေမှာ လုန်မကြည့်မိတဲ့ ကျောက်တုံးမရှိရအောင် ကျွန်မတို့လုပ်ဆောင်သွားချင်ပါတယ်" ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ်ဗစ်တိုးရီးယား နူလန်က ပြောကြားသည်။ တစ်ချိန်တည်းမှာပင် အမေရိကန်အထူးကိုယ်စားလှယ်နှစ်ဦးသည် အစ္စရေး၊ ပါလက်စတိုင်းတို့နှင့် ဆွေးနွေးပွဲများပြုလုပ်ရန် အရှေ့အလယ်ပိုင်းသို့ သွားရောက်ကြမည် ဖြစ်သည်။

အရှေ့အလယ်ပိုင်း အမေရိကန်အထူးကိုယ်စားလှယ် ဒေးဗစ်ဟေးလ်နှင့် အိမ်ဖြူတော်လက်ထောက် ဒင်းနစ်ရော့စ်တို့သည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နာတာညာဟု၊ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့နှင့် ဆွေးနွေးပွဲများပြုလုပ်မည်ဖြစ်သည်။ ယခင်ရက်သတ္တပတ်ကပင် သွားရောက်ခဲ့သော ၎င်းတို့၏ ခရီးစဉ်မှာ မည်သည့်ရလဒ်မှ မထွက်ပေါ်ခဲ့ပေ။

သီတင်းပတ်ပေါင်းများစွာကပင်ဝါရှင်တန်သည်၎င်း၏သံတမန်ရေးလက်နက်ခဲယမ်းများကို အသုံးချ၍ အမေရိကန်နှင့် အစ္စရေးတို့က ဆန့်ကျင်နေသည့်ကြားမှ ကုလသမဂ္ဂ၏ ၁၉၄ နိုင်ငံမြောက်အဖွဲ့ဝင် ဖြစ်လာရေး ပါလက်စတိုင်းတို့၏ တောင်းဆိုမှုကို ကုလသမဂ္ဂသို့ မတင်သွင်းရန် ပါလက်စတိုင်းတို့အား ဆွဲဆောင်စည်းရုံးခဲ့သည်။ ပါလက်စတိုင်းသည် စက်တင်ဘာလ ၂၀ ရက်တွင်ကုလသမဂ္ဂသို့ဝင်ရောက်ရေး ကြိုးပမ်းမည်ဟု မျှော်လင့်ရသည်။

*—Ref: AFP*

## ပြင်သစ်ဘဏ်များ၏ ငွေကြေးစိတ်ချရမှု အဆင့်လျှော့ချခံရ

**လန်ဒန်၊ စက်တင်ဘာ - ၁၅**

ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ ငွေကြေးစိတ်ချရမှုအဆင့်သတ်မှတ်ပေးသည့် Moody's အေဂျင်စီက ဂရိကြွေးမြီများတွင် ပါဝင်ပတ်သက်နေမှုကြောင့် ပြင်သစ်ဘဏ်နှစ်ဘဏ်၏ ငွေကြေးစိတ်ချရမှုအဆင့်များကို တစ်ထစ်စီလျှော့ချလိုက်သည်။

Credit Agricole ဘဏ်၏အဆင့်ကို Aa1 မှ Aa2 သို့လျှော့ချခဲ့ပြီး Societe Generale ဘဏ်၏အဆင့်ကို Aa2 မှ Aa3 သို့လျှော့ချခဲ့သည်။ အခြားဘဏ်တစ်ခုဖြစ်သည့် BNP Paribas ကိုလည်း အဆင့်လျှော့ချရေးအတွက် ပြန်လှန်သုံးသပ်မည့်စာရင်းတွင် ထည့်သွင်းထားသည်။

ထိုအတောအတွင်း ဂျာမန်အဓိပတိအန်ဂျလာမာကယ်လ်၊ ပြင်သစ်သမ္မတ နီကိုးလပ်စ်ဆာကိုဇီနှင့် ဂရိဝန်ကြီးချုပ် ဂျော့ချ်ပါပန်ဒရူးတို့က ဂရိနိုင်ငံသည် ယူရိုငွေကြေးသုံး ယူရိုဇုန်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့ရာ ဂရိနိုင်ငံနှင့်ပတ်သက်၍ ဈေးကွက်ပူပန်မှုများကို သက်သာရာရစေခဲ့သည်။

ဥရောပကော်မရှင် ဥက္ကဋ္ဌဟိုဆေးမယ်နျူရယ်ဘာရိုဆိုကလည်း ယူရိုငွေတိုက်စာချုပ်များအား ယူရိုဇုန်အစိုးရအဖွဲ့ ၁၇ ဖွဲ့ ကပူးတွဲအာမခံရေးကို တင်ပြသွားမည်ဟုပြောကြားသည်။

ပြင်သစ်ဘဏ်သုံးဘဏ်၏ လှုပ်ရှားမှုများကို ဆက်လက်သုံးသပ်သွားမည်ဖြစ်ကြောင်း ငွေကြေးစိတ်ချရမှု သတ်မှတ်ရေးအေဂျင် စီ Moody's ကပြောကြားပြီး ယင်းသို့ထပ်မံသုံးသပ်မှုမှနေ၍ ထပ်မံ၍ တစ်ထစ်အဆင့်နှိမ့်ချမှုဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးထားသည်။

*—Ref: BBC*







Queen Oramin-F Contest
အရွယ်သုံးပါး အလှဘုရင်မများ ... သွားစို့လား ...
အောက်တိုဘာ (၁) ရက်မှ
နိုဝင်ဘာ (၃၁) ရက် ၂၀၁၁ ထိ
Queen Award Winners
2,000,000
Best Complexion
300,000
1st Runners-Up
1,500,000
Best Costume
300,000
2nd Runners-Up
1,000,000
အောရာမင်-အက်(ဖ်)

7 DAY NEWS JOURNAL

# International

Vol.10, No.27 • SEPTEMBER 22, 2011



Photo - PTI

## ဟိမဝန္တာဒေသတွင် ကြီးမားပြင်းထန်သောငလျင် လှုပ်ခတ်

**ဂန်းတော့၊ စက်တင်ဘာ - ၁၉**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသအများ အပြားနှင့် အခြား ဟိမဝန္တာနိုင်ငံများတွင် အင်အား ၆ ဒသမ ၉ ပြင်းအားရှိ ငလျင်ကြီး လှုပ်ခတ်ခဲ့ရာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်ခဲ့ပြီး အနည်းဆုံး လူ ၃၆ ဦး သေဆုံးခဲ့ကြောင်းသိရသည်။

ငလျင်ကြောင့် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ ဗြိတိသျှသံရုံးနံရံတစ် ချပ်ပြိုလဲခဲ့ပြီး လူသုံးဦးသေဆုံးခဲ့သည်။ ဝေးလံသောဒေသများမှ လူအသေအပျောက်စာရင်းများ ဝင်လာပါက လူသေဆုံးမှုစာရင်းမြင့် တက်လာနိုင်ကြောင်း ငလျင်ဒဏ်ခံခဲ့ရသည့် နိုင်ငံများမှ တာဝန်ရှိသူများကပြောကြားသည်။



ငလျင်တုန်ခါမှုအား ငလျင် ဗဟိုချက်မှအနောက်ဘက် မိုင် ၆၀၀ အကွာ နယူးဒေလီမြို့နှင့် အရှေ့ဘက် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှပင် ခံစားရကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ၏ ဟိမဝန္တာဒေသ ပြည်နယ်တစ်ခုဖြစ်သည့် ဆစ်ကင်း ပြည်နယ် မြို့တော်ဂန်းတော့တွင် မြေပြိုမှု၊ အဆောက်အအုံပြိုကျမှု၊ ပစ္စည်းများပြုတ်ကျမှုများကြောင့် အနည်းဆုံး လူပေါင်း ၆၀ ဒဏ်ရာရရှိခဲ့သည်။

"လျှပ်စစ်ဓာတ်အားမရဘူး။ လူတိုင်းလမ်းပေါ် ထွက်နေကြတယ်"ဟု ဂန်းတော့မြို့ခံတစ်ဦးက CNN-IBN တယ်လီဗေးရှင်း သတင်းလိုင်းအားပြောကြား သည်။

"ငလျင်ဗဟိုချက်ကနေ ဝေးလံတဲ့နေရာတွေကို ကယ်ဆယ်ရေးအဖွဲ့တွေ လက်လှမ်းမီလာတာနဲ့အမျှ လူအသေအပျောက်စာရင်းတိုးလာနိုင်ပါတယ်"ဟု ဂန်းတော့မြို့ ဗဟိုအရေးပေါ် ထိန်းချုပ်ရေးတာဝန်ခံ ဂျီ၊အနန်ဒန်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ပါလီမန်အဆောက်အအုံတစ်ခုလုံး လှုပ်ခါခဲ့၍ ပါလီမန်အမတ်များ အဆောက်အအုံအပြင်သို့ ပြေးထွက် ခဲ့ကြရာ ဘတ်ဂျက်အတွက် ငြင်းခုံဆွေးနွေးမှုကို ၁၅မိနစ်ကြာ ရပ်နားခဲ့ရသည်။

စာ(၄၅)သို့

## လစ်ဗျားအစိုးရသစ်အတွက် သဘောတူညီမှု မရရှိ

**ဘင်ဂါဇီ၊ စက်တင်ဘာ - ၁၉**

မွမ်မာကဒါဖီအားဖြုတ်ချခဲ့သောတပ်ဖွဲ့များနှင့် ၎င်းအားသစ္စာခံသည့်တပ်ဖွဲ့များအကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေစဉ်မှာပင် လစ်ဗျားကြားဖြတ်အစိုးရခေါင်းဆောင်များသည် ဝန်ကြီးအဖွဲ့သစ်ဖွဲ့စည်းရေးသဘောတူညီမှုမရရှိခဲ့ကြောင်းသိရသည်။

ကြားဖြတ်အစိုးရတပ်ဖွဲ့များသည် ဘာနီဝါလစ်မြို့မှ ကစဉ့်ကလျားထွက်ပြေးခဲ့ရပြီး ဆာတီမြို့မှလည်း ဆုတ်ခွာခဲ့ရရာ ကဒါဖီ၏ နောက်ဆုံးခံစစ်မြို့များကို သိမ်းပိုက်၍ နိုင်ငံတစ်ခုလုံးအား ထိန်းချုပ်ရေးကို အကောင်အထည်မဖော်နိုင်သေးပေ။

နိုင်ငံရေးနှင့် စစ်ဘက်ဆိုင်ရာပြဿနာများကလည်း ကဒါဖီအား ဖြုတ်ချပြီးနောက်ပိုင်း လစ်ဗျားနိုင်ငံအနေဖြင့် တည်ငြိမ်မှုပြန်လည်တည်ဆောက်ရေးမှာ မည်မျှခက်ခဲသည်ကို ပို၍ထင်ရှားစေသည်။

သူပုန်အဖွဲ့၏အမှုဆောင်ကော်မတီဟောင်းအား ဖျက်သိမ်းလိုက်ပြီးဖြစ်ရာ ကာကွယ်ရေးနှင့် ပြည်ထဲရေးဌာနအကြီးအကဲများအပါအဝင်ကော်မတီအသစ်တစ်ရပ်ကို ကြားဖြတ်ဝန်ကြီးချုပ် မိုဟာမက်ဂျီဘရီက ခန့်အပ်ရန်ဖြစ်သည်။ သို့သော် ၎င်း၏ အဆိုပြုတင်ပြမှုများမှာ လက်ရှိကော်မတီအဖွဲ့ဝင်များ၏ အပြည့်အဝထောက်ခံမှုမရရှိခဲ့သောကြောင့် ဆွေးနွေးပွဲပြိုကွဲခဲ့သည်။

စာ(၄၅)သို့



Photo - AP

## လိင်ကိစ္စအရှုပ်အထွေးများကြောင့် ဝန်ကြီးချုပ် ဘာလူစကိုနီနုတ်ထွက်ရန် အီတလီအတိုက်အခံများ တောင်းဆို

**ရောမ၊ စက်တင်ဘာ - ၁၉**

ပါတီပွဲများ၊ အမျိုးသမီးငယ်များအကြောင်း အသစ်ထပ်မံဖွင့်ချမှုများ ပေါ်ထွက်လာခဲ့ပြီးနောက် ဘဏ္ဍာရေးအကျပ်အတည်းနှင့် ကြုံတွေ့နေသည့် အီတလီနိုင်ငံ၏ဝန်ကြီးချုပ် ဘာလူစကိုနီအပေါ် မေးခွန်းထုတ်မှုများထွက်ပေါ်လာပြီး ရာထူးမှ နုတ်ထွက်ရန် ဖိအားများ များပြားလာသည်။

မကြာမီရက်များအတွင်း အီတလီသတင်းစာမျက်နှာဖုံးများတွင် အစိုးရငွေတိုက်စာချုပ်အတိုးနှုန်းများမြင့်လာခြင်းနှင့် ရှယ်ယာဈေးနှုန်းများ ထိုးကျသည့်သတင်းများနေရာတွင် ဝန်ကြီးချုပ် ဘာလူစကိုနီနှင့် ၎င်းအတွက် လိင်လုပ်သားများ ပံ့ပိုးပေးသည်ဟု မသင်္ကာသူ ဂျီယမ်ပေါ် လိုတာရန်တီနီတို့ကြား ကြားဖြတ်နားထောင်ခဲ့သည့်စကားပြောခန်းများ အစားထိုးနေရာယူလာသည်။

စာ(၄၅)သို့

## ဘတ်ဂျက်လိုငွေ ကန်ဒေါ်လာ သုံးထရီလီယံ လျှော့ချရန် အိုဘားမား တိုက်တွန်း

**ဝါရှင်တန်၊ စက်တင်ဘာ - ၁၉**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ကန်ဒေါ်လာ သုံးထရီလီယံ ဘတ်ဂျက်လိုငွေလျှော့ချရေး အဆိုပြုချက်များကို တင်ပြသွားမည်ဖြစ်ပြီး လူချမ်းသာများအပေါ် အခွန်တိုးကောက်ခွင့်မပြုပါက သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရေး ရီပတ်ဘလေကန်များ၏တင်ပြမှုကို ဗီတိုအာဏာဖြင့် ပယ်ချမည်ဖြစ်ကြောင်း သတိပေးပြောကြားသည်။

စာ(၄၅)သို့



Photo - Getty Images



7DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

# ကားအဟောင်းအပ်နှံသူများ လန်ခရူဇာ၊ ပါရာဒို၊ လက်ဇက်ကားများတင်သွင်းခွင့်မရှိ



**အားမာန်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၉**

ကားအဟောင်း အပ်နှံသူများမှာ ပြည်တွင်း၌ အဆင့်မြင့် ဇိမ်ခံကားဟု သတ်မှတ်ထားသော လန်ခရူဇာ၊ ပါရာဒို၊ လက်ဇက်ကားများကို တင်သွင်းခွင့်ရမည်မဟုတ်ကြောင်း သတင်းရရှိသည်။


ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်၊ ကညန၊ MFTB၊ MICB တို့ ပူးပေါင်းပါဝင်သော ယာဉ်တင်သွင်းခွင့်လိုင်စင်ထုတ်ပေးရေးအထူးအဖွဲ့ One Stop Service အဖွဲ့က ကားအဟောင်း အပ်နှံထားသူများအတွက် တင်သွင်းခွင့်ပြုသည့် ကားအမျိုးအစားမော်ဒယ်များကို အသေးစိတ်ထပ်မံထုတ်ပြန်သည်။ ထိုအထဲတွင် လန်ခရူဇာ၊ ပါရာဒို၊ လက်ဇက် စသောယာဉ်များကိုမူ ကားအဟောင်းအပ်နှံသူများအား တင်သွင်းခွင့်မပြုပေ။ ထိုသို့ခွင့်မပြုခြင်းမှာ ကားအဟောင်းအပ်နှံ၍ အသစ်တင်သွင်းသူများက လန်ခရူဇာ၊ ပါရာဒို၊ လက်ဇက်ကားများကို ဒေါ်လာ ၃,၅၀၀ အောက်ဖြင့်ရသည်ဟု လိမ်လည်မှုများမဖြစ်ပေါ်စေရန် ယင်းသို့ကြိုတင်ခွင့်မပြုခြင်းဖြစ်ကြောင်းသတင်းရရှိသည်။

မူလကကားတင်သွင်းသူများကို ဒေါ်လာ၃၅၀၀အောက်ယာဉ်များသာ တင်သွင်းခွင့်ပြုမည်ဆိုသော်လည်း ထိုတက်တန်ဖိုးအနည်းငယ်မြင့်သောကားများကိုလည်း တင်သွင်းခွင့်ပြုထားသည်ကိုကြေညာချက်တွင်တွေ့ရသည်။

သို့သော် ကားအဟောင်းအပ်နှံသူများအား တိုယိုတာဝက်ဂွန်ကို ၁၉၉၇ မော်ဒယ်အထိ၊ တိုယိုတာ ဆလွန်းကို ၂၀၀၂ မော်ဒယ်အထိ၊ ပါဂျဲရိုးကို ၁၉၉၈ မော်ဒယ်အထိ တင်သွင်းခွင့်ပြုထားသည်။

သက်တမ်းလွန်ကားများအတွက် အစားထိုးကားတင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားပါက ကားဟောင်းပိုင်ရှင်သို့ ကညနက ထုတ်ပေးသော ယာဉ်အပ်နှံမှုအထောက်အထားစာရင်း၊ MFTB သို့မဟုတ် MICB တွင်ဖွင့်ထားသော နိုင်ငံခြားငွေစာရင်းစာအုပ်မိတ္တူ(မူရင်းပူးတွဲတင်ပြရမည်)၊ ငွေစာရင်းစာအုပ်၌ မော်တော်ယာဉ်အတွက် ပေးချေရမည့် ငွေပမာဏနှင့် သဘော်တင်ခ၊ ရေကြောင်းအာမခံစရိတ်များအတွက် လုံလောက်သောငွေပမာဏရှိရမည်ဖြစ်သည်။ ထို့အပြင် ကားတင်သွင်းရန် ပိုင်ရှင်က နိုင်ငံခြားသို့ ကိုယ်တိုင်ငွေလွှဲပို့ခြင်းမဟုတ်လျှင် ကိုယ်စားလွှဲပေးမည့်သူ၏ ခံဝန်ကတိစာနှင့် နိုင်ငံခြားငွေစာရင်းမိတ္တူ(မူရင်းပူးတွဲတင်ပြရမည်)၊ ကားရောင်းချပေးသော ပြည်ပကုမ္ပဏီမှ ထုတ်ပေးသည့် Proforma Invoice သို့မဟုတ် Sale Contract၊ ကိုယ်တိုင်လျှောက်ထားပါက ကားအဟောင်းပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် မှတ်ပုံတင်မိတ္တူ(မူရင်းပူးတွဲတင်ပြရမည်) တို့လိုအပ်သည်။ ကိုယ်စားလှယ်ဖြင့်လျှောက်ထားခြင်းဖြစ်ပါက ကားပိုင်ရှင်မှ လွှဲအပ်ထားသော Special Power မူရင်း-မိတ္တူနှင့် ကားပိုင်ရှင်၏ မှတ်ပုံတင်မိတ္တူတို့လိုအပ်သည်။

ကားသွင်းခွင့်လိုင်စင်လျှောက်ထားသောအခါ ပထမဆုံးမှတ်ပုံတင်ဌာနတွင် မှတ်ပုံတင်စာရင်းရေးသွင်းပြီး လျှောက်လွှာဖြည့်သွင်းရန်လိုသည်။ ထို့နောက် ကညန၊ MFTB၊ MICB အကောက်ခွန်၊ ကုန်သွယ်ရေးဦးစီးဌာနတို့ပါဝင်သည့် One Stop Service အဖွဲ့ ကိုယ်စားလှယ်အရာရှိများမှ လက်ခံစိစစ်မည်။ ထိုအဖွဲ့မှ စီစစ်ပြီးပါက ဒုတိယညွှန်ကြားရေးမှူးမှ တစ်ဆင့် ညွှန်ကြားရေးမှူးထံ အတည်ပြုချက်ရယူရမည်။ ထို့နောက် ပါမစ်ကြေးပေးသွင်းပြီး ပါမစ်ထုတ်၍ ညွှန်ချုပ်ကိုယ်စား ညွှန်မှူးမှ လက်မှတ်ရေးထိုးပြီး ကာယကံရှင်သို့ထုတ်ပေးမည်။ နောက်ဆုံးတွင် အပ်နှံသည့်ယာဉ်အတွက် အစားထိုးယာဉ်တစ်စီးချင်းအတွက် မူလအမည်ပေါက်ကားပိုင်ရှင်အမည်ဖြင့် ပါမစ်တစ်စောင်ထုတ်ပေးမည်ဖြစ်သည်။



## ကုမ္ပဏီများသို့ ပြည်ပမှ ကားတင်သွင်းခွင့် လုပ်ငန်း ခွင့်ပြုချက်မပေးရသေးဟုဆို

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၁၉**


ဝန်ဆောင်ခယူ၍ ပြည်ပမှ ကားတင်သွင်းပေးမည့်ဝန်ဆောင်မှုလုပ်ငန်းပေါ်ပေါက်လာသော်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မည်သည့်ကုမ္ပဏီအဖွဲ့အစည်းကိုမျှ ခွင့်ပြုပေးထားခြင်းမရှိသေးကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဝန်ကြီးဌာနအနေနဲ့ လတ်တလော ဘယ်ကုမ္ပဏီကိုမှ ခွင့်ပြုထားတာမရှိဘူး"ဟု အဆိုပါဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်ကဆိုသည်။

အဆိုပါကုမ္ပဏီများသည် နိုင်ငံတော်အစိုးရမှ တရားဝင်ခွင့်ပြုထားသောကားများနှင့် အစားထိုးယာဉ်များအတွက် ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ တရုတ်နိုင်ငံတို့မှ ကားများကို နေအိမ်အရောက် ဝယ်ယူတင်သွင်းဝန်ဆောင်မှုများပေးမည် ဟုကြော်ငြာနေကြသည်။

"ကျွန်တော်တို့က တရုတ်ကားတွေပါဆောင်ရွက်ပေးမှာပါ။ ဒေါ်လာ ၃,၅၀၀ ဆိုရင် ၂၀၀၉ မော်ဒယ်နဲ့ ချယ်ရီဝက်ဂွန်၊ ချက်ပလက်၊ ဂျေအေစီတို့လို ကားမျိုးရနိုင်တယ်။ တရုတ်ကဆို သင်္ဘောခကလည်း ဒေါ်လာ ၈၀၀ ဝန်းကျင်လောက်ပဲကျတယ်"ဟု ကားဝန်ဆောင်မှုပေးမည့် ကုမ္ပဏီတစ်ခုကဆိုသည်။

ထို့အပြင် စက်မှုဇုန်ကားထုတ်ခဲ့သူများကလည်း ကားတင်သွင်းဝန်ဆောင်မှုပေးမည့် လုပ်ငန်းကို လုပ်ကိုင်ရန်ပြင်ဆင်နေကြောင်းသိရသည်။



## ယာဉ်အမျိုးအစားအလိုက် ပေးဆောင်ရမည့် ကညနခွန်များ ထပ်မံကြေညာ

**အားမာန်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၉**

ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်းသည့်အစီအစဉ်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယာဉ်အမျိုးအစားအလိုက် ကညနအခွန်အဖြစ် ကောက်ခံမည့် အခွန်နှုန်းထားများကို ကြေညာလိုက်သည်။

အိမ်စီးကားများ အားလုံးမှာ ကညနသို့ အခွန် ၁၀၀ ရာခိုင်နှုန်း ဆောင်ရမည်ဖြစ်သည်။ လိုက်ထရပ်၊ ထရပ်နှင့် ဘတ်စ်ကားများမှာ ၃၀ ရာခိုင်နှုန်းသာ အခွန်ဆောင်ရမည်ဖြစ်ပြီး၊ လူနာတင်ယာဉ်မှာ ၁၀ရာခိုင်နှုန်းသာ အခွန်ဆောင်ရမည်ဖြစ်သည်။ မီးသတ်ယာဉ်မှာမူ ကညနသို့ ၁ရာခိုင်နှုန်းသာ အခွန်ဆောင်ရမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူကပြောသည်။ ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်းရေးအဖွဲ့က အပ်နှံထားသောကားများ၏ တန်ဖိုးကို တွက်ချက်ပြီး၊ ကညနအခွန်အဖြစ် ကောက်ခံသည့်ထဲမှ ၁၅ ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ ပြန်လျှော့ပေးမည်ဖြစ်သည်။

## MICB နှင့် MFTB တွင် ကိုယ်ပိုင်ငွေစာရင်းဖွင့်ရန် လိုအပ်သော အချက်များ

- ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော စလစ်
- FEC- 100
- ပတ်စ်ပို့အရွယ် ဓာတ်ပုံ- ၂ ပုံ
- မှတ်ပုံတင် မိတ္တူ
- ဘဏ်စာရင်းဖွင့်ရန် မိတ်ဆက်ပေးခြင်းစာ
- ဦးဆောင် ညွှန်ကြားရေးမှူးထံလိပ်မူ နိုင်ငံခြားငွေစာရင်းဖွင့်ခွင့်ပြုရန်လျှောက်ထားခြင်း။
- လျှောက်လွှာနှစ်ခုအား MFTB နှင့် MICB ဘဏ်စာရင်းဖွင့်ထားသူနှစ်ဦးက ထောက်ခံလျှောက်ထားပေးရမည့် စာနှစ်စောင်
- ငွေစာရင်းဖွင့်ထားသူ၏ ဘဏ်စာအုပ်တွင် ပထမစာမျက်နှာနှင့် နောက်ဆုံးစာမျက်နှာမိတ္တူ

**ပြည်ပရောက်မြန်မာအလုပ်များဆိုလျှင်**

- အလုပ်သမားဝန်ကြီးဌာနမှ ခွင့်ပြုသောစာ
- သက်ဆိုင်ရာ အခွန်ရုံးတွင် အခွန်ဆောင်ထားကြောင်း ထောက်ခံစာ

7DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011

မျက်နှာဖုံးသတင်း

# ကားအဟောင်းများဖျက်သိမ်းရေးအစီအစဉ် စတင်

**ဇာဇာနီ**

**ရန်ကုန်၊ စက်တင်ဘာ - ၁၉**

ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံခြင်းအစီအစဉ်ကို ယနေ့တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(မြင်သာ)၌ စတင်လက်ခံပြုလုပ်ပေးနေပြီး ထိုနေ့မှာပင် ကားဟောင်းမျိုးစုံ ၂၀၀စီးခန့်ကို စစ်ဆေးမှတ်ပုံတင်ခဲ့ကြောင်း အဆိုပါရုံးရှိ မော်တော်ယာဉ်စစ်အဖွဲ့မှ တာဝန်ရှိသူကပြောသည်။



“မနက် ၈ နာရီခွဲလောက်ထဲက ဒီမှာလာအပ်တဲ့ ကားတွေ တော်တော်များများနဲ့ရှုပ်ထွေးနေကြတယ်။ ကားအစီးရေတစ်ရာကျော်လောက် ဒီဝင်းထဲမှာရောက်နေကြတယ်။ တချို့ကားတွေလည်း ရုံးလာတဲ့လမ်းတောက်လျှောက်ပြည့်နေတာပဲ”ဟု ဆ/ နံပါတ်လေးဘီးအမျိုးအစား မော်တော်ယာဉ်လာရောက်အပ်နှံသူတစ်ဦးကပြောသည်။

လာရောက်ကြသော မော်တော်ယာဉ်များတွင် အက္ခရာ စ၊ ဆ၊ ဇ များမှ လေးဘီးယာဉ်မှာ အများဆုံးဖြစ်သည်။ ဗောက်စ်ဝက်စဂွန်၊ ဂျစ်၊ ဒေါ့ဂျစ်၊ စစ်ကျန်ဘတ်စ်၊ ထရပ်ကားများလည်းတွေ့ရသည်။

ကားလာရောက်အပ်နှံသူတစ်ဦးအနေဖြင့် ဦးစွာ ယာဉ်စစ်ဆေးရန် ပုံစံစာရွက်ကိုဖြည့်စွက်ပြီး ပုံစံထွက်ရှိလာပါက မိမိယာဉ်အား စစ်ဆေးခြင်းခံယူကာ ကားအဟောင်းများထားရန်သတ်မှတ်ထားသော အမှတ် -၁ ယာဉ်သိုလှောင်ရေးတပ်ရင်း၊ မင်္ဂလာဒုံသို့ မောင်းနှင်ပို့ဆောင်ရမည် ဖြစ်သည်။

ယာဉ်ချက်ချင်းအပ်နှံသူများကို အပ်နှံထောက်ခံချက်နှင့် ကားအပ်နှံပြေစာထုတ်ပေးပြီး ကားစာအုပ်ကို ကညနရုံးမှ အပိုင်သိမ်းဆည်းမည်ဖြစ်ကြောင်း သိရှိရသည်။

ယာဉ်အား ချက်ချင်း အပ်နှံခြင်းမပြုလုပ်သေးဘဲ ခေတ္တအသုံးပြုလိုပါကလည်း အသုံးပြုလိုကြောင်း ရုံးထောက်ခံချက်နှင့် ခေတ္တအသုံးပြုရန် စာရွက်စာတမ်းများထုတ်ပေးမည်ဖြစ်သည်။

ဖျက်သိမ်းအပ်နှံပါက ယာဉ်စစ်ခ ကိုယ်ပိုင်ယာဉ် ၂၀၀ ကျပ်၊ အငှားယာဉ် ၄၀၀ ကျပ် ပေးဆောင်ရမည်ဖြစ်သည်။ ခေတ္တပြန်ယူပြီး သက်တမ်းတိုးလိုသူမှာ မှတ်ပုံတင်ခနှင့် ကားအမျိုးအစားအလိုက် ၅၀၀ ကျပ်၊ ၁,၀၀၀ ကျပ်၊ ၂,၀၀၀ ကျပ်၊ ၄,၀၀၀ ကျပ် အသီးသီးကုန်ကျမည်ဖြစ်သည်။ အမည်ပြောင်းလိုသူများကိုလည်း ကညနရုံးမှ တစ်ခါတည်း အမည်ပြောင်းခြင်းများဆောင်ရွက်ပေးနေကြောင်း သိရသည်။

“မနက်၉နာရီလောက်တည်းက ဒီမှာ ယာဉ်လာအပ်ဖို့စောင့်နေတာ။ ၁၂ နာရီလောက်မှာ အကုန်ပြီးသွားတယ်။ ယာဉ်ပို့ဖို့ပဲ ကျန်တော့တယ်”ဟု ဂျစ်ကား အက္ခရာစ နံပါတ်လာရောက်အပ်နှံသူတစ်ဦးကပြောသည်။

ဂျစ်ကား အမျိုးအစားပိုင်ရှင်တစ်ဦးကလည်း“အကုန် အပြီးတစ်နာရီကျော်ကြာတယ်။ ပိုက်ဆံကတော့ ဖောင်ဖိုး ၂၀၀ ပဲ ပေးရတယ်”ဟုပြောသည်။

မော်တော်ယာဉ်အပ်နှံပါက မှတ်ပုံတင်၊ မှတ်ပုံတင်ပျောက်ဆုံးပါက ရဲစခန်း တိုင်ကြားချက်၊ ယာဉ်မှတ်ပုံတင်အဝိုင်း၊ ပိုင်ရှင်အမည်ပေါက် မှတ်ပုံတင်မူရင်း၊ အမည်ပြောင်းအတွက်ပြည်တွင်းအခွန်ပုံစံနှင့် မိမိယာဉ်အား အနည်းဆုံး မောင်းနှင်လာရမည်ဖြစ်သည်။

“အခုကတော့ ကားအမျိုးအစားသတ်မှတ်မရှိပါဘူး။ ကားစတင်မှတ်ပုံတင်တင်တဲ့နှစ်ကနေခု ရောက်တဲ့နှစ်နဲ့တွက်တာ။ မော်ဒယ်နံပါတ်ကို မကြည့်နဲ့။ အက္ခရာ စ၊ ဆ ယာဉ်ဆိုရတယ်။ ဒီနေ့ကနေ အောက်တိုဘာလကုန်အထိ လက်ခံပေးမှာ”ဟု ကညနရုံးယာဉ်အပ်နှံရေးအဖွဲ့မှ ဝန်ထမ်းတစ်ဦးကပြောသည်။

အဆိုပါ စ၊ ဆ၊ ဇ အက္ခရာများမှာ အနှစ် ၄၀ ကျော် သက်တမ်းရှိယာဉ်များဖြစ်ပြီး ဒုတိယအသုတ်အဖြစ် အနှစ် ၃၀၊ အနှစ် ၂၀ စသည်ဖြင့် အစဉ်လိုက် အပ်နှံရန်ကြေညာပေးသွားမည်ဟု ၎င်းဝန်ထမ်းကပြောသည်။

အဆိုပါယာဉ်အပ်နှံပြီးပါက ဖျက်သိမ်းထောက်ခံချက်နှင့် ယာဉ်အပ်နှံလက်ခံပြေစာအား ထုတ်ပေးသွားမည်ဖြစ်ရာ ထိုယာဉ်အပ်နှံလက်ခံပြေစာနှင့် သတ်မှတ်ထားသည့်နေရာကို ကားသွားရောက်အပ်နှံပြီး ဖျက်သိမ်းထောက်ခံချက်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နေပြည်တော်တွင် ကားတင်သွင်းခွင့်ပါမစ်လျှောက်ထားနိုင်ကြောင်း ယင်းရုံး၏ တရားဝင်စာများအရသိရသည်။

ကားတင်သွင်းသူများမှာ မူလ ယာဉ်တန်ဖိုး ကန်ဒေါ်လာ ၃,၅၀၀ ထက်မပိုသော၊ ခုနှစ်အားဖြင့် ၁၉၉၅ အထက် ဘတ်စ်ကားနှင့်ထရပ်ကားများအား ဒေါ်လာ ၃,၅၀၀ ထိ ပြန်လည်စစ်ဆေးပေးမည်ဟုသိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)တွင် မှတ်ပုံတင်ထားသော ကားများအနက် အနှစ် ၄၀ အထက် စ၊ ဆ၊ ဇ အက္ခရာ ကားအစီးရေပေါင်း ၁၀,၂၁၁ စီး၊ အနှစ် ၃၀ နှင့် ၄၀ သက်တမ်းအတွင်းရှိ ကားအစီးပေါင်း၈,၃၃၁စီးရှိသည်။ တစ်နိုင်ငံလုံးတွင်အဆိုပါယာဉ်စီးရေ၃၆,၈၇၅ စီးရှိပြီး၊ အနှစ် ၂၀ မှ ၃၀ အတွင်းရှိ ကားများမှာ အက္ခရာ ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န ပ များဖြစ်သည်။

## မျက်နှာဖုံး-ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်မှ အသေးစိတ်အချက်အလက်များထပ်မံထုတ်ပြန် မှ

ဘတ်စ်ကားအဟောင်း အပ်နှံသူမှာ ဘတ်စ်ကားကိုပင် ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး၊ ထရပ်ကားအပ်နှံသူမှာ ထရပ်ကား၊ လိုက်ထရပ်အပ်နှံသူမှာ လိုက်ထရပ်ကားကိုပင်ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။

သို့သော် အဆိုပါကားများမှာ အိမ်စီးကားများထက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနသို့ ကားတင်သွင်းသည့်အတွက်ပေးဆောင်ရမည့်အခွန်မှာမူ ပို၍နည်းသည်။ ဘတ်စ်ကား၊ ထရပ်ကားနှင့် လိုက်ထရပ်ကားများမှာ ကားတင်သွင်းမှုအတွက် ၃၀ ရာခိုင်နှုန်းသာ ကညနသို့ အခွန်ပေးဆောင်ရမည်ဖြစ်သည်။ ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအဖွဲ့များက အပ်နှံသည့်ကားများ၏ တန်ဖိုးကို ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိပြန်အမ်းမည်ဖြစ်ရာ အဆိုပါကားများမှာ ကညနခွန်ကင်းလွတ်ခွင့်ပင်ရနိုင်သည်။ ကညနသို့ ပေးရမည့် အခွန်နှင့် ကားအပ်နှံသည့်အတွက် ပြန်ရမည့်တန်ဖိုးညီနေခြင်းကြောင့်ဖြစ်သည်။ ဘတ်စ်ကား၊ ထရပ်နှင့် လိုက်ထရပ်ကားများကို ဒေါ်လာ ၃,၅၀၀ အောက်ဖြင့် ဝယ်ယူရန် အခက်အခဲရှိနိုင်သည့်အတွက်၊ ဒေါ်လာ ၃,၅၀၀ အောက် ယာဉ်များကိုသာ တင်သွင်းခွင့်ပြုမည်ဆိုသော သတ်မှတ်ချက်အစား ဒေါ်လာ ၃,၅၀၀ တန်ဖိုးထက် ဈေးပိုပေးရသောကားများကိုပါ ခြွင်းချက်အနေဖြင့် ဝယ်ယူတင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာဌာနများသို့ တင်ပြထားကြောင်းလည်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူကပြောသည်။

**လိုင်စင်သက်တမ်း ပြန်တိုးနိုင်သော ကားများ**

ထိုအစီအစဉ်တွင် လိုင်စင်သက်တမ်းတိုးရန်ရက်၉၀(သုံးလ) အထိ ကားများကို သက်တမ်းပြန်တိုးပေးမည်ဖြစ်သော်လည်း လိုင်စင်သက်တမ်းတိုးရန် ရက် ၉၀ ထက်ကျော်လွန်နေသော ကားများကို နောင်တွင်မှ သက်တမ်းပြန်တိုးပေးမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုသို့ သက်တမ်းပြန်တိုးပေးရန်ယာဉ်အိုယာဉ်ဟောင်းများဖျက်သိမ်းရေးအဖွဲ့များထံတွင် ဆောင်ရွက်နိုင်ပြီး ထိုသို့ဆောင်ရွက်သည့်အတွက် ဝန်ဆောင်ခပိုပေးရန်မလိုဘဲ ယခင်အတိုင်းသာ ပေးသွင်းဆောင်ရွက်နိုင်ကြောင်း ၎င်းက ရှင်းပြသည်။

**လိုင်စင်သက်တမ်း တိုးမရသောကားများ**

သို့သော် ကားလိုင်စင်သက်တမ်းတိုးရန် ရက် ၉၀ ထက်ကျော်လွန်နေသော ကားများကို လောလောဆယ်တွင် သက်တမ်းတိုးမြှင့်ပေးမည်မဟုတ်ပေ။ ယာဉ်အိုယာဉ်ဟောင်းများလဲလှယ်ရေး အစီအစဉ်ကို ဦးစားပေးဆောင်ရွက်နေသည့်အတွက် ထိုသို့လိုင်စင်သက်တမ်းတိုးရန် ရက် ၉၀ ထက်ကျော်လွန်နေသော ကားများကို သက်တမ်းမတိုးပေးနိုင်ခြင်းဖြစ်ကြောင်းလည်းတာဝန်ရှိသူကဆိုသည်။ ထို့အပြင် လိုင်စင်သက်တမ်းတိုးရန် ၅ နှစ်နှင့် အထက်ကျော်၍ သက်တမ်းပျက်နေသော ယာဉ်များကိုမူ သက်တမ်းပြန်တိုးပေးတော့မည်မဟုတ်ပေ။

စက်တင်ဘာ၁၉ရက်မှစတင်၍ နှစ် ၄၀နှင့်အထက် ယာဉ်အစီးရေတစ်သောင်းကျော်ကိုနိုင်ငံတစ်ဝန်း၌ ယာဉ်အိုယာဉ်ဟောင်းများဖျက်သိမ်းရေးအဖွဲ့များက နေရာ ၁၈ ခုတွင်အစားထိုး လဲလှယ်ပေးရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ဟောင်းနွမ်းနေသော ကားများကို လဲလှယ်ပေးသောအစီအစဉ်ကြောင့်လိုင်စင်သက်တမ်းမတိုးထားသော ကားများမှာလည်း ထိုအခွင့်အရေးကို အသုံးချနိုင်ရန် လိုင်စင်ပြန်ဝင်ရန် ကြိုးစားလျက်ရှိသည်။

**အပ်နှံသည့် ကားတန်ဖိုး တွက်ချက်သောပုံစံ**

ယာဉ်အို ယာဉ်ဟောင်းများဖျက်သိမ်းရေးအဖွဲ့သို့ ကားအပ်နှံပါက ကား၏ တန်ဖိုးကို တွက်ချက်ပြီးပါကငွေသားပြန်အမ်းမည်မဟုတ်ဘဲ၊ ကားတင်သွင်းသည့်အတွက် ကညနမှ ကောက်ခံမည့်အခွန်များထဲမှသာ ကားတန်ဖိုးကိုနုတ်၍ ပေးသွားမည်ဖြစ်ကြောင်းလည်း တာဝန်ရှိသူကပြောသည်။ ဟောင်းနွမ်းနေသော ကားများ၏တန်ဖိုးကို တွက်ချက်ရာတွင် ကား၏အခြေအနေနှင့် ပိုင်ရှင်၏ အခြေအနေကိုကြည့်၍ တန်ဖိုးဖြတ်မည်ဖြစ်သည်။ ကားကို လက်ရှိကားပိုင်ရှင်ကိုယ်တိုင် နှစ်ကြာရှည်စွာ စီးနင်းလာသူ၊ ပိုင်ရှင်မှာ နိုင်ငံ့တာဝန်ကိုထမ်းဆောင်ခဲ့ပြီး ပင်စင်စားကဲ့သို့သော ဝန်ထမ်းဟောင်း၊ ငွေကြေးချို့တဲ့သူ ဖြစ်ပါက ကားတန်ဖိုးတွက်ချက်ရာတွင် အမှတ်ပိုရမည်ဖြစ်သည်။ သို့သော် ကားကို မကြာခင်ကမှ လက်လွှဲဝယ်ယူခဲ့သူမှာ အမှတ်လျော့မည်ဖြစ်သည်။ ထို့အပြင် အပ်နှံသည့် ကားအမျိုးအစားနှင့် ကားအခြေအနေမှာ ကောင်းမွန်ပါက အမှတ်ပိုရမည်ဖြစ်ပြီး၊ ဟောင်းနွမ်းစုတ်ပြတ်နေသောကားဖြစ်ပါက အမှတ်နည်းမည်ဖြစ်သည်။

ထိုအမှတ်များကို ကြည့်၍ ကားတစ်စီးလျှင် အနည်းဆုံး ကညနမှ ကောက်ခံသောအခွန် (၁၀၀ ရာခိုင်နှုန်း)ထဲမှ ၁၅ ရာခိုင်နှုန်းမှအများဆုံး ၃၀ရာခိုင်နှုန်း အထိ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။

“သံပုံကြီးကို ကားပေါ်တင်လာတာမျိုးမဖြစ်ဖို့လိုတာပေါ့။ အင်ဂျင်မီးခိုးထွက်တာတွေ ဘာတွေက ပြဿနာမဟုတ်ဘူး။ အဓိကကတော့ကားဟာကားနဲ့တူရမယ်။ ပြန်ဝင်လာမယ့် ကားအခြေအနေပေါ်မူတည်ပြီး၊ ကားပိုင်ရှင်ပေါ်မူတည်ပြီး ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်အထိ လျော့ပေးသွားမယ်”ဟု တာဝန်ရှိသူက ပြောသည်။

**ပေးဆောင်ရမည့် အခွန်များ**

ကားတင်သွင်းလျှင် ပေးဆောင်ရမည့် အခွန်များကိုလည်း တရားဝင်သတ်မှတ်လိုက်ပြီဖြစ်သည်။ ကားတင်သွင်းခွင့်အတွက် ကညနသို့ ၁၀၀ ရာခိုင်နှုန်းပေးရမည်ဖြစ်ပြီး အကောက်ခွန် ၄၀ ရာခိုင်နှုန်းနှင့် ကုန်သွယ်ခွန် ၂၅ ရာခိုင်နှုန်းစုစုပေါင်းဝယ်ယူသော ကားတန်ဖိုး၏ ၁၆၅ ရာခိုင်နှုန်းကို အခွန်ဆောင်ရမည်ဖြစ်သည်။ ထို အထဲတွင် သင်္ဘောစရိတ်နှင့် သယ်ယူစရိတ်များ မပါဝင်ပေ။

**ကားဟောင်းဖျက်သိမ်းမည့် အချိန်ဇယား**

ကားဟောင်းများ ဖျက်သိမ်းရေးအစီအစဉ်တွင် နှစ် ၄၀ အထက်ယာဉ်များဟု သတ်မှတ်ထားသော အက္ခရာ စ၊ ဆ၊ ဇ ယာဉ်များကို စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာလကုန်ထိ ဦးစားပေးဆောင်ရွက်ပေးမည် ဖြစ်သည်။ ဒုတိယအသုတ်တွင် သက်တမ်း၃၀မှ၄၀အတွင်းရှိယာဉ်များဖြစ်သော ဈ နှင့် ည ယာဉ်များကို နိုဝင်ဘာ၊ ဒီဇင်ဘာလတွင်လည်းကောင်း၊ သက်တမ်း ၂၀ နှင့် ၃၀ အတွင်းရှိ ဋ မှ ပ အထိကားများကို ဇန်နဝါရီမှ မတ်လအထိ ဆောင်ရွက်ပေးမည်ဖြစ်သည်။

**လေးဘီးကားကောလာဟလ**

လက်ရှိပြင်ပတွင် ထွက်ပေါ်နေသော လေးဘီးကားများမှာ မြန်မာမီနီစလွန်းကားများသာ ဝယ်ယူခွင့်ရမည်ဆိုခြင်းမှာ မဟုတ်ဘဲ တခြားအိမ်စီးကားကဲ့သို့ ဒေါ်လာ ၃၅၀၀ အောက်၊ မော်ဒယ် ၉၅ အထက်မိမိကြိုက်ရာ ကားတင်သွင်းနိုင်ကြောင်းလည်း တာဝန်ရှိသူက ဖြေကြားသည်။

ထို့အပြင် စီအင်ဂျီတက္ကစီယာဉ်များအပ်နှံပြီးပါက ကားသစ်တင်သွင်းလာပြီးနောက် စီအင်ဂျီတပ်ဆင်ခွင့်ပေးမပေးဆိုသည်မှာ စွမ်းအင်ဝန်ကြီးဌာနနှင့်သာ သက်ဆိုင်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူကပြောသည်။ ၎င်းတို့အနေဖြင့် အပ်နှံလာသော မည်သည့်ကားကိုမဆို ပုံစံတစ်မျိုးတည်း သတ်မှတ်ထားကြောင်းလည်း ၎င်းကဆက်ပြောကြားသည်။

ယခုအစီအစဉ်တွင် စ အက္ခရာမှ ပ အက္ခရာအထိ ကားအစီးရေ ငါးသောင်းကျော်ကို အစားထိုးလဲလှယ်ပေးခြင်းဖြစ်သောကြောင့် မိမိတို့၏ ကားနံပါတ်များကို မြှင့်ထားသော ကားများမှာမူ အကျုံးမဝင်ကြောင်း သတင်းရရှိသည်။

“အဲဒီကားတွေကတော့ လူနဲ့ ဥပမာပေးမယ်ဆိုရင် ဒီအစီအစဉ်က လူအိုတွေကို ဦးစားပေးပြီး လုပ်ပေးနေတာ။ သူက လိုင်စင်သက်တမ်းမြှင့်ပြီး အပျိုယောင်ဆောင်ထားပြီး အခုမှ အအိုပါလို့ လာပြောသလိုပဲ။ လောလောဆယ်တော့ သူတို့ကိုလုပ်မပေးနိုင်သေးပါဘူး။ နောက်ပိုင်းမှာတော့ သက်တမ်းပျက်နေတဲ့ ယာဉ်တွေ (လိုင်စင်သက်တမ်းတိုးရန် ပျက်ကွက်သည်မှာ ၅ နှစ်မကျော်သေးသောကားများ)၊ တိုက်မိတဲ့ကားတွေ၊ လိုင်စင်ကို အင်ထုထားတဲ့ကားတွေကတော့ နောက်ပိုင်းမှစဉ်းစားပေးသွားမှာပါ။ အခုကတော့ စ၊ ဆ၊ ဇ ယာဉ်တွေကိုပဲ ဦးစားပေးလုပ်ပေးနေတယ်”ဟု တာဝန်ရှိသူက ပြောသည်။

စက်မှုဇုန်ကားများဝယ်ယူစီးနင်းထားသူများမှာ ထိုအခွင့်အရေးကိုရယူလိုလျက်ရှိသည်။ သို့သော် ဇုန်ကားများ၊ ယခင်က မြို့ကြီးများတွင်အသုံးပြုခဲ့သော သုံးဘီးကားများမှာ ယခုအစီအစဉ်တွင် အကျုံးမဝင်ပေ။

7DAY NEWS JOURNAL
Vol.10, No.27 • SEPTEMBER 22, 2011



# ဗော်ဒယ်မြင့်ကား စံချိန်တင်ဈေးကျ

ဇာဇာနီ

**ရန်ကုန်၊ စက်တင်ဘာ-၁၅**

ကားဟောင်းများ ကားသစ်နှင့်လဲလှယ်ပေးမည့်အစီအစဉ်နှင့်ပြည်ပမှ ကားများ တရားဝင်တင်သွင်းခွင့်ပြုတော့မည်ဆိုသော သတင်းကြောင့်ရန်ကုန်မြို့ရှိဟံသာဝတီကားရောင်းဝယ်ရေးစခန်းတွင် အမြင့်ကားစီးသူများက ဈေးနှုန်းများ ထက်ဝက်ခန့်ဈေးချရောင်း၍ မော်ဒယ်မြင့်ကား ဈေးနှုန်း စံချိန်တင်ကျဆင်းလာသော်လည်း ဝယ်သူနည်းပါးနေကြောင်း အဆိုပါ ကားပွဲစားတန်းမှ သတင်းရရှိသည်။

"အခုက ငွေမထိန်းနိုင်သူတွေက ချရောင်းလာကြတယ်။ သူတို့လက်ထဲမှာရှိတဲ့ သိန်းငါးရာလောက်ရှိတဲ့ ကားတစ်စီးကို သုံးရာလောက်နဲ့ နှစ်ရာအရှုံးခံပြီးချရောင်းတာက နောင်တစ်ချိန်မှာ ဒီ ကားတစ်စီးက သုံးရာတောင်ရှိချင်မှရှိတော့မှာ၊ ဒီထက်ကျဖို့ပဲရှိတော့တယ်။ ဒါကြောင့် ချရောင်းလာသူတွေရှိလာတယ်"ဟု ကားပွဲစားကိုအောင်ဝင်းက 7Day News သို့ပြောသည်။

လက်ရှိ ကားဈေးနှုန်းများမှာ ပုံသေမရှိဘဲ ငွေပေါ်လိုသူများက လက်ရှိပေါက်ဈေးထက် သုံးပုံတစ်ပုံကျော်ခန့် ဈေးနှုန်း လျှော့ချရောင်းလာသည်။ ယခင်က ကျပ်သိန်း ၅၂၀တန်သည့် ဆလွန်းကား ၉၂ မော်ဒယ်နံပါတ်ကို ကျပ်သိန်းသုံးရာခန့် ချရောင်းသူများ ရှိပြီး၊ ကျပ်သိန်းတစ်ထောင်ကျော် ရွှေငါးမတ်တူး ၂၀၀၀ မော်ဒယ်ကို ကျပ်သိန်းငါးရာခေါ် ရောင်းကြသည်။ ဆူဇူကီး R+ ကားတစ်စီး ယခင် ကျပ်သိန်း၃၀၀မှ ယခုကျပ်သိန်း ၁၈၀ထိ ဈေးနှုန်းများကျဆင်းကာ၊ ချယ်ရီဝက်ဂွန်မှာ ကျပ်သိန်း ၁၈၀မှ ယနေ့တွင် ကျပ်သိန်းကိုးဆယ် ဝန်းကျင်သာရှိတော့ကြောင်းသိရသည်။

"ရောင်းချင်တဲ့သူက များပေမယ့် ဝယ်သူကတော့ အမြင့်ကားထက် ကားဟောင်းတွေပဲဝယ်ချင်ကြတယ်။ အဟောင်းဈေးကွက်ကတော့ တက်လာပါတယ်"ဟု အဆိုပါပွဲစားကပြောသည်။

ရန်ကုန်မြို့ရှိ နှစ်လေးဆယ်ကျော် အထက်ရှိသော လိုင်စင်ဝင်နိုင်သည့် ကားအမျိုးအစားများမှာ အင်္ဂလန်နိုင်ငံထုတ် ဖိုးအက်စ်ကော့ အက္ခရာ စ၊ဇနံပါတ်များ ဗောက်စ်ဝက်ဂွန်၊ လေးဘီး၊ ဖင်မလီယာကားများဖြစ်ကြသည်။ ယင်းကားဈေးနှုန်းများမှာ အင်္ဂလန်နိုင်ငံထုတ် ဖိုးအက်စကော့ကိုယခင်က ကျပ်ဆယ်နှစ်သိန်းခန့်မှယနေ့တွင် ကျပ်သိန်းငါးဆယ်၊ သိန်းခြောက်ဆယ်ခန့်၊ လေးငါးသိန်းသာတန်သည့် လေးဘီးကားတစ်စီးကို ယနေ့ကျပ်ဆယ်သိန်း၊ ဆယ့်ငါးသိန်းဝန်းကျင်ခန့်နှင့် ဗောက်စ်ဝက်ဂွန်မှာ ယခင်က ဝယ်သူမရှိသော်လည်း သိန်းခြောက်ဆယ်ခန့်ရှိလာသည်။

"ကားတွေကတော့ တကယ်တမ်းဈေးကွက်ဝင်လာရင် ကားလောကကျဖို့ပဲရှိတော့တယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ဈေးကိုတော့ မရောက်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုရင် အဲဒီတုန်းက ကားဈေးက စူပါဆလွန်းတစ်စီးကို ကျပ်ငါးသိန်းခွဲခြောက်သိန်းလောက်ပဲရှိတာ"ဟု ကားပွဲစားကိုမြင့်က သုံးသပ်ပြောသည်။

ပြည်ပကားဈေးကွက်ထက်ပြည်တွင်းထုတ်ဇုန်ကား ထုတ်လုပ်သူများမှာ ယင်းအခြေအနေကြောင့်ဇုန်ကားဈေးကွက်အတွက် စိုးရိမ်မှုများရှိလာကြောင်း ဇုန်ကားထုတ်လုပ်သူများထံမှ သိရသည်။

"ဇုန်ကားတွေအနေနဲ့ ဘယ်ဂိုင်းပဲ သတ်မှတ်ထားတယ်။ ခု တင်သွင်းခွင့်ပြုမယ့် ကားတွေက ဘယ်၊ညာ နှစ်မျိုးလုံးခွင့်ပြုတော့ ကျွန်တော်တို့အနေနဲ့ နစ်နာတဲ့ အနေအထားမှာရှိတယ်။ ဘာဖြစ်လို့လဲဆိုရင် နှစ်မျိုးလုံးခွင့်ပြုရင် ခံသာတယ်"ဟု ၎င်းတို့ကပြောသည်။

# စက်တင်ဘာ ၁၉ တွင် မန္တလေး၌ ယာဉ်ဟောင်း ၉၃ စီး စစ်ဆေးခံ

မင်းဒင်

**မန္တလေး၊ စက်တင်ဘာ - ၁၉**

**ကားဟောင်းများဖျက်သိမ်းရေးအတွက် ယာဉ်စစ်ဆေးမှုလုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးရုံးတွင် စက်တင်ဘာ၁၉ရက် နံနက်ပိုင်း၌ ခုနစ်ခရိုင်သတ်မှတ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။**

ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်းသော ပထမဆုံးနေ့တွင် ၉၃ စီး လာရောက်၍ဆောင်ရွက်ခဲ့ကြပြီး ယာဉ်စစ်ဆေးခအနေဖြင့် ကိုယ်ပိုင်(နံပါတ်အနက်) ယာဉ်အား ၂၀၀ ကျပ်နှင့် အငှား(နံပါတ်အနီ) ယာဉ်အား ၄၀၀ကျပ် ကောက်ခံဆောင်ရွက်ပေးနေပြီး အပိုကြေးပေးဆောင်ရန်မလိုအပ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး (ကညန)ရုံးတွင် ခရိုင်ခုနစ်ခုခွဲကာ ကောင်တာများ ဖွင့်လှစ်၍ မန္တလေး(တောင်ပိုင်း)၊ မန္တလေး(မြေခက်ပိုင်း)၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်း စသဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ယာဉ်မှတ်ပုံတင် ဖျက်သိမ်းထောက်ခံချက်ထုတ်ယူနိုင်ရန် စစ်ဆေးခံမည့် ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်၏ အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင်လာရောက်ရမည်ဖြစ်ပြီး မှတ်ပုံတင်မူရင်း(မိတ္တူ)၊ကမ-၃ စာအုပ်မူရင်း(အုံနာဘုတ်) သက်တမ်းရှိယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(အဝိုင်း)များ ယူဆောင်လာရန်လိုအပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

အကြောင်းကြောင်းကြောင့် ပိုင်ရှင်ကိုယ်တိုင် မလာရောက်နိုင်ပါက အိမ်ထောင်စုစာရင်းဝင် မိသားစုတစ်ဦးလာရောက်ဆောင်ရွက်က ခွင့်ပြုမည်ဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယာဉ်နှင့် ပတ်သက်သည့် လုပ်ငန်းများအား ဆောင်ရွက်ရာတွင် အမည်ပေါက်ကိုယ်တိုင် မလာရောက်နိုင်သည့် တစ်ဆင့်ပြန်လည်ဝယ်ယူထားသူများ အနေဖြင့် အမည်ပေါက်ပိုင်ဆိုင်မှုအတွက် ကနဦးဆောင်ရွက်ရမည်ဖြစ်ပြီး နောက်မှသာ ယာဉ်ဖျက်သိမ်းရန်အတွက် ယာဉ်စစ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ယာဉ်များအားစစ်ဆေးပေးနေရာတွင် ဖရိန်နံပါတ်၊ အင်ဂျင်နံပါတ်များမှန်ကန်မှုရှိစေရန်နှင့် ယာဉ်၏ ပုံစံ(ရုပ်ပိုင်း)များ အဓိကစစ်ဆေးပေးနေပြီး ယာဉ်အတုအပများ ထွက်ပေါ်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း ဌာန၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထိုသို့ စစ်ဆေးရာတွင် ကားအင်ဂျင်ကိုလည်း နှိုးခိုင်းသည်။ သံရည်ကျိုစက်သို့ပို့၍ ဖျက်မည့်ကားဖြစ်ပါလျက် အင်ဂျင်နှိုးခိုင်းခြင်းမှာ မလိုအပ်ဘဲ၊ ကားအပ်သူအချို့အတွက် အခက်ဖြစ်စေသည်ဟု ပိုင်ရှင်အချို့ကဆိုသည်။



**မန္တလေးကညနရုံးတွင် ယာဉ်အဟောင်းအပ်နှံရန် ဆောင်ရွက်နေသူများကို စက်တင်ဘာ၁၉ရက်ကတွေ့ရစဉ်** ဓာတ်ပုံ-မင်းဒင်

ယာဉ်စစ်ဆေးမှုများအား ကညနရုံးတွင် ဆောင်ရွက်ပြီးစီးပါက ပင်မယာဉ်သိုလှောင်ရေးတပ်(ထုံးဘို)တွင် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းမှစတင်ကာ ယာဉ်အပ်နှံမှုများ လက်ခံမည်ဖြစ်ပြီး ပုံစံ-ဃ ဖြစ်သည့် ယာဉ်အပ်နှံပြီးကြောင်း ထောက်ခံချက်ပြေစာအား ယာဉ်ပိုင်ရှင်များသို့ပေးအပ်မည်ဖြစ်သည်။ သို့သော် အချို့ခရိုင်မြို့များတွင် ယနေ့၌ ယာဉ်အဟောင်းအပ်နှံမှု မပြုလုပ်နိုင်သေးပေ။

# အဆိုတော်မေခလာ ကားတင်သွင်းရန် စီစဉ်

အေးသူစံ

**ရန်ကုန်၊ စက်တင်ဘာ ၁၃**

အဆိုတော် မေခလာဦးစီးလုပ်ကိုင်နေသော ရာဇာထွဋ်ခေါင်ကုမ္ပဏီမှ ကားအစီးရေများစွာ တင်သွင်းရန်အကြမ်းဖျင်း စီစဉ်နေကြောင်း ပြောသည်။

"အစ်မတို့ကုမ္ပဏီကဘိလပ်မြေ၊ ကားစတဲ့ စီးပွားရေး လုပ်ငန်းတွေကို နိုင်ငံခြားကုမ္ပဏီတွေနဲ့ ပူးတွဲပြီးလုပ်ဖို့ရှိပါတယ်။ အခု အခြားနိုင်ငံက ကုမ္ပဏီကြီးနှစ်ခုက ကားတင်သွင်းချင်တယ်လို့ကမ်းလှမ်းလာတော့ အစ်မရဲ့ သဘောကတော့ မြန်မာပြည်နဲ့လည်းကိုက်ညီမယ်၊ ဈေးနှုန်းလည်း သင့်တင့်မယ်၊ လူကြီးတွေလည်း ခွင့်ပြုမယ်ဆိုရင်လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ ကမ်းလှမ်းတဲ့ကုမ္ပဏီနှစ်ခုက ဂျပန်နဲ့ တရုတ်ပါ"ဟုမေခလာကပြောကြားသည်။

ယခုအချိန်တွင် သက်တမ်းရင့်ကားဟောင်းများ ဖျက်သိမ်းပြီး ကားဈေးနှုန်းများလည်း ကျဆင်းနေခြင်းကြောင့် ယခုကဲ့သို့ ကားတင်သွင်းရောင်းချမည့် အစီအစဉ်ကို မူလစီစဉ်ထားသည့်အတိုင်း ဆက်လက်လုပ်ကိုင်လိုခြင်းရှိ၊ မရှိ မေးမြန်းရာ "အခု အခြေအနေနဲ့တော့ အစစအရာရာ ချင့်ချိန်နေရတယ်။ လူပင်ပန်း စိတ်ပင်ပန်းဖြစ်မယ့်ကိစ္စလည်းမလုပ်ချင်ဘူး။ ဈေးကွက်က အခုလှုပ်နေတဲ့အချိန်ဆိုတော့ ပိုဆိုးတာပေါ့။ ဒါပေမဲ့ တစ်ဖက်ကလည်း ကိုယ်နဲ့ အရမ်းရင်းနှီးတဲ့သူတွေဖြစ်နေတော့ လုပ်ဖြစ်ဖို့တော့များတယ်"ဟု မေခလာက ဆက်လက်ပြောသည်။

အဆိုတော်မေခလာ သည် ဇူလိုင်လဆန်းပိုင်းက သူမ၏ မိတ်ဆွေအချို့နှင့် ပူးပေါင်း၍ ရာဇာထွဋ်ခေါင်ကုမ္ပဏီကို တည်ထောင်လုပ်ကိုင်ခဲ့ပြီး မေခလာအနုပညာဝန်ဆောင်မှု လုပ်ငန်းကိုလုပ်ကိုင်ခဲ့သည်။

## မျက်နှာဖုံး-ကားသွင်းခွင့်လိုင်စင်များကို တစ်နေရာတည်း နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဟု ဦးဝင်းမြင့်ပြောကြားမှ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောကြားသည်။

လာရောက်လျှောက်ထားသူများအနေဖြင့် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB) သို့မဟုတ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(MICB) တို့တွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်းစာအုပ်မူရင်းအား ပူးတွဲတင်ပြရမည်ဟု ညွှန်ကြားရေးမှူးဦးသန်းအောင်ကပြောကြားသည်။

ထို့အပြင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကားဟောင်းပိုင်ရှင်အား ထုတ်ပေးသော အပ်နှံမှုအထောက်အထား(မူရင်း)၊မော်တော်ကားအဟောင်းပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်သို့မဟုတ် မှတ်ပုံတင်မိတ္တူအားမူရင်းနှင့်တွဲ၍ တင်ပြရမည်ဖြစ်သည်။

တင်သွင်းမည့်ကားအတွက် ပြည်ပနိုင်ငံမှ ထုတ်ပေးသော ကုန်အမှာလွှာ Proforma Invoice သို့မဟုတ် ပြည်ပနိုင်ငံကုမ္ပဏီနှင့် ကားပိုင်ရှင်တို့ ချုပ်ဆိုထားသော အရောင်းစာချုပ်(Sale Contract) မူရင်းများကိုပါ တင်ပြရမည်ဖြစ်သည်။

"ဒီအချက်လေးချက်ပြည့်စုံရင် ကျွန်တော်တို့ဌာနက မော်တော်ကားတင်သွင်းခွင့်ပါမစ်ထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးပါမယ်"ဟု ညွှန်ကြားရေးမှူးဦးသန်းအောင်က ပြောကြားသည်။

မော်တော်ကားတင်သွင်းခွင့်ကို ပိုင်ရှင်ကိုယ်တိုင် မလာရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲအပ်လျှောက်ထားခွင့်ရှိပြီး ထိုသို့လျှောက်ထားပါက ကားပိုင်ရှင်၏ မှတ်ပုံတင်မိတ္တူတင်ပြရမည်ဖြစ်ပြီး၊ကားတင်သွင်းခွင့်ပါမစ်ကိုမူ မူလပိုင်ရှင်အမည်နှင့် ထုတ်ပေးမည်ဖြစ်သည်။

ပါမစ်ထုတ်ပေးခြင်းအား နေ့ချင်းပြီး(၂၄ နာရီအတွင်း) ဆောင်ရွက်ပေးမည်ဖြစ်ပြီး သွင်းကုန်လိုင်စင်ကြေးအဖြစ် ၆၂၅ကျပ်ကျသင့်မည်ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ပို့ကုန်လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နေသော ကုမ္ပဏီများ၏ ဘဏ်စာရင်းတွင် ကန်ဒေါ်လာ တစ်သိန်းနှင့် အထက်ရှိပါက ကားတစ်စီး တင်သွင်းခွင့်နှင့် နိုင်ငံခြားတွင် တရားဝင်လုပ်ကိုင်နေသော သင်္ဘောသားများနှင့် ပြည်ပအလုပ်သမားများအနေဖြင့် ဘဏ်ငွေစာရင်းဖွင့်ထားပြီး၎င်းတို့ဘဏ်ငွေစာရင်းတွင် ကန်ဒေါ်လာသုံးသောင်းအထက်ရှိပါက ကားတင်သွင်းခွင့်ပြုထားသော ကိစ္စနှင့်ပတ်သက်၍ ဦးဝင်းမြင့်အောင်အားမည်သည့်အချိန်တွင် ပါမစ်ထုတ်ပေးမည်ကိုမေးမြန်းရာ "စီမံဆောင်ရွက်နေပါတယ်။ ဆက်လုပ်နေပါတယ်"ဟုသာ ဖြေကြားခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က. ည. န)တွင် မှတ်ပုံတင်ထားသောကားများအနက် အနှစ် ၄၀ ကျော် ကားပေါင်း ၁၀,၂၁၁ စီး၊ အနှစ် ၃၀ နှင့် ၄၀ နှစ်သက်တမ်းအတွင်းရှိ ကား ၈,၃၃၁ စီးရှိကာ ပထမဦးစားပေး အဖြစ်မှတ်ပုံတင်သက်တမ်း ၄၀ နှစ်နှင့်အထက် ကား၁၀၀၀၀ကျော်ကိုလဲလှယ်ပေးမည်ဖြစ်သည်။


candid
The One For All... Antifungal
Candid Gel
Candid-B Cream
Candid Powder


SUMMIT LIFE
USS
AI OKU AUCTION
アイオーク
SUMMIT LIFE


CODE 10 Strong Hold Gel
Professional Hair Stylist
Ko Ko Beauty Salon
Yangon.
CODE 10
I live by my Code™